## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
## ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ် – ၁၉ ကပ်ရောဂါ ကာကွယ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ ကိုဗစ် – ၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားခဲ့သည့် မိန့်ခွန်းများ

## ( ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ )

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ )

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။

**ပုံနှိပ်မှတ်တမ်း**

----------

ပြန်ကြားရေးဝန်ကြီးဌာန
စာအုပ်အမှတ်စဉ် (    /၂၀၂၂ )

**ထုတ်ဝေသည့်ခုနှစ်**
၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ

**ထုတ်ဝေသည့်အကြိမ်**
ပထမအကြိမ်

**အုပ်ရေ**
၁၅၀၀ အုပ်

**ပုံနှိပ်**
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

Online တွင်ဖတ်ရှုရန် Scan ဖတ်ပါ။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ
## ( ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ )

# မာတိကာ


- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ် ၅
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ် ၆

**မိန့်ခွန်းများ**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လ(၁၈ လ)ပြည့် နိုင်ငံတော်တာဝန် ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်း ၇

၂။ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) မှ ဒုတိယဥက္ကဋ္ဌ (၁) စဝ်ခေးတိုင်း ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့နှင့် ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးစဉ် ပြောကြားသည့်အမှာစကား ၁၈

၃။ ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်း အဝေးတွင်ပြောကြားသည့်အမှာစကား ၂၀

၄။ ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး ဒုတိယနေ့တွင် ပြောကြားသည့်အမှာစကား ၂၆

၅။ ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး တတိယနေ့တွင် ပြောကြားသည့်အမှာစကား ၂၈

၆။ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မည့် ဗုဒ္ဓဥယျာဉ်တော်အတွင်း မုစလိန္ဒအိုင်တွင် ကျည်းပင်စိုက်ပျိုးပူဇော်ခြင်းနှင့် ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ကျောက်စာတော် ဓမ္မစေတီတော်များ စတင်စိုက်ထူပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားတွင် ပြောကြားသည့် အမှာစကား ၃၂

၇။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် ပြောကြားသည့်အမှာစကား ၃၆

၈။ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ရန်ပုံငွေလွှဲအပ်ခြင်းအခမ်းအနားတွင် ပြောကြားသည့် အမှာစကား ၄၁

၉။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၇/၂၀၂၂) တွင် ပြောကြားသည့် အမှာစကား ၄၅

၁၀။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် Ms. Noeleen Heyzer နှင့် တွေ့ဆုံဆွေးနွေးပြောကြားသည့် အမှာစကား ၅၃

၁၁။ အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပသည့် (၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သော မြန်မာအားကစားအဖွဲ့များအား နိုင်ငံတော်က ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားတွင် ပြောကြားသည့်အမှာစကား ၆၈

၁၂။ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)ဥက္ကဋ္ဌ ခွန်သူရိန်၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)ဥက္ကဋ္ဌ ကျာဆော်လမွန်နှင့် ရခိုင်ပြည် လွတ်မြောက်ရေးပါတီ (ALP)ဒုတိယဥက္ကဋ္ဌ စောမြရာဇာလင်းတို့ ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အားတွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးစဉ် ပြောကြားသည့်အမှာစကား ၇၃

၁၃။ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၂) တွင် ပြောကြားသည့် အမှာစကား ၇၆

၁၄။ စာပေဗိမာန် (၇၅) နှစ်ပြည့် စိန်ရတုအထိမ်းအမှတ်အခမ်းအနားတွင် ပြောကြားသည့်အမှာစကား ၈၄

၁၅။ ပူးပေါင်းပါဝင် ဆည်မြောင်းစနစ်ဖြင့် လယ်ယာကဏ္ဍနှင့် တောင်သူတို့၏ လူမှုစီးပွားဘဝမြှင့်တင်ရေး ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့်အမှာစကား ၈၉

၁၆။ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ယွက်ဆစ်ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အားတွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးစဉ် ပြောကြားသည့်အမှာစကား ၉၃

**သဝဏ်လွှာ**

၁။ (၅၅) နှစ်မြောက် အာဆီယံနှစ်ပတ်လည်နေ့တွင် ပေးပို့သည့် သဝဏ်လွှာ ၉၆

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ် – ၁၉ ကပ်ရောဂါ ကာကွယ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ ကိုဗစ် – ၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ဦးတည်ချက် (၄) ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး၊

( ဂ ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက် လိုက်နာ ကျင့်သုံးရေး၊

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ် များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

( ခ ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှု များကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊

( ဂ ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

**၃။ လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

( ခ ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစား လိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး၊

( ဂ ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လ(၁၈ လ)ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်း

( ၁ - ၈ - ၂၀၂၂ )



**တိုင်းရင်းသားပြည်သူများခင်ဗျား–**

ကျွန်တော်တို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေနဲ့ နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ခဲ့တာ ဒီနေ့ဆိုရင် ၁၈ လ(တစ်နှစ်နဲ့ခြောက်လ) ပြည့်မြောက်တဲ့နေ့ပဲ ဖြစ်ပါတယ်။ တိုင်းရင်းသားပြည်သူလူထုအားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျား။ မနေ့က အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအစည်းအဝေးကျင်းပပြီး နိုင်ငံတော်ရဲ့အခြေအနေအရပ်ရပ်ကို အစီရင်ခံတင်ပြခဲ့ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၅ အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ သက်တမ်းကို နောက်ထပ် ၆ လ တိုးမြှင့်သတ်မှတ်ခဲ့ပါတယ်။

ဒီနေ့မှာတော့ ကျွန်တော်တို့အစိုးရရဲ့ နိုင်ငံရေးနှင့်လုံခြုံရေးဆိုင်ရာ လုပ်ဆောင်ချက်များ၊ လူမှုရေးဆိုင်ရာလုပ်ဆောင်ချက်များ၊ အမျိုးသားရေးလုပ်ငန်းစဉ် ၂ ရပ်နဲ့ စီးပွားရေးလုပ်ငန်းစဉ် ၂ရပ်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနဲ့ ဆက်လက်ဆောင်ရွက်သွားမယ့် အခြေအနေများကို အသိပေးပြောကြားသွားပါမယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား–**

**ဦးစွာ နိုင်ငံရေးနှင့်လုံခြုံရေးဆိုင်ရာ ဆောင်ရွက်ချက်များအနေနဲ့**

တပ်မတော်အနေနဲ့ ၂၀၂၀ ရွေးကောက်ပွဲမှာ မဲမသမာမှုတွေရှိခဲ့လို့ ဖြေရှင်းပေးနိုင်ဖို့တင်ပြမှုအပေါ် တာဝန်ရှိသူတွေက ဖြေရှင်းပေးမှုမရှိတဲ့အပြင် နိုင်ငံတော်အာဏာအရပ်ရပ်ကို အတင်းအဓမ္မရယူဖို့ ကြိုးပမ်းခဲ့တဲ့အတွက် တပ်မတော်က ဖွဲ့စည်းပုံအခြေခံ ဥပဒေနဲ့အညီ နိုင်ငံတော်

တာဝန်ကို မလွှဲမရှောင်သာ ထမ်းဆောင်ခဲ့ရပါတယ်။ နိုင်ငံတော်တာဝန် ထမ်းဆောင်တဲ့အချိန်အတွင်းမှာ တာဝန်တွေကို ကျွန်တော်တို့စွမ်းအားရှိသမျှ ကြိုးစားထမ်းဆောင်ခဲ့ပါတယ်။ သို့သော်လည်း ပြည်တွင်း၊ ပြည်ပ အကြမ်းဖက်သမားတွေနဲ့ ၎င်းတို့ကိုအားပေးနေတဲ့ လူပုဂ္ဂိုလ်အဖွဲ့အစည်းတွေဟာ မြန်မာနိုင်ငံမှာ ဒီမိုကရေစီထွန်းကားရေးထက် အလုံးစုံပျက်သုဉ်းရေးကိုသာ ဦးတည်ဆောင်ရွက်ခဲ့ပါတယ်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းပြည်အတွင်း ငြိမ်းချမ်းသာယာမှုရှိရေးဟာ အရေးကြီးပါတယ်။ တပ်မတော်အနေနဲ့ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့ကနေ ၂၀၂၂ ခုနှစ်ကုန်အထိ ငြိမ်းချမ်းမှုရစေဖို့ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးကို ၂၁ ကြိမ် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။

၁၈ လတာကာလအတွင်း ကျွန်တော်ကိုယ်တိုင် EAO အဖွဲ့တွေနဲ့တွေ့ဆုံမှု ၉ ကြိမ်၊ ညှိနှိုင်းရေးကော်မတီအနေနဲ့ EAO အဖွဲ့တွေ၊ နိုင်ငံရေးပါတီတွေ၊ ငြိမ်းချမ်းရေးကိုလိုလားတဲ့ အခြားအဖွဲ့အစည်း စတဲ့အဖွဲ့တွေနဲ့ စုစုပေါင်း ၇၅ ကြိမ် တွေ့ဆုံကာ ငြိမ်းချမ်းရေး၊ တိုင်းပြည်နဲ့ဒေသကောင်းကျိုးအတွက် တွေ့ဆုံဆွေးနွေးနိုင်ခဲ့ပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား –**

၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ထားရှိခဲ့ပါတယ်။ ဒါ့ကြောင့် ကျွန်တော့်အနေနဲ့ ငြိမ်းချမ်းရေးကိုလက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်ဖို့လိုအပ်တဲ့အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ ခေါင်းဆောင်တွေကို ကိုယ်တိုင်ကိုယ်ကျ ဆွေးနွေးနိုင်ဖို့ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့မှာ ကမ်းလှမ်းဖိတ်ခေါ်ခဲ့ပါတယ်။ NCA လက်မှတ်ရေးထိုးထားပြီးဖြစ်တဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ထဲကမှ ၇ ဖွဲ့၊ လက်မှတ်မရေးထိုးထားရသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထဲမှ ၃ ဖွဲ့၊ စုစုပေါင်း ၁၀ ဖွဲ့တို့မှ တွေ့ဆုံဆွေးနွေးနိုင်ဖို့ အကြောင်းပြန်ကြားခဲ့ပါတယ်။ ကျွန်တော် အခုအဖွဲ့ ၉ ဖွဲ့နဲ့ တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ ကျန် ၁ ဖွဲ့နဲ့လည်း မကြာမီတွေ့ဆုံဆွေးနွေးသွားမှာဖြစ်ပြီး တွေ့ဆုံဆွေးနွေးပြီးအဖွဲ့တွေနဲ့လည်း ဒုတိယအကျော့တွေ့ဆုံဆွေးနွေးမှုတွေ ဆက်လက်လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ အဲ့ဒီလို တွေ့ဆုံဆွေးနွေးရာမှာ ပြည်သူလူထုဆန္ဒနဲ့ကိုက်ညီတဲ့ ပါတီစုံဒီမိုကရေစီ ကျင့်သုံးဆောင်ရွက်ရေး၊ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေး၊ ဒေသနဲ့တိုင်းပြည်အတွက် အမှန်တကယ်လိုအပ်ပြီး ဖြစ်သင့်တာနဲ့ ဖြစ်ချင်တာတွေကို ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးခဲ့ပါတယ်။ ဒါ့အပြင် ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း (၁/၂/၃) ပါ သဘောတူညီချက်တွေနဲ့ ပတ်သက်ပြီးလည်းကောင်း၊ အစိတ်အပိုင်း (၃)ပါ ဆက်လက်ဆွေးနွေးရန် ကျန်ရှိတဲ့ဇယား (၂)ပါ အချက်တွေနဲ့ပတ်သက်ပြီးလည်းကောင်း ဆွေးနွေးမှုတွေကိုပြုလုပ်ခဲ့ပြီး သဘောတူညီချက်တွေကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ ငြိမ်းချမ်းရေးအတွက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေရဲ့ ခေါင်းဆောင်တွေကို တွေ့ဆုံဆွေးနွေးနိုင်ရေး ကမ်းလှမ်းဖိတ်ခေါ်မှုနဲ့ပတ်သက်ပြီး ပထမအကြိမ်ဖိတ်ခေါ်မှုတွင် တက်ရောက်လာခြင်းမရှိသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေအနေနဲ့ တက်ရောက်ဆွေးနွေးနိုင်ရေးကို ၂၀၂၂ ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့မှာ ထပ်မံဖိတ်ခေါ်ခဲ့ပါတယ်။ ကျွန်တော်တို့အစိုးရအနေနဲ့ ငြိမ်းချမ်းရေးတံခါးကို ကျယ်ကျယ်ပြန့်ပြန့်ဖွင့်ထားပါတယ်။ စိတ်ချယုံကြည်စွာလျှောက်လှမ်းလာကြဖို့လည်း ဒီနေရာကနေတိုက်တွန်းလိုပါတယ်။ ပြည်ထောင်စုကြီးရဲ့အကျိုး၊ ပြည်ထောင်စုဖွားတိုင်းရင်းသားများရဲ့ အကျိုးကို ရည်မျှော်တယ်ဆိုရင် တွေ့ဆုံဆွေးနွေးကြခြင်းဟာ အကောင်းဆုံးဖြစ်တယ်လို့ ကျွန်တော်ပြောလိုပါတယ်။

အစိုးရရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ တာဝန်ထမ်းဆောင်မှုအပေါ်မှာ တရားမဝင်ကော်မတီ၊ စင်ပြိုင်အစိုးရ၊ အကြမ်းဖက်အဖွဲ့အစည်းတွေဖွဲ့စည်းကာ နိုင်ငံအတွင်းလုံခြုံမှု၊ တည်ငြိမ်အေးချမ်းမှုမရှိစေရေး နည်းလမ်းပေါင်းစုံနဲ့ လုပ်ဆောင်ခဲ့တာတွေရှိပါတယ်။ ၁၈ လတာကာလအတွင်း (၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့ အထိ) တစ်နိုင်ငံလုံးလက်ပစ်ဗုံး/လက်လုပ်ဗုံးပစ်ခတ်ခံရမှု၊ မိုင်းခွဲမှု ၇,၂၄၆ ကြိမ်၊ တိုက်ခိုက်သတ်ဖြတ်ခံရမှု ၆,၅၆၇ ကြိမ်၊ မီးရှို့ခံရမှု ၁,၀၉၄ ကြိမ်၊ စုစုပေါင်း ၁၄,၉၀၇ ကြိမ် ဖြစ်ပွားခဲ့ပါတယ်။ ရဟန်းသံဃာ/သီလရှင်တွေ၊ အစိုးရဝန်ထမ်းတွေ၊ အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူတွေ၊ ကလေးသူငယ်အပါအဝင် အပြစ်မဲ့အရပ်သား ၃,၄၈၃ ဦး သေဆုံးခဲ့ပြီး ၃,၀၆၅ ဦး ဒဏ်ရာရရှိ၍ ၄၁ ဦး ပျောက်ဆုံးမှုရှိခဲ့ပါတယ်၊ အပြစ်မဲ့

စွာ သေဆုံးသူများအတွက်လည်း များစွာစိတ်မကောင်းဖြစ်ရပါတယ်၊ အကြမ်းဖက်တိုက်ခိုက်သူများကိုလည်း ထိရောက်စွာ အရေးယူဆောင်ရွက်သွားပါမယ်၊ စစ်ကိုင်းတိုင်းဒေသကြီးမှာ ၄,၀၂၆ ကြိမ်၊ ရန်ကုန်တိုင်းဒေသကြီးမှာ ၂,၄၄၂ ကြိမ်၊ မန္တလေးတိုင်းဒေသကြီးမှာ ၂,၁၉၄ ကြိမ်၊ မကွေးတိုင်းဒေသကြီးမှာ ၁,၃၉၅ ကြိမ်တို့နဲ့ အများဆုံးဖြစ်ပွားခဲ့တဲ့အတွက် အဆိုပါဒေသတွေအတွင်း မူလအခြေအနေတွေအတိုင်း လုံခြုံမှု၊ တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုရှိအောင် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တရားဥပဒေစိုးမိုးရေးအတွက် အလွန်အရေးကြီးတဲ့ မြို့နယ်အချို့မှာအပ စစ်အုပ်ချုပ်ရေး မလုပ်ခဲ့ပါဘူး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနဲ့ ဥပဒေပြုရေးအာဏာသုံးရပ်ကို မည်သို့ပင်အပ်နှင်းထားစေကာမူ အခြေခံဥပဒေပါပြဋ္ဌာန်းချက်၊ တည်ဆဲဥပဒေများနှင့်အညီသာ ဆောင်ရွက်ပါတယ်၊ ၁၈ လတာကာလအတွင်း ကျွန်တော်တို့နိုင်ငံအတွင်းကို နည်းမျိုးစုံနဲ့ သွင်းယူခဲ့တဲ့ လက်နက်တွေနဲ့ အကြမ်းဖက်တွေနဲ့ ထိတွေ့ပစ်ခတ်မှုတွေမှာ ဖမ်းဆီးရမိခဲ့တဲ့ လက်နက်ဟာ လက်နက်မျိုးစုံ ၆,၃၁၁ လက်၊ ခဲယမ်းမျိုးစုံ ၃၃၅,၁၈၄ တောင့်နဲ့ လက်ပစ်ဗုံး/မိုင်း ၁၁,၇၁၅ လုံး သိမ်းဆည်းရမိခဲ့ပါတယ်။ အကြမ်းဖက်သူ ၆၂၃၆ ဦးကို ဖမ်းဆီးရမိခဲ့ပါတယ်။

ကျွန်တော်တို့အစိုးရအနေနဲ့ နိုင်ငံခြားရေးအခြေခံမူများအတိုင်း နိုင်ငံတကာသို့ ဆက်ဆံရာမှာ အကောင်းဆုံးဖြစ်အောင် ဆက်ဆံဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ နိုင်ငံဟာအာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်ပါတယ်။ ဒါ့ကြောင့် အာဆီယံရဲ့ ပဋိညာဉ်တွေကိုလည်း လေးစားတန်ဖိုးထားပါတယ်။ ၂၀၂၀ ပြည့်နှစ်မှာ ဖြစ်ပွားခဲ့တဲ့ နိုင်ငံရေးအခြေအနေတွေကြောင့် ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၄ ရက်ကပြုလုပ်ခဲ့တဲ့ အာဆီယံထိပ်သီးအစည်းအဝေးတက်ရောက်ပြီး ဘုံသဘောတူညီချက် ၅ ရပ်ချမှတ်ခဲ့ပါတယ်။ ဒီဘုံသဘောတူညီချက်ကို ထုတ်ပြန်ခဲ့တဲ့အခါ မြန်မာနိုင်ငံအနေနဲ့ ASEAN WAY, ASEAN PRITICE, ASEAN SPRIT များနဲ့သာ ဆောင်ရွက်မှာဖြစ်ကြောင်း ကြေညာထားပါတယ်။ ပြီးခဲ့တဲ့နှစ်ကာလအတွင်းမှာ မြန်မာနိုင်ငံမှာ ကိုဗစ်-၁၉ ရောဂါဒုတိယလှိုင်းနဲ့ တတိယလှိုင်းမှာ ပြင်းထန်စွာခံစားခဲ့ရပြီး ကိုဗစ်-၁၉ ကပ်ဘေးရောဂါကျော်လွှားဖို့ အပြင်းအထန်လုံးပန်းနေရသလို ပြည်တွင်းဆူပူဆန္ဒပြ အကြမ်းဖက်မှုများကို ဖြေရှင်းဆောင်ရွက်နေရတဲ့အတွက် နိုင်ငံတည်ငြိမ်မှုမရှိလို့ အာဆီယံဘုံသဘောတူညီချက်အကောင်အထည်ဖော်နိုင်ဖို့ အခက်အခဲရှိခဲ့ပါတယ်။ ယခုနှစ်မှာတော့ အခြေအနေအားလုံး တိုးတက်လာပြီဖြစ်တဲ့အတွက် ဘုံသဘောတူညီချက် ၅ ရပ်ထဲက ဦးစားပေးဆောင်ရွက်နိုင်တာတွေ အဖြစ်နိုင်ဆုံး အာဆီယံမူဘောင်နဲ့အညီ ဆောင်ရွက်သွားပါမယ်။ နိုင်ငံအနေနဲ့ မိမိပြည်တွင်းရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး ၃ ရပ်ပါဝင်တဲ့ အချုပ်အခြာအာဏာကို ထိပါးမယ့်ကိစ္စတွေမဖြစ်အောင် သုံးသပ်ဆောင်ရွက်နေပါတယ်။ နိုင်ငံ ပုံမှန်အခြေအနေဖြစ်လာတာနဲ့အမျှ တိုးတက်ဆောင်ရွက်မှုတွေ ရှိလာမှာဖြစ်ပါတယ်။ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့ကနေ ၁၆ ရက်နေ့အထိ ကျွန်တော့်အနေနဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံနဲ့ တာတာစတန်ပြည်နယ်တို့သို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ကာ ခရီးစဉ်ကာလအတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကာလုဂါပြည်နယ်၊ ETHNOMIR (အတာနာမီ) ကမ္ဘာ့ယဉ်ကျေးမှု မြို့တော်အတွင်းရှိ ရွှေစည်းခုံပုံတူစေတီတော်မြတ်ကြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓဘိသေကာ အနေကဇာတင် မင်္ဂလာအခမ်းအနားသို့ တက်ရောက်ခဲ့ခြင်း၊ စစ်ဘက်၊ အရပ်ဘက်တာဝန်ရှိသူတွေနဲ့ တွေ့ဆုံဆွေးနွေးခြင်းတို့အပြင် ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ အထင်ကရနေရာများ၊ တက္ကသိုလ်များနဲ့ စက်ရုံ/အလုပ်ရုံများအား သွားရောက်လေ့လာခဲ့ကြပြီး ခရီးတိုကာလအတွင်း နိုင်ငံအတွက် အကျိုးရှိတဲ့ဆွေးနွေးမှုများကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား –**

**စီးပွားရေးဆိုင်ရာဆောင်ရွက်ချက်များကို ဆက်လက်ပြောကြားပါမယ်–**

နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် စီးပွားရေးဦးတည်ချက် (၃) ရပ်ကို အခြေခံမူဝါဒတွေချမှတ်ပြီး ဦးစားပေးအစီအစဉ်အတိုင်း ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်နယ်နဲ့တိုင်းဒေသကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသီးသီးမှာရှိတဲ့ စိုက်ပျိုးမွေးမြူရေးကို အခြေခံတဲ့စီးပွားရေးလုပ်ငန်းတွေကို အဓိကထားဆောင်ရွက်နေတဲ့ ကျေးလက်နေပြည်သူတွေရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက် ဖို့အတွက် ရည်ရွယ်ဆောင်ရွက်နေတာရှိပါတယ်။ အမျိုးသားသဘာဝ

ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေကနေ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီရဲ့ ခွင့်ပြုချက်နဲ့ စိစစ်သုံးစွဲလျက်ရှိတဲ့ ရန်ပုံငွေ လက်ကျန် ၄၉၁ ဒသမ ၁၈ ဘီလီယံမှ ကျပ်ဘီလီယံ ၄၀၀ ကို သီးသန့်ရန်ပုံငွေတစ်ရပ်ထူထောင်ပြီး ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ကျန်စီးပွားရေးလုပ်ငန်းတွေကိုလည်း မြှင့်တင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လွန်ခဲ့တဲ့နှစ်များအတွင်းမှာ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့ရတဲ့ စီးပွားရေးလုပ်ငန်းများ ပြန်လည်နလံထလာစေဖို့အတွက် ချေးငွေများထုတ်ပေးခဲ့တာရှိပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် သိသာတဲ့တိုးတက်မှုတော့ မရသေးပါဘူး။ ဒါ့ကြောင့် စီးပွားရေးအားပိုမိုကောင်းစေလာစေဖို့ ကုန်ထုတ်လုပ်မှုကို ဦးစားပေးတဲ့ ယခုလို ထပ်မံဆောင်ရွက်ခြင်းဖြစ်ပါတယ်။ အမြန်အကျိုးရလဒ်ဖြစ်စေမဲ့(Quick Win)လယ်ယာစိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းအတွက် ပထမဦးစားပေးဆောင်ရွက်သွားပါမယ်။ လာမယ့်နွေစပါးနဲ့ ဆောင်းသီးနှံများအနက် ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ပြောင်းစိုက်ပျိုးရေး၊ ကြက်၊ ဝက်၊ ငါး/ပုဇွန်မွေးမြူရေးနဲ့ တစ်သီးချင်း၊ တစ်သုတ်ချင်း ငွေကြေးစိုက်ထုတ်ပေးပြီး ဆောင်ရွက်ပါမယ်။ ဒုတိယဦးစားပေးက အဲ့ဒီထွက်ကုန်များကို ကုန်ချောဆောင်ရွက်ပေးတဲ့ စက်ရုံ၊ အလုပ်ရုံများ အဆင့်မြှင့်တင်ရေး၊ SME မှာ အကျုံးဝင်မဲ့စက်ရုံများ တည်ထောင်ရေးကို ထောက်ပံ့ဆောင်ရွက်ပါမယ်။ နောက်ကျန်တဲ့ စက်ရုံ၊ အလုပ်ရုံများအတွက်ဆောင်ရွက်ပါမယ်။ သီးခြားလိုအပ်တဲ့လုပ်ငန်းများအတွက်လည်း တစ်ခုချင်းစီမံဆောင်ရွက်သွားပါမယ်။ ကျွန်တော်ထင်ပါတယ်။ ၆ လအတွင်း တိုးတက်မှုရပါလိမ့်မယ်။ (၁) အလုပ်အကိုင်အခွင့်အလမ်းများစွာပေါ်လာမယ်၊ (၂) အလုပ်လုပ်သူတိုင်း ဝင်ငွေရလာမယ်၊ (၃) ဝယ်လိုအားတိုးတက်လာမယ်၊ (၄) ရောင်းကုန်ပစ္စည်းများတိုး တက်လာတဲ့အတွက် တိုင်းပြည်ဝင်ငွေ ပိုမို တိုးတက်လာပါမယ်၊ တိုင်းပြည်ရဲ့အားဟာ ပြည်တွင်းမှာသာရှိပါတယ်၊ တိုင်း ပြည်အားနဲ့ တိုင်းပြည် တိုးတက်အောင် လုပ်ကြရပါမယ်။

ကျွန်တော်တို့အစိုးရ တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း ကုန်သွယ်မှုပိုငွေအနေနဲ့ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှစ၍ ၂၀၂၂ ခုနှစ်၊ မေလအထိ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၄ ဘီလီယံရှိခဲ့ပြီး နိုင်ငံအတွက် ဝင်ငွေများရရှိအောင် ပြည်တွင်းထွက်ကုန်တွေကို ပြည်ပသို့ ကုန်ကြမ်းတင်ပို့ခြင်းထက် ကုန်ချောတင်ပို့နိုင်ရေးကို ဦးစားပေးလုပ်ဆောင်လျက်ရှိပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ လူဦးရေတိုးတက်လာတာနဲ့အမျှ ဆီစားသုံးမှုတွေများပြားလာပါတယ်။ ဒါ့ကြောင့် ပြည်တွင်းစားသုံးမှုဖူလုံစေဖို့အတွက် နေရာဒေသမရွေး စိုက်ပျိုးနိုင်တဲ့ စားသုံးဆီထုတ်လုပ်ရေးကို တိုက်ရိုက်အကျိုးပြုနိုင်တဲ့ တစ်ဧကေ ဆီထွက်နှုန်း ပိဿာ ၁၄၀ ခန့်ရရှိတဲ့ နေကြာသီးနှံကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၂၂-၂၀၂၃ ခုနှစ်မှာ နေကြာသီးနှံကို တစ်နိုင်ငံလုံးစိုက်ဧက ၁ ဒသမ ၅ သန်းကျော် စိုက်ပျိုးထုတ်လုပ်ဖို့ စီမံဆောင်ရွက်လျက်ရှိပါတယ်။ သီးသန့်စိုက်ဧရိယာ ၆၉၀,၀၁၇ ဧကအတွက် လိုအပ်မယ့်စိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၁၀၀ ဒသမ ၂၄၈ ဘီလီယံကို အစိုးက ကိုဗစ်-၁၉ အထူးချေးငွေရန်ပုံငွေမှ လုပ်ထုံးလုပ်နည်းနဲ့အညီ ထုတ်ချေးခွင့်ပြုထားပြီး ဆောင်ရွက်လျက်ရှိနေပါတယ်။ ဆီနဲ့ ပတ်သက်ပြီး စက်မှုသုံးဆီနဲ့ စားသုံးဆီနှစ်မျိုးရှိပါတယ်။ စက်မှုသုံးဆီက လျှော့ချမှုမဖြစ်နိုင်ပေမဲ့ စားသုံးနှုန်းများပြားနေတဲ့ စားသုံးဆီကိုတော့ အတတ်နိုင်ဆုံးလျှော့ချသုံးစွဲဖို့ ကျွန်တော်တိုက်တွန်းလိုပါတယ်။ တိုင်းရင်းသားပြည်သူများဘက်ကလည်း တတ်နိုင်တဲ့ဘက်ကကူညီဆောင်ရွက်ပေးကြပါလို့ ပြောလိုပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ အဓိကစိုက်ပျိုးနေတဲ့သီးနှံများအနက် မြေပဲတစ်မျိုးသာ ပန်းတိုင်ရည်မှန်းချက်ပြည့်မီပြီး ကျန်ပဲသီးနှံ၊ ဆီထွက်သီးနှံများဟာ ထပ်မံကြိုးစားဆောင်ရွက်ဖို့လိုနေပါတယ်။ စိုက်ဧကတိုးချဲ့စရာမလိုဘဲ အထွက်နှုန်းတိုးအောင်ဆောင်ရွက်နိုင်ရင် ဝင်ငွေများစွာတိုးတက်လာမှာပါ။ နိုင်ငံတော်ပိုင်းက ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ စိုက်ပျိုးရေရရှိရေး တတ်နိုင်သမျှ ကြိုးစားဆောင်ရွက်နေပါတယ်။ လယ်ယာလုပ်ငန်းသုံးဒီဇယ်ဆီများရရှိရေးအတွက်လည်း နည်းလမ်းပေါင်းစုံနဲ့ ကြိုးစားနေပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား-**

**လက်ရှိကမ္ဘာ့နိုင်ငံရေးအခြေအနေအရ CNG ဈေးနှုန်းတွေ အဆမတန်ကြီးမြင့်မှုတွေ ရှိပါတယ်။ နိုင်ငံမှာလည်း သဘာဝဓာတ်ငွေ့လုံလောက်စွာမရရှိခြင်း၊ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတွေ ပြုပြင်နေရခြင်း၊ မဟာလျှပ်စစ်ဓာတ်အားလိုင်းတွေကို**

**အကြမ်းဖက်သမားတွေက ဖောက်ခွဲဖျက်ဆီးခဲ့ခြင်းတွေကြောင့် လိုအပ်တဲ့လျှပ်စစ်ဓာတ်အားကို အပြည့်အဝမရရှိတာ တွေ့ရှိရပါတယ်။ ဒါ့ကြောင့် လိုအပ်တဲ့လျှပ်စစ်ဓာတ်အားတွေ ပြည့်ဝစွာထုတ်လုပ်နိုင်ဖို့အတွက် ရေအားလျှပ်စစ်စက်ရုံ ၂၉ ရုံ၊ ကျောက်မီးသွေးသုံး စက်ရုံ တစ်ရုံ၊ သဘာဝဓာတ်ငွေ့သုံးစက်ရုံ ၂၈ ရုံ၊ ဒီဇယ်ဓာတ်အားပေးစက်အလုံး ၆၁၀ နဲ့ နေရောင်ခြည် စွမ်းအင်သုံးစက်ရုံ နှစ်ရုံတို့ကနေ ၇၁၂၂ မဂ္ဂါဝပ်ကို ဓာတ်အားထုတ်လုပ်ပေးလျက်ရှိပါတယ်။ စက်ရုံအသီးသီးက စုစုပေါင်းဓာတ်အားထုတ်လုပ်နိုင်မှုရဲ့ ၅၀ ရာခိုင်နှုန်းခန့်ဟာ ရေအားလျှပ်စစ်စက်ရုံတွေက ဖြစ်ပါတယ်။ ပြည့်ဖြိုးမြဲ လျှပ်စစ်ထုတ်လုပ်နိုင်တဲ့ ရေအား၊ လေအား၊ နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ထုတ်လုပ်ရေးစီမံကိန်း ၆၈ ခု၊ ၆၂၈၇ မဂ္ဂါဝပ်ထွက်ရှိရေးအတွက်လည်း စီမံဆောင်ရွက်နေပါတယ်။ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်မှုမှာ ချက်ချင်းမလုပ်နိုင်ပါဘူး၊ မထွက်နိုင်ပါဘူး။ အမြန်ဆုံးဆိုတဲ့ နေရောင်ခြည်စွမ်းအင်သုံး (SOLAR) လျှပ်စစ်ဓာတ်အားပင်လျှင် တစ်နှစ်ခွဲကြာနိုင်ပါတယ်။ ရေအားလျှပ်စစ်ဟာ ငါးနှစ် အနည်းဆုံးကြာပါတယ်။**

**နိုင်ငံတော်အတွက် လိုအပ်နေတဲ့လျှပ်စစ်ဓာတ်အားတွေအတွက် အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း၊ အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်း၊ သူဌေးရေအား လျှပ်စစ်စီမံကိန်းတွေက စုစုပေါင်း ၄၄၂ မဂ္ဂါဝပ်ကို နိုင်ငံတော်ဓာတ်အားစနစ်သို့ ဆက်လက်ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ဖို့အတွက် ဆောင်ရွက်နေလျက်ရှိပါတယ်။ ဒါ့အပြင် အလားအလာရှိတဲ့ ရေအားလျှပ်စစ်စီမံကိန်းတွေကိုလည်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး စီမံလျက်ရှိပါတယ်။**

**တိုင်းရင်းသားပြည်သူများခင်ဗျား–**

**လူမှုရေးဆိုင်ရာဆောင်ရွက်ချက်တွေအနေနဲ့–**

ကျွန်တော်တို့နိုင်ငံမှာ ဘာသာပေါင်းစုံကို လွတ်လပ်စွာကိုးကွယ်ခွင့်ပြုထားပြီးဖြစ်ပါတယ်။ နိုင်ငံရဲ့ ၈၇ ရာခိုင်နှုန်းခန့်ဟာ ဗုဒ္ဓဘာသာကိုးကွယ်ကြသူတွေ ဖြစ်ပါတယ်။ မျိုးဆက်သစ်လူငယ်တွေဟာ နိုင်ငံရေးသမားတွေရဲ့ ဘာသာရေးဝါဒမှိုင်းလှုံ့ဆော်ခြင်းနဲ့ လှုံ့ဆော်ခံရခြင်း၊ အမျိုး၊ ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှုဓလေ့စရိုက်တွေ ဖျက်ဆီးမှိုင်းတိုက် ဝါဒဖြန့်မှုခံရခြင်းတို့ ကြုံတွေ့ခဲ့ရပါတယ်။ ဒါ့ကြောင့်လည်း သံဃာတော် ၅၂ ပါးနဲ့ သီလရှင် တစ်ပါးတို့ အကြမ်းဖက်သတ်ဖြတ်ခံခဲ့ရပြီး ကိုးပါးဒဏ်ရာရရှိခဲ့ကာ ရှစ်ပါးပျောက်ဆုံးခဲ့ပါတယ်။

ဒါ့အပြင် ဒီမိုကရေစီအစိုးရ(ဒုတိယသက်တမ်း)ကာလမှာ အခြေခံပညာကျောင်းသင်ခန်းစာတွေမှာ မြန်မာ့ရိုးရာယဉ်ကျေးမှုကို ထိခိုက်ပွန်းပဲ့စေတဲ့ သင်ခန်းစာတွေကို ထည့်သွင်းသင်ကြားစေခဲ့တဲ့အတွက် ဆရာ၊ ဆရာမတွေကို အလေးဂရုပြုဆက်ဆံမှုမရှိတော့တဲ့အထိဖြစ်လာခဲ့ပါတယ်။ ဒီအကျိုးဆက်တွေကြောင့် ပညာရေးဝန်ထမ်း ၄၇ ဦး သေဆုံး၊ ၂၁ ဦးဒဏ်ရာရနဲ့ ပျောက်ဆုံး ၂၅ ဦး၊ စုစုပေါင်း ၉၃ ဦး ရှိခဲ့ပါတယ်။ သံဃာတော်တွေနဲ့ ပညာရေးဝန်ထမ်းတွေ သတ်ဖြတ်ခံရမှုတွေမှာ စစ်ကိုင်းတိုင်းဒေသကြီးနဲ့ မကွေးတိုင်းဒေသကြီးမှာ အများဆုံးဖြစ်နေတာကို တိုက်ဆိုင်စွာ အံ့အားသင့်ဖွယ်တွေ့ရှိရပါတယ်။ အကြမ်းဖက်သတ်ဖြတ်မှုများမှာ ပြစ်မှုကျူးလွန်သူဖမ်းဆီးရမိရေး၊ တရားဥပဒေနှင့်အညီ စစ်ဆေးရေး၊ ထိရောက်သောပြစ်ဒဏ်များ ချမှတ်ဆောင်ရွက်ရေးတို့ကို ပြုလုပ်နေပါတယ်။ No One Above the Law ပါ၊ ဥပဒေအတိုင်း ရင်ဆိုင်ကြရပါမယ်။

Online Media တွေပေါ်မှာ လူငယ်တွေဟာ မြန်မာ့ယဉ်ကျေးမှုနဲ့ပတ်သက်ပြီး လွဲမှားစွာအသုံးချခဲ့ကြပါတယ်။ ဒါ့ကြောင့် လူငယ်တွေစိတ်ပိုင်းဆိုင်ရာ အားနည်းပြီး သက်ဆိုင်ရာတိုင်းရင်းသားရိုးရာယဉ်ကျေးမှုတွေကို စောင့်ထိန်းလိုစိတ်တွေ ချို့တဲ့လာခဲ့ပါတယ်။ ဒါ့ကြောင့် မိမိတို့တာဝန်ယူတဲ့ တိုတောင်းတဲ့ကာလအတွင်း မြန်မာ့ရိုးရာယဉ်ကျေးမှုတွေကို တတ်နိုင်တဲ့အတိုင်းအတာအလျောက် ပြန်လည်ဖော်ထုတ်ပေးဖို့ ရည်ရွယ်ခဲ့ပါတယ်။ နိုင်ငံတော်အဆင့် (၂၃) ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွေကို ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလအတွင်း ကျင်းပဆောင်ရွက်သွားဖို့ ဆောင်ရွက်လျက်ရှိနေပါတယ်။

ကျွန်တော်တို့အစိုးရဟာ တစ်မျိုးသားလုံးလူညွှန့်တုံးစေမယ့် မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်နှိမ်နင်းရေးကိုလည်း တိုးမြှင့်ဆောင်ရွက်လျက်ရှိပါတယ်။ တာဝန်ယူထမ်းဆောင်စဉ်ကာလတွင် မူးယစ်ဆေးဝါးနဲ့ ဆက်စပ်ပစ္စည်း စုစုပေါင်းမြန်မာငွေကျပ် ၁၅၄၆၇၀၅ ဒသမ ၆၃၆၅ သန်း (USD ၈၃၆ ဒသမ ဝ၆ သန်း) ကျော် ဖမ်းဆီးရမိခဲ့ပါတယ်။ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းတွေကို ပိုမိုအရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားရမှာ ဖြစ်

ပါတယ်။ အဆိုပါမူးယစ်ဆေးဝါးတွေဟာ ရှမ်းပြည်နယ်အတွင်းကသာ အဓိကလာတာဖြစ်ကြောင်း ကျွန်တော်တို့ ဖော်ထုတ်ရရှိထားပြီးဖြစ်တဲ့အတွက် မူးယစ်ဆေးဝါးထုတ်လုပ်၊ သယ်ယူ၊ ရောင်းချမှုတွေ လုံးဝမရှိတဲ့အထိ ရှာဖွေဖော်ထုတ်၊ နှိမ်နင်းဖို့ကို ပိုမိုဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား–**

၂၀၂၁–၂၀၂၂ ပညာသင်နှစ်မှာ ကိုဗစ်–၁၉ ရောဂါကာကွယ်ထိန်းချုပ်နိုင်မှုနဲ့ နယ်မြေ အခြေအနေတွေကြောင့် အခြေခံပညာစာသင်ကျောင်း စုစုပေါင်း ၃၉ ဒသမ ၂၄၂ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး ကျောင်းသား/ကျောင်းသူစုစုပေါင်း ၄,၂၂၅,၈၈၇ ဦး တက်ရောက်ခဲ့ပါတယ်။ ၂၀၂၂ ခုနှစ်၊ မတ်လတွင် ကျင်းပပြုလုပ်ခဲ့တဲ့ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ၂၈၁,၇၅၁ ဦး ဝင်ရောက်ဖြေဆိုခဲ့ပြီး ၁၂၃၈၇၇ ဦး (၄၆ ဒသမ ၈၈) ရာခိုင်နှုန်းအောင်မြင်ခဲ့ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ကျောင်းနေအရွယ်ကလေးတိုင်း (KG+9) (အခြေခံပညာအလယ်တန်းအဆင့်) ပြီးဆုံးတဲ့အထိ ပညာသင်ကြားနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ အခြေခံပညာကျောင်းများကိုလည်း ဇွန်လ ၂ ရက်နေ့က စတင်ဖွင့်လှစ်ခဲ့ပြီး ကျောင်းသား၊ ကျောင်းသူပေါင်း ၇ ဒသမ ၂ သန်းကျော် တက်ရောက်ပညာသင်ကြားနေပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ပညာတတ်မြောက်မှုများဟာ ခေတ်မီနိုင်ငံဖြစ်စေဖို့ လိုအပ်ချက်များစွာရှိနေတဲ့အတွက် အခြေခံပညာသင်ကြားရေးကို မပျက်မကွက်လုပ်ဆောင်စေချင်ပါတယ်။ အနည်းဆုံး KG+9 အဆင့်ထိ တတ်မြောက်စေလိုပါတယ်။ ကျေးလက်စီးပွားရေးနဲ့ SME များမှာ အထောက်အကူရရှိနိုင်စေဖို့ လာမယ့်ပညာသင်နှစ်မှာ ပထမအဆင့်ခရိုင် ၅၀ မှာ အထက်တန်းကျောင်း တစ်ကျောင်းစီမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ စက်မှုပညာရပ်များ တွဲဖက်သင်ကြားပေးပါမယ်။ Grade–10 ကနေ Grade – 12 အထိဖြစ်ပါတယ်။ သူတို့အောင်ပြီးရင် သတ်မှတ်အရည်အချင်းကိုက်ညီသူများဟာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုသိပ္ပံ ၃ နှစ် သင်ကျောင်းတွေမှာ ဆက်လက်သင်ကြားလို့ရပါမယ်။ ထူးချွန်သူများက တက္ကသိုလ်ဆက်တက်ကြရပါမယ်။ ဒီလိုပဲ ပုံမှန်အထက်တန်းကျောင်းတွေကလည်း Grade–12 နဲ့ပြီးရင် မိမိရွေးချယ်တက်ရောက်လိုတဲ့ အဆင့်မြင့်ပညာများ သတ်မှတ်ချက်နဲ့အညီ သင်ကြားခွင့်ရမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။ ပညာရေးမြှင့်တင်ခြင်းဖြင့် ခေတ်မီနိုင်ငံတော်တည်ဆောက်ရေးလုပ်ဆောင်ကြရပါမယ်။

**မြန်မာနိုင်ငံမှာ ကိုဗစ်–၁၉ ရောဂါကို ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၃ ရက်နေ့မှာ စတင်တွေ့ရှိခဲ့ပြီး ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့အထိ ပိုးတွေ့လူနာစုစုပေါင်း ၆၁၄,၀၈၃ ဦးရှိပါတယ်။** ဇူလိုင်လ ၂၃ ရက်နေ့အထိ ၃၅,၉၈၁,၅၃၅ ဦးကို ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံပြီးစီးပြီဖြစ်ပါတယ်။ ကာကွယ်ဆေးဝယ်ယူမှုနဲ့ လှူဒါန်းမှု စုစုပေါင်း ၇၆ သန်းကျော် Doses ရရှိပြီးဖြစ်ပါတယ်။ ကာကွယ်ဆေးထုတ်လုပ်မှုအနေနဲ့ ၄၀၉၁၀၆၂၅ Doses ထုတ်လုပ်ခဲ့ပြီးဖြစ်ပါတယ်။

အားကစားကဏ္ဍအနေနဲ့ (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှာ ကျွန်တော်တို့နိုင်ငံအနေနဲ့ အားကစားသမား ၂၈၇ ဦးနဲ့ အားကစားနည်း ၂၀ မျိုးကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ် ၉ ခု၊ ငွေတံဆိပ် ၁၈ ခု၊ ကြေးတံဆိပ် ၃၅ ခု၊ စုစုပေါင်း ၆၂ ခုရရှိခဲ့ပါတယ်။ အကြိမ် (၃၀) မြောက်ပြိုင်ပွဲထက် ၂ ဒသမ ၂၅ ဆ ပိုမိုအောင်မြင်ခဲ့ပါတယ်။ (၂၉) ကြိမ်နဲ့ အကြိမ် (၃၀) မြောက်ပြိုင်ပွဲဝင်အားကစားသမားအရေအတွက်ထက်နည်းပြီး ရွှေတံဆိပ်ရရှိမှု ပိုမိုအောင်မြင်မှုရရှိခဲ့တာကို တွေ့ရှိရပြီး ဆုရရှိကြတဲ့ နိုင်ငံဂုဏ်ဆောင်အားကစားသမားတွေရဲ့ ဘဝအာမခံချက်ရရှိစေဖို့အတွက် အသိအမှတ်ပြုဆောင်ရွက်ပေးခဲ့ပါတယ်။ လာမယ့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက်လည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်နေကြောင်း ပြောလိုပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား–**

**အမျိုးသားရေးလုပ်ငန်းစဉ်(၂)ရပ်ဖြစ်တဲ့ တိုင်းပြည်သာယာဝပြောရေးနဲ့ စားရေရိက္ခာဖူလုံရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ပြောပါမယ်–**

တိုင်းပြည်သာယာဝပြောရေးဆိုတာ ငြိမ်းချမ်းရေးကိုအခြေခံပြီး အလုပ်အကိုင်အခွင့်အလမ်းတွေကို ဒီမိုကရေစီနည်းလမ်းနဲ့အညီ ဆောင်ရွက်နိုင်မှုပဲဖြစ်ပါတယ်။ သဘာဝသယံဇာတတွေပေါကြွယ်ဝတဲ့ ကျွန်တော်တို့နိုင်ငံမှာ ငြိမ်းချမ်းရေးရရှိမှု မြန်ဆန်လာတာနဲ့အမျှ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်မှုမြန်ဆန်လာမှာဖြစ်ပါတယ်။

ကျွန်တော်တို့အစိုးရအနေနဲ့ နိုင်ငံတော်သာယာဝပြောဖို့အတွက် ရပ်ရွာအေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေးတာဝန်တွေကို ထိရောက်မှုအနည်းဆုံးနဲ့ ချမှတ်ထားတဲ့ အမျိုးသားရေးလုပ်ငန်းစဉ်တွေကို စိတ်ရှည်သည်းခံဆောင်ရွက်နေရပါတယ်။ တရားဥပဒေစိုးမိုးမှုအရိပ်၊ အေးချမ်းမှုအရိပ်တွေ မြို့ပြနဲ့ကျေးလက်ဒေသတွေပါမကျန်လွှမ်းခြုံသွားဖို့ ဆက်လက်လုပ်ဆောင်လျက်ရှိနေပါတယ်။

နိုင်ငံသားတိုင်းရဲ့ အသက်ရှင်သန်ရပ်တည်နေထိုင်နိုင်ဖို့ စားနပ်ရိက္ခာဟာလိုအပ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ စိုက်ပျိုးဧကပေါင်း ၃၃ သန်းခန့်ရှိပြီး စပါး၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းနဲ့ဝါကို အဓိကစိုက်ပျိုးကြပါတယ်။ အချို့နေရာတွေမှာ တစ်သီးစားနဲ့ အချို့နေရာတွေမှာ သီးထပ်စိုက်ပျိုးခြင်းတွေ ဆောင်ရွက်ကြပါတယ်။ နိုင်ငံအဝှမ်းရှိလူတစ်ဦးရဲ့ ၁ နှစ် ဆန်စားသုံးမှုဟာ ၁၅၅ ကီလိုဂရမ်(၉၇ ပြည်ခန့်) စားသုံးမှုရှိတဲ့အတွက် ဖူလုံပိုလျှံမှုရှိပါတယ်။ ဆန်ပြည်ပကိုတင်ပို့နိုင်ရေးအတွက် စပါးစိုက်ပျိုးရေးမှာ အထွက်နှုန်းတိုးတက်အောင် စီမံဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ပြည်သူတွေ စားရေရိက္ခာဖူလုံမှုရှိစေဖို့နဲ့ ဝဝလင်လင်စားသုံးစေနိုင်ဖို့အတွက် အဓိကစားသုံးတဲ့ ဆန်နဲ့ဂျုံကို ပိုမိုစိုက်ပျိုး ထုတ်လုပ်နိုင်ဖို့ ဦးစားပေးဆောင်ရွက်နေပါတယ်။ ဒါ့အပြင် အခြားသောဖြည့်စွက်စာတွေကိုလည်း တစ်ဖက်တစ်လမ်းက တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ဖို့ သက်ဆိုင်ရာဒေသအလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံအတွင်းမှာရှိတဲ့ လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းခန့်ဟာ ကျေးလက်နေပြည်သူတွေ ဖြစ်ပါတယ်။ ကျေးလက်နေပြည်သူတွေဟာ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတွေကို အခြေခံတဲ့ အသက်မွေးဝမ်းကျောင်းပြုသူတွေ ဖြစ်ပါတယ်။ ဒါ့ကြောင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းစဉ်တွေကို ခေတ်မီနည်းစနစ်တွေနဲ့ ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ကျေးလက်လူနေမှုဘဝမြင့်ရင် တိုင်းပြည်ရဲ့လူမှုအဆင့်အတန်းလည်း မြင့်မားမှာဖြစ်ပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား–**

**နိုင်ငံရေးလုပ်ငန်းစဉ် (၂) ရပ်ဖြစ်တဲ့ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကိုပြောပါမယ်–**

စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးဆောင်ရွက်ရာမှာ ပြည်သူတိုင်း၊ အဖွဲ့အစည်းတိုင်းက လိုက်နာဆောင်ရွက်ဖို့ အရေးကြီးပါတယ်။ ဒီလိုဆောင်ရွက်နိုင်မှ အောင်မြင်နိုင်မယ့်လုပ်ငန်းတစ်ခုလည်း ဖြစ်ပါတယ်။ ဒီလိုဖော်ဆောင်ရာမှာ ပထမဆုံးအခြေခံလိုအပ်ချက်ဖြစ်တဲ့ ဒီမိုကရေစီစနစ်ကိုဆန့်ကျင်ကာ ဒီမိုကရေစီလမ်းကြောင်းပေါ်မှ သွေဖည်သွားမယ့်လုပ်ဆောင်ချက်တွေ မလုပ်ဆောင်ဖို့လိုအပ်ပါတယ်။ မည်သည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ တာဝန်ထမ်းဆောင်မှုမျိုးကိုမဆို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ပြဋ္ဌာန်းထားတဲ့ဥပဒေတွေအတိုင်း လေးစားလိုက်နာဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေဖို့ လွတ်လပ်ပြီးတရားမျှတတဲ့ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ဖို့ဟာ အလွန်အရေးကြီးပါတယ်။

ရွေးကောက်ပွဲဟာ တိုင်းပြည်ရဲ့ဂုဏ်သိက္ခာနဲ့ သက်ဆိုင်တဲ့ အမျိုးသားရေးတာဝန်တစ်ရပ် ဖြစ်ပါတယ်။ လွတ်လပ်ပြီးတရားမျှတမှသာ ပြည်သူတွေလိုလားတောင့်တတဲ့ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မြဲစေပြီး နိုင်ငံရဲ့နိုင်ငံရေးသမိုင်း

**၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ဟာ ကျွန်တော်တို့ နိုင်ငံရဲ့ စိန်ရတုလွတ်လပ်ရေးနေ့ ဖြစ်ပါတယ်။ ဒါ့ကြောင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းစေဖို့အတွက် ဆက်လက်အလေးထားဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ထားရှိခဲ့တာနဲ့အညီ ငြိမ်းချမ်းရေးကို လက်တွေ့ကျကျအကောင်အထည်ဖော်နိုင်ဖို့ လိုအပ်တဲ့အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ ခေါင်းဆောင်တွေကို ကိုယ်တိုင်ကိုယ်ကျတွေ့ဆုံဆွေးနွေး နိုင်ဖို့ ဖိတ်ခေါ်ကမ်းလှမ်းခဲ့ပြီး တွေ့ဆုံဆွေးနွေးမှုတွေ ဆောင်ရွက်လျက်ရှိပါတယ်။**

နဲ့ နိုင်ငံတကာအသိုင်းအဝိုင်းမှာလည်း ဂုဏ်သိက္ခာမြင့်မားစေမှာ ဖြစ်ပါတယ်။ ရွေးကောက်ပွဲမှာ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုတွေကျူးလွန်ခြင်း၊ နည်းမျိုးစုံနဲ့မသမာမှုလုပ်ဆောင်ခြင်း စတာတွေပေါ်ပေါက်လာတယ်ဆိုရင်တော့ နိုင်ငံရဲ့ပုံရိပ်ကျဆင်းစေပြီး နိုင်ငံရဲ့ဒီမိုကရေစီခရီးလမ်းဟာလည်း အနုတ်လက္ခဏာဆောင်မှာဖြစ်ပါတယ်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေ ထွေရွေးကောက်ပွဲမဲမသမာမှုတွေဟာ နိုင်ငံရဲ့ဒီမိုကရေစီ ယဉ်ကျေးမှုလမ်းကြောင်းကို ပုံရိပ်ကျသွေဖည်သွားစေခဲ့ပါတယ်။

စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေဖို့ လွတ်လပ်ပြီးတရားမျှတတဲ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ဖို့အတွက် ရွေးကောက်ပွဲမှာ အသုံးပြုမယ့်မဲစာရင်းတွေ ပြည့်စုံမှန်ကန်ဖို့ကလည်းအရေးကြီးတဲ့အချက်ပါပဲ။ အခြေခံမဲစာရင်းတွေ မှန်ကန်ဖို့သက်ဆိုင်ရာအဖွဲ့အစည်းအားလုံး ပူးပေါင်းပြုစုနေပါတယ်။ ပြုစုပြီးရင် သက်ဆိုင်ရာမြို့နယ်အခြေစိုက် နိုင်ငံရေးပါတီတွေရဲ့ ပူးပေါင်းပါဝင်စိစစ်မှုနဲ့ မဲစာရင်းတွေပြည့်စုံမှန်ကန်ဖို့ဆက်လက်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဟာ ပူးပေါင်းစစ်ဆေးရေးအဖွဲ့တွေနဲ့ နိုင်ငံရေးပါတီတွေ စစ်ဆေးခြင်း၊ မဲဆန္ဒရှင်များပြုစုခြင်းအပါအဝင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၁၈ နဲ့ နည်းဥပဒေ ၂၃ တို့နဲ့အညီ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လမှစပြီး နိုင်ငံရေးပါတီတွေရဲ့စာရင်းတွေကို စုစည်းခဲ့ရာ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လကုန်အထိ ပါတီ ၈၅ ပါတီကို စုစည်းပြီးဖြစ်ကာ စစ်ဆေးရန်ကျန်ပါတီတွေကို ဆက်လက်စစ်ဆေးဖို့ ဆောင်ရွက်လျက်ရှိပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား–**

ဒီမိုကရေစီစနစ်ဆိုတာ ပြည်သူက သူတို့ကို ကိုယ်စားပြုသူတဲ့တွေကို ကိုယ်တိုင်ရွေးချယ်တဲ့အုပ်ချုပ်ရေးစနစ်ပဲဖြစ်ပါတယ်။ ဖက်ဒရယ်စနစ်ဆိုတာ မတူကွဲပြားနေတဲ့တိုင်းဒေသကြီး/ပြည်နယ်တွေမှာ လူမျိုးတွေ၊ လူမျိုးစုတွေကို စုစည်းလုပ်ကိုင်ရာမှ လုပ်ကိုင်နိုင်ခွင့်တွေကို ခွဲဝေကျင့်သုံးတဲ့ အယူအဆသဘောတရားဖြစ်ပြီး ပေါင်းစည်းနေထိုင်ခြင်း၊ မျှဝေခံစားခြင်းဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုစနစ်လို့ဆိုရာမှာ ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားပြည်သူတို့ကရွေးချယ်တဲ့အုပ်ချုပ်ရေးစနစ်မှာ ပြည်ထောင်စုတစ်ဝှမ်းလုံးရှိ တိုင်းရင်းသားပြည်သူတွေ အတူတကွပေါင်းစည်းနေထိုင်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်တွေအလိုက်အခြေခံဥပဒေအရ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွေရရှိစေရမှာဖြစ်ပါတယ်။ ဒါမှလည်း စစ်မှန်၍ စည်းကမ်းပြည့်ဝတဲ့ပါတီစုံဒီမိုကရေစီစနစ် ဖြစ်ပေါ်လာမှာဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ လွတ်လပ်ရေးရယူရာမှာပင်လုံစာချုပ်နဲ့ ပြည်ထောင်စုတစ်ခုလုံးကိုစုစည်းပြီးလွတ်လပ်ရေး ရယူခဲ့ပါတယ်။ ပင်လုံစာချုပ်လို့ဆိုရာမှာအနှစ်သာရက ပင်လုံစိတ်ဓာတ်ပါပဲ။ ပင်လုံစိတ်ဓာတ်ဆိုတာ ပြည်ထောင်စုစိတ်ဓာတ်ပါ။ ဒီစိတ်ဓာတ်ဟာအရင်းခံဖြစ်သလို ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ အနာဂတ်ပြည်ထောင်စုကြီးတည်ဆောက်ရေးရဲ့အခြေခံအုတ်မြစ်ဖြစ်တဲ့ ပြည်ထောင်စုစိတ်ဓာတ်ပဲဖြစ်ပါတယ်။ ဒါ့ကြောင့် တိုင်းရင်းသားလက်နက်ကိုင်တွေနဲ့တွေ့ဆုံဆွေးနွေးရာမှာ ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံပြီး ဒေသနဲ့တိုင်းပြည်အတွက် ပကတိလိုအပ်ချက်တွေကို ညှိနှိုင်းဆွေးနွေးမှု ဆောင်ရွက်လျက်ရှိပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား–**

**ကျွန်တော်တို့အစိုးရအနေနဲ့ နိုင်ငံတော်တာဝန်များကို ဆက်လက်တာဝန်ယူ ထမ်းဆောင်သွားမယ့် အခြေအနေများကို ပြောပါမယ်–**

လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲကျင်းပနိုင်ဖို့အတွက် တိုင်းပြည်ဟာ တည်ငြိမ်အေးချမ်းမှုရှိဖို့လိုပါတယ်။ ပြည်သူလူထုတစ်ရပ်လုံးအနေနဲ့ မည်သည့်ပုံစံနဲ့မဆို ခြိမ်းခြောက်အကျပ်ကိုင်၊ ဖိအားပေးခံရမှုမရှိဘဲ မိမိဆန္ဒအတိုင်းမဲပေးဖို့ လိုအပ်ပါတယ်။ လာမယ့်အထွေထွေရွေးကောက်ပွဲမှာ တစ်နိုင်ငံလုံး လွတ်လပ်ပြီးတရားမျှတစွာ နေရာအနှံ့အကြားအလပ်မရှိ ကျင်းပနိုင်ရမှာဖြစ်ပါတယ်။ ရွေးကောက်ပွဲမှာ တရားမျှတမှုနဲ့ခြိမ်းခြောက်အကျပ်ကိုင်မှုတွေ မရှိစေဖို့အတွက် လက်နက်ကိုင်ပဋိပက္ခတွေ ချုပ်ငြိမ်းဖို့လိုအပ်ပါတယ်။ ရွေးကောက်ပွဲကျင်းပနိုင်ဖို့ နိုင်ငံရေးနဲ့လုံခြုံရေးအခြေအနေ အမြန်ဆုံးတည်ငြိမ်ဖို့ ပြည်သူ့လုံခြုံရေးစနစ်ကို ကျွန်တော်တို့ မြှင့်တင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လက်ရှိ ၆ လတာကာလအတွင်း စစ်ကိုင်းတိုင်းဒေသကြီးနယ်မြေအချို့၊ မကွေးတိုင်းဒေသကြီး (မြောက်

ပိုင်း) နယ်မြေအချို့၊ ကယားပြည်နယ်နဲ့ ကရင်ပြည်နယ် နယ်မြေအချို့တို့မှာ နောက်ကွယ်က ကေအိုင်အေနဲ့ ကေအန်ယူသောင်းကျန်းသူတွေရဲ့ လူအင်အားနဲ့ လက်နက်၊ ခဲယမ်းအပါအဝင် စစ်အသုံးအဆောင်ပစ္စည်းတွေကို ယခင်ကထက် ပိုမိုပါဝင်ပံ့ပိုးကူညီမှုတွေကြောင့် တာဝန်ယူပြီးခဲ့တဲ့ တစ်နှစ်တာသက်တမ်းကာလနဲ့ နှိုင်းယှဉ်ပါက အကြမ်းဖက်တိုက်ခိုက်မှုတွေ၊ ဖျက်ဆီးမှုတွေ ပိုမိုများပြားလာခဲ့တဲ့အတွက် တရားဥပဒေစိုးမိုးရေးကို အလေးထားပြီး မူလအခြေအနေအတိုင်း ပြန်လည်တည်ငြိမ်အေးချမ်းဖို့ ဆက်လက်ဆောင်ရွက်ဖို့ လိုအပ်လျက်ရှိပါတယ်။ ဖမ်းဆီးရမိတဲ့ လက်နက်၊ ခဲယမ်းမီးကျောက်အချို့ဟာ KIA တို့ ထုတ်လုပ်တဲ့လက်နက်များ၊ KNU လှုပ်ရှားရာ မြန်မာ-ထိုင်းနယ်စပ်ဒေသများက ဝင်ရောက်လာတာဖြစ်တဲ့အတွက် တရားမဝင်လက်နက် ထုတ်လုပ်၊ ဝယ်ယူ၊ သယ်ပို့ခြင်းများမရှိစေရအောင် အလေးထားဆောင်ရွက်သွားပါမယ်။

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ဟာ ကျွန်တော်တို့နိုင်ငံရဲ့ စိန်ရတုလွတ်လပ်ရေးနေ့ဖြစ်ပါတယ်။ ဒါ့ကြောင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းစေဖို့အတွက် ဆက်လက်အလေးထားဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ထားရှိခဲ့တာနဲ့အညီ ငြိမ်းချမ်းရေးကို လက်တွေ့ကျကျအကောင်အထည်ဖော်နိုင်ဖို့ လိုအပ်တဲ့အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ ခေါင်းဆောင်တွေကို ကိုယ်တိုင်ကိုယ်ကျတွေ့ဆုံဆွေးနွေးနိုင်ဖို့ ဖိတ်ခေါ်ကမ်းလှမ်းခဲ့ပြီး တွေ့ဆုံဆွေးနွေးမှုတွေ ဆောင်ရွက်လျက်ရှိပါတယ်။ တွေ့ဆုံဆွေးနွေးမှုတွေမှာ ဒေသနဲ့တိုင်းပြည်အတွက် ကောင်းမွန်တဲ့ရလဒ်ကောင်းတွေရရှိခဲ့တဲ့အတွက် ကျန်ရှိနေသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေအနေနဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ပါဝင်လာပါက နိုင်ငံရဲ့အနာဂတ် နိုင်ငံရေးဟာ ပြည့်စုံကောင်းမွန်လာမှာဖြစ်ပါတယ်။

အခြေခံမဲဆန္ဒရှင်စာရင်းတွေ ပြည့်စုံမှန်ကန်စေဖို့အတွက်လည်း မြေပြင်လူဦးရေစာရင်းနဲ့ တိုက်ဆိုင်စစ်ဆေးခြင်း လုပ်ငန်းစီမံချက်အရ မြို့နယ်ပေါင်း ၂၉၈ မြို့နယ် ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ၁၄ မြို့နယ်ဆောင်ရွက်ဆဲနဲ့ ၁၃ မြို့နယ်ဆောင်ရွက်ရန်ကျန်ရှိတဲ့အတွက် ရာနှုန်းပြည့်ပြီးစီးအောင် ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲမှာ နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိဘဲ ဥပဒေကိုကျော်လွန်ပြီး မဲပေးခဲ့ကြပါတယ်။ ဒါ့ကြောင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးဖို့ အကျုံးဝင်သူ ၃ ဒသမ ၄ သန်းကို ပန်းခင်းစီမံချက်နဲ့ ၂၀၂၁ ခုနှစ်၊ မေလ ၃ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ရာမှာ ၃ ဒသမ ၃ သန်းခန့်ကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ပါတယ်။ အချို့နေရာဒေသတွေမှာ အကြမ်းဖက်အဖွဲ့တွေရဲ့ခြိမ်းခြောက်တားမြစ်မှုတွေကြောင့် လုပ်ငန်းဆောင်ရွက်တွေမှု နှေးကွေးရပ်တန့်နေရခြင်း ဖြစ်ပါတယ်။ ရာနှုန်းပြည့်ပြီးစီးနိုင်ဖို့ ဆက်လက်လုပ်ဆောင် သွားရမှာဖြစ်ပါတယ်။ လာမယ့်ရွေးကောက်ပွဲမှာ မဲပေးပိုင်ခွင့်ရှိသူတွေဟာ ၎င်းတို့ရဲ့အခွင့်အရေးအရ မဲပေးနိုင်ဖို့အတွက် နိုင်ငံသားကတ်ပြား ထပ်မံထုတ်ပေးဖို့လိုအပ်လျက်ရှိတဲ့ ခန့်မှန်းလူဦးရေ ၁,၇၄၈,၅၇၅ ဦး (၁ ဒသမ ၇ သန်းကျော်) ကို ပန်းခင်းစီမံချက်အဆင့် (၂) နဲ့ ဆက်လက်လုပ်ဆောင်ပေးသွားမှာဖြစ်ပါတယ်။

နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာကိစ္စရပ်တွေ အဆင်ပြေစေဖို့အတွက် အသစ်ထပ်မံတိုးချဲ့ ဖွဲ့စည်းခဲ့တဲ့ ခရိုင် ၄၆ ခရိုင်ရဲ့ ဒေသဖွံ့ဖြိုးတိုးတက်ရေးနဲ့ အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းတွေ ပိုမိုအဆင်ပြေချောမွေ့စေရေး ဆောင်ရွက်နိုင်ဖို့ လိုအပ်လျက်ရှိနေသေးတဲ့အတွက် လုပ်ငန်းများအဆင်ပြေချောမွေ့စွာ လုပ်ဆောင်နိုင်ရန် ဆက်လက်ဆောင်ရွက်ရမှာဖြစ်ပါတယ်။

**နိုင်ငံတော်ကြီးတည်တံ့ခိုင်မြဲဖို့၊ နိုင်ငံသားအားလုံး ဒီမိုကရေစီအခွင့်အရေးကို တန်းတူညီမျှခံစားနိုင်ဖို့အတွက် အချက် ၂ ချက် ပြုပြင်ဆောင်ရွက်ဖို့လိုပါတယ်။ ဒါတွေကတော့ နိုင်ငံရေးအရပြုပြင်ဆောင်ရွက်ခြင်းနဲ့ တိုင်းရင်းသားရေးအရ ပြုပြင်ဆောင်ရွက်ခြင်းတို့ ဖြစ်ပါတယ်။ ဒီအချက် ၂ ချက်ဟာ သီးခြားစီထင်ရပေမယ့် တစ်ခုနဲ့တစ်ခုခွဲမရအောင် ဆက်စပ်လျက်ရှိပါတယ်။**

**တိုင်းရင်းသားပြည်သူများခင်ဗျား–**

ကျွန်တော်တို့နိုင်ငံဟာ ရှေးနှစ်ပေါင်းများစွာကတည်းက တိုင်းရင်းသားတွေ စုစည်းနေထိုင်ခဲ့ကြတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ ဒေသ၊ နယ်မြေအလိုက် အုပ်ချုပ်မှု ပုံစံတွေ ကွဲပြားခဲ့သော်လည်း လွတ်လပ်ရေးမဆုံးရှုံးမီကာလကတည်းက နိုင်ငံအဝှမ်းမှာ ပင်မအုပ်ချုပ်ကွပ်ကဲမှုရှိတဲ့ပုံစံနဲ့ အုပ်ချုပ်ခဲ့ပါတယ်။ လွတ်လပ်ရေးရရှိတော့လည်း တစ်နိုင်ငံလုံး၊ ပြည်ထောင်စုတစ်ခုလုံး စုစည်းလွတ်လပ်ရေး ရရှိခဲ့တာဖြစ်ပါတယ်။

ဒါကြောင့် ရှေးယခင်ကတည်းက ပြည်ထောင်စုစနစ်နဲ့ စုစည်းတည်ဆောက်ခဲ့တဲ့ ကျွန်တော်တို့နိုင်ငံအနေနဲ့ ဒီပြည်ထောင်စုစနစ်ကို ခိုင်မာသည်ထက်ခိုင်မာအောင် ခေတ်နဲ့အညီတည်ဆောက်ကြမှသာ နိုင်ငံတော်တည်တံ့ခိုင်မြဲမှာဖြစ်ပါတယ်။ တိုင်းရင်းသားပြည်သူလူထုအားလုံး ဒီမိုကရေစီအခွင့်အရေးကို တန်းတူညီမျှခံစားနိုင်ရပါမယ်။ ဒီလိုနိုင်ငံတော်ကြီးတည်တံ့ခိုင်မြဲဖို့၊ နိုင်ငံသားအားလုံး ဒီမိုကရေစီအခွင့်အရေးကို တန်းတူညီမျှခံစားနိုင်ဖို့အတွက် အချက် ၂ ချက်ပြုပြင်ဆောင်ရွက်ဖို့လိုပါတယ်။ ဒါတွေကတော့ နိုင်ငံရေးအရပြုပြင်ဆောင်ရွက်ခြင်းနဲ့ တိုင်းရင်းသားရေးအရ ပြုပြင်ဆောင်ရွက်ခြင်းတို့ ဖြစ်ပါတယ်။

ဒီအချက် ၂ ချက်ဟာ သီးခြားစီထင်ရပေမယ့် တစ်ခုနဲ့တစ်ခုခွဲမရအောင် ဆက်စပ်လျက်ရှိပါတယ်။ နိုင်ငံရေးအရပြုပြင်ဆောင်ရွက်ဖို့ လိုအပ်ချက်ကတော့ နိုင်ငံမှာ ပါတီစုံဒီမိုကရေစီစနစ် စတင်လျှောက်လှမ်းကတည်းက အထွေထွေရွေးကောက်ပွဲ သုံးကြိမ်ကျင်းပခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ မြို့နယ် ၃၃၀ မြို့နယ်ရှိပါတယ်။ ၂၀၁၀ ပြည့်နှစ်ရွေးကောက်ပွဲမှာ ၃၂၅ မြို့နယ်၊ ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲမှာ ၃၂၃ မြို့နယ်နဲ့ ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲမှာ ၃၁၅ မြို့နယ်တို့ ရွေးကောက်ပွဲကျင်းပနိုင်ခဲ့ပါတယ်။ တစ်ကြိမ်ထက်တစ်ကြိမ် ရွေးကောက်ပွဲကျင်းပနိုင်တဲ့ မြို့နယ်အရေအတွက် နည်းပါးလာတာကို တွေ့နိုင်ပါမယ်။ ရွေးကောက်ပွဲမကျင်းပဖြစ်တဲ့ မြို့နယ်အများစုကလည်း တိုင်းရင်းသားနယ်မြေတွေ ဖြစ်တာကိုလည်း တွေ့ရပါမယ်။ ဒီမိုကရေစီစနစ်နဲ့ ရွေးချယ်ခံရပြီး ဒီမိုကရေစီစနစ်ကိုဖော်ဆောင်မယ်ဆိုတဲ့ အစိုးရတွေ လက်ထက်မှာမှ ရွေးကောက်ပွဲမကျင်းပဖြစ်လို့ ဒီမိုကရေစီအခွင့်အရေးဆုံးရှုံးရတဲ့ တိုင်းရင်းသားဒေသတွေ များပြားလာတာဟာ ကျွန်တော်တို့သတိပြုရမဲ့အချက်ပဲ ဖြစ်ပါတယ်။

ရွေးကောက်ပွဲမကျင်းပဖြစ်တဲ့ မြို့နယ်တွေမှာ တည်ငြိမ်အေးချမ်းမှုမရှိလို့လို့ အကြောင်းပြချက်တွေ ရှိပါတယ်။ နောက်ကွယ်က အကြောင်းအရာတွေဘယ်လိုပဲရှိရှိ **“ပြည့်အင်အားဟာ ပြည်တွင်းမှာသာရှိပါတယ်”** တိုင်းရင်းသားတွေနဲ့ တိုင်းရင်းသားဒေသတွေကို အခွင့်အရေးတွေ ပိုမိုပေးအပ်နိုင်ဖို့ ဆောင်ရွက်ရန်သာအဖြေရှိပါမယ်။ တိုင်းရင်းသားတွေဟာ သူတို့ရဲ့အခွင့်အရေးတွေ၊ နစ်နာမှုတွေကို တရားဝင်နိုင်ငံရေးစင်မြင့်မှာ ပြောခွင့်၊ ဆိုခွင့်၊ တောင်းဆိုခွင့်ပေးရပါလိမ့်မယ်။ ဒါကိုပေးဖို့ဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်တွေပဲဖြစ်ပါမယ်။ ဒီတော့ လွှတ်တော်အသီးသီးမှာ တိုင်းရင်းသားတွေ၊ လူထုလူတန်းစားအလွှာအသီးသီးကို ကိုယ်စားပြုတဲ့သူတွေပါဝင်နိုင်ဖို့ လိုအပ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိရွေးကောက်တင်မြှောက်မှုစနစ်ဟာ **“နိုင်သူအကုန်ယူ” (FPTP–First Past The Post)** ဖြစ်ပါတယ်။ ပါတီကြီးတွေရဲ့ လွှမ်းမိုးမှုတွေကြောင့် တိုင်းရင်းသားတွေ၊ လူထုလူတန်းစားအလွှာအချို့ကိုကိုယ်စားပြုတဲ့ နိုင်ငံရေးပါတီများဟာ အင်အားနည်းတာကို တွေ့နိုင်ပါတယ်။ ဒီတော့သူတို့ဟာ ရွေးချယ်ခံရမှုနည်းပါးပြီး သူတို့ရဲ့အသံတွေကို တရားဝင်နိုင်ငံရေးစင်မြင့် (လွှတ်တော်) တွေမှာ ကြားရတာနည်းပါးပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံရေးပါတီတွေကို လေ့လာကြည့်ပါ။ အခြေခံအားဖြင့် သုံးမျိုးသာခွဲခြားနိုင်ပါလိမ့်မယ်။ (၁) နိုင်ငံရေးအယူဝါဒကို ကိုယ်စားပြုတဲ့ပါတီများ၊ (၂) ဒေသကိုကိုယ်စားပြုတဲ့ပါတီများနဲ့ (၃) တိုင်းရင်းသားလူမျိုးစုများကို ကိုယ်စားပြုတဲ့ပါတီများဖြစ်ပါတယ်။ အားလုံးဟာ ကိုယ့်အစုအဖွဲ့နဲ့ကိုယ် ထောက်ခံမှုများရှိကြပါတယ်။ ဒီပါတီတွေအားလုံး နိုင်ငံရေးစင်မြင့်မှာ (လွှတ်တော်မှာ) ပါဝင်နိုင်ဖို့၊ ကိုယ်စားပြုနိုင်ဖို့၊ ပြောနိုင်ဆိုနိုင်ဖို့ ဘာတွေကျွန်တော်တို့လုပ်ဖို့လိုသလဲ၊ ရွေးကောက် ပွဲစနစ်ကို ပြုပြင်ပြောင်းလဲမှုဖြစ်ပါမယ်။ လက်ရှိအသုံးပြုနေတဲ့ နိုင်သူအကုန်ယူ (FPTP) စနစ်အပြင် အချိုးကျကိုယ်စားပြုစနစ် (PR–Proportional Representation) ကို ထည့်သွင်းဆောင်ရွက်ဖို့လိုကြောင်း တွေ့ရပါတယ်။ **ဒီလို ပြင်ဆင်ရာမှာ အစိုးရ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နဲ့ သက်ဆိုင်ရာအဖွဲ့အစည်းတွေက ပြင်ဆင်ရမှာဖြစ်သလို**

**နိုင်ငံရေးပါတီတွေအနေနဲ့လည်း ပြင်ဆင်ရမှာ ဖြစ်ပါတယ်။ အဲ့လိုပြင်ဆင်နိုင်ရန် လုံလောက်တဲ့အချိန်ရယူသွားရမှာပဲဖြစ်တယ်။**

ကျွန်တော်တို့ပြည်ထောင်စု ရေရှည်တည်တံ့ဖို့၊ နိုင်ငံတော်အဓွန့်ရှည်ကြာဖို့၊ တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းသွားဖို့ ဒီစနစ်ကို အကောင်အထည်ဖော်ရပါမယ်။ ဒါမှသာ ပြည်သူနဲ့ဒီမိုကရေစီစနစ်ဟာ သဟဇာတဖြစ်ပါလိမ့်မယ်။ ဒါကိုဆောင်ရွက်နိုင်ဖို့ကျွန်တော်တို့ (၁) ပြည်သူလူထုကို အသိပညာပေးဖို့လိုပါတယ်၊ (၂) ဒီစနစ်ဖြစ်လာဖို့ အစီအစဉ်တွေချမှတ်ဖို့လိုပါတယ်၊ (၃) အားလုံးပါဝင်ဖို့လိုအပ်ပါမယ်။

ဒီကိစ္စတွေဆောင်ရွက်နိုင်ဖို့ ကျွန်တော်တို့အစိုးရအနေနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကို ကျွန်တော်ကိုယ်တိုင် ဖိတ်ခေါ်ပြီးဆွေးနွေးခဲ့ပါတယ်။ ဆွေးနွေးပြီးသမျှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှလက်ခံကြပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း (၁၂) အရ လွှတ်တော်ကသာပြင်ဆင်နိုင်ပါတယ်။ ဒီအတွက် အခုကျွန်တော်တို့ ဆွေးနွေးနေကြတာဖြစ်ပါတယ်။ လွှတ်တော်အရပြင်ဆင်နိုင်ဖို့ လွှတ်တော်ထဲမှာ တိုင်းရင်းသားကိုယ်စားပြုပါတီတွေ၊ ဒေသကိုယ်စားပြုပါတီတွေ ရောက်လာဖို့လိုပါတယ်။ ဒါကို ကျွန်တော်တို့ကြိုးပမ်းနေပါတယ်။ EAO များ (တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ) ကလည်း ပူးပေါင်းဆောင်ရွက်ပေးဖို့ ကျွန်တော်ပြောလိုပါတယ်။ ကျွန်တော်နဲ့တွေ့ဆုံဆွေးနွေးခဲ့တဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနဲ့ ဒုတိယအကြော့ထပ်မံဆွေးနွေးပါမယ်။ တစ်ချိန်တည်းမှာပဲ မဆွေးနွေးရသေးတဲ့ EAO များကိုလည်း ကျွန်တော် ထပ်မံဖိတ်ခေါ်ပါတယ်။ မိမိဒေသ၊ မိမိလူမျိုးကို တစ်ကယ်ကောင်းကျိုးဆောင်ဖို့လိုလားတယ် ဆိုရင် ဆွေးနွေးပါ။ တောင်းဆိုပါ။ တရားဝင်နိုင်ငံရေးစင်မြင့်ကိုတက်လှမ်းကြဖို့ ကျွန်တော်ပြောလိုပါတယ်။ ဒါတွေဆောင်ရွက်ဖို့ ကျွန်တော်တို့ တံခါးကျယ်ကျယ်ဖွင့်ထားပါတယ်။ ရဲရဲသာလျှောက်လှမ်းခဲ့ကြပါလို့ ကျွန်တော်ပြောလိုပါတယ်။

ကျွန်တော်တို့အစိုးရအနေနဲ့ နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကိုရှေးရှုပြီး ပိုမိုကောင်းမွန်တဲ့ နိုင်ငံတော်နဲ့ လူမှုစီးပွားဘဝတွေကို တည်ဆောက်ပေးသွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

ကျွန်တော်တို့အစိုးရအနေနဲ့ **"ရှေ့သို့လှမ်းမည်၊ ပန်းတိုင်ဆီ" (Keep Moving Forward to Achieve Our Goal)** ဆိုတဲ့အတိုင်း နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကိုရှေးရှုပြီး ပိုမိုကောင်းမွန်တဲ့နိုင်ငံတော်နဲ့ လူမှုစီးပွားဘဝတွေကို တည်ဆောက်ပေးသွားမှာဖြစ်ကြောင်း တိုင်းရင်းသားပြည်သူလူထုကို အသိပေးပြောကြားလိုပါတယ်။ ပြည့်အင်အားသည် ပြည်တွင်းမှာရှိတယ်ဆိုတဲ့အတိုင်း ကျွန်တော်တို့အားလုံး အတူတကွပူးပေါင်းဆောင်ရွက်သွားရမှာဖြစ်ကြောင်း ပြောကြားရင်းနိဂုံးချုပ်လိုက်ပါတယ်။

တိုင်းရင်းသားပြည်သူအားလုံး ကျန်းမာရွှင်လန်းကြပါစေကြောင်း ထပ်မံဆုတောင်းမေတ္တာ ပို့သအပ်ပါတယ် ခင်ဗျား။

# ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) မှ ဒုတိယဥက္ကဋ္ဌ (၁) စဝ်ခေးတိုင်းဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့နှင့် ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးစဉ် ပြောကြားသည့်အမှာစကား

( ၄ - ၈ - ၂၀၂၂ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)မှ ဒုတိယဥက္ကဋ္ဌ (၁) စဝ်ခေးတိုင်းဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား ဩဂုတ်လ ၄ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များဆွေးနွေးသည်။

**တက်ရောက်**

အဆိုပါ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့ တက်ရောက်ကြပြီး ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)မှ ဒုတိယဥက္ကဋ္ဌ(၁)နှင့်အတူ ဒုတိယဥက္ကဋ္ဌ(၂) စဝ်ခွန်ဆိုင်နှင့် ဗဟိုကော်မတီဝင် စဝ်နော်လိတ်တို့ တက်ရောက်ကြသည်။

**ပြည်ထောင်စုအကျိုးကိုရှေးရှု**

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းစေရေးအတွက် ခေတ်အဆက်ဆက်ကြိုးပမ်းဆောင်ရွက်ခဲ့မှုနှင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ရောက်ရှိနိုင်ရေးတပ်မတော်မှ ကြိုးပမ်းဆောင်ရွက်ပေးခဲ့သည့်အခြေအနေများ၊ **ဒီမိုကရေစီစနစ်တွင် လွတ်လပ်စွာတွေးခေါ်ပြောဆိုပိုင်ခွင့်၊ လုပ်ပိုင်ခွင့်များနှင့် လိုအပ်ချက်များကို ပြောဆိုနိုင်သည်ဖြစ်သော်လည်း ဥပဒေနှင့်အညီ ငြိမ်းချမ်းသည့်နည်းလမ်းများဖြင့်သာ ဆွေးနွေးဆောင်ရွက်ရမည်ဖြစ်သည့်အခြေအနေ၊ ဒီမိုကရေစီစနစ်တွင် လွှတ်တော်သည် နိုင်ငံရေးအရအမြင့်ဆုံးဖြစ်ပြီး တိုင်းရင်းသား**

**များအနေဖြင့်လည်း မိမိတို့ဒေသ၏အခွင့်အရေးများကို တရားဥပဒေနှင့်အညီ တောင်းဆိုနိုင်ရေးအတွက် နိုင်ငံရေး စင်မြင့် လွှတ်တော်တွင် ပိုမိုပါဝင်လာရမည်ဖြစ်**သည့် အခြေအနေ၊ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးရာတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ တောင်းဆိုချက်များ၊ ဒေသနှင့်တိုင်းပြည်အတွက် အမှန်တကယ်လိုအပ်ပြီး ဖြစ်သင့်ဖြစ်ထိုက်သည်များကိုပွင့်လင်းစွာဖြင့်အကျေအလည် ဆွေးနွေးသွားမည်ဖြစ်ပြီး ပြည်ထောင်စုအကျိုးကိုရှေးရှု၍ အမြင်ကျယ်ကျယ်ဖြင့် ဆွေးနွေးဆောင်ရွက်သွားကြရန်လို အပ်သည့်အခြေအနေများ၊ **ပြည်သူလူထုဆန္ဒနှင့်ကိုက်ညီသည့် ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးဆောင်ရွက်ရေး ဆိုင်ရာကိစ္စရပ်များ၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး**ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရှင်းလင်းဆွေးနွေးပြောကြားသည်။

**တင်ပြ**

ထို့နောက် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)မှ ဒုတိယဥက္ကဋ္ဌ (၁)နှင့်အဖွဲ့ဝင်များက **ယခုကဲ့သို့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲသို့ ပါဝင်ဆွေးနွေးနိုင်ရေးဖိတ်ခေါ်ပေးခဲ့သည့်အတွက် အထူးဝမ်းမြောက်မိပြီး ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) အဖွဲ့အနေဖြင့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှုများတွင် တက်ကြွစွာဖြင့် ဆက်လက်ပါဝင်သွားမည်**ဖြစ်သည့်အခြေအနေ၊ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဆောင်ရွက်သွားမည်ဆိုပါက ဖွံ့ဖြိုးတိုးတက်သည့်အနာဂတ်ပြည်ထောင်စုနိုင်ငံတော်ကြီးကို ဖော်ဆောင်သွားနိုင်မည်ဖြစ်သည့် အခြေအနေ၊ ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးဆောင်ရွက်ရေး၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးနှင့်ပတ်သက်၍ သဘောထားတူညီချက်အမြင်များကို ပြန်လည်ဆွေးနွေးပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို တင်ပြသည်။

**အပြန်အလှန် ဆွေးနွေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က **တပ်မတော်သည် တိုင်းပြည်ကိုထိန်းသိမ်းစောင့်ရှောက်သူ (Guardian) အဖြစ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်**ပြီး ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ **တိုင်းရင်း သားအဖွဲ့များအနေဖြင့်လည်း ဒီမိုကရေစီနှင့်ဖက်ဒရယ်အခွင့်အရေးကို ရရှိရန်အတွက် တရားဥပဒေနှင့်အညီ၊ စည်းကမ်းနှင့်အညီ၊ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ လုပ်ကိုင်ဆောင်ရွက်ကြရန်လို**သည့် အခြေအနေများနှင့်ပတ်သက်၍ ပြန်လည်ဆွေးနွေးပြောကြားပြီး ငြိမ်းချမ်းရေးဆိုင်ရာကိစ္စ ရပ်များ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ နှစ်ဖက်အမြင်များကို ရင်းနှီးပွင့်လင်းစွာအပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင် စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)မှ ဒုတိယဥက္ကဋ္ဌ (၁)နှင့် အဖွဲ့ဝင်များအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ရာ ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)မှ ဒုတိယဥက္ကဋ္ဌ(၁)မှ ဒေသထွက်လက်ဆောင်ပစ္စည်းများကို ပြန်လည်ပေးအပ်ခဲ့ပြီး အမှတ်တရစုပေါင်းဓာတ်ပုံ ရိုက်ကြသည်။

**ဆက်လက်ပြုလုပ်သွားမည်**

အဆိုပါ ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)မှ ဒုတိယဥက္ကဋ္ဌ(၁) ဦးဆောင်သည့် အဖွဲ့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဖွဲ့စည်းပေးထားသည့် ကောင်စီဝင်များပါဝင်သည့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီတို့နှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။

■ ■ ■

# ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးတွင်ပြောကြားသည့်အမှာစကား

## ( ၈ - ၈ - ၂၀၂၂ )



ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့်ညှိနှိုင်းအစည်းအဝေးကို သြဂုတ်လ ၈ ရက် နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီဝင်များ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံရေးအရဦးဆောင်ပြီး နိုင်ငံရေးအရချမှတ်ထားသည့် မူဝါဒများကို ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများ၊ ဒေသအလိုက်အကောင်အထည်ဖော်ဆောင်ရွက်ရသည့် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအစိုးရအဖွဲ့များက အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ မိမိတို့တာဝန်စတင်ယူချိန်မှစ၍ ရှေ့လုပ်ငန်းစဉ် (၅)ရပ်ကို ချမှတ်ဆောင်ရွက်ခဲ့ကြောင်း။

အဓိကအားဖြင့် မိမိတို့တာဝန်ယူခဲ့ရခြင်းမှာ ရွေးကောက်ပွဲရလဒ်အရ ဖြစ်ပေါ်လာသည့် နိုင်ငံရေးပြဿနာများဖြစ်ပေါ်လာခြင်းကြောင့်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲသည် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲ၊ မှန်ကန်သည့်ရွေးကောက်ပွဲတစ်ခု ဖြစ်ခဲ့မည်ဆိုပါက ယခုကဲ့သို့သောအခြေအနေသို့ ရောက်ရှိခဲ့မည်မဟုတ်ကြောင်း၊ ရွေးကောက်ပွဲပြင်ဆင်ချိန်ကာလအတွင်း မိမိအနေဖြင့် နိုင်ငံရေးပါတီများ၏ မေတ္တာရပ်ခံချက်အရပါတီခေါင်းဆောင်များနှင့်တွေ့ဆုံမှုများရှိခဲ့ကြောင်း၊ ပါတီခေါင်းဆောင်များအနေဖြင့် ရွေးကောက်ပွဲကြိုတင်ပြင်ဆင်မှုတွင် အာဏာရပါတီမှ မမှန်မကန်ဆောင်ရွက်နေမှုများကို တင်ပြခဲ့ကြောင်း။

### ကွဲလွဲမှုများ များပြားစွာဖြစ်ပေါ်

ထိုသို့ဆောင်ရွက်နေမှုများအပေါ် မိမိအနေဖြင့် သက်ဆိုင်သည့်ပုဂ္ဂိုလ်များကို တိုက်ရိုက်နှင့်သွယ်ဝိုက်၍ ပြောဆိုခဲ့မှုများရှိခဲ့ကြောင်း၊ လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေးနှင့် ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲသည် အဓိကကျသည့်လုပ်ငန်းစဉ်တစ်ခု ဖြစ်သည်ကို မကြာခဏပြောကြားခဲ့ကြောင်း၊ သို့သော် ရွေးကောက်ပွဲစည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်ချိန်တွင် အခြားပါတီများအပေါ် ကန့်သတ်မှုများ ပိုမိုများပြား

လာခဲ့ပြီး မဲဆန္ဒရှင်စာရင်းများထုတ်ပြန်ချိန်တွင်လည်း ကွဲလွဲမှုများ များပြားစွာဖြစ်ပေါ်ခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ် မဲဆန္ဒရှင်စာရင်းနှင့် ၂၀၁၅ ခုနှစ် မဲဆန္ဒရှင်စာရင်းတွင် မိမိတို့နိုင်ငံ၏ လူဦးရေတိုးတက်မှုနှုန်းအရ မဲဆန္ဒရှင် စာရင်းများ ကွာဟချက်သည် လွန်စွာများပြားခဲ့ကြောင်း၊ မဲစာရင်းများ ပြန်လည်စိစစ်ချိန်တွင်လည်း မဲစာရင်းများ လွဲမှားနေသည်ကိုတွေ့ရှိရကြောင်း။

ထို့ကြောင့်သက်ဆိုင်ရာတာဝန်ရှိသူများကိုမဲစာရင်းများ ပြန်လည်ရှင်းလင်းပြီးမှ လွှတ်တော်ခေါ်ယူရန်အတွက် မိမိ ကိုယ်တိုင် မေတ္တာရပ်ခံခဲ့သည်များရှိသကဲ့သို့ သက်ဆိုင် ရာ တာဝန်ရှိသူများမှတစ်ဆင့်လည်း ပြောကြားခဲ့ကြောင်း၊ သို့သော် လွှတ်တော်ခေါ်ယူခဲ့ခြင်းကြောင့် နိုင်ငံတော်အား အရေးပေါ်အခြေအနေကြေညာ၍ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီမှ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ ရခြင်းဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တာဝန် စတင်ယူချိန်မှစ၍ မဲစာရင်းပြန်လည်စစ်ဆေးခြင်း လုပ်ငန်း များကိုဆောင်ရွက်ခဲ့ပြီး မဲမသမာမှုဖြစ်အောင်ပြုလုပ်ရာ တွင်ပါဝင်ခဲ့သည့် တာဝန်ရှိသူများကိုထိုက်သင့်သည့် အရေးယူမှုများပြုလုပ်ခဲ့ကြောင်း၊ မှန်ကန်သည့်မဲစာရင်း များထွက်ပေါ်လာစေရေးအတွက်လည်း မဲစာရင်းတိုက်ဆိုင် စစ်ဆေးခြင်းများဆောင်ရွက်ခဲ့ရာ နိုင်ငံသားစိစစ်ရေး ကတ်မရှိဘဲ မဲပေးထားသူများ၊ အသက် ၁၈ နှစ်ပြည့်သော် လည်း နိုင်ငံသားအဖြစ်စိစစ်ခြင်းမပြုရသေးဘဲ မဲပေး သူများ၊ နှစ်ကြိမ်မဲပေးသူများနှင့် ကွယ်လွန်ပြီးသူများက ဆန္ဒမဲများပေးထားသည်ကို စစ်ဆေးတွေ့ရှိရကြောင်း၊ ထိုသို့ဖြစ်ပေါ်ခဲ့ခြင်းမှာ စိစစ်မှုများမရှိခဲ့ခြင်းကြောင့် ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့်လက်ရှိအခြေ အနေတွင် သက်ဆိုင်ရာအဖွဲ့အစည်းများက လိုအပ်ချက် များကိုပြန်လည်စိစစ်ခဲ့ရာအများစုမှာ ပြီးစီးပြီဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် အသက် ၁၈ နှစ်မပြည့် ဘဲ မဲပေးခဲ့သူများကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့ရာ အချို့တည်ငြိမ်မှုမရှိသည့် ဒေသများမှ လွဲ၍ ကျန်ရှိသည့်ဒေသများတွင် ရာနှုန်းပြည့်နီးပါးပြီးစီး ပြီဖြစ်ကြောင်း၊ အလားတူ နိုင်ငံသားစိစစ်ရေးကတ်မရှိ သေးသည့် နိုင်ငံသားများကိုလည်း နိုင်ငံသားစိစစ်ရေး ကတ်များ ပြုလုပ်ပေးနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးရာတွင် တိုင်းရင်းသား အားလုံး၊ နိုင်ငံသားဖြစ်ခွင့်ရှိသူများအားလုံးရရှိအောင် ဆောင်ရွက်ပေးရန်အတွက်မြန်မြန်ဆန်ဆန်နှင့်မှန်မှန်ကန်ကန် ဆောင်ရွက်ပေးရန်လိုသကဲ့သို့ နိုင်ငံသားမဟုတ်သူများ ကိုနိုင်ငံသားစိစစ်ရေးကတ်များ မထုတ်ပေးမိစေရေးတာဝန် ရှိသူများက အလေးထားကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း။

**လစ်ဟာမှုများရှိ**

မိမိတို့နိုင်ငံ၏ သန်းခေါင်စာရင်းတွင် မပြည့်စုံမှုများ နှင့်လစ်ဟာမှုများရှိကြောင်း၊ ကောက်ခံထားသည့် စာရင်း အရ လူဦးရေ ၅၅ သန်းရှိသော်လည်း ပြည်ပသို့ရောက် ရှိနေသူ ၄ သန်းခန့်ရှိကြောင်း၊ ပြည်သူလူထု၏ လူမှုစီးပွား ပကတိအခြေအနေကို သိရှိရန်လည်းလိုကြောင်း၊ ထို့ကြောင့် ယခင်အစိုးရလက်ထက်ကတည်းက လူဝင်မှုကြီးကြပ်ရေး နှင့်ပြည်သူ့အင်အားဝန်ကြီးဌာနက ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရေးအတွက် ဆောင်ရွက် လျက်ရှိသည့်အစီအမံအား ဆက်လက်ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ကောက်ယူပြီးစီးချိန်တွင် လူဦးရေစာရင်း အနေဖြင့် အနီးစပ်ဆုံးစာရင်းရရှိမည်ဖြစ်ကြောင်း။

ရှေ့လုပ်ငန်းစဉ်တွင် ဒုတိယအချက်သည် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကျဆင်းသွားသည့် စီးပွားရေးလုပ်ငန်း များ ပြန်လည်တိုးတက်အောင်ဆောင်ရွက်ခြင်းနှင့် ကာကွယ်ဆေးထိုးနှံခြင်းများကို ဆောင်ရွက်ခြင်းဖြစ် ကြောင်း၊ ကာကွယ်ဆေးထိုးနှံခြင်းများကို အတိုင်းအတာ တစ်ခုအထိ ဆောင်ရွက်နိုင်ပြီးဖြစ်ကြောင်း၊ မိမိတို့ နိုင်ငံ တွင် ရောဂါဖြစ်ပွားမှုနှုန်းမှာ ၀ ဒသမ ၃ ရာခိုင်နှုန်းခန့် သာရှိပြီး အိမ်နီးချင်းနိုင်ငံများထက်လျော့နည်းလျက်ရှိ ကြောင်း၊ ထိုအပေါ်တွင် ကျေနပ်နေ၍မရဘဲ ကာကွယ်ရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ် ကြောင်း၊ ကာကွယ်ဆေးများကို အကြိမ်ပြည့်ထိုးနှံရန်လို အပ်ပြီး လူတစ်ဦးအနေဖြင့် ကိုဗစ်ကာကွယ်ဆေးကို အနည်း ဆုံး ၄ ကြိမ်ထိုးနှံနိုင်ပါက ကာကွယ်မှုအတွက် ပိုမိုထိရောက် သည်ကို ဆေးပညာရှင်များ၏ ပြောကြားချက်များအရ သိရှိရကြောင်း။

စီးပွားရေးဦးတည်ချက်များကို အကောင်အထည် ဖော်ရန် အစိုးရတွင် တိုက်ရိုက်တာဝန်ရှိကြောင်း၊ စီးပွားရေး နှင့်ပတ်သက်၍ စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံ သည့် ကုန်ထုတ်လုပ်မှုများကို ခေတ်မီနည်းစနစ်များဖြင့်

ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ပြီး အခြားကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး၊ ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေးစသည့် ဦးတည်ချက်သုံးရပ်ချမှတ်ထားကြောင်း။

မိမိတို့နိုင်ငံရှိလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင်နေထိုင်ကြပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို အဓိကဆောင်ရွက်ကြကြောင်း၊ စီးပွားရေးလုပ်ငန်းတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းသည်အဓိကကျပြီး အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်း(SME)များနှင့် ဆက်စပ်လျက်ရှိကြောင်း၊ နိုင်ငံအတွင်း မြေပေါ်၊ မြေအောက်သယံဇာတပစ္စည်းများ၊ စိုက်ပျိုးမြေများ၊ ရေသယံဇာတပစ္စည်းများ၊ စိုက်ပျိုးရေများပေါ်များစွာရှိကြောင်း၊ လူဦးရေအားဖြင့် ၅၅ သန်းခန့်ရှိပြီး ၅၀ ရာခိုင်နှုန်းအထက်သည် အလုပ်လုပ်ကိုင်နိုင်ကြသူများဖြစ်ကြောင်း၊ သန်းခေါင်စာရင်းအရ နိုင်ငံအတွင်း အလုပ်အကိုင်လုပ်ကိုင်နိုင်သူနှင့်အခွင့်အလမ်းများ များစွာရှိသည်ကိုတွေ့ရှိရကြောင်း၊ လက်ရှိအချိန်တွင် အလုပ်လုပ်ကိုင်ဆောင်ရွက်နိုင်သည့် လူသားအရင်းအမြစ်များကို အသုံးချရန်လိုအပ်သကဲ့သို့ နောင်မျိုးဆက်တွင် အလုပ်လုပ်ကိုင်မည့်လူငယ်များ၏ စွမ်းဆောင်ရည်များလည်း တိုးတက်လာရန်လိုအပ်သဖြင့် ပညာရေးတွင် KG + 9 ကိုအားပေးဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ထပ်မံ၍ နည်းပညာအရတိုးတက်မှုရှိစေရေး ကောလိပ်များနှင့် တက္ကသိုလ်များတွင် သင်ကြားပေးရမည်ဖြစ်ကြောင်း။

**အနည်းဆုံး အခြေခံပညာအလယ်တန်းနှင့် အထက်ရရှိစေရန် ကြိုးပမ်းဆောင်ရွက်**

ခေတ်ကာလအခြေအနေအရ ယခုအခါလူငယ်များသည် အလုပ်လုပ်ရင်းပညာသင်သည့်အခြေအနေသို့ ရောက်ရှိနေသဖြင့် ထည့်သွင်းစဉ်းစားရမည့် အချက်တစ်ချက်ဖြစ်ကြောင်း၊ ထို့ကြောင့် အကောင်းဆုံးနည်းလမ်းမှာ အနည်းဆုံးအခြေခံပညာအလယ်တန်းနှင့် အထက်ရရှိစေရန် မိမိတို့အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပညာတတ်မြောက်မှုအပေါ်မူတည်၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဆောင်ရွက်နိုင်မည့်သူများကို မွေးထုတ်ရမည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများသည် အလေးထားရမည့်ကဏ္ဍတွင်ရှိကြောင်း။

ပြီးခဲ့သည့် ၅ နှစ်ယခင်အစိုးရလက်ထက် ကုန်ထုတ်လုပ်မှုနှင့် ပြည်ပသို့တင်ပို့မှုအခြေအနေများကို စိစစ်ကြည့်ရာ ပြည်ပပို့ကုန်များ ကျဆင်းခဲ့သည်ကိုတွေ့ရှိရပြီး ၂၀၁၈ ခုနှစ်မှစ၍ မိမိတို့နိုင်ငံ၏စီးပွားရေးမှာ ကျဆင်းလာခဲ့ကြောင်း၊ ဆန်သည်အဓိကပို့ကုန်ဖြစ်ပြီး ထုတ်လုပ်မှုများကောင်းမွန်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၏ ပြည်ပပို့ကုန်တွင် စိုက်ပျိုးရေးထွက်ကုန်သည် အဓိကကျသဖြင့် စိုက်ပျိုးရေးလုပ်ငန်းများတိုးတက်စေရေး တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ အလေးထားဆောင်ရွက်ကြစေလိုကြောင်း။

လူသားအရင်းအမြစ်များ မွေးထုတ်နိုင်ရေးအတွက် စာသင်ကျောင်းများကို ယခင်နှစ်မှစ၍ ပြန်လည်ဖွင့်လှစ်ခဲ့ပြီး တက္ကသိုလ်ဝင်စာမေးပွဲများကိုလည်း ကျင်းပပေးနိုင်ခဲ့ကြောင်း၊ ယခုနှစ်ပညာသင်နှစ်တွင်လည်း ကျောင်းသားများအားလုံး ကျောင်းမပျက်ရန်နှင့် အမှန်တကယ်ပညာတတ်မြောက်စေရန်အတွက် သက်ဆိုင်ရာပညာရေးဝန်ကြီးဌာနက ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ၂၀၂၃ ခုနှစ် ဇွန်လတွင် ကျောင်းများအားလုံး ပြန်လည်ဖွင့်လှစ်နိုင်ပြီး ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းတက်ရောက်နိုင်ရေးအတွက် ယခုအချိန်ကတည်းက အလေးထားဆောင်ရွက်ပေးကြစေလိုကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မူလတန်းအဆင့်အထိ ပညာမသင်မနေရဟု ပြဋ္ဌာန်းထားသော်လည်း မိမိတို့အစိုးရအနေဖြင့် KG + 9 အထိ သင်ကြားနိုင်ရေးနှင့် အခမဲ့သင်ကြားနိုင်ရေး ဆောင်ရွက်ပေးထားကြောင်း၊ သို့သော်အချို့သောကျောင်းများတွင် အခကြေးငွေများကောက်ခံနေသည်ကို သိရှိရသဖြင့် သက်ဆိုင်ရာစီမံခန့်ခွဲရေးအဖွဲ့များက စနစ်တကျကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း။

## ခရိုင်များ ထပ်မံတိုးချဲ့ဖွဲ့စည်းပေးခဲ့

အုပ်ချုပ်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုအဆင်ပြေချောမွေ့စေရေးအတွက် ခရိုင်များထပ်မံတိုးချဲ့ ဖွဲ့စည်းပေးခဲ့ကြောင်း၊ အသစ်ထပ်မံဖွဲ့စည်းထားသည့် ခရိုင်ရုံးများ လုပ်ငန်းလည်ပတ်နိုင်ရေး သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့သည် နိုင်ငံတော်စွမ်းပကားကို မြှင့်တင်ပေးသည့် ကဏ္ဍများဖြစ်ကြောင်း၊ ခရိုင်အဆင့်တာဝန်ရှိသည့် ပုဂ္ဂိုလ်များအနေဖြင့် စနစ်တကျကြပ်မတ်ဆောင်ရွက်သွားမည်ဆိုပါက တိုးတက်မှုများဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ ခရိုင် ၅၀ ရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအထက်တန်းကျောင်းများ တွဲဖက်ဖွင့်လှစ်နိုင်ရေးစီမံဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရခြင်းသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့်လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်ဖြစ်ကြောင်း၊ ထိုအထဲမှ ထူးချွန်သူများအနေဖြင့် စိုက်ပျိုးရေးသိပ္ပံ၊ မွေးမြူရေးသိပ္ပံများနှင့် တက္ကသိုလ်များသို့ ဆက်လက်တက်ရောက်ကြရမည်ဖြစ်ကြောင်း၊ အခြားဝိဇ္ဇာသိပ္ပံပညာရပ်များသင်ကြားသည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့်လည်း ပုံမှန်အတိုင်း ဆက်လက်ပညာသင်ကြားနိုင်မည်ဖြစ်ကြောင်း။

မိမိတို့တွင် နိုင်ငံတော်သာယာဝပြောရေးနှင့် နိုင်ငံတော်စားရေရိက္ခာပေါများရေး အမျိုးသားရေးပန်းတိုင် ၂ ရပ်ရှိကြောင်း၊ ဒုတိယအချက်ဖြစ်သည့် နိုင်ငံတော်စားရေရိက္ခာပေါများရေးနှင့်ပတ်သက်ပြီး မိမိတို့လုပ်နိုင်သည့်အချက်များစွာရှိကြောင်း၊ ပြည်တွင်းတွင် ဆန်၊ ပဲ၊ ပြောင်းသီးနှံများဖူလုံလျက်ရှိပြီး နိုင်ငံခြားသို့တင်ပို့နေကြောင်း၊ ဆီထွက်သီးနှံမြေပဲနှင့်နှမ်းများလည်း ပြည်ပသို့တင်ပို့နေရကြောင်း၊ သို့သော်လည်း ပြည်ပမှစားသုံးဆီများတင်သွင်းနေရကြောင်း၊ မိမိတို့နိုင်ငံတွင် ဆီအုန်းစိုက်ဧက ၄ သိန်းခန့်ရှိသည်ဟု သိရှိရကြောင်း၊ သို့သော် အိမ်နီးချင်းနိုင်ငံများနှင့်ယှဉ်လျှင် ဆီအုန်းအထွက်နှုန်း အလွန်နည်းနေသည်ကို တွေ့ရှိရကြောင်း၊ ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှုသည် နိုင်ငံတကာနှင့်ယှဉ်ပါက နည်းနေသေးကြောင်း၊ ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင်ဆောင်ရွက်သွားရန်လိုကြောင်း၊ သို့မှသာ ပြည်တွင်းဆီဖူလုံမှု အထိုက်အလျောက်ရှိလာမည်ဖြစ်ကြောင်း၊ ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုကို သေသေချာချာထိထိရောက်ရောက် ဆောင်ရွက်မည်ဆိုပါကလာမည့် ၂၀၂၃ ခုနှစ် ဒုတိယရာသီ ဆီထွက်သီးနှံစိုက်ပျိုးပြီးချိန်တွင် ဆီဖူလုံမှုအပြည့်အဝရရှိလာနိုင်လိမ့်မည်ဟု မျှော်မှန်းထားကြောင်း၊ ပြည်ပမှတင်သွင်းမှုများကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးတွင် ဆီဖူလုံမှုရှိအောင်ဆောင်ရွက်နိုင်ပြီး မွန်ပြည်နယ်သို့ အဓိကဖြည့်တင်းပေးရန်လိုကြောင်း၊ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် လိုအပ်သည့်စားသုံးဆီလိုအပ်ချက်ကို နေကြာ၊ နှမ်း၊ ပဲ၊ ပန်းနှမ်း၊ ပဲပုပ်ဆီတို့ဖြင့် ဖြည့်ဆည်းသွားနိုင်ကြောင်း။

စပါးစိုက်ပျိုးထုတ်လုပ်မှုနှင့်ပတ်သက်၍ မိုးစပါးစိုက်ဧက ၁၅ သန်းနှင့် နွေစပါးစိုက်ဧက ၃ သန်းခန့်ရှိကြောင်း၊ စိုက်ဧက ၁၇ သန်းကျော်ရှိသော်လည်း နွေစပါး၊ မိုးစပါးစိုက်ပျိုးထုတ်လုပ်မှုသည် ရည်မှန်းချက်မပြည့်မီသေးကြောင်း၊ စိုက်ဧက၊ ပြည်ပပို့သည့် ဆန်နှင့် လက်ကျန်ရှိသည့်ဆန်ကို ရာသီအလိုက် ချိန်ဆရာတွင် အလျှံပယ်ပိုခြင်းမရှိသည်ကိုတွေ့ရကြောင်း၊ သတိထားရမည့်အခြေအနေမျိုးရှိကြောင်း၊ မိုးစပါးကို တစ်ဧက ၇၅ တင်းခန့်ထွက်မည်ဟု ခန့်မှန်းထားကြောင်း၊ ပထမအဆင့်အနေဖြင့် မိုးစပါးကို တစ်ဧကပျမ်းမျှတင်း ၈၀ ခန့်ထွက်ရှိအောင်ဆောင်ရွက်မည်ဆိုပါက စပါးတင်း ၄၅ သန်းခန့် ပိုမိုထွက်ရှိလာမည်ဖြစ်ကြောင်း၊ အလားတူနွေစပါးကို တစ်ဧကတင်း ၉၀ ခန့်ထွက်ရှိမည်ဟု ခန့်မှန်းထားပြီး ပထမအဆင့်တစ်ဧကတင်း ၁၀၀ ခန့်ထွက်ရှိအောင် ဆောင်ရွက်မည်ဆိုပါက စပါးတင်းသန်း ၃၀ ခန့်ပိုမိုထွက်ရှိလာမည်ဖြစ်ကြောင်း၊ နွေစပါး၊ မိုးစပါးနှစ်ခုပေါင်းပါက စပါးတင်းစုစုပေါင်း ၇၅ သန်းခန့် ပိုမိုလာမည်ဖြစ်သည့်အတွက်နိုင်ငံ့ဝင်ငွေပိုမိုရရှိလာမည်ဖြစ်ကြောင်း၊ ထိုသို့ရည်မှန်းချက်ပန်းတိုင်များချမှတ်ပြီး အသေအချာဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများနှင့် အထွက်နှုန်းကို မှန်မှန်ကန်ကန်ဖြစ်အောင် အလေးထားဆောင်ရွက်သွားကြရန်လည်းလိုကြောင်း၊ အစိုးရပိုင်းအနေဖြင့် သွင်းအားစုများဖြစ်သည့် မြေဩဇာ၊ ပိုးသတ်ဆေးနှင့် စိုက်ပျိုးရေများရရှိရေးအတွက် မဖြစ်မနေ

ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

နွေရာသီတွင် ရေလုံလောက်စွာရရှိရေးအတွက် ရေသိုလှောင်သည့်စနစ်၊ မြေအောက်ရေကို စနစ်တကျသုံးစွဲသည့်စနစ်တို့ဖြင့် အကျိုးရှိရှိသုံးစွဲနိုင်အောင် ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအောင်မြင်လာပါက အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေရရှိလာမည်ကြောင်း၊ ထို့ပြင်သုံးစွဲမှုနှင့် ဝယ်လိုအားတက်လာမည်ဖြစ်ပြီး လူမှုစီးပွားဘဝပါတိုးတက်လာမည် ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ကျေးလက်ကိုအခြေခံပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာအောင် အလေးထားဆောင်ရွက်ကြစေလိုကြောင်း၊ မွေးမြူရေးနှင့်ပတ်သက်၍ အသားစားကြက်၊ ဝက်မွေးမြူရေးလုပ်ငန်းများသည် အချိန်တိုအတွင်း ငွေပြန်ပေါ်နိုင်သည့် လုပ်ငန်းများဖြစ်သည့်အတွက် မတည်အရင်းအနှီးများ ကူညီထောက်ပံ့ပေးသွားရမည်ဖြစ်ကြောင်း၊ ဝန်ကြီးချုပ်များအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုလုံးကို လွှမ်းခြုံသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အဓိကဆောင်ရွက်ကြရန်လိုကြောင်း၊ ကျေးလက်ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်လာမှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုမြန်ဆန်လာမည်ဖြစ်ကြောင်း။

**အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံခန့် ပြည်ပမှ ရေနံနှင့် ရေနံထွက်ပစ္စည်းများ တင်သွင်းနေ**

စွမ်းအင်ကဏ္ဍနှင့်ပတ်သက်၍ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံခန့် ပြည်ပမှ ရေနံနှင့် ရေနံထွက်ပစ္စည်းများ တင်သွင်းနေရသဖြင့် ပြည်ပမှတင်သွင်းမှုကို လျှော့ချသွားရန်လိုကြောင်း၊ ပြည်တွင်းတွင် အထိုက်အလျောက် ရေနံထွက်ရှိပြီး အချို့ဒေသများရှိ တွင်းတိမ်ရေနံတူးဖော်ထုတ်လုပ်မှုများ စနစ်တကျဖြစ်ရန်လိုကြောင်း၊ ရေနံထုတ်လုပ်မှုလုပ်ငန်းများကို တိုင်းပြည်အတွက်အကျိုးရှိအောင် စနစ်တကျကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊

ဒေသအလိုက် လျှပ်စစ်ထုတ်လုပ်နိုင်သည့်လုပ်ငန်းများ၊ စီမံကိန်းများဆောင်ရွက်သွားကြရန်လိုကြောင်း၊ လာမည့်နှစ်တွင် ဒေသအလိုက် လျှပ်စစ်ဓာတ်အားဖူလုံစေရေး ရေအား၊ ဆိုလာစနစ်များဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေး ကြိုးဆောင်ရွက်သွားရန်လိုအပ် ကြောင်း၊ လျှပ်စစ်ဓာတ်အားရရှိပါက ဒေသခံများ၏ လူမှုစီးပွားဘဝအထိုက်အလျောက် တိုးတက်လာမည်ဖြစ်ကြောင်း၊ တိုင်းပြည်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း၊

အားကစားနှင့်ပတ်သက်၍ ချက်ချင်းထလုပ်၍ရသည့် လုပ်ငန်းမဟုတ်သည့်အတွက် အချိန်ယူလေ့ကျင့်မွေးထုတ်သွားရန်လိုကြောင်း၊ ပြည်သူလူထုကျန်းမာရေးအတွက် အလွယ်ကူဆုံးအားကစားမှာ လမ်းလျှောက်ခြင်း၊ ပြေးခြင်း၊ ကိုယ်လက်လှုပ်ရှားခြင်းတို့ရှိကြောင်း၊ ကျန်းမာမှပညာရေး၊ စီးပွားရေးနှင့် အခြားကိစ္စရပ်များကိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများအနေဖြင့် ကျန်းမာရေးနှင့်ပတ်သက်၍ မိမိကိုယ်တိုင်ကစပြီး ဂရုတစိုက်ဆောင်ရွက်ကြရန်၊ လက်အောက်အဆင့်ဆင့်ကိုလည်း တွန်းအားပေးကြပ်မတ်ဆောင်ရွက်သွားရန်နှင့် ဘက်ပေါင်းစုံကစဉ်းစားဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသအလိုက်အားကစားကွင်းများ တည်ဆောက်ရာတွင် ရေရှည်မျှော်တွေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများအနေဖြင့် မိမိတို့၏တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ ပြည်သူများ အကျိုးရှိအောင် နည်းလမ်းရှာဖွေလုပ်ဆောင်ကြရန် တိုက်တွန်းလိုကြောင်း။

တက်ရောက်လာကြသူများအနေဖြင့် မိမိတို့အစိုးရတာဝန်ယူဆောင်ရွက်ခဲ့သည့် ၁၈ လကာလအတွင်း ဆောင်ရွက်ချက်များနှင့် နိုင်ငံတော်နှင့်ဒေသအတွက် အမှန်တကယ်အကျိုးရှိမည့် ရှေ့ဆက်ဆောင်ရွက်မည့်အစီမံများကို တင်ပြကြစေလိုကြောင်းဖြင့်ပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ဒေသ၏အုပ်ချုပ်ရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေး၊ စည်ပင်သာယာရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများကို Powerpoint ဖြင့် ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

■ ■ ■

# ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးဒုတိယနေ့တွင် ပြောကြားသည့်အမှာစကား

( ၉ - ၈ - ၂၀၂၂ )




ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးဒုတိယနေ့ကို ဩဂုတ်လ ၉ ရက်နေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီဝင်များ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ဦးစွာ အစည်းအဝေးအစီအစဉ်အတိုင်း ကျင်းပပြုလုပ်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌများက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအလိုက် ဒေသ၏အုပ်ချုပ်ရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေး၊ စည်ပင်သာယာရေးဆိုင်ရာလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးများက ဝန်ကြီးဌာနများအလိုက် ရည်မှန်းချက်နှင့် ဦးတည်ချက်များ၊ လုပ်ငန်းများဆောင်ရွက်နေမှုနှင့် တိုးတက်မှုအခြေအနေများ၊ ရှေ့လုပ်ငန်းစဉ်များ၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး အခြေအနေများ၊ နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်နှင့် တည်ငြိမ်အေးချမ်းမှုများရရှိရန်အတွက် ဆောင်ရွက်နေမှုအခြေအနေများကို PowerPoint ဖြင့် ရှင်းလင်းတင်ပြကြသည်။

**ဝမ်းစာဖူလုံရေးအရေးကြီး**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဒေသတွင်းဝမ်းစာဖူလုံရေးသည် အရေးကြီးကြောင်း၊ ထို့ကြောင့် စပါးစိုက်ပျိုးမှုများကို ဦးစားပေးဆောင်ရွက်၍ တစ်ဧကအထွက်နှုန်းများ

တိုးတက်အောင်ဆောင်ရွက်ကြရန်လိုကြောင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ရန် လိုကြောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျပ်ဘီလီယံ ၄၀၀ ကို သီးသန့်ရန်ပုံငွေတစ်ရပ်ထူထောင်ပြီး စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာ၌ ပထမဦးစားပေးအနေဖြင့် ယခုနှစ်နွေစပါးစိုက်ပျိုးမှုနှင့် ပဲတီစိမ်းစိုက်ပျိုးမှုများအတွက် နိုင်ငံတော်အနေဖြင့် ငွေကြေးစိုက်ထုတ်ဆောင်ရွက်၍ တောင်သူများစိုက်ပျိုးရေး လုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ် သည့်မြေဩဇာ၊ မျိုးနှင့် စက်မောင်းဆီများရရှိရေး စီမံဆောင် ရွက်ပေးသွားမည်ဖြစ်ကြောင်း လမ်းညွှန်ဆွေးနွေးသည်။

**အကျိုးခံစားခွင့်ရရှိမည်**

ဆက်လက်၍ စိုက်ကွေများမှ ထွက်ရှိလာသည့် စပါးများနှင့် ပဲတီစိမ်းများကို နိုင်ငံတော်အစိုးရမှဦးစီး၍ ပြည်ပသို့ တင်ပို့နိုင်ရေး စီစဉ်ဆောင်ရွက်သွားရန်လိုကြောင်း၊ စပါးနှင့်ပဲများ ထွက်ရှိမှုအပေါ်မူတည်၍ အကျိုးအမြတ်များထဲမှ တောင်သူများအနေဖြင့် သင့်တော်သည့်အကျိုးခံစားခွင့်ရရှိမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းအားဖြင့် တောင်သူများအနေဖြင့် ငွေကြေးစိုက်ထုတ်ရန် လိုအပ်မှု မရှိခြင်းကြောင့် တောင်သူများ၏ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်းပြောကြားသည်။

■ ■ ■

# ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး တတိယနေ့တွင် ပြောကြားသည့်အမှာစကား

( ၁၀ - ၈ - ၂၀၂၂ )



**ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး တတိယနေ့ကို ဩဂုတ်လ ၁၀ ရက်နေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍လိုအပ်သည်များကိုလမ်းညွှန်မှာကြားသည်။**

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီဝင်များ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ဦးစွာ အစည်းအဝေးကို အစီအစဉ်အတိုင်းကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များက ဝန်ကြီးဌာနအလိုက် ရည်မှန်းချက်နှင့် ဦးတည်ချက်၊ လုပ်ငန်းတာဝန်၊ လုပ်ငန်းများဆောင်ရွက်နေမှု၊ တိုးတက်မှုနှင့် ရှေ့လုပ်ငန်းစဉ်များကို Powerpoint ဖြင့် ရှင်းလင်းတင်ပြကြသည်။

**ပြန်ကြားရေးလုပ်ငန်းများ**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကဏ္ဍတစ်ခုချင်းအလိုက် ပြန်လည်သုံးသပ်ဆွေးနွေးရာတွင် ပြန်ကြားရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ သတင်းများ မှန်ကန်ရန်နှင့် မြန်ဆန်ရန် လိုအပ်ကြောင်း၊ သတင်းမှန်များကို ပြည်သူများသိရှိစေရေး အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်နိုင်ရန်လိုကြောင်း၊ မြန်မာ့ရိုးရာဂီတနှင့် အနုပညာယဉ်ကျေးမှုများကိုထိန်းသိမ်းရန် ကျင်းပပြုလုပ်မည့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကိုလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးမှ ပါဝင်ယှဉ်ပြိုင်နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ ပြည်သူများ အထွေထွေဗဟုသုတကြွယ်ဝစေရန်အတွက် စာပေများဖတ်ရှုနိုင်ရေး တိုက်တွန်းနှိုးဆော် ဆောင်ရွက်ကြစေလိုကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများတွင် သီးနှံမျိုးကွဲများများပြားသည့်အတွက် ရောင်းချမှုနှင့် စီမံခန့်ခွဲမှုများတွင်

အခက်အခဲရှိသဖြင့် မျိုးကွဲများနည်းပါးစေရေး တတ်နိုင်သမျှ ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ အမျိုးတူမျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးဆောင်ရွက်ကြရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို နည်းစနစ်တကျစိုက်ပျိုးခြင်းဖြင့် အထွက်နှုန်းများကောင်းမွန်တိုးတက်လာမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်စီမံကိန်းများကို ဆောင်ရွက်ခြင်းဖြင့် လိုအပ်သည့်စိုက်ပျိုးရေများလုံလောက်စွာရရှိနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် စက်ယန္တရားများဖြင့်စနစ်တကျဆောင်ရွက်နိုင်ရေး ကေကွက်များ ဖော်ထုတ်ဆောင်ရွက်ရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများတွင်လည်း လှောင်မွေးသည့်စနစ်ဖြင့် မွေးမြူမည်ဆိုပါက ပိုမိုအကျိုးဖြစ်ထွန်းစေမည် ဖြစ်ကြောင်း၊ ငါးသယံဇာတများပြုန်းတီးမှုလျော့နည်းစေရန်အတွက်လည်း တာဝန်ရှိသူများအနေဖြင့် ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း။

**သမဝါယမလုပ်ငန်းများ**

သမဝါယမလုပ်ငန်းများသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုတိုးတက်အောင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မြစိမ်းရောင်စီမံကိန်းအနေဖြင့်လည်း အောင်မြင်တိုးတက်မှုများရှိကြောင်း၊ သမဝါယမအသင်းများကို အမှန်တကယ်လုပ်ကိုင်သူများစုပေါင်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်ဆက်လက်တိုးချဲ့ဖွဲ့စည်း ဆောင်ရွက်သွားမည်ဆိုပါကကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ အလားတူ စက်မှုလုပ်ငန်းများကို ပြန်လည်အားပေးဆောင်ရွက်ပြီး ပြည်တွင်း၌လူသုံးကုန်ပစ္စည်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ လုံလောက်စွာထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ လူဦးရေနှင့်သန်းခေါင် စာရင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့်အခန်းကဏ္ဍတွင်ပါဝင်သောကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ ပူးပေါင်းဆောင်ရွက်၍ စာရင်းများမှန်ကန်စွာကောက်ယူနိုင်ရေး အလေးထားဆောင်ရွက်ရန်လိုကြောင်း၊ အဆင့်မြင့်ပညာတက္ကသိုလ်များတက်ရောက်ရာတွင် နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များသို့ ကျောင်းသား၊ ကျောင်းသူများ ပိုမိုတက်ရောက်နိုင်ရေး တွန်းအားပေးဆောင်ရွက်ကြရန်လိုကြောင်း။

**စီမံဆောင်ရွက်လျက်ရှိ**

စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုလုပ်ငန်းများအတွက်လိုအပ်သည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအထက်တန်းကျောင်းများကို ထပ်မံတိုးချဲ့ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ လမ်းများတည်ဆောက်ရာတွင်သတ်မှတ်ချက်များနှင့်အညီ တည်ဆောက်ရန်နှင့် လမ်းအင်္ဂါရပ်များနှင့်လည်း ညီညွတ်ရန်လိုကြောင်း၊ လမ်းနယ်များကို စနစ်တကျသတ်မှတ်ထားရှိနိုင်ရေး သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ ရေကြီးရေလျှံမှုမဖြစ်စေရေးအတွက် ရေနုတ်မြောင်းများ စနစ်တကျရှိစေရေး သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များနှင့် စည်ပင်သာယာရေးအဖွဲ့များက ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် ပင်စင်ယူချိန်တွင် နေထိုင်ရန် အိမ်ရာများရှိရန်နှင့် တာဝန်ထမ်းဆောင်ဆဲ နိုင်ငံ့ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာများရရှိရန်လိုအပ်သကဲ့သို့ ပြည်သူများအတွက်လည်း တန်ဖိုးသင့်အိမ်ရာများရရှိရန်လိုအပ်သဖြင့် ရေရှည်အတွက်စဉ်းစား၍ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

**ထိန်းသိမ်းဆောင်ရွက်ကြရန်လို**

တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ပေးရမည်ဖြစ်သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ပေါင်းစပ်ဆောင်ရွက်ရန်လိုကြောင်း၊ တိုင်းရင်းသားများ၏ ဘာသာစကားနှင့် ယဉ်ကျေးမှုများကို ထိန်းသိမ်းဆောင်ရွက်ရန် လိုသကဲ့သို့ မြန်မာစာပေ၊ မြန်မာစကားနှင့် မြန်မာ့ယဉ်ကျေးမှုကိုလည်း ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း လမ်းညွှန်မှာကြားသည်။

ယင်းနောက် အခမ်းအနားတက်ရောက်လာကြသည့် ကောင်စီဝင်များနှင့် တွဲဖက် အတွင်းရေးမှူးတို့က သတင်းထုတ်ပြန်မှုများကို မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန် ဆောင်ရွက်နိုင်ရေး၊ ပြည်သူ့လုံခြုံရေးစနစ်တည်ဆောက်ရေး၊ CRPH ၊ NUG နှင့် ၎င်းတို့၏ လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်သမားများက တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အကြမ်းဖက်လုပ်ရပ် များလုပ်ဆောင်

**ပညာရေးနှင့် ပတ်သက်၍ ကျောင်းသား၊ ကျောင်းသူများအားလုံးကို ပညာသင်ကြားပေးရာတွင် အတန်းအောင်မြင်ရေးထက် အမှန်တကယ် တတ်မြောက်ရေး သင်ကြားပေးရန်လို၊ အတန်းအောင်မြင်သော်လည်း စာတတ်မြောက်ခြင်းမရှိသဖြင့် စဉ်းစားတွေးခေါ်မှုများတွင် အားနည်းချက်များဖြစ်ပေါ်ခဲ့၊ ပြည်တွင်း၊ ပြည်ပမီဒီယာများကလည်း ယင်းကို အမြတ်ထုတ်ကြသည်ကို တွေ့ရ၊ မှန်ကန်သည့် ပညာတတ်များဖြစ်စေရေး ပျိုးထောင်ပေးရန်အတွက် ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများက ပါဝင်ပူးပေါင်းကူညီ ဆောင်ရွက်ပေးရန်လို။**

နေမှု၊ တည်ငြိမ်အေးချမ်းရေးအတွက် သတင်းများဖော်ထုတ် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်း တင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ချိန်ကာလအတွင်း အကြမ်းဖက်သမားများ၏ တိုက်ခိုက်သတ်ဖြတ်မှုများကြောင့် လုံခြုံရေးဝန်ထမ်းများ၊ အုပ်ချုပ်ရေး၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ ဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူများ၊ သံဃာတော်များနှင့် သီလရှင်များ ထိခိုက်သေဆုံးခဲ့ရမှုအခြေအနေများ၊ ပြည်သူ့လုံခြုံရေးအဖွဲ့များဖွဲ့စည်း၍ ဒေသအလိုက် တည်ငြိမ်အေးချမ်းရေး ဆောင်ရွက်သွားမည့်အခြေအနေများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်ရန် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန်လိုအပ်မှု။

**ဖြည့်စွက်ဆွေးနွေး**

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးဆိုင်ရာလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆက်လက် ဆောင်ရွက်သွားရန်လိုအပ်မှု၊ ကိုဗစ်ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိနေသူများ ဆက်လက် ထိုးနှံနိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် သက်ဆိုင်ရာအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရေး၊ တရားမဝင်ကုန်သွယ်မှုများကြောင့် နိုင်ငံတော်အတွက် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် နယ်စပ်ဒေသများမှ တရားမဝင်ကုန်ပစ္စည်းများဝင်ရောက်မှုမရှိစေရန် ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်သွားရေး၊ ဦးတည်ချက်(၅)ရပ်ပါ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် နိုင်ငံသားဖြစ်ခွင့်ရှိသူအားလုံး နိုင်ငံသားစိစစ်ရေးကတ်များ ရရှိစေရေးနှင့် နိုင်(၄)၊ ပုံစံ ၆၆/၆ စာရင်းဇယားများ ကွန်ပျူတာတွင်ထည့်သွင်းမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှဆောင်ရွက်လျက်ရှိရာ အချက်အလက်များမှန်ကန်မှုရှိစေရေးအတွက် တာဝန်ရှိသူများအနေဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရေး၊ ဒေသအလိုက် တာဝန်ရှိသူများက သတ်မှတ်ချိန်အမီ ပြီးစီးနိုင်ရန် ကြပ်မတ်ဆောင်ရွက်သွားရေး၊ ပြည်ထောင်စုအဆင့် အခမ်းအနားများကိုလည်း အောင်မြင်စွာကျင်းပနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်သွားရေး၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များတွင် လစ်ဟင်းမှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်သွားရေးတို့နှင့်စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးသည်။

**လုပ်ပိုင်ခွင့်များပေးထားပြီးဖြစ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ ဆွေးနွေးခြင်းဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်၊ ဝန်ကြီးဌာနများအလိုက် လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို သိရှိရကြောင်း၊ နောင်တွင်လည်း အစည်းအဝေးများကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနများ၏ ဆောင်ရွက်ချက်များနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ဆောင်ရွက်ချက်များကို အပြန်အလှန်သိရှိရခြင်းဖြင့် ခြုံငုံသုံးသပ်ဆောင်ရွက်နိုင်သည့် အလေ့အကျင့်ကောင်းတစ်ခုကို ရရှိစေကြောင်း၊ အခြေခံဥပဒေပါပြဋ္ဌာန်းချက်များအပေါ် မူတည်၍ ရဲရဲတင်းတင်းဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ ဆောင်ရွက်ရန်အခက်အခဲရှိသည့် ကိစ္စရပ်များကိုလည်းတင်ပြ၍

ပြင်ဆင်ရန်လိုအပ်သည်များကို ပြင်ဆင်နိုင်ရေး ဆောင်ရွက်၍ရကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတွင်လုပ်ပိုင်ခွင့်များ ပေးထားပြီးဖြစ်ကြောင်း။

အစိုးရတစ်ရပ်သည် ပြည်သူလူထုနှင့် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုစနစ်ကို လျှောက်လှမ်းရာတွင် နိုင်ငံ၏ စီးပွားရေးခိုင်မာရေးကိုလည်း တည်ဆောက်ရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံရေးအခင်းအကျင်းကို ပုံမှန်အတိုင်း ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ယခုအခါ စီးပွားရေးကိုလည်း အရှိန်အဟုန်မြင့်အောင် ဆောင်ရွက်လျက်ရှိပြီး မိမိတို့မျှော်မှန်းထားသည့်အတိုင်း နိုင်ငံတော်ကိုတည်ဆောက်နိုင်ရန်အတွက် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ယခုလာမည့် ၆ လအတွင်း နိုင်ငံတိုးတက်ရေးကို ဆောင်ရွက်သွားရန်လိုကြောင်း။

**အမှန်တကယ်တတ်မြောက်**

ပညာရေးနှင့် ပတ်သက်၍ ကျောင်းသား၊ ကျောင်းသူများအားလုံးကိုပညာသင်ကြားပေးရာတွင် အတန်းအောင်မြင်ရေးထက် အမှန်တကယ် တတ်မြောက်ရေး သင်ကြားပေးရန်လိုကြောင်း၊ အတန်းအောင်မြင်သော်လည်း စာတတ်မြောက်ခြင်းမရှိသဖြင့် စဉ်းစားတွေးခေါ်မှုများတွင် အားနည်းချက်များဖြစ်ပေါ်ခဲ့ကြောင်း၊ ပြည်တွင်းပြည်ပမီဒီယာများကလည်း ယင်းကိုအမြတ်ထုတ်ကြသည်ကို တွေ့ရကြောင်း၊ မှန်ကန်သည့်ပညာတတ်များဖြစ်စေရေး ပျိုးထောင်ပေးရန်အတွက် ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများက ပါဝင်ပူးပေါင်းကူညီဆောင်ရွက်ပေးရန်လိုကြောင်း။

တက္ကသိုလ်ပညာသင်ကြားရေးတွင် တက္ကသိုလ်မှ သက်ဆိုင်ရာဘာသာရပ်အလိုက် ဘွဲ့ရပြီးချိန်၌ အတတ်ပညာနှင့်ပတ်သက်သည့် လူမှုရေး၊ ကျွမ်းကျင်မှုပညာရပ်များကို အသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ လူတစ်ဦးချင်းတတ်မြောက်သည့် ပညာရပ်များကို အသုံးချနိုင်မှုသည် နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေမည် ဖြစ်ကြောင်း၊ ထို့ကြောင့် လိုအပ်သည်များကို ဝိုင်းဝန်းထိန်းကျောင်းဆောင်ရွက်ပေးရန်လိုကြောင်း၊ တက္ကသိုလ်များတွင် ပတ်ဝန်းကျင်ကောင်းများရှိစေရေး ဖန်တီးဆောင်ရွက်ပေးရန်လိုကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ အလေးထားဆောင်ရွက်ပေးရန်လိုကြောင်း။

ပြည်သူများ၏ ကျန်းမာရေးသည်လည်း အရေးကြီးကြောင်း၊ ထို့ကြောင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ပြည့်ဝစွာထိုးနှံနိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့်စည်းကမ်းချက်များကိုလည်း လိုက်နာနိုင်ရေးအတွက် ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ မပေါ့ဆစေလိုကြောင်း၊ ကျန်းမာမှပညာသင်ကြားနိုင်မည်၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည် ဖြစ်ကြောင်း၊ ကျန်းမာရေးအတွက် စားရေရိက္ခာပြည့်ဝစွာ စားသုံးနိုင်ရန်လိုကြောင်း၊ စားရေရိက္ခာပြည့်စုံမှုမရှိပါက ကျန်ရှိသည့်ကိစ္စရပ်များကိုလည်း ထိခိုက်လာနိုင်သည့်အတွက် စားရေရိက္ခာပေါများရေးအတွက် အလေးထားဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားနေခြင်းဖြစ်ကြောင်း။

သဘာဝဘေးအန္တရာယ်သည် ကြိုတင်မှန်းဆ၍မရနိုင်ဘဲ အချိန်မရွေး ဖြစ်ပေါ်လာနိုင်သောကြောင့် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားရန် သတိပေးပြောကြားလိုကြောင်း၊ ရေကြီးရေလျှံမှုများမဖြစ်ပေါ်စေရန် ရေစီးရေလာများကောင်းမွန်စေရေး ဒေသအလိုက် နှိုးဆော်တိုက်တွန်း၍ လူထုအားဖြင့်ဆောင်ရွက်ကြစေလိုကြောင်း။

**မအောင်မြင်စရာမရှိ**

တိုင်းဒေသကြီးနှင့် ပြည်နယ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက်ကြိုးပမ်းအားထုတ်ပေးကြစေလိုကြောင်း၊ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ ပူးပေါင်းဆောင်ရွက်သွားမည်ဆိုပါက မအောင်မြင်စရာမရှိကြောင်း၊ ဒေသအလိုက် ဘက်ပေါင်းစုံမှ စဉ်းစား၍ တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် လုပ်ငန်းများအောင်မြင်စေရေးအတွက် ယခုကဲ့သို့ တိုက်တွန်းပြောကြားခြင်းဖြစ်ကြောင်းပြောကြားသည်။

■ ■ ■

# မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မည့် ဗုဒ္ဓဥယျာဉ်တော် အတွင်း မုစလိန္ဒအိုင်တွင် ကျည်းပင်စိုက်ပျိုးပူဇော်ခြင်းနှင့် ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ကျောက်စာတော် ဓမ္မစေတီတော်များ စတင်စိုက်ထူပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားတွင် ပြောကြားသည့်အမှာစကား

( ၁၁ - ၈ - ၂၀၂၂ )



ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း မုစလိန္ဒအိုင်တွင် ကျည်းပင်စိုက်ပျိုးပူဇော်ခြင်းနှင့် ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ကျောက်စာတော် ဓမ္မစေတီတော်များ စတင်စိုက်ထူပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ဩဂုတ်လ ၁၁ ရက် နံနက်ပိုင်းတွင်ကျင်းပပြုလုပ်ရာ နေပြည်တော်၊ လယ်ဝေးမြို့၊ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒ၊ တပ်ကုန်းမြို့၊ မဟာသီဟ နာဒကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာစိဏ္ဏတို့ အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

အဆိုပါ မဟာမင်္ဂလာအခမ်းအနားသို့ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီဝင်များ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌများ၊ ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး ဆရာတော်သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည့် မေတ္တာပို့ဂါထာတော်များကို နာယူကြည်ညိုကြသည်။ ထို့နောက် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကံမြင့်သန်းတို့သည် အမှတ် (၁) ကျည်းပင်စိုက်ပျိုးပူဇော်မည့်နေရာတွင်လည်းကောင်း၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်းတို့သည့် အမှတ် (၂) ကျည်းပင်နေရာတွင်လည်းကောင်း၊ ကောင်စီဝင် မန်းငြိမ်းမောင်နှင့် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမောင်မောင်အုန်းနှင့် ဦးကိုကိုတို့သည် အမှတ် (၃) ကျည်းပင်နေရာတွင်လည်း အသီးသီးနေရာယူကြသည်။

**မင်္ဂလာဖဲကြိုးဆွဲ၍ စိုက်ပျိုးပူဇော်**

ယင်းနောက် အခမ်းအနားမှူးက အခါတော်စာတမ်းကိုဖတ်ကြားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှတ်(၁) ကျည်းပင်စိုက်ပျိုးမည့်နေရာတွင် ကျောက်မျက်ရတနာများ ထည့်သွင်းပူဇော်၍ မင်္ဂလာအချိန်ရောက်ရှိချိန်တွင် ကျည်းပင်ကို မင်္ဂလာဖဲကြိုးဆွဲ၍ စိုက်ပျိုးပူဇော်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမှတ်(၁) ကျည်းပင်အား မြေဆီများကျွေးမွေးပြီး ရေစင်ရေသန့်များသွန်းလောင်းကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကြသည်။

တစ်ချိန်တည်းတွင် အမှတ်(၂)ကျည်းပင်ကို ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များကလည်းကောင်း၊ အမှတ်(၃) ကျည်းပင်ကို ကောင်စီဝင် မန်းငြိမ်းမောင်နှင့်အဖွဲ့ဝင်များကလည်းကောင်း အသီးသီးစိုက်ပျိုးပူဇော်ကြပြီး အမွှေးနံ့သာရည်များပက်ဖျန်းပူဇော်ကြသည်။

ဆက်လက်ပြီး အခမ်းအနားသို့ ကြွရောက်ချီးမြှင့်တော်မူကြသည့် ဆရာတော်ကြီးများအမှူးပြု၍ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ကျောက်စာတော် ဓမ္မစေတီတော်များ စတင်စိုက်ထူပူဇော်မည့်နေရာသို့ရောက်ရှိကြပြီး မင်္ဂလာအချိန်တွင် ပိဋကတ်ကျောက်စာတော်များကို မင်္ဂလာရွှေကြိုးဆွဲ၍ စတင်တည်ထားပူဇော်ကြသည်။

**ပက်ဖျန်းပူဇော်**

ယင်းနောက် ပျဉ်းမနားမြို့၊ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိ ဦးဆောင်၍ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပိဋကတ်ကျောက်စာတော်များကို ပရိတ်နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြပြီး ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကိုရုပ်သိမ်းခဲ့သည်။

ယင်းနောက် ရှင်းလင်းဆောင်၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကံမြင့်သန်းက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရန်အတွက် စကျင်ကျောက်တော်ကြီးများ တူးဖော်ခဲ့မှုနှင့် အဆင့်ဆင့်သယ်ယူခဲ့ရမှုအခြေအနေများ၊ စကျင်ကျောက်တော်ကြီးများကို ခေတ်မီစက်ကိရိယာများအသုံးပြု၍ ထုဆစ်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်စွာလင်းက မာရဝိဇယဗုဒ္ဓဥယျာဉ်တော်ကြီးအတွင်း သာသနိကအဆောက်အဦများဆောက်လုပ်နေမှုနှင့် အဆင့်ဆင့်တိုးတက်လာမှုအခြေအနေများကိုလည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ညိုစောက ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ် ကျမ်းစာတော်များကို ဆရာတော်ကြီးများ၏ လမ်းညွှန်ဩဝါဒများခံယူ၍ စကျင်ကျောက်တော်များ၌ ခေတ်မီစက်ကိရိယာများအသုံးပြုပြီး ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ရေးထိုးပူဇော်သွားမည့် အခြေအနေများကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

**ထုဆစ်ပူဇော်နိုင်ရန်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ပူဇော်ရေးဆောင်ရွက်ခဲ့သည်များနှင့် ပတ်သက်၍ ပြောကြားရာတွင် ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအဖြစ် ထုဆစ်ပူဇော်မည့် စကျင်ကျောက်တော်ကြီးကို Shwe Foundation ၏ မေတ္တာရပ်ခံချက်အရ မိမိဦးဆောင်သည့်

ခုနစ်ရက်သားသမီး ဘုရားဒါယကာ၊ ဒါယိကာမတို့က သီတဂူဆရာတော်ကြီး၊ ရွှေသုဝဏ်ဆရာတော်ကြီးနှင့် ပါမောက္ခချုပ် ဆရာတော်ကြီးတို့၏ သြဝါဒများနှင့်အညီ ခေတ်မီနည်းစနစ်များဖြင့် ထုဆစ်ပူဇော်နိုင်ရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ် တွင် လေ့လာရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပြီး စကျင်ကျောက်တော်ကြီးမှ ထွက်ရှိလာနိုင်သည့် အတိုင်းအတာ၊ ထုထည်နှင့် အပြစ်အနာအဆာရှိမှုအခြေအနေများကိုသိရှိနိုင်ရန် ကျောက်တော်ကြီးအားတူးဖော်၍ X-Ray ရိုက် စမ်းသပ်စစ်ဆေးခဲ့ကြောင်း၊ ထွက်ပေါ်လာသည့် ကျောက်တော်ကြီးကို အကြမ်းထည်ပုံဖော်ကြည့်ရှုရာတွင် ဉာဏ်တော် ၆၅ ပေ ထွက်ရှိနိုင်သည်ကို တွက်ချက်ရရှိကာ ပလ္လင်တော် ၁၈ ပေ ထပ်မံထည့်သွင်းနိုင်ရေး လုပ်ဆောင်ခဲ့ကြောင်း၊ သီတဂူဆရာတော်ကြီး၊ ရွှေသုဝဏ်ဆရာတော်ကြီး၊ ပါမောက္ခချုပ် ဆရာတော်ကြီးနှင့် ပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော်ကြီးတို့ထံမှလည်း သြဝါဒနာယူ၍ဆောင်ရွက်ခဲ့ကြောင်း။

ဆင်းတုတော်ကြီးအား နေပြည်တော်တွင် တည်ထားကိုးကွယ်နိုင်ရေးအတွက် ပင့်ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာတွင် ထုထည်ပမာဏကြီးမားသောကြောင့် မူလဉာဏ်တော်အမြင့်ကိုမထိခိုက်စေဘဲ အစိတ်အပိုင်း ၄ ပိုင်းခွဲ၍လည်းကောင်း၊ ပလ္လင်တော်ကို အစိတ်အပိုင်း ၅ ပိုင်းခွဲ၍လည်းကောင်း အပိုင်းလိုက်ဖြတ်တောက်၍ သယ်ယူနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့ရပါကြောင်း၊ သယ်ဆောင်နိုင်ရေးအတွက် စကျင်ကျောက်တော်ကြီးတည်ရှိရာ မတ္တရာမြို့နယ်၊ စကျင်တောင်မှမြောင်မြစ်အထိ တူးမြောင်းဖောက်လုပ်ကာ Barge ရေယာဉ်ပေါ်သို့ တင်ဆောင်နိုင်ရေးလုပ်ဆောင်ခဲ့ကြောင်း၊ ယင်းမှတစ်ဆင့် ရောဝတီမြစ်ကြောင်းအတိုင်း မြင်းခြံမြို့နယ်ရှိ ဆီမီးခုံဆိပ်ကမ်းသို့ပထမအဆင့် ပင့်ဆောင်ပူဇော်ရကြောင်း၊ ဆီမီးခုံဆိပ်ကမ်းတွင် အလေးချိန်လျှော့ချခြင်းလုပ်ငန်းများကိုလုပ်ဆောင်ခဲ့ပြီး ယင်းမှတစ်ဆင့် မန္တလေး-ရန်ကုန် အမြန်လမ်းအတိုင်း Modular Trailer များဖြင့် နေပြည်တော်သို့အခက်အခဲများကြားမှ ဆက်လက်ပင့်ဆောင်ခဲ့ရခြင်းဖြစ်ပါကြောင်း၊ ထိုသို့ကျောက်တုံးတော်ကြီးများသယ်ယူခဲ့ခြင်းသည် ရေလမ်းအရ ကမ္ဘာပေါ်တွင် အဝေးဆုံးသယ်ဆောင်ခြင်း၊ ကုန်းလမ်းအရ အဝေးဆုံး သယ်ဆောင်ခြင်း မှတ်တမ်းဝင်ခဲ့ပါကြောင်း၊ ယခု ဆင်းတုတော်ကြီး တည်ထားကိုးကွယ်ပြီးစီးပါက မြန်မာတွင်မက ကမ္ဘာ့နိုင်ငံများတွင်ပါ စကျင်ကျောက်တော်ကြီးဖြင့် ထုဆစ်သည့် ဆင်းတုတော်ကြီးများအနက် အကြီးဆုံး၊ ဉာဏ်တော်အမြင့်မားဆုံး ဆင်းတုတော်ကြီးဖြစ်လာမည်ဖြစ်ပါကြောင်း။

**ကမ္ဘာကပါသိရှိနိုင်ရေး**

ကျောက်တုံးတော်ကြီးများကို အဆင့်မြင့်နည်းပညာဖြစ်သည့် CNC Machine များဖြင့် ပုံဖော်ထုဆစ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ အကြမ်းထည်ထုဆစ်ပြီးစီးချိန်တွင် အချောထည်ထုဆစ်ခြင်းလုပ်ငန်းကို မြန်မာကျောက်ဆစ်ပညာရှင်များဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အလားတူ ဆရာတော်ကြီးများ၏ သြဝါဒမိန့်ကြားချက်များအရ ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ကျမ်းစာများကို ကမ္ဘာကပါ သိရှိနိုင်ရေးအတွက် စကျင်ကျောက်တော်များပေါ်၍ ခေတ်မီစက်ကိရိယာများ အသုံးပြုပြီး ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များကို တည်ထားနိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း၊ မန္တလေးမြို့ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားရှိ ပဉ္စမသင်္ဂါယနာတင် ပိဋကတ်ကျောက်စာရုံများအား အလေးထားစံပြု၍ တည်ထားကိုးကွယ်နိုင်ရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုပိဋကတ်သုံးပုံပါဠိတော် အဋ္ဌကထာ ဋီကာကျမ်းစာများကို ရေးထိုးပူဇော်ပြီးပါကလည်း ကျောက်စာချပ်များသည် ဗုဒ္ဓမြတ်စွာ၏ နှုတ်ကပါဠိတော်များကို ရေးထိုးပူဇော်ထားခြင်းဖြစ်သည့်အတွက် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မျက်နှာတော်မူရာ ရှေ့မျက်နှာစာ၌ စိုက်ထူပူဇော်ထားရှိခြင်းဖြစ်ပြီး ဘုရားဖူးလာမိဘပြည်သူများအနေဖြင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ချိန်တွင် ကျောက်စာတိုက်များအတွင်းရှိ ပိဋကတ်သုံးပုံပါဠိတော် အဋ္ဌကထာဋီကာကျမ်းစာများကိုပါ တစ်ပါတည်းလေ့လာ ကြည်ညို၍ နာယူကြည်ညိုနိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

**ယခုနှစ်ကုန်ပိုင်းတွင် အကြမ်းထည်ပြီးစီးမည်ဟု ခန့်မှန်းထား**

ဆဋ္ဌသင်္ဂါယနာတင်ပွဲအခမ်းအနား ပြုလုပ်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးကဲ့သို့သော သာသနာရေးဆိုင်ရာအခမ်းအနားကြီးများကျင်းပပြုလုပ်နိုင်သည့် သာသနာ့ဗိမာန်တော်ကြီးတစ်

ခုကိုလည်း ထည့်သွင်းတည်ဆောက်လျက်ရှိပြီး သံဃာအပါး ၁၂၀၀ နှင့် လူပရိတ်သတ်များဝင်ဆံ့နိုင်မည်ဖြစ်ကြောင်း၊ မုစလိန္ဒအိုင်ကိုလည်း ဆရာတော်ကြီးများ၏ ဩဝါဒများနှင့်အညီ တည်ဆောက်နေကြောင်း၊ မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူဆောင်ရွက်နေချိန်အတွင်း ဘုရားကြီးတည်ထားကိုးကွယ်မှုကို ပြီးစီးအောင်ရည်မှန်းဆောင်ရွက်နေကြောင်း၊ ဘုရားကြီးတည်ထားကိုးကွယ်မှုအောင်မြင်စွာပြီးစီးရေးအတွက် ကျွမ်းကျင်အင်ဂျင်နီယာများ၊ ခေတ်မီစက်ကိရိယာများဖြင့် နေ့ညမပြတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ယခုနှစ်ကုန်ပိုင်းတွင် အကြမ်းထည်ပြီးစီးမည်ဟု ခန့်မှန်းထားကြောင်း၊ ဗုဒ္ဓဥယျာဉ်တော်ကြီးတည်ဆောက်ပြီးစီးချိန်တွင် ဂေါပကဆရာတော်ကြီးများ သီတင်းသုံးနေထိုင်နိုင်ရေး ကျောင်းဆောင်တော်များကိုလည်း ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ပိဋကတ်သုံးပုံကျမ်းစာအုပ်များ နိုင်ငံတကာကျမ်းစာများကဲ့သို့ အဆင့်မီပုံနှိပ်ဖြန့်ချိထုတ်ဝေနိုင်ရေးအတွက်လည်း စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ကျောက်စာတိုက်များသို့ လာရောက်ကြည့်ညိုသူများ လွယ်ကူစွာဖတ်ရှုလေ့လာနိုင်ရေး ပိဋကတ်ကျမ်းစာများကို Mobile tablet များတွင် ထည့်သွင်းထားရှိပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ပိဋကတ်ကျမ်းစာများ ထည့်သွင်းထားသည့် Mobile Tablet များကို ဝယ်ယူပူဇော်လိုပါကလည်း ရောင်းချပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

■ ■ ■

# ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတွင် ပြောကြားသည့်အမှာစကား

( ၁၁ - ၈ - ၂၀၂၂ )





ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ဩဂုတ်လ ၁၁ ရက်နေ့နံနက် ၇ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဒက္ခိဏသီရိမြို့နယ်၊ မာရဝိဇယဘုရားသွားလမ်း စံပယ်လမ်းဝဲယာ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ကံ့ကော်ပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအရာထမ်း၊ အမှုထမ်းများ၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်နှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ၂၀၂၂ ခုနှစ်အတွင်း နိုင်ငံတော်အနေဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားများကို မိုးကြိုကာလ၊ မိုးဦးကာလများမှ ယခုမိုးလယ်ကာလအထိ ကျင်းပဆောင်ရွက်ပေးနေခြင်းသည် သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေး၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေး၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာလှပရေးတို့အတွက် ပြည်သူလူထုက ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို မြှင့်တင်ပေးရန် ရည်ရွယ်ကျင်းပခြင်းပင်ဖြစ်ကြောင်း။

သစ်တော၊ သစ်ပင်များ စိုက်ပျိုးထိန်းသိမ်းခြင်းဖြင့် သဘာဝပတ်ဝန်းကျင် စိမ်းစိုသာယာလှပစေပြီး အကျိုးကျေးဇူးများစွာရရှိစေနိုင်သည့်အတွက် **"မြေဆီစုံခိုက် သစ်ပင်စိုက်"** ဟူသည့် ဆောင်ပုဒ်နှင့်အညီ လူထုပူးပေါင်းပါဝင်မှုဖြင့် သစ်ပင်စိုက်ပျိုးပွဲများကျင်းပခြင်းကို အားပေးဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်း ယခုနှစ်မိုးရာသီတွင် သစ်ပင် ၃၀ ဒသမ ၅၇ သန်း စိုက်ပျိုးတည်ထောင်သွားရန် ရည်မှန်းထားသည့်အတိုင်း သက်ဆိုင်ရာဝန်ကြီးဌာနက ဇူလိုင်လကုန်တွင် လျာထားချက်ပြည့်မီအောင်စိုက်ပျိုးပြီးဖြစ်သည့်အတွက် စိုက်ပျိုးပင်များ အောင်မြင်ရှင်သန်ရေးကို ဆက်လက်အားစိုက် ထိန်းသိမ်းဆောင်ရွက်သွားကြရန် မှာကြားလိုပါကြောင်း။

**Green Campaign များဆောင်ရွက်**

နိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစေရန်၊ စိမ်းလန်းစိုပြည်သာယာစေရန်၊ ပြည်သူလူထုအတွက် အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ စီးပွားဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူဖြစ်စေရန်၊ ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုပြောင်းလဲဖောက်ပြန်မှုကို တုံ့ပြန်ဆောင်ရွက်စေရန် Green Campaign များ ဆောင်ရွက်နေသကဲ့သို့ ပါကစ္စတန်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ စသည့် ဒေသတွင်းနိုင်ငံများ၌ အစီအစဉ်အမျိုးမျိုးဖြင့် Green Campaign များ မြှင့်တင်ဆောင်ရွက်နေသည်ကို လေ့လာတွေ့ရှိရပါကြောင်း။

ကမ္ဘာ့ရာသီဥတုပြောင်းလဲဖောက်ပြန်မှုကို တုံ့ပြန်ဆောင်ရွက်ရာတွင် သစ်တောများ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးပါကြောင်း၊ သစ်တောတစ်ဟက်တာသည် ကာဗွန်ပမာဏ ၅၃ ဒသမ ၂ မက်ထရစ်တန်ခန့် သိုလှောင်ထိန်းသိမ်းထားနိုင်ပြီး ကမ္ဘာ့သစ်တောများသည် ကာဗွန်မက်ထရစ်တန် သန်းပေါင်း ၂ သိန်းကျော် သိုလှောင်ထားကြောင်း၊ တစ်နှစ်အတွင်း ကာဗွန်ဒိုင်အောက်ဆိုက်မက်ထရစ်တန် ၁၆ ဒသမ ၂ သန်းကျော် စုပ်ယူပေးလျက်ရှိကြောင်း သုတေသနတွေ့ရှိချက်များအရ လေ့လာသိရှိရသည့်အတွက် သစ်တောများထိန်းသိမ်းစိုက်ပျိုးထူထောင်ရေးကို အလေးထားဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

မြန်မာနိုင်ငံသည် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု အကျိုးဆက်များကြောင့် ထိခိုက်နိုင်ခြေ မြင့်မားသည့် နိုင်ငံများစာရင်းတွင်ပါဝင်သည်ဟု လေ့လာတွေ့ရှိရပါကြောင်း၊ အပူချိန်မြင့်တက်ခြင်းနှင့် မိုးရွာသွန်းမှုပြောင်းလဲခြင်း အကျိုးဆက်အနေဖြင့် ဆိုင်ကလုန်းမုန်တိုင်းများ ပိုမိုတိုက်ခတ်လာနိုင်ခြင်း၊ မိုးသည်းထန်ခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းတို့ကဲ့သို့ ရာသီဥတုဖောက်ပြန်မှုများ ပိုမိုဖြစ်ပေါ်လာပြီး အနောက်တောင်မုတ်သုံလေဝင်ရောက်ချိန် ပုံမှန်ထက်နောက်ကျပြီး ဆုတ်ခွာချိန် ပုံမှန်ထက်စောလာသည့်အတွက် မုတ်သုံကာလ တိုတောင်းခြင်းများကြောင့် နိုင်ငံ၏စိုက်ပျိုးရေးလုပ်ငန်းများကိုပါ ထိခိုက်လာနိုင်ကြောင်း။

ရာသီဥတုပြောင်းလဲမှုကြောင့် ကြုံတွေ့လာရသည့် သဘာဝဘေးအန္တရာယ်များကို ပြန်ကြည့်မည်ဆိုပါက ၂၀၀၈ ခုနှစ်၊ မေလတွင် ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးကို ဝင်ရောက်တိုက်ခတ်ခဲ့သည့် နာဂစ်မုန်တိုင်းကြောင့် အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးခဲ့ကြရပြီး နိုင်ငံအနေဖြင့်လည်း ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အားစိုက်ဆောင်ရွက်ခဲ့ရသည်ကို အားလုံးသိရှိကြကြောင်း၊ နာဂစ်မုန်တိုင်းဒဏ်၏ လေပြင်းတိုက်ခတ်မှုနှင့် ပင်လယ်ဒီရေလှိုင်းများမြင့်တက်မှုကို ဒီရေတောများက ထိထိရောက်ရောက်ကာကွယ်ပေးသဖြင့် ဒေသခံများ၏ အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးမှုနည်းပါးခဲ့သည်ကို လက်တွေ့သိမြင်ခဲ့ရသည့်အတွက် ဒီရေတောကာကွယ်ထိန်းသိမ်းရေးနှင့် ပြန်လည်စိုက်ပျိုးထူထောင်ရေးလုပ်ငန်းများကိုအထူးအလေးထားဆောင်ရွက်ကြရန် လိုအပ်မှုကိုသင်ခန်းစာရရှိခဲ့ပါကြောင်း။

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် သတ္တမမြောက် ဒီရေတောဧရိယာ အများဆုံးပိုင်ဆိုင်သည့် နိုင်ငံဖြစ်ပြီး မြန်မာ့ကမ်းရိုးတန်းများတစ်လျှောက်ရှိ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဒီရေတောများကို အများဆုံးတွေ့ရှိရပါကြောင်း၊ ဒီရေတောများသည် ကမ်းရိုးတန်းဒေသနေ ပြည်သူများအတွက် အခြေခံစားဝတ်နေရေး လိုအပ်ချက်များ ပံ့ပိုးပေးနိုင်သည့်အပြင် နိုင်ငံ၏ ငါး၊ ပုစွန်၊ ကဏန်း ရေထွက်ကုန်သယံဇာတများတိုးပွားရေး၊ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးရေး၊ ရာသီဥတု ပြောင်းလဲဖောက်ပြန်မှု လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးတို့အတွက် အလွန်အရေးပါသည့် ဂေဟစနစ်ဖြစ်ပါကြောင်း။

**ဒီရေတောများ ထိန်းသိမ်းကာကွယ်ရေး**

ထို့ကြောင့် ဒီရေတောများ ထိန်းသိမ်းကာကွယ်ရေးနှင့် ပြန်လည်တည်ထောင် စိုက်ပျိုးရေးတို့ကို ဦးစားပေး မြှင့်တင်ဆောင်ရွက်သွားကြရန် ကမ်းရိုးတန်းတိုင်းဒေသကြီးနှင့် ပြည်နယ်ခရီးစဉ်များတွင် အစဉ်လမ်းညွှန်မှာကြားလျက်ရှိသကဲ့သို့ နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုကော်မတီဖွဲ့စည်းပေးပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ဒီရေတော ကြိုးဝိုင်းကြိုးပြင် ကာကွယ်တောများ၊ အဏ္ဏဝါအမျိုးသားဥယျာဉ်များ တိုးချဲ့ဖွဲ့စည်းခြင်း၊ နိုင်ငံပိုင်ဒီရေတောစိုက်ခင်းများ တည်ထောင်ခြင်းနှင့် ယခုနှစ်မိုးရာသီမှစတင်ပြီး ကိုကိုးကျွန်းအပါအဝင် ပင်လယ်ကမ်းရိုးတန်းဒေသ မြို့နယ်(၆၀)၌ ဒီရေတောပင်၊ အရိပ်ရပင် တစ်အုပ်တစ်မစိုက်ခင်းများကို လူထုပူးပေါင်းပါဝင်မှုဖြင့် စိုက်ပျိုး

တည်ထောင်လျက်ရှိသည့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့်အတူ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ လူမှုအဖွဲ့အစည်းများက တက်တက်ကြွကြွပါဝင်ဆောင်ရွက်သွားကြရန် မှာကြားလိုပါကြောင်း။

မြန်မာနိုင်ငံတွင်ရှိသည့် မြစ်ကြီးလေးသွယ်အပါအဝင် မြစ်ချောင်းကွန်ရက်များမှ နှစ်စဉ်ရေချို **ကေပေသန်း ၈၀၀ ကျော် စီးဆင်းလျက်ရှိပါကြောင်း၊ တစ်နိုင်ငံလုံးအနေဖြင့် နှစ်စဉ်ရေချိုပမာဏ ကေပေ ၄၅ သန်းကျော်သာ အသုံးပြုလျက်ရှိသည့်အတွက် နှစ်စဉ်စီးဆင်းနေသည့် ရေချိုပမာဏ၏ ငါးရာခိုင်နှုန်းခန့်ကိုသာ** သုံးစွဲနေသည်ကို တွေ့ရှိရကြောင်း။

နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေသယံဇာတဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ရေအရင်းအမြစ်များကို အခြေခံသည့်စီးပွားရေး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဆောင်ရွက်ရန် အလားအလာကောင်းများစွာရှိပါကြောင်း၊ နိုင်ငံ၏ မြစ်ချောင်းကွန်ရက်များကို ရေရှည်ထိန်းသိမ်းအသုံးပြုနိုင်ရေးအတွက် ရေဝေရေလဲဒေသသစ်တောများ ထိန်းသိမ်းရေးကို ထိရောက်စွာဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ရေဝေရေလဲဒေသတွင်ရှိသည့် သစ်တောများပျက်စီးပြုန်းတီးသည့်အခါ နုန်းအနည်အနှစ်များသည့် ရေများ၊ မြစ်ချောင်းများအတွင်း တိုက်ရိုက်စီးဆင်းခြင်း၊ ရေစီးကြောင့် မြေပြိုတိုက်စားခြင်း၊ ရေကြီးခြင်း၊ မြေအောက်ရေထိန်းသိမ်းနိုင်မှုမရှိခြင်း၊ မြစ်ချောင်းများ တိမ်ကောစေခြင်း၊ စိုက်ပျိုးမြေများ ရေတိုက်စားမှုကြောင့် ပျက်စီးခြင်း စသည့်နောက်ဆက်တွဲ ဆိုးကျိုးများသက်ရောက်စေသည့်အပြင် ရေသယံဇာတအခြေပြုဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ရေအသုံးပြုရေး၊ လျှပ်စစ်ထုတ်လုပ်ရေး၊ ငါးနှင့် ရေထွက်ကုန်သယံဇာတထုတ်လုပ်ရေး၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကိုပါ ထိခိုက်နိုင်သည့်အတွက် ရေဝေရေလဲဧရိယာအတွင်းရှိ သစ်တောများထိန်းသိမ်းရေးကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက ညှိနှိုင်းပေါင်းစပ်ပြီးထိထိရောက်ရောက် ဆောင်ရွက်သွားကြရန် ပြောကြားလိုပါကြောင်း။

**နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေသယံဇာတဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ရေအရင်းအမြစ်များကို အခြေခံသည့် စီးပွားရေးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဆောင်ရွက်ရန် အလားအလာကောင်းများစွာရှိ၊ နိုင်ငံ၏ မြစ်ချောင်းကွန်ရက်များကို ရေရှည်ထိန်းသိမ်းအသုံးပြုနိုင်ရေးအတွက် ရေဝေရေလဲဒေသ သစ်တောများထိန်းသိမ်းရေးကို ထိရောက်စွာဆောင်ရွက်ရန်လိုအပ်။**

**အမျိုးအစားစုံလင်စွာတည်ရှိ**

နိုင်ငံ၏ ပထဝီဝင်အနေအထားအရ သဘာဝဂေဟစနစ်နှင့် သယံဇာတများ အမျိုးအစားစုံလင်စွာ တည်ရှိလျက်ရှိရာ မြန်မာနိုင်ငံမိုးနည်းရပ်ဝန်းတွင်ရှိသည့် အပူပိုင်းဒေသသစ်တောများ ထိန်းသိမ်းရေးကိုလည်း အာရုံစိုက်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ အပူပိုင်းဒေသသစ်တောများ ပြုန်းတီးသည့်အခါ မိုးကွင်းပြီး မိုးခေါင်ရေရှားခြင်း၊ မြေအောက်ရေဆုံးရှုံးခြင်း၊ ရေထွက်စိမ့်စမ်းများပျောက်ကွယ်ခြင်း၊ မြေဆီလွှာ အဆင့်အတန်းကျဆင်းရာမှ သဲကန္တာရဖြစ်ထွန်းနိုင်ခြင်း စသည့် အကျိုးဆက်များ ဖြစ်လာနိုင်ပါကြောင်း၊ စိုက်ပျိုးရေရရှိရေးကိုလည်း ထိခိုက်စေပြီး ဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများကို ထိခိုက်စေမည်ဖြစ်ပါကြောင်း၊ ဥပမာအားဖြင့် အပူပိုင်းဒေသ၏ အိုအေစစ်ဖြစ်သည့် ပုပ္ပါးတောင်စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ၁၉၉၀ ပြည့်နှစ်များကစတင်ပြီး ထိထိရောက်ရောက် ဆောင်ရွက်ခဲ့သည့်အတွက် ရေထွက်စိမ့်စမ်းများ ပြန်လည်ပေါ်ထွက်လာပြီး ရာသီဥတုမှန်လာကာ စိုက်ပျိုးရေးလုပ်ငန်းများယခင်ကထက် ပိုမိုဆောင်ရွက်လာနိုင်ပြီး စိမ်းလန်းစိုပြည်သာယာလှပစွာဖြင့် ဖွံ့ဖြိုးလာသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဖြစ်သည့် အပူပိုင်းဒေသသစ်တောများ ထိန်းသိမ်းရေး၊ သစ်တောများ ပြန်လည်စိုက်ပျိုးရေး၊ ကျေးရွာများ ရေရရှိရေးအတွက် ရေတွင်း၊ ရေကန်များ တူးဖော်ပြုပြင်ရေးနှင့် ထင်းအစား အခြားလောင်စာနှင့် စွမ်းအားမြင့်မီးဖိုများ သုံးစွဲရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့်

အကျိုးဆက်စပ်ပတ်သက်သူများ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း။

နိုင်ငံတော်အနေဖြင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ နိုင်ငံလူမှုစီးပွားဘဝဖွံ့ဖြိုးရေးအတွက် အဓိကကျသည့် နိုင်ငံတစ်ဝန်း အမျိုးအစားစုံလင်သည့် သစ်တောဂေဟစနစ်များ ထိန်းသိမ်းရေးကို ထိထိရောက်ရောက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်း၊ နိုင်ငံတကာသဘောတူညီချက်များတွင် ပါဝင်ဆောင်ရွက်ခြင်းတို့ကိုလည်း အလေးထားဆောင်ရွက်နေပါကြောင်း။

**စတုတ္ထအကြိမ်ရှိ**

မြန်မာလူမျိုးတို့သည် ရေရှည်အကျိုးကို မျှော်မှန်းပြီး နောင်လာနောက်သားများ အသုံးပြုနိုင်ရန် သစ်ပင်စိုက်ပျိုးကြသည့် မြန်မာ့ဓလေ့နှင့်အညီ သစ်တော၊ သစ်ပင်တိုးမြှင့်စိုက်ပျိုးရေးကို အားပေးသည့်အနေဖြင့် ကမ္ဘာ့အကြီးဆုံး ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားလျက်ရှိသည့် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အဝင်လမ်းတွင် စိမ်းလန်းသာယာပြီး မိဘပြည်သူများ စိတ်ချမ်းမြေ့စွာ ဖူးမြော်နိုင်ရေးသစ်ပင်စိုက်ပျိုးပွဲများကို ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် မြှင့်တင်ဆောင်ရွက်ပေးနေခြင်းပင်ဖြစ်ကြောင်း၊ ယခုစိုက်ပျိုးခြင်းသည် စတုတ္ထအကြိမ်ရှိပြီဖြစ်ပါကြောင်း၊ နောင်အချိန်တွင် စိမ်းလန်းသာယာလှပပြီး စိတ်ချမ်းမြေ့ဖွယ်ရာလမ်းမကြီးအဖြစ် ရောက်ရှိလာမည်ဖြစ်ပါကြောင်း၊ အသုံးပြုသူအားလုံး အေးမြလှပသည့်အရိပ်အာဝါသနှင့် ခံစားရစေမည်ဖြစ်သည့်အတွက် ကြီးမားသည့်ကုသိုလ်တစ်ခု ဆောင်ရွက်ခြင်းလည်း ဖြစ်ပါကြောင်း။

**အလေးထားဆောင်ရွက်**

နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ ရာသီဥတုပြောင်းလဲဖောက်ပြန်မှု လျှော့ချရေး၊ သဘာဝဘေးကာကွယ်ရေးစသည့် ကိစ္စရပ်များအတွက် အလွန်အရေးပါသည့် နိုင်ငံနှင့်အဝန်း သစ်ပင်သစ်တောများ ဖုံးလွှမ်းစိမ်းစိုသာယာရေးကို အလေးထားဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်နှင့် အခြေခံစားဝတ်နေရေး လိုအပ်ချက်များကို ပံ့ပိုးပေးပြီး လူမှုစီးပွားဖွံ့ဖြိုးရေးကို အထောက်အကူပြုလျက်ရှိသည့် နိုင်ငံ့သစ်တောသယံဇာတများကို ရှေးလူကြီးသူမများ ဆုံးမဆိုရိုးထားရှိသည့် **"ဥတုရာသီ တောကိုမှီ၊ တောတောင်ရှိမှ စမ်းရေရ၊ တောတောင်ပျက်ပြုန်း မြေဆီသုဉ်း၊ တောတောင်ခြောက်ခန်း လယ်ယာနွမ်း"** ဟူသည့် စကားနှင့်အညီ သစ်တောသစ်ပင်များနှင့် ဂေဟစနစ်ကို မပျက်စီးအောင် ထိန်းသိမ်းကာကွယ်ပေးကြရမည်ဖြစ်ကြောင်း၊ သစ်တောပြုန်းတီးခြင်းဆိုင်ရာ နောက်ဆက်တွဲဆိုးကျိုးများကို အလေးထားဂရုပြုပြီး နိုင်ငံ၏ကြွယ်ဝသည့် သစ်တောသယံဇာတ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝပတ်ဝန်းကျင်ကို ရေရှည်တည်တံ့ပြီး နိုင်ငံဖွံ့ဖြိုးရေးအတွက် စနစ်တကျ အကျိုးရှိရှိအသုံးပြုနိုင်အောင် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထိန်းသိမ်းကာကွယ်ပြုစုထူထောင်သွားကြရမည်ဖြစ်သည်ဟု တိုက်တွန်းနှိုးဆော်လိုပါကြောင်း။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းတို့က ကံ့ကော်ပင်များကို သတ်မှတ်နေရာများတွင် ဦးဆောင်စိုက်ပျိုးပေးကြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအရာထမ်း၊ အမှုထမ်းများ၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်နှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ၊ တာဝန်ရှိသူများသည် စံပယ်လမ်းဝဲယာ၌ ပျိုးပင်များကို အသီးသီးစိုက်ပျိုးပေးကြသည်။

**ကြည့်ရှုအားပေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများက ပျိုးပင်များ တပျော်တပါးစိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

■ ■ ■

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ရန်ပုံငွေလွှဲအပ်ခြင်း အခမ်းအနားတွင် ပြောကြားသည့်အမှာစကား

## ( ၁၂ - ၈ - ၂၀၂၂ )





စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ရန်ပုံငွေမှကျပ်ဘီလီယံ ၄၀၀ ကို နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် သီးသန့်ရန်ပုံငွေတစ်ရပ်ထူထောင်ပြီး နိုင်ငံ့စီးပွားရေးမြှင့်တင်နိုင်ရေးအသုံးပြုနိုင်ရန် စီမံဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရည်ရွယ်ချက်အတိုင်း နိုင်ငံ၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့်ဒေသအလိုက် ပြည်သူတို့၏လူမှုစီးပွားဘဝနှင့် စီးပွားရေးမြင့်တက်လာစေရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဩဂုတ်လ ၁၂ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာညွှန့်ခန်းမဆောင်၌ ကျင်းပပြုလုပ်သည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ရန်ပုံငွေလွှဲအပ်ခြင်း အခမ်းအနား၌ အမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့်တိုင်းတို့မှ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများတက်ရောက်ကြသည်။

**နိုင်ငံစီးပွားရေးမြှင့်တင်ရေးအတွက် စီမံဆောင်ရွက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ရန်ပုံငွေလွှဲအပ်ခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားရာတွင် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဖော်ဆောင်ရာတွင် ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် ယခုအခမ်းအနားကို ပြုလုပ်ခြင်းပင်ဖြစ်ကြောင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ ကျပ်ဘီလီယံ ၄၀၀ ကို နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် သီးသန့်ရန်ပုံငွေတစ်ရပ်ထူထောင်ပြီး နိုင်ငံ့စီးပွားရေးမြှင့်တင်နိုင်ရန် အသုံးပြုနိုင်ရန် စီမံဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် လယ်ယာစီးပွားမြှင့်တင်ရေးနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၏ စီးပွားရေးမြှင့်တင်ရေးဟူ၍ နှစ်မျိုးခွဲမြှင့်တင် ဆောင်ရွက်နိုင်ရန် စဉ်းစားဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

> **မိမိတို့ နိုင်ငံ၏ GDP ပမာဏသည် တစ်နှစ်ထက်တစ်နှစ် တိုးပွားလာသည်ကို တွေ့ရှိရ၊ ငွေကြေးတန်ဖိုးပြောင်းလဲမှု များကြောင့် ပြောင်းလဲခြင်းနှင့် ထုတ်ကုန် ပစ္စည်း volume တက်လာခြင်းကြောင့်လည်း GDP တိုးပွားလာရခြင်းမျိုးရှိနိုင်၊ ပြည်တွင်းစား သုံးမှုနှင့် ပြည်ပပို့ကုန်ကိုကြည့်၍ စဉ်းစားဆောင်ရွက်ရမည်ဖြစ်။**

**ယခင်နှစ်များတွင် ရင်းနှီးမြှုပ်နှံငွေများ ထုတ်ပေးရေး အတွက် အခက်အခဲရှိခဲ့**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ နိုင်ငံတော်တာဝန်များကို စတင်တာဝန်ယူစဉ် အစောပိုင်းကာလများ၌ နိုင်ငံရေးအရ ထိုးနှက်တိုက်ခိုက်မှုများ၊ စီးပွားရေးအရ တိုက်ခိုက်မှုများ များစွာရှိခဲ့ပြီး ဘဏ်လုပ်ငန်းများပုံမှန်လည်ပတ်မှုပျက်ယွင်းကာ နိုင်ငံစီးပွားရေးပြိုလဲသွားစေလိုသည့် ရည်ရွယ်ချက်များဖြင့် လုပ်ဆောင်လျက်ရှိသည့် ပြည်တွင်း၊ ပြည်ပမှ အနှောင့်အယှက်မျိုးစုံကို ရင်ဆိုင်ကြုံတွေ့ခဲ့ရကြောင်း၊ ထို့ပြင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့်လည်း နိုင်ငံ့စီးပွားရေးထိခိုက်ခဲ့ရမှု ရှိခဲ့ကြောင်း၊ ထို့ကြောင့် ယခင်နှစ်များက စီးပွားရေးဆောင်ရွက်နိုင်ရန် အရင်းအနှီးထုတ်ပေးရန်အတွက် အခက်အခဲများရှိခဲ့ခြင်း ဖြစ်ကြောင်း။

**စီးပွားရေးနှင့် နိုင်ငံရေး**

နိုင်ငံတိုးတက်ဖွံ့ဖြိုးရေးအတွက် စီးပွားရေးတိုးတက်အောင် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စီးပွားရေးနှင့် နိုင်ငံရေးသည် ဆက်စပ်လျက်ရှိပြီး စီးပွားရေးကောင်းမွန်မှသာလျှင် နိုင်ငံရေးသည်လည်း တည်ငြိမ်မည်ဖြစ်ကြောင်း၊ စီးပွားရေးတွင် ကုန်ထုတ်လုပ် မှုနှင့် ရောင်းဝယ်ဖောက်ကားခြင်းဟူ၍ရှိပြီး ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဌာနက နှစ်စဉ်တွက်ချက်၍ စီမံကိန်းများလျာထားချမှတ် ဆောင်ရွက်ရကြောင်း၊ မည်သည့်နိုင်ငံတွင်မဆို စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်အလိုက် ဘတ်ဂျက်ငွေများကို လျာထားဆောင်ရွက်ကြကြောင်း၊ မိမိတို့နိုင်ငံ၏ GDP ပမာဏသည် တစ်နှစ်ထက်တစ်နှစ် တိုးပွားလာသည်ကို တွေ့ရှိရကြောင်း၊ ငွေကြေးတန်ဖိုးပြောင်းလဲမှုများကြောင့် ပြောင်းလဲခြင်းနှင့် ထုတ်ကုန်ပစ္စည်း volume တက်လာခြင်းကြောင့်လည်း GDP တိုးပွားလာရခြင်းမျိုး ရှိနိုင်ကြောင်း၊ ပြည်တွင်းစားသုံးမှုနှင့် ပြည်ပပို့ကုန်ကိုကြည့်၍ စဉ်းစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်များအနေဖြင့် ချိန်ထိုးပြီးဆောင်ရွက်ကြရန်မှာကြားနေခြင်းဖြစ်ကြောင်း၊ အမှန်တကယ်တိုးတက်မှု ရှိ၊ မရှိကို စစ်ဆေးဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုတွင် supply & demand မျှချေရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်မည် ဖြစ်ကြောင်း၊ သို့မဟုတ်ပါက ကုန်ဈေးနှုန်း ကြီးမြင့်မှုကို ကြုံရမည်ဖြစ်ကြောင်း။

**စီးပွားရေးတွင် အဓိကကျသည့် ကုန်ထုတ်လုပ်မှုကို မြှင့်တင်ဆောင်ရွက်**

ထို့ကြောင့် စီးပွားရေးတွင် ကုန်ထုတ်မှုသည် အဓိကကျသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ မိမိတို့သည် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို မြှင့်တင်ရမည်ဖြစ်သဖြင့် ယခုကဲ့သို့ နိုင်ငံ့စီးပွားရေးမြှင့်တင်ရေးရန်ပုံငွေအဖြစ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့ရာတွင် လျှင်မြန်စွာတိုးတက်အောင်မြင်နိုင်သည့် (Quick Win)နှင့် စိုက်ပျိုးရာသီနှင့် ကိုက်ညီမှုရှိသည့် နွေစပါးနှင့် ဆောင်းသီးနှံတို့ကို ထောက်ပံ့ပေးနိုင်မည့် အခြေအနေကိုတွေ့ရှိရကြောင်း၊ ထို့ကြောင့် နွေစပါးနှင့် နိုင်ငံ၏ အဓိကပြည်ပပို့ကုန်တစ်ခုဖြစ်သည့် ပဲတီစိမ်းစိုက်ပျိုးရေး လုပ်ငန်းဆောင်ရွက်နိုင်ရန် ရန်ပုံငွေပေးအပ်ခြင်းဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ များပြားလာမည်ဖြစ်ပြီး စိုက်ပျိုးမည့်တောင်သူများအနေဖြင့်လည်း ၎င်းတို့ရင်းနှီးမြှုပ်နှံမည့် ငွေကြေးများကို အခြားနေရာများတွင် ရင်းနှီးသုံးစွဲနိုင်မည်ဖြစ်ကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းရှိပါက ဝင်ငွေရမည်ဖြစ်ပြီး ပြည်တွင်းဝယ်လိုအားတက်လာမည်ဖြစ်ကာ ပြည်တွင်းရောင်းအားများလည်း တက်လာမည်ဖြစ်သဖြင့် ကောင်းမွန်သည့်လုပ်ငန်းလည်ပတ်မှုတစ်ခုပင်ဖြစ်ကြောင်း။

ယခုထုတ်ပေးသည့် ရန်ပုံငွေများသည် နိုင်ငံတော်မှ ရင်းနှီးငွေပေးအပ်ထားခြင်းဖြစ်ပြီး နောင်လာမည့် ရာသီတွင်လည်း ပြန်လည်ရရှိလာမည့် ၎င်းငွေကြေးကိုပင် ရင်းနှီး

မြှုပ်နှံနိုင်ရန် ထပ်မံထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ရင်းနှီးဆောင်ရွက်ရာတွင် ရောင်းကုန်ပစ္စည်းများဖြစ်စေရေး စဉ်းစားဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ၎င်းမှတစ်ဆင့် ပြည်ပသို့ တင်ပို့ရောင်းချ၍ နိုင်ငံခြားငွေ ပြန်ရှာရမည်ဖြစ်ပြီး ရရှိလာသည့် ငွေကြေးများကို နိုင်ငံခြားငွေအသုံးပြု၍ တင်သွင်းရသည့် စိုက်ပျိုးရေးသွင်းအားစု သွင်းကုန်များနှင့် အခြားလိုအပ်သည့် သွင်းကုန်များကို တင်သွင်းရာတွင် အသုံးပြုသွားနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် အောင်မြင်အောင်အကောင်အထည်ဖော်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ ယင်းနှင့်ဆက်စပ်၍ ဆန်စက်၊ ဆီစက်၊ ပဲခွဲစက်အစရှိသည့် SME လုပ်ငန်းများကိုလည်း လုပ်ငန်းလည်ပတ်မှု ကောင်းမွန်အောင်မြင်စေရန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အသုံးနှင့်အဖြုန်းကို စိစစ်ဆောင်ရွက်ကြစေလိုပြီး မလိုလားအပ်သည့် လေလွင့်မှုများမဖြစ်အောင် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

**ပြည်တွင်းခရီးသွားလုပ်ငန်း မြှင့်တင်နိုင်ရေး**

ထို့ပြင် စီးပွားရေးလုပ်ငန်းဆောင်ရွက်ရာ၌ ခရီးသွားလုပ်ငန်းသည် မီးခိုးမထွက်သည့် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပြီး တိုင်းပြည်အတွက် အကျိုးရှိသည့်လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ သယ်ယူပို့ဆောင်ရေး၊ တည်းခိုရေး၊ ဧည့်ခံရေး၊ ကျွေးမွေးရေးအပါအဝင် အခြားဆက်နွယ်သည့် စီးပွားရေးများစွာရှိသဖြင့် စနစ်ကျနမှုရှိသည့် ခရီးသွားလုပ်ငန်းအဖြစ်ဆောင်ရွက်ပြီး အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက အဘက်ဘက်မှတိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်နေသည့် မိမိတို့ဒေသအတွင်းရှိ လမ်းပန်းဆက်သွယ်မှုများ ကောင်းမွန်စေရေး၊ လုံခြုံချောမွေ့စေရေး ဆောင်ရွက်ရန်လိုကြောင်း၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ခြင်းဖြင့် ကုန်စည်စီးဆင်းမှုများ မြန်ဆန်ကောင်းမွန်လာပြီး ဒေသ ၏စီးပွားရေးသည်လည်း ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ယနေ့ နိုင်ငံ့စီးပွားရေးမြှင့်တင်မှု ရန်ပုံငွေပေးအပ်ခြင်းမှ ဆက်စပ်ဆောင်ရွက်နိုင်မည့် လုပ်ငန်းများစွာရှိသဖြင့် ယခု ရန်ပုံငွေကို အကျိုးရှိရှိအသုံးချစေလိုကြောင်း။

**ပြည်တွင်း အထည်လုပ်ငန်း**

အလားတူ ပြည်တွင်းအထည်လုပ်ငန်းကိုလည်း အားပေးဆောင်ရွက်ကြစေလိုကြောင်း၊ ပြည်တွင်းဝါစိုက်ပျိုးမှုပမာဏသည် လုံလောက်မှုရှိသည်ဖြစ်သော်လည်း ဝါကို ပြည်ပပို့ပြီး ပြည်ပမှ ချည်ထည်များ တင်သွင်းမှုများစွာရှိနေသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၌ အထည်လုပ်ငန်း၊ အထည်ရက်စက်မှုလုပ်ငန်း မြှင့်တင်နိုင်ရေးအတွက် စက်ကိရိယာများ၊ ကုန်ကြမ်းများ အဆင့်မြှင့်တင်ရေးကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပြီး ပြည်ပမှ တင်သွင်းနေရမှုများတွင် အစားထိုးနိုင်ရမည်ဖြစ်ကြောင်း။

ယနေ့ပြုလုပ်သည့် နိုင်ငံ့စီးပွားရေးမြှင့်တင်မှုကဏ္ဍတွင် စိုက်ပျိုးရေးကို အဓိကထားအခြေခံ၍ လုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ ဘီလီယံ ၄၀၀ အနက် ကျန်ရှိငွေများကို အခြားလုပ်ငန်းများတွင်အသုံးပြုနိုင်ရေး ဆွေးနွေးတိုင်ပင်၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လိုအပ်ချက်ရှိသည့် ဒေသများအနေဖြင့်လည်း သီးခြားအစီအစဉ်ဖြင့် လိုအပ်ပါကတင်ပြနိုင်ကြောင်း၊ အချို့လုပ်ငန်းများသည် မြစိမ်းရောင်စီမံကိန်းဖြင့် ဆောင်ရွက်၍ ရနိုင်မည်ဖြစ်ပြီး ဒေသတွင်း၌ ၎င်းငွေကိုတိုးပွားအောင် ဆက်လက်ဆောင်ရွက်နေရမည်ဖြစ်ကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအတွက် မတည်ပေးခြင်းပင်ဖြစ်ကြောင်း ပြောကြားသည်။

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၇/၂၀၂၂) တွင် ပြောကြားပြောကြားသည့်အမှာစကား

## ( ၁၆ - ၈ - ၂၀၂၂ )



မဲစာရင်းမှားယွင်းမှုအပေါ် နိုင်ငံရေးအရ ဖြေရှင်းခြင်း မပြုလုပ်ဘဲ အကြမ်းဖက်နည်းလမ်းများဖြင့် ဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုကဲ့သို့သောအခြေအနေများကို ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ နိုင်ငံရေးကို နိုင်ငံရေးအရ ဖြေရှင်းခြင်းမပြုလုပ်ဘဲ လက်နက်ကိုင်လမ်းစဉ်၊ အကြမ်းဖက်လမ်းစဉ်ဖြင့် ဆောင်ရွက်နေမည်ဆိုပါက တည်ငြိမ်ရန်ခက်ခဲနေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံရေးကို နိုင်ငံရေးနှင့်သာဖြေရှင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ နိုင်ငံရေးအရဖြေရှင်းခြင်းမရှိဘဲ အကြမ်းဖက်လုပ်ဆောင်လာပါက အကြမ်းဖက်မှုနှိမ်နင်းရေးလုပ်ငန်းစဉ်များဖြင့်သာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့ဘက်မှ ရည်ရွယ်ချက်ရှိရှိ စတင်တိုက်ခိုက်ခြင်းမျိုးမရှိဘဲ ဥပဒေနှင့်အညီသာ ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်းဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဩဂုတ်လ ၁၆ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၇/၂၀၂၂) သို့ တက်ရောက်အမှာစကား ပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာဗညားအောင်မိုး၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဦးရွှေကြိမ်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးတို့ တက်ရောက်ကြသည်။

**နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ပုံငွေထုတ်ပေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ပြီးခဲ့သည့်အပတ်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့်

တိုင်းဥက္ကဋ္ဌများကိုတွေ့ဆုံ၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်ခဲ့ကြောင်း၊ မိမိတို့တာဝန်ထမ်းဆောင်ခဲ့သည့် တစ်နှစ်ခွဲကာလအတွင်း နိုင်ငံရေးအရ အကျပ်အတည်းများ၊ ကိုယ်ဗစ်-၁၉ ရောဂါကြောင့် ဖြစ်ပေါ်လာသည့် ဆေးကုသရေး၊ ကာကွယ်ရေး၊ စီးပွားရေးအကျပ်အတည်းများကို ဖြေရှင်းဆောင်ရွက်ခဲ့ရကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လုပ်ငန်းဆောင်ရွက်ချက်များကိုသိရှိရန်နှင့် နိုင်ငံတော်အစိုးရ၏လုပ်ငန်းဆောင်ရွက်ချက်နှင့် တိုးတက်မှုများကို ပြည်သူများသိရှိစေရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ထိရောက်သည့် အစည်းအဝေးတစ်ရပ်ဖြစ်ခဲ့ကြောင်း၊ ယခင်အစိုးရလက်ထက်များက စီမံကိန်းကော်မရှင်၊ ဘဏ္ဍာရေးကော်မရှင်အစည်းအဝေးများသာရှိခဲ့ကြောင်း။

တိုင်းဒေသကြီးနှင့်ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းများအနေဖြင့် သက်ဆိုင်ရာအဆင့်အလိုက် ဆောင်ရွက်နိုင်သည့်အခွင့်အရေးများရှိကြောင်း၊ အဆိုပါ ဆောင်ရွက်ချက်များနှင့် အတွေ့အကြုံများအပေါ်တွင် မူတည်၍ တိုင်းရင်းသားများ၊ နိုင်ငံရေးပါတီများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက ပြောကြားနေသည့် အခြေခံဥပဒေပြင်ဆင်ရေးအတွက် ကဏ္ဍအလိုက်လိုအပ်ချက်များကိုသိရှိနိုင်မည်ဆိုပါက ကောင်းမွန်သည့်ရလဒ်တစ်ခုဖြစ်လာမည်ဖြစ်ကြောင်း၊ အဆိုပါအစည်းအဝေးအပြီးတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့်တိုင်းများအား နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက်ရန်ပုံငွေများကို ထုတ်ပေးခဲ့ကြောင်း။

နိုင်ငံ၏စီးပွားရေးကို တိုက်ရိုက်အထောက်အကူပြုစေမည့် စပါးစိုက်ပျိုးရေးနှင့် ပဲစိုက်ပျိုးရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ရန်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် မိုးစပါးစိုက်ဧက ၁၅ သန်းခန့်ရှိပြီး မိုးစပါးစိုက်ပျိုးရန်အတွက် အချိန်ကာလဝေးနေသေးကြောင်း၊ ထို့ကြောင့် အဆိုပါ ရန်ပုံငွေများကို စောလျင်စွာအသုံးချနိုင်ရေးအတွက် နွေစပါးစိုက်ပျိုးရေးကို ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ အလားတူ ပဲတီစိမ်းသည်လည်း ပြည်ပသို့တင်ပို့နိုင်သည့် ဈေးကွက်များရှိခြင်းကြောင့် ပဲတီစိမ်းများစိုက်ပျိုးနိုင်ရေးအတွက် အားပေးဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ နွေစပါးစိုက်ပျိုးမှုနှင့် ပဲတီစိမ်းစိုက်ပျိုးမှုမရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအတွက်လည်း တစ်ပြေးညီဖြစ်စေရေး ထိုက်သင့်သည့်မတည်ငွေများ ထုတ်ပေးခဲ့ကြောင်း၊ ဒေသအလိုက် မြစိမ်းရောင်စီမံကိန်းများအတွက် လွတ်လပ်စွာဆောင်ရွက်နိုင်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါကြောင့်ကျဆင်းသွားသည့် စီးပွားရေးကို ပြန်လည်မြှင့်တင်ဆောင်ရွက်နိုင်စေရန်အတွက် ယခုကဲ့သို့ ရံပုံငွေများထုတ်ပေးခဲ့ခြင်းဖြစ်ကြောင်း။

နွေစပါးနှင့် ပဲတီစိမ်းစိုက်ပျိုးမှုကို ဦးစားပေးဆောင်ရွက်ခဲ့ခြင်းသည် ငွေရမြန်သည့် မတည်ငွေ (Quick Win) ဖြစ်သည့်အတွက် လာမည့်မိုးစပါးကာလတွင် နွေသီးနှံများမှရရှိလာမည့် အကျိုးအမြတ်များမှ မြေဩဇာများ ဝယ်ယူနိုင်ရေး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အဆိုပါ ရန်ပုံငွေများကို ပေးအပ်ရာတွင် စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည်မြေဩဇာ၊ ပိုးသတ်ဆေးစသည့် စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများကို ထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ တောင်သူများအနေဖြင့် ငွေကြေးစိုက်ထုတ်ရန်မလိုအပ်ဘဲ ထိုက်သင့်သည့် အကျိုးအမြတ်များရရှိမည်ဖြစ်ကြောင်း၊ စိုက်ပျိုးတောင်သူများမှ ရှေးယခင်ကာလများက နိုင်ငံတော်မှ ချေးယူထားပြီး ဆပ်ရန်ကျန်ရှိနေသေးသည့် စိုက်ပျိုးရေးချေးငွေများကို ယခုရရှိမည့် အကျိုးအမြတ်များထဲမှ ထိုက်သင့်သလို ပြန်လည်ပေးဆပ်ရန်ဖြစ်ကြောင်း၊

စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် သမဝါယမအစုအဖွဲ့ဝိုင်းကြီးချုပ်စနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နွေစပါးစိုက်ပျိုးရန်လိုအပ်သည့် မြေဩဇာ၊ ရေနှင့်မျိုးများရရှိအောင် မိမိတို့အနေဖြင့်ဆောင်ရွက်ပေးမည်ဖြစ်ပြီး စိုက်ဧကတစ်ဧကလျှင် အနည်းဆုံး တင်း ၁၀၀ ထွက်ရှိအောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နောက်တစ်နှစ်မိုးစပါးစိုက်ပျိုးမှုနှင့် နွေစပါးစိုက်ပျိုးမှုအတွက် စိုက်ပျိုးရေးစရိတ်များ ထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ အခြားပိုလျှံသည့် ငွေများမှ ပဲသီးနှံများ၊ ဝါနှင့် အခြားသီးနှံများစိုက်ပျိုးရေးအတွက် စိုက်ပျိုးရေးစရိတ်များ ထုတ်ပေးသွားနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ၂၀၂၄ နှစ် မိုးရာသီတွင် မိုးသီးနှံများ၏ ၅၀ ရာခိုင်နှုန်းခန့်ကို စိုက်ပျိုးရေးစရိတ်များထုတ်ပေးနိုင်ရန် မျှော်မှန်းထားကြောင်း၊ ၂၀၂၄ ခုနှစ် နှစ်ကုန်ပိုင်းတွင် မိမိတို့နိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းမှာ နှစ်ဆပြောင်းလဲသွားမည်ဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ချိန်တွင် တောင်သူလယ်သမားများအနေဖြင့်

**ပြည်ပဝင်ငွေများရရှိရေး ထုတ်ကုန်များ ထုတ်လုပ်၍ ပြည်ပသို့တင်ပို့ရောင်းချနိုင်ရန် လို၊ ထုတ်ကုန်များတိုးမြှင့်ရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများတွင် တစ်ဧကချင်း အထွက်နှုန်းများ တိုးတက်အောင်ဆောင်ရွက်ရန် လိုသကဲ့သို့ အရေအတွက်ပိုမိုထုတ်လုပ်နိုင်ရေးအတွက်လည်း အားပေးဆောင်ရွက်ရန်လို၊ မြေပေါ်မြေအောက် သယံဇာတပစ္စည်းများကိုလည်း ကုန်ကြမ်းအတိုင်း ရောင်းချခြင်းမဟုတ်ဘဲ ကုန်ချောပစ္စည်းများအဖြစ် ထုတ်ကုန်များ ထုတ်လုပ်၍ တင်ပို့ရောင်းချပြီး အကျိုးရှိရှိ အသုံးချနိုင်ရန်လို၊ ထိုသို့ ဆောင်ရွက်၍ ထုတ်ကုန်ပစ္စည်းများထုတ်လုပ်ပြီး ကုန်သွယ်မှုကို မြှင့်တင်ရန်လို။**

စိုက်ထုတ်မှုအနည်းဆုံးဖြင့်ဆောင်ရွက်နိုင်ရန် တွက်ချက်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများသို့ ပေးအပ်ထားသည့် မြစိမ်းရောင်စီမံကိန်းရံပုံငွေများသည် ဝိုင်းကြီးချုပ်စနစ်ဖြင့် ဆောင်ရွက်ခြင်းဖြစ်သဖြင့် နှစ်ကာလကြာမြင့်လာသည်နှင့်အမျှ တိုးပွားမှုများရှိလာမည်ဖြစ်သဖြင့် ဒေသအလိုက် ဖွံ့ဖြိုးရေးလုပ်ငန်းများကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံစီးပွားတိုးတက်ရေးအတွက် ယခုကဲ့သို့ ရန်ပုံငွေထုတ်ပေးခြင်းသည် နိုင်ငံအတွက် အားတစ်ခုဖြစ်မည်ဟု ယုံကြည်ကြောင်း။

**နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း၌ ထုတ်ကုန်များ လုံလောက်စွာထုတ်လုပ်၍ ပြည်ပသို့တင်ပို့နိုင်ရန် လိုအပ်မှု**

နိုင်ငံတစ်ခု၏စီးပွားရေးသည် နိုင်ငံရေးနှင့်ဆက်စပ်လျက်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၏ စီးပွားရေးအားကောင်းမွန်ရန်လိုအပ်ကြောင်း၊ စီးပွားရေးဟုဆိုရာတွင် ထုတ်လုပ်မှုအပိုင်းနှင့် ကုန်သွယ်မှုအပိုင်းဟူ၍ နှစ်မျိုးရှိပြီး ပစ္စည်းရှိမှသာ ကုန်သွယ်မှုပြုနိုင်မည်ဖြစ်ကြောင်း၊ စင်ကာပူနှင့် ဟောင်ကောင်ကဲ့သို့သော နိုင်ငံများသည် အခြားနိုင်ငံများမှ ထုတ်လုပ်သည့် ထုတ်ကုန်များဖြင့် ကုန်သွယ်ရေးဆောင်ရွက်၍ နိုင်ငံစီးပွားရေးတိုးတက်ဖွံ့ဖြိုးရေး ဆောင်ရွက်လာသည့် နိုင်ငံများဖြစ်ကြောင်း၊ ၎င်းနိုင်ငံများတွင် ကုန်ထုတ်လုပ်မှုနှင့်ပတ်သက်၍ စက်ရုံကြီးများမရှိဘဲ အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများသာရှိသည်ကို လေ့လာတွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံတွင် ကုန်သွယ်ရေးနှင့် ထုတ်လုပ်ရေးလုပ်ငန်းနှစ်မျိုးလုံး ဆောင်ရွက်၍ရကြောင်း။

ကုန်ထုတ်လုပ်မှုမြှင့်တင်ရေးအတွက် ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးထွက်ကုန်များ တိုးတက်အောင်ဆောင်ရွက်၍ရကြောင်း၊ ရောင်းချရန်အတွက် လိုအပ်သည့် စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်မှုသည် စီးပွားရေးစက်ဝန်းတွင် များစွာအကျိုးရှိသဖြင့် ထုတ်လုပ်မှုကိုအားပေးခြင်းဖြင့် ပြည်သူများ၏ စီးပွားရေးကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းရှိအောင် ကြိုးပမ်း၍ ကုန်သွယ်မှုရရှိအောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရောင်းကုန်ပစ္စည်းများမှ တန်ဖိုးမြင့်ကုန်ပစ္စည်းများထုတ်လုပ်၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထုတ်လုပ်သူများအတွက်လည်း ကုန်ထုတ်လုပ်မှုများမှ အကျိုးအမြတ်များ ရရှိမည်ဖြစ်သကဲ့သို့ နိုင်ငံအတွက်လည်း အကျိုးရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံ၏ စီးပွားရေးမြှင့်တင်မှုအတွက် ကုန်ထုတ်လုပ်မှုများကို မြှင့်တင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် နိုင်ငံခြားဝင်ငွေများအနေဖြင့် ကုန်သွယ်မှု(Trade)နှင့် ကုန်သွယ်မှုနှင့် မသက်ဆိုင်သည့် (Non Trade) တို့မှ ဝင်ငွေများရှိကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တင်ပြချက်များအရ မိမိတို့နိုင်ငံတွင် နှစ်စဉ်ကုန်သွယ်မှုလိုငွေများရှိခဲ့ပြီး ၂၀၁၇ ခုနှစ် တစ်နှစ်တည်းတွင်သာ ပိုငွေအနည်းငယ်ပြခဲ့သည်ကို သိရှိရကြောင်း၊ ပြည်ပချေးငွေများ၊ ထောက်ပံ့ငွေများဖြင့် လည်ပတ်အသုံးပြုနေသည်ကို သိရှိရခြင်းကြောင့် နိုင်ငံအတွက် အန္တရာယ်ကြီးမားသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ပြည်ပဝင်ငွေများရရှိရေး ထုတ်ကုန်များထုတ်လုပ်၍ ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရန်လိုကြောင်း၊ ထုတ်ကုန်

များတိုးမြှင့်ရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများတွင် တစ်ကေချင်းအထွက်နှုန်းများ တိုးတက်အောင်ဆောင်ရွက်ရန်လိုသကဲ့သို့ အရေအတွက်ပိုမိုထုတ်လုပ်နိုင်ရေးအတွက်လည်း အားပေးဆောင်ရွက်ရန်လိုကြောင်း၊ မြေပေါ်မြေအောက် သယံဇာတပစ္စည်းများကိုလည်း ကုန်ကြမ်းအတိုင်းရောင်းချခြင်းမဟုတ်ဘဲ ကုန်ချောပစ္စည်းများအဖြစ် ထုတ်ကုန်များထုတ်လုပ်၍ တင်ပို့ရောင်းချပြီး အကျိုးရှိရှိ အသုံးချနိုင်ရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်၍ ထုတ်ကုန်ပစ္စည်းများထုတ်လုပ်ပြီး ကုန်သွယ်မှုကိုမြှင့်တင် ရန်လိုကြောင်း။

ပြည်ပသွင်းကုန်များနှင့်ပတ်သက်၍ တိုင်းပြည်စီးပွားရေးပြန်လည်ကောင်းမွန်ရန်အတွက် သွင်းကုန်အစားထိုးကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်နေကြောင်း၊ ပြည်တွင်း၌ ထုတ်လုပ်၍ရသည့်ပစ္စည်းများကို ပြည်ပမှတင်သွင်းခြင်းထက် ပြည်တွင်း၌ လုံလောက်စွာထုတ်လုပ်နိုင်ရေးအားပေးဆောင်ရွက်ရန်လိုကြောင်း၊ အချို့ပစ္စည်းများမှာ သတ်မှတ်ထားသည့် အရည်အသွေးမရှိသည်ကို တွေ့ရှိရသဖြင့် လိုအပ်သည့်စက်ပစ္စည်းများနှင့် နည်းပညာများ အဆင့်မြှင့်တင်ခြင်းကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သို့မှသာ သွင်းကုန်အစားထိုးကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်နိုင်မည်ဖြစ်ပြီး မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်ကြောင်း။

ပြည်ပမှ တင်သွင်းလျက်ရှိသည့် ပစ္စည်းများတွင် ဝါနှင့်ပတ်သက်၍ ပြည်တွင်းအထည်ချုပ်လုပ်ငန်းများအတွက် လိုအပ်သည့် ပစ္စည်းများတင်သွင်းမှုသည် ၂၀၁၉-၂၀၂၀ ခုနှစ်ဘဏ္ဍာနှစ်အတွင်း ဓာတုချည်ခင်၊ အခြားချည်ထည်မျိုးစုံ၊ ချည်ထည်နှင့် ပိတ်၊ အပ်ချည်ကြိုးတန်ဖိုး စုစုပေါင်း အမေရိကန်ဒေါ်လာသန်း ၁၂၈၀ ခန့် တင်သွင်းခဲ့ရကြောင်း၊ မိမိတို့နိုင်ငံတွင် ဝါထွက်ရှိသော်လည်း ပြည်ပသို့ ကုန်ကြမ်းများတင်ပို့၍ ပြည်တွင်းသို့ ကုန်ချောများတင်သွင်းနေရခြင်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံမှထွက်ရှိသည့် ချည်မျှင်များသည် ကုန်ချောထုတ်လုပ်ရန်အတွက် အဆင့်မီသည့် ချည်မျှင်ရှည်ဝါများဖြစ်ရန်လိုအပ်သဖြင့် ပြည်တွင်းဝါစိုက်ပျိုးမှုတွင် အဆင့်မြင့်ချည်မျှင်ရှည်ဝါများ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ ဝါစိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် ချည်မျှင်ရှည်ဝါများကို အသုံးပြု၍ နိုင်ငံအတွင်းရှိ စက်ရုံများမှ အဆင့်မီချည်ထည်များကို ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ အထည်အလိပ်လုပ်ငန်းများကို အားပေးဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ထုတ်လုပ်မှုနှင့်ကုန်သွယ်မှုတိုးတက်အောင် အားလုံးမှဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံရေးနှင့် အမျိုးသားရေး ရည်မှန်းချက်ဖော်ဆောင်မှု**

နိုင်ငံရေးနှင့်ပတ်သက်၍ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာရပ်တည်နိုင်ရေးအတွက် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ လူမှုရေးနှင့် နိုင်ငံရေးကို ဖြေရှင်းဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံတည်ငြိမ်လာပြီး ဆောင်ရွက်လိုသည့် နိုင်ငံရေးလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့၏နိုင်ငံရေးရည်မှန်းချက်မှာ ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးပင်ဖြစ်ကြောင်း၊ အဆိုပါနိုင်ငံရေးရည်မှန်းချက်ကို ဖော်ဆောင်နိုင်ရန်အတွက် တစ်ဖက်မှလည်းငြိမ်းချမ်းရေး၊ နိုင်ငံရေးတို့နှင့်ပတ်သက်၍ ဆောင်ရွက်ရန်ရှိသည်များကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ လူမှုရေးနှင့်ပတ်သက်၍လည်း ပြည်သူတစ်ဦးချင်း၏ အသိပညာ၊ အတတ်ပညာနှင့်လျော်ညီသည့် လူနေမှုစနစ်ကို ဖန်တီးပေးနိုင်ရန်လိုကြောင်း၊ လူနေမှုစနစ်ကောင်းမွန်ရန်အတွက် ပညာတတ်ရန်နှင့် စီးပွားရေးကောင်းမွန်ရန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေများရရှိအောင်ဖော်ဆောင်ပေးရန်လိုကြောင်း၊ လူမှုရေးတွင် ပညာရေး၊ ကျန်းမာရေး၊ လူနေမှုစနစ်များပါဝင်ကြောင်း။

လူမှုစီးပွားနှင့်ပတ်သက်၍ အမျိုးသားရေးရည်မှန်းချက်နှစ်ခုမှာ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးပင်ဖြစ်ကြောင်း၊ စီးပွားရေးအားကောင်းမှ တိုင်းပြည်သာယာဝပြောပြီး တည်ငြိမ်မှုရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အခြေခံအားဖြင့် စီးပွားရေးအားကောင်းအောင် ကြိုးပမ်းဆောင်ရွက်၍ တိုင်းပြည်သာယာဝပြောအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊စားရေရိက္ခာဖူလုံရေးဟုဆိုရာတွင် စားသောက်စရာဖူလုံရေး၊ သုံးစွဲရန်ရေဖူလုံရေး၊ ရိက္ခာဆိုရာတွင် အသုံးအဆောင်ပစ္စည်းများနှင့် တစ်ကိုယ်ရည်သုံးပစ္စည်းများ ဖူလုံရေးများပါဝင်ကြောင်း၊

စားသောက်မှုဖူလုံရုံတင်မက ရေရှားပါးသည့်ဒေသများ အတွက် ရေလုံလောက်စွာရှိရေး ဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်သည့် ဒေသများအတွက်လည်း ရေလိုအပ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတွင် စားရေရိက္ခာပေါများရေးအတွက် မဖြစ်မနေ ဆောင်ရွက်ပေးရမည်ကို ရည်မှန်းဆောင်ရွက်ခြင်းဖြစ် ကြောင်း၊ စားကုန်၊ သောက်ကုန်နှင့် သုံးကုန်များကို နိုင်ငံ အတွင်း ဖူလုံစွာဖြင့် ပေါများအောင်ဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသားရေးရည်မှန်းချက်သည် နိုင်ငံအတွက် အဓိပ္ပာယ်ရှိစွာဖြင့် ချမှတ်ထားခြင်းဖြစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မဖြစ်မနေ အကောင်အထည်ဖော် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကိုအခြေခံသည့် ပြည်ထောင်စုတည်ထောင်ရေးနှင့် ပတ်သက်၍ ပြောကြားရာတွင် **“နိုင်ငံရေးရည်မှန်းချက် မှာလည်း နှစ်ချက်က ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေး။ ဒါဟာ ပြည်သူကရွေးချယ်ထားတာ ကျွန်တော်ဘာမှ ငြင်းစရာအကြောင်းမရှိဘူး။ ဒီမိုကရေစီနဲ့ ဖက်ဒရယ် စနစ်ကို အခြေခံတဲ့ပြည်ထောင်စု။ ဒီမိုကရေစီအုပ်ချုပ် ရေးနဲ့ ဖက်ဒရယ်အာဏာကိုပေးထားတဲ့ ပြည်ထောင်စုကို သွားရမယ်။ ဒါ့ကြောင့် ဝန်ကြီးချုပ်တွေကိုလည်း ကျွန်တော် ပြောတယ်။ ခင်ဗျားတို့ ဖက်ဒရယ်အာဏာတွေ ခင်ဗျား တို့ရှိနေတယ်။ ဒီအပေါ်မှာ ခင်ဗျားတို့လုပ်ကြည့်ပါ။ အခု လည်း သူတို့လုပ်ကြတာပဲ။ တချို့ ပြည်ထောင်စုကပြော တာ။ ဗဟိုကပြောတာမဟုတ်ဘူး သူတို့ဖာသာလုပ်နေ တဲ့ဟာ။ ရည်မှန်းချက်တွေအများကြီးပါတယ်။ ကျွန်တော် ကလည်း တချို့ဟာတွေသဘောကျတယ်။ ဒါဆိုကောင်း တယ်။ လုပ်ပါ။ အားပေးပါတယ်။ ခင်ဗျားအတွက် အခက် အခဲရှိရင် ကျွန်တော့်ကိုပြော။ ဒီလိုပြောပါတယ်။ အဲ့ဒီ တော့ ကျွန်တော်တို့ ဒီမိုကရေစီအုပ်ချုပ်ရေးနဲ့ ဖက်ဒရယ် အာဏာကို၊ လုပ်ပိုင်ခွင့်ကိုပေးထားတဲ့ ပြည်ထောင်စုကို သွားရမယ်။ နိုင်ငံရေးမှာ ရည်မှန်းချက်နှစ်ခုက ဒါပဲဖြစ် တယ်။ ဒီလိုသွားနိုင်ဖို့ဆိုရင် အရေးကြီးတာက ငြိမ်းချမ်း ရေးပေ့ါ။ ငြိမ်းချမ်းရေးကို ကျွန်တော်တို့သွားနေတယ်။ နားလည်တဲ့သူတွေကတော့ ငြိမ်းချမ်းရေးအတွက် လာ ကြတာပေ့ါ။ နားမလည်တဲ့သူကတော့ ဘေးကနေပြော နေကြတုန်း ရှိပါသေးတယ်။ အခု ၁၀ ဖွဲ့ ကျွန်တော်တို့ ဆွေးနွေးပြီးသွားပြီ။ မနေ့တစ်နေ့ကပဲ ကျွန်တော် SSPP အဖွဲ့နဲ့ဆွေးနွေးတယ်။ ကျွန်တော်တို့ အားလုံးအောင်မြင် ပါတယ်။ အခုနကပြောတဲ့ ပါတီစုံဒီမိုကရေစီစနစ်နဲ့ ဒီမို ကရေစီအုပ်ချုပ်ရေးနဲ့ ဖက်ဒရယ် အာဏာကိုပေးထား တဲ့ ပြည်ထောင်စုတည်ဆောက်ရေးကို ခင်ဗျားတို့ လက်ခံ လား မေးတော့၊ အကုန်လက်ခံတယ်ပြောတယ်။ ကျွန်တော်ဒုတိယအကြိမ် ပြန်တွေ့မယ်။ ဒီလထဲမှာ ပြန် တွေ့ဖို့ကြိုးစားနေတယ်။ အဖွဲ့ ၁၀ ဖွဲ့လုံးကို အုပ်စုဖွဲ့ပြီး တစ်ခါဆွေးနွေးမယ်။ စက်တင်ဘာလကျလို့ရှိရင် တစ်ခါ သူတို့နဲ့ အားလုံးပြန်တွေ့မယ်။ အဲဒါပြီးရင် လက်မှတ်ထိုး နိုင်ဖို့ကြိုးစားမယ်။ ဒီအတွက်တော့ ဘယ်လောက်ကြာ မလဲ ကျွန်တော် မပြောနိုင်သေးဘူး။ အခြေခံသဘောတူ ညီချက်ရပြီးဖြစ်တဲ့ အတွက်ကြောင့် ကျွန်တော်တို့ အနေ နဲ့မရစရာ အကြောင်းမရှိဘူးလို့ မြင်ပါတယ်။ ဒါကိုဘာ ကြောင့် EAO တချို့ အဖွဲ့တွေက နားလည်မှုမရှိနိုင်လည်း ဆိုတာ ကျွန်တော်လည်း မတွေးတတ်ဘူး။ တကယ်လို့ ပြည်ထောင်စုအပေါ်မှာ။ တကယ့်ကို တိုင်းရင်းသားအရေး။ ပြည်ထောင်စုအရေးကို တကယ်မျှော်မှန်းလို့ရှိရင် ဒီနှစ်**

**ဆူပူအကြမ်းဖက်မှုများနှင့်ပတ်သက်၍**
**ဆွေးနွေးရန်မဖြစ်နိုင်၊ ဥပဒေကြောင်းအရသာ**
**ရင်ဆိုင်ဖြေရှင်းရမည်ဖြစ်၊**
**မဲစာရင်းမှားယွင်းမှုအပေါ် နိုင်ငံရေးအရ**
**ဖြေရှင်းခြင်းမပြုလုပ်ဘဲ အကြမ်းဖက်နည်း**
**လမ်းများဖြင့် ဆောင်ရွက်ခဲ့ခြင်းကြောင့်**
**ယခုကဲ့သို့သောအခြေအနေများကို**
**ရောက်ရှိလာခြင်းဖြစ်၊ နိုင်ငံရေးကို နိုင်ငံရေးအရ**
**ဖြေရှင်းခြင်းမပြုလုပ်ဘဲ လက်နက်ကိုင်လမ်းစဉ်၊**
**အကြမ်းဖက်လမ်းစဉ်ဖြင့် ဆောင်ရွက်နေမည်ဆို**
**ပါက တည်ငြိမ်ရန်ခက်ခဲနေမည်ဖြစ်၊ ထို့ကြောင့်**
**မိမိတို့အနေဖြင့် နိုင်ငံရေးကို နိုင်ငံရေးနှင့်သာ**
**ဖြေရှင်းဆောင်ရွက်မည်ဖြစ်။**

**ချက်အပေါ်မှာ အခြေခံပြီးလုပ်မယ်ဆိုရင် ဘာမှမဖြစ်စရာအကြောင်းမရှိဘူး။ ကျွန်တော်တို့ကိုယ်တိုင်က လိုလားပါတယ် ပြောထားပြီးပြီပဲ။ ဖြစ်ချင်ပါတယ် ပြောထားပြီးပြီပဲ။ အဲ့ဒီအတွက် လာပြီးဆွေးနွေး။ ကျွန်တော်တို့ပြောမယ်။ အဲ့ဒီကျရင်။ ဒါကတော့ဖြစ်နိုင်ဘူး။ ဒါကတော့ဖြစ်နိုင်တယ်။ ကျွန်တော်ပြောမယ်။ ကျွန်တော်တို့ဖြစ်ချင်တာ ဒါရှိတယ်။ ခင်ဗျားတို့ဖြစ်ချင်တာ ဒါရှိတယ်။ အဲ့ဒီတော့ နှစ်ဘက်ညှိပြီးတော့ ဖြစ်သင့်တွေကို ကျွန်တော်တို့ သဘောတူညီချက်ရအောင်ယူ။ ဒါပဲဗျာ။ အဖြေက"** ဟု ပြောကြားသည်။

ဆက်လက်ပြီး နိုင်ငံရေးတွင် ဆွေးနွေးအဖြေရှာခြင်းကို အားလုံးမှလက်ခံထားပြီးဖြစ်ကြောင်း၊ အာဆီယံ သဘောတူညီချက် (၅) ရပ်ထဲတွင် တွေ့ဆုံဆွေးနွေးရန် အချက်ပါရှိကြောင်း၊ မိမိတို့အနေဖြင့် ယခုကဲ့သို့သော အခြေအနေမျိုးမရောက်ရှိရန်အတွက် မဲစာရင်းများမှားယွင်းမှုကို ဖြေရှင်းဆောင်ရွက်ပေးရန် ၂၀၂၀ နှောင်းပိုင်းကာလ နိုဝင်ဘာ၊ ဒီဇင်ဘာနှင့် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလတို့တွင် ဖိတ်ခေါ်ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဖိတ်ခေါ်ရာတွင်လည်း လွှတ်တော်တွင် ဆွေးနွေးရန်၊ သို့မဟုတ် ကော်မရှင်နှင့်ဆွေးနွေးရန်အတွက် ပြောကြားခဲ့သော်လည်း ၎င်းတို့အနေဖြင့် ဆွေးနွေးရန်လက်ခံမှုမရှိခဲ့ဘဲ မျက်ကွယ်ပြုခဲ့ကြောင်း၊ ထိုသို့မျက်ကွယ်ပြုခဲ့ခြင်းမှာ ၎င်းတို့မဲစာရင်းမှားယွင်းမှုကိုဖြေရှင်းရန် သက်သေအထောက်အထားမပြနိုင်ခြင်း၊ မပြနိုင်ကြောင်းတွေ့ပါကလည်း မဲမသမာမှုကြောင့် ရွေးကောက်ပွဲအထမမြောက်မည်ကို ဝန်ခံရာရောက်မည်စိုးရိမ်သောကြောင့် ထိုသို့ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ကို တွေ့ရှိရကြောင်း။

ထို့ကြောင့်ရွေးကောက်ပွဲကိစ္စနှင့်ပတ်သက်၍ဆွေးနွေးမှုများမပြုလုပ်နိုင်ခဲ့ကြောင်း၊ ဆူပူအကြမ်းဖက်မှုများနှင့်ပတ်သက်၍ ဆွေးနွေးရန်မဖြစ်နိုင်ကြောင်း၊ ဥပဒေကြောင်းအရသာရင်ဆိုင်ဖြေရှင်းရမည်ဖြစ်ကြောင်း၊ မဲစာရင်းမှားယွင်းမှုအပေါ် နိုင်ငံရေးအရဖြေရှင်းခြင်းမပြုလုပ်ဘဲ အကြမ်းဖက်နည်းလမ်းများဖြင့်ဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုကဲ့သို့သောအခြေအနေများကို ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ နိုင်ငံရေးကို နိုင်ငံရေးအရ ဖြေရှင်းခြင်းမပြုလုပ်ဘဲ လက်နက်ကိုင်လမ်းစဉ်၊ အကြမ်းဖက်လမ်းစဉ်ဖြင့် ဆောင်ရွက်နေမည်ဆိုပါက တည်ငြိမ်ရန်ခက်ခဲနေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံရေးကို နိုင်ငံရေးနှင့်သာ ဖြေရှင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ နိုင်ငံရေးအရ ဖြေရှင်းခြင်းမရှိဘဲ အကြမ်းဖက်လုပ်ဆောင်လာပါက အကြမ်းဖက်မှုနှိမ်နင်းရေး လုပ်ငန်းစဉ်များဖြင့်သာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့ဘက်မှ ရည်ရွယ်ချက်ရှိရှိ စတင်တိုက်ခိုက်ခြင်းမျိုးမရှိဘဲ ဥပဒေနှင့်အညီသာ ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း။

**ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍**

ကိုဗစ်-၁၉နှင့်ပတ်သက်၍ ထိန်းသိမ်းမှုများ လုပ်ဆောင်နိုင်ခဲ့ကြောင်း၊ သို့သော် ယခုလ ဒုတိယပတ်မှစ၍ ပိုးတွေ့လူနာ ၁၀ ဦးနှင့် ၂၀ ဦးအကြားတွေ့ရှိနေရကြောင်း၊ ထို့ကြောင့် ကိုဗစ် – ၁၉ စည်းကမ်းချက်များကို စနစ်တကျဖြင့် လိုက်နာရန်လိုကြောင်း၊ မိမိတို့၏ အိမ်နီးချင်းနိုင်ငံများတွင် ကူးစက်မှုနှုန်းများမြင့်တက်လျက်ရှိကြောင်း၊ ပြည်ပမှ ဝင်ရောက်လာသူများကို ပိုမိုသတိထားဆောင်ရွက်ရမည်ဖြစ်ပြီး နယ်စပ်ဂိတ်ပေါက်များနှင့် အပြည်ပြည်ဆိုင်ရာ လေဆိပ်များတွင်လည်း စနစ်တကျဖြင့် စစ်ဆေးဆောင်ရွက်ကြရန်လိုကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုနှင့်ပတ်သက်၍အချို့သောကျေးရွာများတွင် အကြောင်းအမျိုးမျိုးဖြင့် ဆေးထိုးနှံမှုမရှိသေးသည့်သူများရှိနေကြောင်း၊ ထို့ကြောင့် တစ်ဖက်မှ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ ကိုဗစ်ရောဂါကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရောဂါများ ပြန့်ပွားမှုကိုထိန်းချုပ်နိုင်ရန် ကျန်းမာရေးရှုထောင့်မှကြည့်၍ ပြင်ဆင်ရန်လိုအပ်သည်များကို စနစ်တကျဖြင့် ကြိုတင်ပြင်ဆင်ထားရန်လိုကြောင်း။

မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လုပ်ဆောင်ချက်များနှင့်ပတ်သက်၍ ကောင်စီဝင်များအနေဖြင့် မိမိတို့အပိုင်းအလိုက် ဆောင်ရွက်၍ရသည်များကိုလိုက်ပါ၍ တွန်းအားပေးပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒေသအလိုက် ခေါင်းဆောင်များကို နိုင်ငံတော်မှ ဆောင်ရွက်နေသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများဆောင်ရွက်နေမှုနှင့်ပတ်သက်၍ သိရှိအောင်ဆောင်ရွက်ပြီး လုပ်ငန်းများအောင်မြင်ရေး တိုက်တွန်းဆောင်ရွက်ပေးမည်ဆိုပါက လုပ်ငန်းအရှိန်အဟုန်များ ယခုထက်ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း။

**ပြည်တွင်းနိုင်ငံခြားငွေကြေးလဲလှယ်နှုန်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံရှိ ဘဏ်အားလုံး၏ ဝင်ငွေထွက်ငွေအခြေအနေ၊ နိုင်ငံခြားကုန်သွယ်မှု ဝင်ငွေထွက်ငွေအခြေအနေတို့အပေါ်တွင် မူတည်ကာ ဗဟိုဘဏ်ကတွက်ချက် သတ်မှတ်ခြင်းဖြစ်၊ ဝိသမလောဘသားများ ဈေးကစားခြင်းကြောင့် ငွေကြေးတည်ငြိမ်မှုမရှိခြင်းဖြစ်၊ နိုင်ငံတကာတွင်လည်း စီးပွားရေးကျဆင်းမှုများ တွေ့ကြုံနေကြရ၊ အရန်ငွေကြေးနည်းပါးသည့် မိမိတို့နိုင်ငံအတွက်လည်း ထိခိုက်မှုများရှိ၊ သို့သော် လက်ရှိကုန်သွယ်မှုစနစ်အရ ပြဿနာမရှိနိုင်။**

ထို့နောက် ကောင်စီအဖွဲ့ဝင်များက ပြည်ပသြဇာခံများ၊ အမျိုးသားရေးသစ္စာဖောက်များနှင့် နိုင်ငံတော်သစ္စာဖောက်မှုများကို ထိရောက်စွာအရေးယူနိုင်သည့် ဥပဒေတစ်ရပ် ပြဋ္ဌာန်းနိုင်ရေး၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မှုနှင့်စပ်လျဉ်းသည့် သမိုင်းမှတ်တမ်းအသေးစိတ်ကို ကျောက်စာရေးထိုးမှတ်တမ်းတင်နိုင်ရေး၊ နိုင်ငံအတွင်း ကုန်ဈေးနှုန်းနှင့် လောင်စာဆီဈေးနှုန်း တည်ငြိမ်မှုမရှိစေရန် ဆောင်ရွက်နေသူများကို ထိရောက်စွာအရေးယူဆောင်ရွက်ရေး၊ သမိုင်းဝင်ပုဂ္ဂိုလ်အထိမ်းအမှတ်မော်ကွန်းဥပဒေတွင် ပြင်ဆင်ဖြည့်စွက်လိုသောအချက်များ၊ ပြည်ပပို့ကုန်မှ ရရှိသည့်နိုင်ငံခြားငွေကို ပြည်တွင်းဈေးကွက်အတွင်း ပုံမှန်လည်ပတ်နိုင်ရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် လူငယ်ရေးရာကော်မတီများတွင် ပါဝင်သင့်ပါဝင်ထိုက်သည့် အဖွဲ့အစည်းများ ထည့်သွင်းဖွဲ့စည်းပေးရေး၊ ဘာသာရေးကိုအကြောင်းပြု၍ လှည့်လည်စည်းရုံးဟောပြော လှုံ့ဆော်မှုများကို ထိန်းသိမ်းဆောင်ရွက်ရေး၊ ရခိုင်ပြည်နယ်တရားလွှတ်တော်အဆောက်အဦဆောက်လုပ်ရန် ခွင့်ပြုထားသည့်မြေနေရာရှိ အချို့ဝန်ကြီးဌာနပိုင် အဆောက်အဦနှင့် မြေနေရာများ စွန့်လွှတ်ပေးရေး၊ နိုင်ငံအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများ ချုပ်ငြိမ်းရေးအတွက် ဆောင်ရွက်သင့်သည့် အစီအမံများ၊ နိုင်ငံအတွင်းငွေကြေးတန်ဖိုး တည်ငြိမ်ရေးအတွက် ဆောင်ရွက်သင့်သည့်နည်းလမ်းများနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က သမိုင်းဝင်ပုဂ္ဂိုလ်အထိမ်းအမှတ်မော်ကွန်းဥပဒေတွင် ပြင်ဆင်ဖြည့်စွက်သင့်သည့် အချက်များကို အကြံပြု ဆွေးနွေးတင်ပြသည်။

ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လူငယ်ရေးရာကော်မတီများ ဖွဲ့စည်းမှုနှင့်ပတ်သက်၍ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြည်တွင်းနိုင်ငံခြားငွေကြေးလဲလှယ်နှုန်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံရှိ ဘဏ်အားလုံး၏ ဝင်ငွေထွက်ငွေအခြေအနေ၊ နိုင်ငံခြားကုန်သွယ်မှုဝင်ငွေထွက်ငွေအခြေအနေတို့အပေါ်တွင် မူတည်ကာ ဗဟိုဘဏ်က တွက်ချက်သတ်မှတ်ခြင်းဖြစ်ကြောင်း၊ ဝိသမလောဘသားများ ဈေးကစားခြင်းကြောင့် ငွေကြေးတည်ငြိမ်မှုမရှိခြင်းဖြစ်ကြောင်း၊ နိုင်ငံတကာတွင်လည်း စီးပွားရေးကျဆင်းမှုများ တွေ့ကြုံနေကြရကြောင်း၊ အရန်ငွေကြေး နည်းပါးသည့် မိမိတို့နိုင်ငံအတွက်လည်း ထိခိုက်မှုများရှိကြောင်း၊ သို့သော် လက်ရှိကုန်သွယ်မှုစနစ်အရ ပြဿနာမရှိနိုင်ကြောင်း။

စက်သုံးဆီနှင့်ပတ်သက်၍ ယခုလကုန်အထိလုံလောက်စွာရှိပြီးဖြစ်ကြောင်း၊ ဝယ်ယူထားပြီးဖြစ်သည့် စက်သုံးဆီတင် သင်္ဘောများလည်း မကြာမီဆိုက်ရောက်မည်ဖြစ်ကြောင်း၊ ထို့ပြင် ရုရှားနိုင်ငံမှ ဝယ်ယူထားသည့် စက်သုံးဆီများ ယခုလကုန်ပြီး မကြာမီဝင်ရောက်လာမည်ဖြစ်ပြီး ဆက်တိုက်ဝင်ရောက်လာမည်ဖြစ်ကြောင်း။ ထို့ကြောင့် စက်သုံးဆီနှင့်ပတ်သက်၍ စိုးရိမ်ပူပန်ရန်မလိုကြောင်း၊ စက်သုံးဆီဈေးနှုန်းပတ်သက်၍ ကုန်သည်များ ဈေးကစားနေခြင်းသာဖြစ်ကြောင်း၊ သတ်မှတ်ချက်အတိုင်း ရောင်းချပေးရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း။

မိမိတို့တာဝန်ယူသည့်ကာလ တစ်နှစ်ခွဲကာလအတွင်း အခက်အခဲမျိုးစုံကို ဖြတ်ကျော်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုလာမည့် ခြောက်လတာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊

စီးပွားရေး ဦးမော့လာအောင် ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်း ခြောက်လတာကာလသည် အရှိန်အဟုန်ဖြင့် မောင်းနှင်ဆောင်ရွက်ရမည့်ကာလဖြစ်ကြောင်း၊ စီးပွားရေးဦးမော့လာပြီး နိုင်ငံရေးတည်ငြိမ်အောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ယင်းအတွက် ငြိမ်းချမ်းရေးကိုလည်း ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း၊ မိမိတို့အားလုံး တက်ညီလက်ညီတွန်းအားဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ကောင်စီဝင်များအနေဖြင့်လည်း ရှုထောင့်မျိုးစုံမှ စွမ်းအားရှိသမျှ ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

■ ■ ■

# ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် Ms. Noeleen Heyzer နှင့် တွေ့ဆုံဆွေးနွေးပြောကြားသည့်စကား

( ၁၇ - ၈ - ၂၀၂၂ )



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Noeleen Heyzer တို့၏ တွေ့ဆုံမှုအပေါ်တွင် အထူးကိုယ်စားလှယ်မှ တစ်ဖက်သတ် ထုတ်ပြန်ချက်များသည် မြန်မာနိုင်ငံအပေါ် နိုင်ငံ တကာ နှင့် ပြည်သူလူထုမှ အထင်အမြင်လွဲမှားမှုများ ဖြစ်ပေါ် စေခဲ့ခြင်းကြောင့် တွေ့ဆုံစဉ်ဆွေးနွေးမှုများကို ပြည့်စုံစွာ ဖော်ပြလိုက်ရပါသည်။**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်တွင် တွေ့ဆုံဆွေးနွေးခဲ့ပြီး တွေ့ဆုံဆွေးနွေးခဲ့မှုများနှင့် ပတ်သက်ပြီး ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အနေဖြင့် မြန်မာနိုင်ငံနှင့်ပတ်သက်၍ အပြုသဘောမဆောင်သော ထုတ်ပြန်ချက်ကို ထုတ်ပြန်ခဲ့သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်တို့ တွေ့ဆုံဆွေးနွေးစဉ် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂတို့ အကြား ရေရှည်လက်တွဲ ဆောင်ရွက်နိုင်ရန်အတွက် သတင်းများနှင့်ပတ်သက်ပြီး ထိန်းထိန်းသိမ်းသိမ်းထုတ်ပြန်ဆောင်ရွက်ရန်အတွက် သဘောတူညီခဲ့ကြသည်။

**၃။ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်၏ မိတ်ဆက်ပြောကြားမှု**

မြန်မာနိုင်ငံနှင့် နှစ်ပေါင်းများစွာ ရင်းနှီးခဲ့ဖူးသည့် မိတ်ဆွေတစ်ဦးအနေဖြင့် လာရောက်ခဲ့ခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွက် မည်ကဲ့သို့သော အကြံဉာဏ်များပေးရမည်ကို ဖော်ဆောင်၍ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏အရေးကိစ္စသည် ဘက်ပေါင်းစုံမှပါဝင်ဆောင်ရွက်ရမည့် အရေးကိစ္စဖြစ်၍ စိန်ခေါ်မှုများစွာ ရှိပါသည်။ အဆိုပါစိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် မိမိအနေဖြင့် အချက် ၄ ချက်

ဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ပထမအချက်အနေဖြင့် မိမိတို့အကြား ဆက်သွယ်ဆောင်ရွက်နေမည့် တွေ့ဆုံဆွေးနွေးမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်လိုပါသည်။

မြန်မာနိုင်ငံအစိုးရအနေဖြင့် ဦးတည်ချက် ၉ ရပ် ချမှတ်ဆောင်ရွက်လျက်ရှိသည်ကို မိမိအနေဖြင့် သိရှိထားပါသည်။ မိမိအနေဖြင့် ဒုတိယအချက်အဖြစ် လူသားချင်း စာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာကိစ္စများကိုလည်း ဆွေးနွေးလိုပါသည်။ နိုင်ငံရေးဦးတည်ချက် ၃ ရပ်၏ နောက်ဆုံးအချက်မှာ မြန်မာနိုင်ငံအနေဖြင့် “လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ”ကို လိုက်နာကျင့်သုံးရေး” ဟူ၍ ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ အဆိုပါအချက်မှာ မိမိတို့လိုလားသည့်အချက်ဖြစ်ပြီး မိမိတို့အနေဖြင့် အခြားနိုင်ငံများနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးဟူသောမူဝါဒကို လက်ခံယုံကြည်ထားပါသည်။ မိမိအနေဖြင့်လည်း ယင်းကိစ္စနှင့်ပတ်သက်၍ အကောင်အထည်ဖော် ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Mr. Antonio Guterres သည် ကုလသမဂ္ဂပဋိညာဉ်ကို ကာကွယ်စောင့်ရှောက်နေသောပုဂ္ဂိုလ်တစ်ဦး ဖြစ်ပါသည်။ **ကုလသမဂ္ဂပဋိညာဉ်တွင် နိုင်ငံအားလုံး၏ အချုပ်အခြာ အာဏာပိုင်ဆိုင်ခွင့်နှင့်ပတ်သက်၍ တိကျစွာ ပြဋ္ဌာန်းထားပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုအား အမြဲတမ်းဖော်ပြလျက်ရှိသည်ကို မိမိအနေဖြင့် သတိပြုမိ** ပါသည်။ ကမ္ဘာပေါ်တွင် နောက်ထပ်ဖြစ်ပေါ်လာမည့် ပဋိပက္ခဖြစ်ပွားမှုများနှင့် အကြမ်းဖက်မှုများကို တားဆီးနိုင်ရန်ရည်ရွယ်၍ ကုလသမဂ္ဂအဖွဲ့အစည်းကို ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါသည်။

အဓိက အရေးကြီးဆုံးအချက်မှာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးပင် ဖြစ်ပါသည်။ မြန်မာနိုင်ငံဘက်က အမြဲတမ်း ထုတ်ဖော်ပြောကြားလျက်ရှိသည့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုဟူသော အချက်နှင့်ပတ်သက်၍လည်း ကုလသမဂ္ဂအနေဖြင့် နိုင်ငံများ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို အမြဲတမ်းအသိအမှတ်ပြု လေးစားလျက်ရှိပါသည်။

အဆွေတော်အနေဖြင့် လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌ စိုက်ပျိုးရေးကဏ္ဍကို အဓိကအခြေခံလျက် နိုင်ငံ၏စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်မည်ဟုပြောကြားခဲ့သည်ကို မိမိအနေဖြင့် မှတ်သားမိပါသည်။ မြန်မာနိုင်ငံနှင့်ကိုက်ညီမှုရှိသည့် စီးပွားရေးစနစ်ကို လက်ရှိအခြေအနေနှင့်အညီ ဆောင်ရွက်သွားမည်ဟူသောအချက်ကိုလည်း မိမိအနေဖြင့် ကြိုဆိုလက်ခံပါသည်။ မိမိအနေဖြင့် စီးပွားရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်တစ်ဦးကို မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေများလေ့လာနိုင်ရန် မြန်မာနိုင်ငံသို့ ဖိတ်ခေါ်ခဲ့ပါသည်။ မြန်မာနိုင်ငံသည် သဘာဝသယံဇာတ ပေါကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ သို့ရာတွင် အဆိုပါသယံဇာတများသည် မြေအောက်ထဲ၌သာရှိနေပြီး မြေပေါ်မှတစ်ဆင့် စီးပွားရေးအဖြစ်မည်ကဲ့သို့ အသုံးချဆောင်ရွက်နိုင်မည့် နည်းလမ်းကို မြန်မာ နိုင်ငံအနေဖြင့် လိုအပ်နေခြင်းဖြစ်သည်ဟု ၎င်းက မှတ်ချက်ပြုပြောကြားခဲ့ပါသည်။ မြန်မာနိုင်ငံသည် လူ့အခွင့်အရေးဆိုင်ရာကြေညာချက်စာတမ်း၌ ပထမဆုံးလက်မှတ်ရေးထိုးခဲ့သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ မြန်မာနိုင်ငံ၌ယင်းကဲ့သို့ကောင်းမွန်သည့်သမိုင်းကြောင်းများရှိခဲ့သည့်အတွက် မိမိအနေဖြင့် ချီးကျူးဂုဏ်ပြုလိုပါသည်။ အဆွေတော်အနေဖြင့် မြန်မာနိုင်ငံ၏အနာဂတ်ကို ပုံဖော်နိုင်စွမ်းရှိသည့် အင်အားရှိပြီး အဆွေတော်၏ သား၊ သမီး၊ မြေး၊ မြစ်တို့၏အနာဂတ်ကို မည်ကဲ့သို့ပုံဖော်မည်ဆိုသည့်အချက်သည်လည်း အဆွေတော်၏ လက်အတွင်း၌သာ ရှိပါသည်။ **မြန်မာနိုင်ငံအား မည်ကဲ့သို့ ပုံဖော်၍ မည်သည့်လမ်းစဉ်များနှင့် ဆောင်ရွက်သွားမည်ဆိုသည့်အချက်ကို အဆွေတော်ချမှတ်ထားသော ဦးတည်ချက် ၉ ရပ် တွင် သိသာထင်ရှားစွာ မြင်တွေ့**ရပါသည်။

ကိစ္စအချို့နှင့်ပတ်သက်၍ မိမိအနေဖြင့် အဆွေတော်အား မေတ္တာရပ်ခံ တောင်းဆိုလိုပါသည်။ ယင်းတောင်းဆိုချက်များသည် မိမိတို့ရှေ့ဆက်သွားမည့် အနာဂတ်လမ်းကြောင်းကို ဆက်သွယ်ဆောင်ရွက်ပေးနိုင်မည့် အခြေခံအုတ်မြစ်များပင် ဖြစ်ပါသည်။ မိမိ၏ အကြံပြုချက်များ၊ တောင်းဆိုချက်များ၊ တင်ပြချက်များသည် မြန်မာပြည်သူအားလုံးပါဝင်၍ ရေရှည်ဖွံ့ဖြိုး

တိုးတက်ပြီး ချမ်းသာကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်လာစေရန် တည်ဆောက်ရာတွင် ချိတ်ဆက်ဆောင်ရွက်ပေးနိုင်မည့် အခြေခံအုတ်မြစ်များ ဖြစ်လိမ့်မည်ဟု မိမိအနေဖြင့် မျှော်လင့်မိပါသည်။

**၄။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ပြန်လည်ပြောကြားဆွေးနွေးမှု**

အဆွေတော်နှင့် ပထမဆုံး တွေ့ဆုံဆွေးနွေးသည့်အချိန်၌ အဆွေတော်၏သဘောထားကို သိရှိလိုသည့်အတွက် အဆွေတော်ကို ဦးစွာဆွေးနွေးပြောကြားခွင့်ပြုခြင်း ဖြစ်ပါသည်။ **မိမိအနေဖြင့် လက်ရှိအချိန်တွင် မြန်မာနိုင်ငံအစိုးရအဖွဲ့ကိုဦးဆောင်၍ တာဝန်ယူဆောင်ရွက်နေ**ပါသည်။ ထို့အပြင် **မိမိအနေဖြင့် မြန်မာနိုင်ငံအား မည်ကဲ့သို့ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်မည်ဆိုသည့်စိတ်ဖြင့် ဆောင်ရွက်လျက်ရှိ**ပါသည်။ သို့ရာတွင် မိမိအနေဖြင့် မြန်မာနိုင်ငံအစိုးရအဖွဲ့ကို ဦးဆောင်၍ တာဝန်ယူဆောင်ရွက်သည့် ကာလသည် အကန့်အသတ်ရှိပါသည်။ အထက်၌ ပြောကြားခဲ့သည့်ကိစ္စရပ်များအား လာမည့်ကာလတွင် အထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ်၍ တာဝန်ထမ်းဆောင်မည့်အစိုးရအဖွဲ့ကသာ ဆောင်ရွက်ရမည် ဖြစ်ပါသည်။

**မြန်မာနိုင်ငံအနေဖြင့် လက်ရှိအချိန်အထိ ကုလသမဂ္ဂပဋိညာဉ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း မရှိပါ။ ကုလသမဂ္ဂအနေဖြင့် အဖွဲ့ဝင်နိုင်ငံများ အပေါ် ချမှတ်ထားသည့်ပဋိညာဉ်နှင့်အညီ ထိတွေ့ဆက်ဆံဆောင်ရွက်သွားရန် လိုအပ်ပါသည်။ ယင်းကဲ့သို့ ထိတွေ့ဆက်ဆံဆောင်ရွက်မှသာ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကုလသမဂ္ဂ အပေါ် ယုံကြည်မှုရှိလာမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများသည် ကုလသမဂ္ဂ၏ အရိပ်အာဝါသကြောင့် အေးမြသည့် အရသာကို လိုလားတောင့်တနေသည့် နိုင်ငံများဖြစ်ပါသည်။**

ဥပဒေကြောင်းအရ ပြောကြားရမည်ဆိုလျှင် မြန်မာနိုင်ငံတော်သမ္မတအဖြစ် ၂ ကြိမ်ဆက်တိုက် ၁၀ နှစ်တာကာလအဖြစ် တာဝန်ယူ ဆောင်ရွက်နိုင်ပါသည်။ အဆိုပါကိစ္စများသည် ၁၀ နှစ်တာကာလအတွင်း အထွေထွေရွေးကောက်ပွဲ၌ အနိုင်ရရှိမည့် သမ္မတကသာ အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ ဖြစ်ပါသည်။ လက်ရှိအခြေအနေ၌ နိုင်ငံတော် အရေးပေါ်အခြေအနေကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအရ တာဝန်ယူဆောင်ရွက်နေခြင်း ဖြစ်ပါသည်။ အဓိကအားဖြင့် အဆိုပါကိစ္စများထက် ပိုမိုအရေးကြီးသည့်ကိစ္စမှာ အဆွေတော်နှင့်မိမိတို့အကြား မည်ကဲ့သို့ ပူးပေါင်းဆောင်ရွက်မည် ဆိုသည့်ကိစ္စများကိုသာ ပထမဆုံး ဖြေရှင်းဆောင်ရွက်သွားမည်ဆိုလျှင် ပိုမိုကောင်းမွန်မည် ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍဆိုင်ရာကိစ္စရပ်များ၌ လိုအပ်ချက်များစွာ ရှိပါသည်။ ဥပမာအနေဖြင့် မြန်မာနိုင်ငံသည် မြေပေါ်မြေအောက် သဘာဝသယံဇာတများ ပေါကြွယ်ဝပြီး အဆိုပါသဘာဝသယံဇာတများကို တူးဖော်အသုံးပြုရန် နည်းပညာများ လိုအပ်မှုရှိသည်ကို အဆွေတော်အနေဖြင့် အထက်၌ပြောကြားခဲ့ပါသည်။ အဆိုပါ **မြေပေါ်မြေအောက် သဘာဝသယံဇာတများသည် တိုင်းပြည်တစ်ခုအတွက် အရန်(Reserve)သာဖြစ်ပြီး တိုင်းပြည်အတွင်းရှိ မြေ၊ ရေနှင့် လူသားအရင်းအမြစ်များအသုံးပြု၍ တိုင်းပြည်ကို ဖွံ့ဖြိုးတိုးတက်စေရန် မည်ကဲ့သို့ဆောင်ရွက်သွားရမည်**ကို မိမိအနေဖြင့် စဉ်းစားထားပါသည်။ မြေပေါ်မြေအောက် သဘာဝသယံဇာတများကို အသုံးပြု၍ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ပြုလုပ်ခြင်းထက် လူသားအရင်းအမြစ်များ အသုံးပြု၍ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ပြုလုပ်ခြင်းကို ပိုမိုစိတ်ဝင်စားသော်လည်း ဆောင်ရွက်နိုင်မှု အားနည်းနေပါသည်။ မိမိအနေဖြင့် ပြောကြားလိုသည်မှာ အဆွေတော်၏ပြောကြားချက်အား မိမိအနေဖြင့် လက်ခံခြင်း/လက်မခံခြင်းကို ပြောကြားလိုခြင်းမဟုတ်ပါ။ မိမိအနေဖြင့် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂအကြားကိစ္စများအား ဆွေးနွေးပြောကြားလိုပါသည်။ မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်၌ လွတ်လပ်ရေးရရှိခဲ့ပြီး ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ခဲ့ပါသည်။ လက်ရှိအချိန်တွင် ၇၅

နှစ် ပြည့်မြောက်တော့မည် ဖြစ်ပါသည်။ ကုလသမဂ္ဂ တည်ထောင်ခြင်း နှစ် ၅၀ ရွှေရတုအထိမ်းအမှတ် အခမ်းအနားတွင် ယခင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးကတက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂပဋိညာဉ်ကို လိုက်နာကျင့်သုံးလျက် ရှိပါသည်။

စစ်အေးကာလအတွင်း အနောက်အုပ်စုနှင့် အရှေ့အုပ်စုတို့အနေဖြင့် ပဋိပက္ခများဖြစ်ပွားခဲ့ပြီး ကမ္ဘာကြီးတစ်ခုလုံးတွင် မငြိမ်မသက်မှုများ ဖြစ်ပွားခဲ့ပါသည်။ မျက်မှောက်ကာလ၌လည်း ကမ္ဘာကြီးတစ်ခုလုံး မငြိမ်မသက်မှုများ ဖြစ်ပွားနိုင်သည့်အခြေအနေ ရှိနေပါသည်။ ယင်းအခြေအနေကို ရှောင်လွှဲနိုင်ရေးသည် အရေးကြီးသည်ဟု မိမိအနေဖြင့် ထင်မြင်ယူဆမိပါသည်။ မြန်မာနိုင်ငံအနေဖြင့် လက်ရှိအချိန်အထိ ကုလသမဂ္ဂပဋိညာဉ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း မရှိပါ။ ကုလသမဂ္ဂအနေဖြင့် အဖွဲ့ဝင်နိုင်ငံများအပေါ် ချမှတ်ထားသည့်ပဋိညာဉ်နှင့်အညီ ထိတွေ့ဆက်ဆံဆောင်ရွက်သွားရန် လိုအပ်ပါသည်။ ယင်းကဲ့သို့ ထိတွေ့ဆက်ဆံဆောင်ရွက်မှသာ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကုလသမဂ္ဂအပေါ် ယုံကြည်မှုရှိလာမည်ဖြစ်ပါသည်။ **မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများသည် ကုလသမဂ္ဂ၏ အရိပ်အာဝါသကြောင့် အေးမြသည့်အရသာကို လိုလားတောင့်တနေသည့် နိုင်ငံများ ဖြစ်**ပါသည်။ အဆိုပါကိစ္စသည် အရေးကြီးသည့်လိုအပ်ချက်တစ်ခု ဖြစ်ပါသည်။ အဓိကအားဖြင့် ကုလသမဂ္ဂသည် ဒုက္ခရောက်နေသည့်၊ အခက်အခဲရှိနေသည့်၊ လိုအပ်ချက်များရှိနေသည့် နယ်ပယ်များတွင် အကူအညီပေးအပ်ခြင်းများ ပြုလုပ်ရသည်ဟု မိမိတို့အနေဖြင့် နားလည်သဘောပေါက်ထားပါသည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အနေဖြင့် ကုလသမဂ္ဂပဋိညာဉ်ကို လိုက်နာစောင့်ထိန်းသူတစ်ဦးဖြစ်သည်ဟု အဆွေတော်အနေဖြင့် အထက်၌ ဆွေးနွေးပြောကြားခဲ့ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သကဲ့သို့ မြန်မာနိုင်ငံသားဦးသန့်သည်လည်း ကုလသမဂ္ဂတွင် အတွင်းရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ မိမိအနေဖြင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူများအနက် Mr. Kofi Annan နှင့်သာသိကျွမ်းပြီး ၎င်းနှင့် သုံးကြိမ်ဆွေးနွေးခဲ့ဖူးပါသည်။ **ကုလသမဂ္ဂအတွင်းရေးမှူးချုပ်သည် ကမ္ဘာ့နိုင်ငံများ၏ ဆိုးတိုင်ပင်ကောင်းတိုင်ပင် ပုဂ္ဂိုလ်မျိုး ဖြစ်ရန် လိုအပ်**ပါသည်။

မိမိအနေဖြင့် ၂၀၁၁ ခုနှစ်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၁ နှစ်ခန့် ကြာမြင့်ပြီဖြစ်ပါသည်။ အဆိုပါကာလအတွင်း ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများ၊ အရာရှိကြီးအဖြစ် တာဝန်ထမ်းဆောင်သည့်အချိန်တွင် ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများအရ မြန်မာနိုင်ငံအပေါ် ကုလသမဂ္ဂ၏ ပြောကြားချက်များသည် တစ်ဖက်သတ်ပြောကြားချက်များ ဖြစ်နေသည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံအတွက် စိတ်မကောင်းဖွယ်ရာကိစ္စများပင် ဖြစ်ပါသည်။ အဆွေတော်အနေဖြင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်သည့်အချိန်တွင် အဆိုပါကိစ္စကို မည်ကဲ့သို့ကျော်လွှားမည်ဟူသည့်အချက်ကို ဦးစွာဖြေရှင်းရန်လိုအပ်မည်ဟု မိမိအနေဖြင့် ထင်မြင်ယူဆမိပါသည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် ခန့်အပ်တာဝန်ပေးခြင်းကို လွန်ခဲ့သည့်နှစ်ပေါင်း ၃၀ ခန့်က စတင်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။ ကုလသမဂ္ဂနှင့် မြန်မာနိုင်ငံအကြား ဆက်ဆံရေး ကောင်းမွန်စေလိုသည့်အတွက် အပြုသဘောဆောင်၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်နှင့် ဆက်ဆံဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။ မိမိအနေဖြင့် အဆွေတော်အပေါ် ပုဂ္ဂိုလ်ရေးအရ မည်သည့်ခံစားချက်မျှမရှိပါ။ မိမိအနေဖြင့် ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်လိုသည့်အတွက် ယခုကဲ့သို့ အဆွေတော်နှင့်တွေ့ဆုံရန် သဘောတူခဲ့ခြင်း ဖြစ်ပါသည်။ အခက်အခဲများစွာရှိသော်လည်း အဆွေတော် မြန်မာနိုင်ငံသို့ ခရီးစဉ်လာရောက်နိုင်စေရန် ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံ၏အချုပ်အခြာအာဏာကို ဝင်ရောက်မစွက်ဖက်ဟု အဆွေတော်အနေဖြင့် ဆွေးနွေးပြောကြားခဲ့ပါသည်။ မြန်မာနိုင်ငံသည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး ၅ ရပ်နှင့်အညီ ကျင့်သုံးနေထိုင်သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ နိုင်ငံခြားရေး

**မြန်မာနိုင်ငံကို ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်၌ လျှောက်လှမ်းနိုင်ရေး အတွက် မြန်မာ့တပ်မတော်က လုပ်ဆောင်ပေး ခဲ့ခြင်းဖြစ်ပါသည်။ အခြေခံဥပဒေအား မြန်မာ့ တပ်မတော်က ရေးဆွဲပေးခဲ့ခြင်းမဟုတ်ဘဲ နိုင်ငံရေးလောကတွင် ထင်ပေါ်ကျော်ကြား သူများ၊ နိုင်ငံ့ဝန်ထမ်းများ၊ တောင်သူ လယ်သမားများ၊ အလုပ်သမားများ စသည့် အလွှာပေါင်း ၈ လွှာမှ ပုဂ္ဂိုလ်ပေါင်း ၁,၀၀၀ ကျော်က ပါဝင်ရေးဆွဲပေးခဲ့ခြင်း ဖြစ်ပါသည်။**

မူဝါဒတွင်လည်း ယင်းကဲ့သို့ တိကျစွာ ပြဋ္ဌာန်းထားပါသည်။ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး ၅ ရပ်အနက် နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ ပြည်တွင်းရေးကိစ္စရပ်များတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြု၊ နိုင်ငံတစ်နိုင်ငံပိုင်နက် နယ်မြေတည်တံ့ရေးနှင့် အချုပ်အခြာအာဏာကို အခြားတစ်နိုင်ငံက လေးစားရန် စသည့် အချက်များ ပါဝင်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်)အရမြန်မာနိုင်ငံတွင် နိုင်ငံရေးအရ အရေးပေါ် အခြေအနေကြေညာ၍ တပ်မတော်က တာဝန်ယူခဲ့ရပါသည်။ မြန်မာနိုင်ငံကို တရားဥပဒေ လမ်းကြောင်းအပေါ် လျှောက်လှမ်းနိုင်ရေး ပြန်လည် ဆောင်ရွက်နေသည့်အချိန်၌ ကုလသမဂ္ဂ အနေဖြင့် မိမိတို့၏လုပ်ဆောင်ချက်များအပေါ် အသိအမှတ်မပြုသည်ကို တွေ့ရှိရပါသည်။ ကုလသမဂ္ဂ အနေဖြင့် မည်သည့်အတွက်ကြောင့် အသိအမှတ်မပြုခြင်းနှင့်ပတ်သက်၍ မေးခွန်းများ ရှိလာပါသည်။ ကုလသမဂ္ဂအနေဖြင့် နိုင်ငံတစ်နိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းမပြုဟု ပြောကြားလျက်ရှိသော်လည်း မည်သည့်အတွက်ကြောင့် မိမိတို့၏ လုပ်ဆောင်ချက်များအပေါ် အသိအမှတ်မပြုသည့် အခြေအနေသို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်ကို သိရှိလိုပါသည်။ အဆွေတော်အနေဖြင့် ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်တွင် စင်ကာပူလေကြောင်းလိုင်းဖြင့် မြန်မာနိုင်ငံသို့ ခရီးစဉ်လာရောက်ခဲ့သည်ကို တွေ့မြင်ခဲ့ရပါသည်။ မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင် အစိုးရတစ်ရပ်ဖြင့် တည်ငြိမ်နေသော နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက်ကြောင့် စင်ကာပူလေကြောင်းလိုင်းမှ လေယာဉ်သည် မြန်မာနိုင်ငံတွင် ဆင်းသက်ခြင်း ဖြစ်ပါသည်။ ယင်းကဲ့သို့အခြေအနေမဟုတ်ပါက စင်ကာပူ လေကြောင်းလိုင်းမှ လေယာဉ်သည် မြန်မာနိုင်ငံတွင် ဆင်းသက်မည်မဟုတ်ပါ။ မြန်မာနိုင်ငံတွင် စီးပွားရေးအရ ဆောင်ရွက်နေသည့် လေကြောင်းလိုင်း ၁၆ ခု ပြေးဆွဲလျက်ရှိပါသည်။ အဆွေတော်အနေဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သုံးနာရီခန့်စောင့်ဆိုင်း၍ ညနေပိုင်းတွင် လေကြောင်းခရီးစဉ်ဖြင့် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လာရောက်ခဲ့ပါသည်။ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့လာရောက်မည့်အချိန်ကာလတွင် အဆွေတော်အနေဖြင့် ရန်ကုန်မြို့ကိုလှည့်ပတ်ကြည့်ရှု၍ ရန်ကုန်မြို့မှ နေပြည်တော်သို့ မော်တော်ယာဉ်ဖြင့် လာမည်ဆိုလျှင် မြန်မာနိုင်ငံ၏အခြေအနေကို ပိုမိုသိရှိမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏အခြေအနေကို အမှန်တကယ်သိရှိအောင် ဆောင်ရွက်ပြီးမှသာ မြန်မာနိုင်ငံနှင့်ပတ်သက်၍ မှတ်ချက်ပြုပြောကြားခြင်းသည် ပို၍ကောင်းမွန်မည်ဟု ယူဆပါသည်။ မြန်မာနိုင်ငံ၏အခြေအနေ တည်ငြိမ်မှုရှိနေသည်ကို ကုလသမဂ္ဂက မြန်မာနိုင်ငံအရေးကိစ္စနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုများရှိနေသည်ဟု အမျိုးမျိုး ထုတ်ပြန်ကြေညာနေခြင်းအပေါ် မိမိတို့အနေဖြင့် နားမလည်နိုင်ပါ။ မိမိတို့အနေဖြင့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့နှင့် ပတ်သက်၍ ဥပဒေလမ်းကြောင်းဖြင့်သာ အမှန်တကယ်ဆောင်ရွက်ပါသည်။

မြန်မာ့တပ်မတော်အနေဖြင့် နိုင်ငံတော်၏လိုအပ်ချက်အရ ထိန်းသိမ်းဆောင်ရွက်လျက်ရှိသော်လည်း မိမိတို့အစိုးရသည် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)အရ ဖြစ်တည်လာသည့်အစိုးရ ဖြစ်ပါသည်။ **မိမိတို့အစိုးရသည် ဥပဒေဖြင့် လုပ်ဆောင်ရသော အဖွဲ့အစည်းဖြစ်သည့်အတွက် ကိစ္စအားလုံးကို ဥပဒေအတိုင်းသာ ဆောင်ရွက်**ပါသည်။ ယင်းအချက်နှင့်ပတ်သက်၍ ကုလသမဂ္ဂအနေဖြင့် သဘောပေါက်နားလည်စေလိုပြီး ၎င်းတို့ သိရှိထား

သောအချက်များနှင့် မြန်မာနိုင်ငံ၏ မြေပြင်အခြေအနေများသည် လွန်စွာကွာခြားမှုရှိနေသည်ကို မိမိအနေဖြင့် အသိပေးပြောကြားလိုပါသည်။ မြန်မာနိုင်ငံတွင် ၂၀၂၁ ခုနှစ်၌ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အခက်အခဲများစွာဖြစ်ပေါ်ခဲ့ပါသည်။ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကပ်ရောဂါ ဒုတိယလှိုင်း၊ တတိယလှိုင်းဖြစ်ပွားခဲ့သည့် အချိန်၌ ပြင်းပြင်းထန်ထန်ခံစားခဲ့ရပြီး စီးပွားရေးလုပ်ငန်းများ တုံ့ဆိုင်းခဲ့ပါသည်။ အခက်အခဲများကို ကျော်လွှားနိုင်ရေးအတွက် မြန်မာနိုင်ငံအစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်ရသည်များ ရှိသကဲ့သို့ တစ်ဖက်တွင်လည်း ကုလသမဂ္ဂစသည့် အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း မျှော်လင့်ခဲ့ပါသည်။ သို့ရာတွင်မည်သည့်အကူအညီမျှရရှိခဲ့ခြင်းမရှိပါ **“ကျန်ရစ်သူမရှိစေရ (Leave No One Behind)” ဟူသည့် ကုလသမဂ္ဂ၏ မူဝါဒအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်သော ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)ပင်လျှင် မြန်မာနိုင်ငံကို မည်သည့်အကူအညီမျှပေးအပ်ခဲ့ခြင်းမရှိ**ပါ။ ယင်းကိစ္စမှာ လွန်စွာဝမ်းနည်းဖွယ်ကောင်းပါသည်။ လူသားတစ်ဦး၏ အသက်ရှင်သန်ရေးကိစ္စပင် ဖြစ်ပါသည်။ လူသားတစ်ဦး အန္တရာယ်ကြုံတွေ့နေရချိန်၌ စစ်မက်ဖြစ်ပွားနေသော နိုင်ငံကိုပင် အကူအညီပေးအပ်ခဲ့ပြီး မြန်မာနိုင်ငံအခက်အခဲ ကြုံတွေ့နေရချိန်၌ အကူအညီမပေးအပ်နိုင်စရာ အကြောင်းမရှိဟု မိမိအနေဖြင့် ထင်မြင်ယူဆပါသည်။ ကံကောင်းစွာပင် မြန်မာနိုင်ငံ၏ မိတ်ဆွေနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများ အထူးသဖြင့် ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် မြန်မာနိုင်ငံကို များစွာအကူအညီပေးခဲ့ပါသည်။ အဆိုပါအကူအညီများကြောင့် မြန်မာနိုင်ငံသားများ၏ အသက်များစွာကို အန္တရာယ်ကင်းအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ **အာဆီယံအဖွဲ့အနေဖြင့် အာဆီယံလူသားချင်း စာနာထောက်ထားမှု အကူအညီပေးအပ်ရေးညှိနှိုင်းမှုဗဟိုဌာန (AHA Centre)မှတစ်ဆင့် အနည်းငယ် ကူညီပေးခဲ့**ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ကိုယ်တိုင် ရုန်းကန်ဆောင်ရွက်ခဲ့ရခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံ၌ အကျပ်အတည်းများစွာ ကြုံတွေ့ခဲ့ရသည့် အချိန်တွင် အဆွေတော်တို့ဘက်က နိုင်ငံရေးအရ ဖိအားများပေးခဲ့ခြင်း ဖြစ်ပါသည်။ အာဆီယံအနေဖြင့်လည်းကောင်း၊ ကုလသမဂ္ဂအနေဖြင့်လည်းကောင်း ဖိအားအမျိုးမျိုးပေးခဲ့ပါသည်။ မိမိတို့ဘက်မှ ပြန်လည်တင်ပြရန် ဆောင်ရွက်ခဲ့သော်လည်း မိမိတို့ဘက်မှကိုယ်စားလှယ်ကို လက်မခံခဲ့ပါ။ ကုလသမဂ္ဂတွင် မြန်မာနိုင်ငံ၏ ကိုယ်စားလှယ်ထားရှိရေးကို အဆုံးအဖြတ်ပေးသည့် Credential Committee နှင့်ပတ်သက်၍ အဆွေတော်တို့အနေဖြင့် စဉ်းစားသုံးသပ်ရန် လိုအပ်မည်ဖြစ်ပါသည်။ ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်ရေး နယ်ပယ်တွင် ပထမဆုံးဖြေရှင်းရမည့်ကိစ္စမှာ ယင်းကိစ္စ ဖြစ်ပါသည်။

မြန်မာနိုင်ငံနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေကို ပြောကြားလိုပါသည်။ **မြန်မာနိုင်ငံကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ လျှောက်လှမ်းနိုင်ရေးအတွက် မြန်မာ့တပ်မတော်က လုပ်ဆောင်ပေးခဲ့ခြင်းဖြစ်**ပါသည်။ အခြေခံဥပဒေအား မြန်မာ့တပ်မတော်က ရေးဆွဲပေးခဲ့ခြင်းမဟုတ်ဘဲ နိုင်ငံရေးလောကတွင် ထင်ပေါ်ကျော်ကြားသူများ၊ နိုင်ငံ့ဝန်ထမ်းများ၊ တောင်သူလယ်သမားများ၊ အလုပ်သမားများ စသည့် အလွှာပေါင်း ၈ လွှာမှ ပုဂ္ဂိုလ်ပေါင်း ၁,၀၀၀ ကျော်က ပါဝင်ရေးဆွဲပေးခဲ့ခြင်း ဖြစ်ပါသည်။ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ လျှောက်လှမ်းလျက်ရှိသည့် မြန်မာနိုင်ငံတွင် လက်နက်ကိုင်အဖွဲ့ များစွာရှိနေပါသည်။ သို့ရာတွင် တပ်မတော်အနေဖြင့် အဆိုပါလက်နက်ကိုင်အဖွဲ့များနှင့် ၎င်းတို့နှင့်ပတ်သက်သည့် ပဋိပက္ခများကို ချုပ်ငြိမ်းအောင် ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်သို့ ခေါ်ဆောင်ဖြေရှင်းဆောင်ရွက်နေသည့် အခြေအနေကိုမူ အချို့နိုင်ငံများက သိရှိခြင်းမရှိကြပါ။ ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းသည့်အချိန်၌ နိုင်ငံအတွင်း လက်နက်ကိုင်ပဋိပက္ခများ ပပျောက်အောင် ဆောင်ရွက်ရမည်ဟူသောအချက်ကို တပ်မတော်အနေဖြင့် သိရှိသည့်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံးကို ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းလာစေရန်နှင့် ၎င်းတို့ကို တပ်မတော်၏ အစိတ်အပိုင်းဖြစ်သော တရားဝင်လက်နက်ကိုင်အဖွဲ့အဖြစ် ဖွဲ့စည်းပေးရန် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။ KNU၊ KNPP၊ KIA အဖွဲ့များသည် ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်သို့ လိုက်ပါလျှောက်လှမ်းလာခြင်းမရှိဘဲ လက်နက်ကိုင်လမ်းစဉ်အတိုင်းသာ ဆက်လက်လျှောက်လှမ်း

**ဒီမိုကရေစီစနစ်တွင် အထွေထွေ ရွေးကောက်ပွဲကျင်းပနိုင်ရေးမှာ လွန်စွာ အရေးကြီးသည့် အချက်တစ်ချက်ဖြစ်ပါသည်။ မဲပေးခွင့်ဆုံးရှုံးမှုများ ဖြစ်ပေါ်နေခြင်းသည် ဒီမိုကရေစီစနစ်အတွက် ကောင်းမွန်မှု မရှိသည့် လက္ခဏာတစ်ရပ်ဖြစ်ပါသည်။ အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့် ရှိသည့် နိုင်ငံသားတစ်ဦးတစ်ယောက်မကျန် ဆန္ဒမဲပေးနိုင်ရေးသည် နိုင်ငံတစ်နိုင်ငံ၏ အစိုးရ၊ သို့မဟုတ် တိုင်းပြည်တာဝန်ယူထားသည့် အဖွဲ့အစည်းတို့၏တာဝန်သာ ဖြစ်ပါသည်။**

ခဲ့ကြပါသည်။ လက်ရှိအချိန်တွင် မြန်မာ့တပ်မတော် အတွင်း၌ တပ်မတော်ကဲ့သို့ အသွင်ပြောင်း၍ တာဝန် ထမ်းဆောင်သည့် ယခင် EAO အဖွဲ့များ တပ်ရင်း ၂၀ ကျော်ရှိပါသည်။ ၎င်းတို့အနေဖြင့် မြန်မာ့တပ်မတော် နှင့်အတူ လက်တွဲဆောင်ရွက်ကာ တရားဝင်လက်နက် ကိုင်အဖွဲ့များအဖြစ် တည်ရှိနေကြပါသည်။ အဆိုပါ အခြေအနေနှင့်ပတ်သက်၍ မည်သူကမျှ ပြောကြားခဲ့ ခြင်းမရှိပါ။ မြန်မာနိုင်ငံ၌ ၂၀၁၀ ပြည့်နှစ်၊ ၂၀၁၅ ခုနှစ် နှင့် ၂၀၂၀ ပြည့်နှစ်တို့တွင် အထွေထွေရွေးကောက်ပွဲ ၃ ကြိမ် ကျင်းပခဲ့ပါသည်။ ၂၀၁၀ ပြည့်နှစ်တွင် ကျင်းပခဲ့ သည့် အထွေထွေရွေးကောက်ပွဲ၌ မြန်မာနိုင်ငံရှိ မြို့နယ် ပေါင်း ၃၃၀ အနက် ၃၂၅ မြို့နယ်တွင် အထွေထွေ ရွေးကောက်ပွဲကျင်းပနိုင်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ကျင်းပ ပြုလုပ်သည့် အထွေထွေရွေးကောက်ပွဲ၌ ၃၂၃ မြို့နယ် နှင့် ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပသည့် တတိယအကြိမ် အထွေထွေရွေးကောက်ပွဲ၌ ၃၁၅ မြို့နယ်တွင် အထွေထွေ ရွေးကောက်ပွဲ ကျင်းပနိုင်ခဲ့ပါသည်။ အထွေထွေ ရွေး ကောက်ပွဲ ပြုလုပ်နိုင်သည့်နယ်မြေများ တဖြည်းဖြည်း ကျဆင်းလာသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ အမှန် စင်စစ်တွင် အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်သည့် နယ်မြေအရေအတွက် မြင့်တက်လာရမည်ဖြစ်သော်လည်း အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်သည့် နယ်မြေ အရေအတွက် လျော့နည်းလာရခြင်းမှာ တိုင်းပြည်တည်ငြိမ် အေးချမ်းမှုမရှိဘဲ လက်နက်ကိုင်ပဋိပက္ခများနှင့် ခြိမ်း ခြောက်မှုများ ဖြစ်ပွားနေသည့်အတွက်ကြောင့် ဖြစ်ပါ သည်။ ဒီမိုကရေစီစနစ်တွင် အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးမှာ လွန်စွာအရေးကြီးသည့် အချက်တစ် ချက် ဖြစ်ပါသည်။ မဲပေးခွင့်ဆုံးရှုံးမှုများ ဖြစ်ပေါ်နေ ခြင်းသည် ဒီမိုကရေစီစနစ်အတွက် ကောင်းမွန်မှုမရှိသည့် လက္ခဏာတစ်ရပ် ဖြစ်ပါသည်။ **အထွေထွေ ရွေးကောက် ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသားတစ်ဦးတစ် ယောက်မကျန် ဆန္ဒမဲပေးနိုင်ရေးသည် နိုင်ငံတစ်နိုင်ငံ၏ အစိုးရ၊ သို့မဟုတ် တိုင်းပြည်တာဝန်ယူ ထားသည့် အဖွဲ့အစည်းတို့၏တာဝန်သာ ဖြစ်**ပါသည်။ ထို့ကြောင့် တိုင်းပြည်၌ နိုင်ငံရေး တည်ငြိမ်အေးချမ်းမှုရှိစေရေးကို ဦးစားပေး(၁)အဖြစ် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ တိုင်းပြည်၌ နိုင်ငံရေးအခြေအနေ တည်ငြိမ်အေးချမ်းမှု ရှိစေရေး ဆောင်ရွက်သည့်အချိန်တွင် ဒီမိုကရေစီအရ ဆောင်ရွက်ရမည့်လမ်းစဉ်များကို ဒီမိုကရေစီအရ ဆောင်ရွက်ခြင်းမရှိဘဲ အကြမ်းဖက်လမ်းစဉ်များကို ရွေးချယ်၍ လုပ်ဆောင်ခဲ့သည့် ဖြစ်စဉ်များသည် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ်ပြီး သည့်အချိန်တွင် ပေါ်ပေါက်ခဲ့ပါသည်။ အကြမ်းဖက် လုပ်ရပ်များ လုပ်ဆောင်ခဲ့သည့်အတွက် မြန်မာနိုင်ငံ၌ တည်ငြိမ်မှုမရှိသည့်အခြေအနေမျိုး ဖြစ်ပွားခဲ့ပါသည်။ ဒီမိုကရေစီလမ်းကြောင်းအတိုင်း ဥပဒေအရဖြေရှင်း ဆောင်ရွက်မည်ဆိုလျှင် ယခုကဲ့သို့ ပြဿနာများဖြစ် ပေါ်လာမည် မဟုတ်ပါ။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များနှင့် ဖြစ်ပွားလျက်ရှိသည့် ပြဿနာများကြောင့် လည်းကောင်း၊ အထွေထွေရွေးကောက်ပွဲကိစ္စရပ်နှင့် စပ်လျဉ်း၍ ဖြစ်ပေါ်လာသော ငြင်းဆိုမှု (Decline) ပြုလုပ် သည့်ကိစ္စရပ်များကြောင့်လည်းကောင်း သက်ရောက် မှုရှိနေခြင်းကို စဉ်းစားသုံးသပ်ရန် လိုအပ်ပါသည်။ မြန်မာ နိုင်ငံ၌ အကြမ်းဖက်လုပ်ဆောင်လျက်ရှိသည့်ကိစ္စ များ ဖြစ်ပေါ်နေသည့်ကာလများနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ တည်ရှိသည့်ကာလများတွင် အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် အခက် အခဲများဖြစ်ပေါ်လျက် ရှိပါသည်။ နိုင်ငံတကာအသိုက်

အဝန်းအနေဖြင့် မြန်မာနိုင်ငံ၌ ဖြစ်ပွားလျက်ရှိသည့် အကြမ်းဖက်မှုများ၊ တိုက်ခိုက်မှုများကို ရပ်တန့်ပေးရန် ပြောကြားခဲ့ပါသည်။ အကြမ်းဖက်မှုကိစ္စနှင့်ပတ်သက်၍ ပြောကြားရမည်ဆိုလျှင် အကြမ်းဖက်မှုများကို မိမိတို့က ဆောင်ရွက်နေခြင်း မဟုတ်ပါ။ အစိုးရနှင့် နိုင်ငံ့ဝန်ထမ်းများကို အကြမ်းဖက်သမားများက လာရောက်တိုက်ခိုက်၍သာ မိမိတို့အနေဖြင့် ပြန်လည်ခုခံရခြင်းဖြစ်ပါသည်။ အနီးဆုံးဖြစ်စဉ်အနေဖြင့် ယနေ့ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၏ အနောက်ဘက် စစ်ကိုင်းတိုင်းဒေသကြီးရှိ တံတားပေါ်၌ ကားတစ်စီးပေါ်ရှိ ခရီးသည်များအား အကြမ်းဖက်သမားများက ဓားစာခံလုပ်၍ ပစ်ခတ်မှုများ ပြုလုပ်ခဲ့ရာ ခရီးသည်များနှင့် အဆိုပါ အကြမ်းဖက်သမားများ သေဆုံးမှုဖြစ်ပွားခဲ့ပါသည်။ ပညာရေးဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများကို သတ်ဖြတ်ခြင်း၊ သံဃာတော်များကို သတ်ဖြတ်ခြင်း စသည့်အကြမ်းဖက်မှုများကိုလည်း ပြုလုပ်ခဲ့ကြပါသည်။ အဆိုပါအကြမ်းဖက်မှုများသည် အထွေထွေရွေးကောက်ပွဲမှ တစ်ဆင့်ဖြစ်ပေါ်လာသည့်ကိစ္စများ ဖြစ်ပါသည်။ သို့ရာတွင် နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် အဆိုပါအကြမ်းဖက်မှုကိစ္စများကို ပြောကြားခြင်းမရှိဘဲ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏အုပ်ချုပ်မှုကို ဒီမိုကရေစီနည်းလမ်းကျစွာ ဆောင်ရွက်ခြင်းမရှိဟူ၍ ပြောကြားလျက်ရှိပါသည်။ ကုလသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံ၌ ဖြစ်ပွားလျက်ရှိသည့် ကိစ္စများနှင့်ပတ်သက်၍ အခြေအနေအမှန်ကို သုံးသပ်စေလိုပါသည်။

**၅။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်၏ အမြဲမပြတ် တွေ့ဆုံဆွေးနွေးနိုင်ရေး ကမ်းလှမ်းချက်နှင့် အာဆီယံဘုံသဘောတူညီချက် ၅ ရပ် အပေါ် ဆွေးနွေးပြောကြားမှု**

အခြေအနေများကို ကောင်းမွန်စွာထိန်းသိမ်းနိုင်ရန် နှစ်ဦးနှစ်ဖက် အပြန်အလှန် နားလည်ယုံကြည်မှုများ လိုအပ်မည် ဖြစ်ပါသည်။ ထို့အပြင် မြေပြင်အခြေအနေမှန်များကို သိရှိသုံးသပ်ပြီး သတင်းပို့တင်ပြခြင်းသည် ကောင်းမွန်မည်ဆိုသည့်အချက်ကို မိမိအနေဖြင့် လက်ခံပါသည်။ ပထမတင်ပြလိုသည့်အချက်မှာ အဆွေတော်နှင့်မိမိတို့အကြား အမြဲမပြတ် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်၍ တိုးတက်မှုများရရှိအောင် ဆောင်ရွက်သွားရန် အဆိုပြုပြောကြားလိုပါသည်။ ဒုတိယအချက်အနေဖြင့် မြန်မာနိုင်ငံအစိုးရအဖွဲ့ကို အသိအမှတ်ပြုမှုနှင့် မြန်မာနိုင်ငံကို ကုလသမဂ္ဂတွင် အသိအမှတ်ပြုမည့်ကိစ္စ ဖြစ်ပါသည်။ မြန်မာနိုင်ငံကို တရားဝင်ကိုယ်စားပြုမှုနှင့် မြန်မာနိုင်ငံကို အသိအမှတ်ပြုမှုအခွင့်အာဏာသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံတွင် မရှိပါ။ မြန်မာနိုင်ငံ၏ကိုယ်စားပြုမှုကို အသိအမှတ်ပြုနိုင်သည်မှာ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံများတွင်သာ ရှိပါသည်။ သို့ဖြစ်၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အနေဖြင့် မြန်မာနိုင်ငံအား ကူညီနိုင်မည့်နည်းလမ်းပေါင်းစုံကို ရှာဖွေလျက်ရှိပါသည်။ အာဆီယံနှင့် မြန်မာနိုင်ငံအကြား သဘောတူညီခဲ့သည့် ဘုံသဘောတူညီချက် ၅ ရပ်တွင်ပါဝင်သည့် အကြမ်းဖက်မှုများ အမြန်ဆုံးချုပ်ငြိမ်းရေးဟူသည့် အချက်တစ်ချက် ပါဝင်ပါသည်။ အဆိုပါအချက်သည် မြန်မာနိုင်ငံနှင့်ပတ်သက်၍ အဖြေရှာမှုများပြုလုပ်ရာတွင် အရေးကြီးသည့် အချက်တစ်ချက် ဖြစ်ပါသည်။ **မိမိသည် မြန်မာနိုင်ငံတွင် နှစ်ဖက်စလုံးမှ အင်အားသုံးတိုက်ခိုက်မှုများ ပြုလုပ်နေသည်ဟူသည့်အချက်ကို ပထမဆုံးအသိအမှတ်ပြုခဲ့သူတစ်ဦး ဖြစ်ပါသည်။** မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသည့် **မြန်မာ့နည်း၊ မြန်မာ့ဟန်ဖြင့် ပြည်သူလူထု၏ဆန္ဒများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဟူသည့်အသုံးအနှုန်းကို ပထမဆုံး သုံးနှုန်းပြောဆိုခဲ့သူတစ်ဦးလည်း ဖြစ်ပါသည်။ မိမိအနေဖြင့် "Myanmar Led, Myanmar Way" ဟူသည့် ဆောင်ပုဒ်ကို အသိအမှတ်ပြုပါသည်။**

**၆။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ အပြုသဘောဆောင်သော တုံ့ပြန်ဆွေးနွေးချက်**

အဆွေတော်အနေဖြင့် မြန်မာနိုင်ငံသို့ ထပ်မံလာရောက်ကာ လေ့လာမှုများပြုလုပ်ပြီး အခြေအနေကြည့်၍ အခြားသောပုဂ္ဂိုလ်များနှင့် ဆွေးနွေးပြောကြားမှုများ ပြုလုပ်သွားမည်ဟု အထက်တွင် ပြောကြားခဲ့ပါသည်။ အဆွေတော်အနေဖြင့် မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာပြီးနောက် သက်ဆိုင်ရာသို့ သတင်းပို့တင်ပြရမည် ဖြစ်ပါသည်။ ထိုသို့ သတင်းပို့တင်ပြသည့်အချိန်တွင် ၎င်း

တို့ဘက်က မည်ကဲ့သို့တုံ့ပြန်ပြီး မည်သည့်မှတ်ချက်များ ပေးအပ်မည်ဟူသည့် အချက်အပေါ်တွင် များစွာမူတည်ပါသည်။ အဆွေတော်အနေဖြင့် မည်သည့်အချက်များကိုတွေ့ရှိကာ သက်ဆိုင်ရာသို့မည်ကဲ့သို့ သတင်းပို့တင်ပြသွားမည်ဟူသည့်အချက်အပေါ်လည်း မိမိတို့အနေဖြင့် လေ့လာကြည့်ရှုရမည် ဖြစ်ပါသည်။ မိမိတို့အကြားတွင် တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုရှိရန် လိုအပ်ပါသည်။ မိမိတို့အနေဖြင့် အကြမ်းဖက်လုပ်ရပ်များကိုတုံ့ပြန်ရာ၌ အတတ်နိုင်ဆုံး ထိန်းသိမ်းဆောင်ရွက်လျက် ရှိပါသည်။ သို့ ရာတွင် မိမိတို့အား တိုက်ခိုက်လာလျှင် မဖြစ်မနေ ပြန်လည်တိုက်ခိုက်မှု ပြုလုပ်ရမည်ဖြစ်ပါသည်။ ထို့အပြင် ပြည်သူလူထုကို ထိခိုက်အောင်ပြုလုပ်လာလျှင် ပြန်လည်တိုက်ခိုက်မှု ပြုလုပ်သွားရမည် ဖြစ်ပါသည်။ မိမိအနေဖြင့် အာဆီယံဘုံသဘောတူညီချက် ၅ ရပ်နှင့်ပတ်သက်၍ လက်ရှိအချိန်အထိ ပြန်လည်ရည်ညွှန်းပြောဆိုခြင်း (Refer) မရှိသေးပါ။ မိမိတို့ ပြောကြားနေသည့်အချက် ၅ ရပ်မှာ နိုင်ငံတော်က ကျင့်သုံးနေသည့် ငြိမ်းချမ်းစွာအတူယှဉ်တွဲ နေထိုင်ရေးမူကြီး ၅ ရပ်ဖြစ်ပြီး တစ်နိုင်ငံနှင့်တစ်နိုင်ငံ ပြည်တွင်းရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခြင်း မပြုရန်၊ နိုင်ငံတစ်နိုင်ငံပိုင်နက် နယ်နိမိတ် တည်တံ့ရေးနှင့် နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို အခြားတစ်နိုင်ငံကလေးစားရန်၊ နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံအကြား ကျူးကျော်တိုက်ခိုက်ခြင်းမပြုရန်တို့သာ ပါဝင်ပါသည်။ မိမိတို့အနေဖြင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး ၅ ရပ်နှင့်အညီ နိုင်ငံတကာနှင့် ဆက်ဆံဆောင်ရွက်လျက် ရှိပါသည်။ **အဆွေတော်လာရောက်သည့် ယခုခရီးစဉ်သည် တရားဝင်ခရီးစဉ်ဖြစ်ပြီး လက်ရှိအဆွေတော်တည်ရှိနေသည့်နေရာသည် နိုင်ငံတော်သမ္မတ၏ဧည့်ခန်းမ ဖြစ်**ပါသည်။ **အဆွေတော်အနေဖြင့် အချုပ်အခြာအာဏာပိုင်ဆိုင်သည့် မြန်မာနိုင်ငံသို့လာရောက်ခြင်း ဖြစ်**ပါသည်။ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံ၏ အဆိုပြုချက်ကို လက်ခံခြင်းမရှိပါက အခြားဆန့်ကျင်ဘက် အဖွဲ့အစည်းများ၏ အဆိုပြုချက်များကိုလည်း လက်ခံခြင်းမပြုစေလိုပါ။



**၇။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်၏ မြန်မာနိုင်ငံအတွင်းဖြစ်ပေါ်နေသည့် အခြေအနေများအပေါ် ပြောကြားချက်**

မိမိအနေဖြင့် မြန်မာနိုင်ငံအရေးကိစ္စနှင့်ပတ်သက်၍ ထောက်ပြဆွေးနွေးနိုင်သည့် အခွင့်အာဏာသာရှိပြီး ဆုံးဖြတ်ပိုင်ခွင့်မရှိပါ။ မိမိအနေဖြင့် ယခုကဲ့သို့ လာရောက်၍ တွေ့ဆုံဆွေးနွေးခြင်းသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏မှာကြားချက်များကို အဆွေတော်ထံသို့လာရောက်၍ ရှင်းလင်းပြောကြားပေးခြင်းသာ ဖြစ်ပါသည်။ အဆွေတော်ကို ဆောင်ရွက်စေလိုသည့် အချက် ၂ ချက် ရှိပါသည်။ အဆိုပါအချက် ၂ ချက်မှာ မြန်မာနိုင်ငံ၏ နေရာဒေသအချို့တွင် လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခြင်းမပြုလုပ်ရန်နှင့် ပြည်သူလူထုနေထိုင်ရာရပ်ရွာများ၊ နေအိမ်များကို မီးရှို့ဖျက်ဆီးခြင်း မပြုလုပ်ရန် ဖြစ်ပါသည်။

**၈။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်နေသည့် အခြေအနေမှန်များကို တုံ့ပြန်ပြောကြားချက်**

အချက် ၂ ချက်နှင့်ပတ်သက်၍ ဆွေးနွေးလိုပါသည်။ မိမိတို့ကို လာရောက်တိုက်ခိုက်သည့် သောင်းကျန်းသူများတည်ရှိရာနေရာသို့ ပစ်မှတ်ထား၍ မိမိတို့ဘက်က တိုက်ခိုက်ခြင်း ဖြစ်ပါသည်။ အဆိုပါ သောင်းကျန်းသူများက မိမိတို့ကိုမတိုက်ခိုက်လျှင် မိမိတို့ကစတင်၍ တိုက်ခိုက်မည်မဟုတ်ပါ။ လက်နက်ကိုင်၍ ဆန့်ကျင်တိုက်ခိုက်ခြင်းကို မည်သည့်နိုင်ငံ၊ မည်သည့်အစိုးရ

ကမျှ လက်ခံမည်မဟုတ်ပါ။ ပြည်သူလူထုနေထိုင်ရာ နေအိမ်များ၊ ရပ်ရွာများကို မီးရှို့သည့်ကိစ္စသည် လုံးဝ မှားယွင်းသည်ဟု မိမိအနေဖြင့် ပြောကြားလို ပါသည်။ မြန်မာ့တပ်မတော်အနေဖြင့် ပြည်သူလူထုကို ကာကွယ် စောင့်ရှောက်နေခြင်း ဖြစ်ပါသည်။ သဘာဝဘေးအန္တရာယ် များ ဖြစ်ပွားသည့်အချိန်တွင်လည်း မိမိတို့အနေဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက် ရှိပါသည်။ ဥပမာအနေဖြင့် ပြောကြားမည်ဆိုလျှင် မြန်မာ နိုင်ငံရှိ ဒုက္ခသည်များကို နီပွန်ဖောင်ဒေးရှင်းက ကူညီ ဆောင်ရွက်ပေးနေသည်များ ရှိပါသည်။ ထို့အပြင် အခြား အဖွဲ့အစည်းများက ကူညီဆောင်ရွက်ပေးနေ သည် များလည်း ရှိပါသည်။ **သာမန်အားဖြင့် စဉ်းစားကြည့် မည်ဆိုလျှင်ပင် မိမိတို့တာဝန်ယူ ဆောင်ရွက်ပေးရ မည့် ဒုက္ခသည်များကို မိမိတို့က ဒုက္ခရောက်စေရန် နေအိမ်များမီးရှို့ ဖျက်ဆီးသည်ဟူသောအချက်မှာ မ ဖြစ်နိုင်သည်ကို သိရှိနိုင်**ပါသည်။ ပြည်သူလူထု၏ နေအိမ်များအား မိမိတို့က မီးရှို့ဖျက်ဆီးသည်ဟူသော အချက်ကို မိမိအနေဖြင့် လုံးဝငြင်းဆိုပါသည်။

**၉။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူး ကိုယ်စားလှယ်၏ မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂတို့အကြား ဆက်လက် လက်တွဲ ဆောင်ရွက်နိုင်ရေးကမ်းလှမ်းပြောကြားမှု**

**မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်ပြီး ကောင်းမွန်သော သမိုင်း ကြောင်းရှိ ခဲ့သော နိုင်ငံတစ်နိုင်ငံဖြစ်သောကြောင့် ကုလသမဂ္ဂ တွင် မြန်မာနိုင်ငံ ပြန်လည်ပါဝင်နိုင်စေရေးအတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Mr. Antonio Guterres ကလည်း ဆန္ဒရှိ**ပါသည်။ မိမိအနေဖြင့် မြန်မာနိုင်ငံကို တန်ဖိုးထား လေးစားပါသည်။ ဒုတိယ အချက်အနေဖြင့် မြန်မာနိုင်ငံတွင် အကျဉ်းသားများကို သေဒဏ်ပေးအပ်သည့်ကိစ္စနှင့်ပတ်သက်၍ ဆွေးနွေး ပြောကြားလိုပါသည်။ ဖြစ်ပြီးသားကိစ္စများမှာ ဖြစ်ပျက် ခဲ့ပြီးသောကြောင့် နောက်ထပ် သေဒဏ်ချမှတ်စီရင် သည့်ကိစ္စများကို သနားညှာတာမှု၊ လူသားချင်းစာနာ ထောက်ထားမှုတို့ဖြင့်ထောက်ရှု၍ ဖြေလျှော့မှုများ ကို လုပ်ဆောင်နိုင်လိမ့်မည်ဟု မိမိအနေဖြင့် ယုံကြည် ပါသည်။ အဆွေတော်ကိုယ်တိုင်သည်လည်း သနား ညှာတာမှုရှိသည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်သည့်အတွက် နောက်နောင်တွင် သေဒဏ်ချမှတ်စီရင်မည့်ကိစ္စများ ကို သနားညှာတာမှုရှိစွာ ဆုံးဖြတ်ဆောင်ရွက်ပေးနိုင် လိမ့်မည်ဟု မိမိအနေဖြင့် မျှော်လင့်ပါသည်။ တတိယ အချက်အနေဖြင့် လူသားချင်းစာနာထောက်ထား မှုဆိုင်ရာ အကူအညီပေးအပ်ရေးကိစ္စများကို မည် ကဲ့သို့ ဆောင်ရွက်သွားမည်နှင့်ပတ်သက်၍ ဆွေးနွေး လိုပါသည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးအပ်ရေးကိစ္စများကို Channel တစ်ခု ထဲမှမဟုတ်ဘဲ အခြားဆက်သွယ်ဆောင်ရွက်နိုင်မည့် လမ်းကြောင်းများစွာမှတစ်ဆင့် ဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားလိုပါသည်။ မြန်မာနိုင်ငံသို့ မလာ ရောက်မီ အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံ ဆိုင်ရာ အထူးကိုယ်စားလှယ် Mr. Prak Sokhonn နှင့်လည်း တွေ့ဆုံခဲ့ပါသည်။ Mr. Prak Sokhonn သည် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော် ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စု အစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့်နှင့်တွေ့ဆုံကာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ ပါဝင်နိုင်မည့်နည်းလမ်းများ နှင့်ပတ်သက်၍ ဆွေးနွေးခဲ့သည်ဟု သိရှိရပါသည်။ မိမိ အနေဖြင့် မြန်မာနိုင်ငံမှ ပြန်လည်မထွက်ခွာမီ အချိန်ရ ရှိမည်ဆိုပါက ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် တွေ့ဆုံ ဆွေးနွေးမှု ပြုလုပ်လိုပါသည်။ တရုတ်နိုင်ငံခြားရေး ဝန်ကြီး Mr. Wang Yi မြန်မာနိုင်ငံသို့ လာရောက်ခဲ့ ချိန်တွင် အဆွေတော်အနေဖြင့် အားလုံးပါဝင်သော ဆွေးနွေးပွဲများနှင့် အပြုသဘောဆောင်သောဆွေးနွေး ပွဲများ ဆောင်ရွက်သွားမည်ဟု ပြောကြားခဲ့သည်ကို မိမိအနေဖြင့် သိရှိထားပါသည်။

**၁၀။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ပြော ကြားချက်**

အားလုံးပါဝင်နိုင်သော တွေ့ဆုံဆွေးနွေး မှုနှင့်ပတ်သက်၍ လုပ်ဆောင်လျက်ရှိပါသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံသကဲ့သို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် (UEC) အနေဖြင့်လည်း သက်ဆိုင်ရာနိုင်ငံရေးပါတီများနှင့် တွေ့ဆုံခဲ့ပါ သည်။ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် အနေဖြင့်လည်း နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် တွေ့ဆုံဆွေးနွေးလိုပါက ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်တွင် တွေ့ဆုံနိုင်ရန် စီစဉ်ပေးမည်ဖြစ်ပါသည်။ **မိမိတို့အနေဖြင့် အဖွဲ့အစည်းအားလုံးနှင့် တွေ့ဆုံလိုသော်လည်း နိုင်ငံတော်ကို ဆန့်ကျင်လျက်ရှိသည့်အဖွဲ့များနှင့် တွေ့ဆုံရေးနှင့်ပတ်သက်၍ ပြောကြားရမည်ဆိုပါက ၎င်းတို့အနေဖြင့် လုပ်ဆောင်ချက်အားလုံးကို ဦးစွာရပ်ဆိုင်း၍ တရားဝင်တွေ့ဆုံမှုပြုလုပ်ရန် လို**အပ်ပါသည်။ ယင်းကဲ့သို့မဟုတ်ဘဲ လမ်းဘေးတွင် စကားပြောသည့် ပုံစံမျိုးဖြင့် ပြောဆို၍မရပါ။ Gentlemen's Agreement ကိုလည်းပြုလုပ်ရန် လိုအပ်ပါသည်။ မိမိအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးရန် ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၂ ရက်တွင် ဖိတ်ခေါ်ခဲ့ပါသည်။ လက်ရှိအချိန်၌ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ဖွဲ့နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်ပါသည်။ လာမည့် ရက်သတ္တပတ်အတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဒုတိယအကြိမ် ပြန်လည်တွေ့ဆုံဆွေးနွေးမည် ဖြစ်ပါသည်။ ထို့အပြင် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလတွင် တတိယအကြိမ် ပြန်လည်တွေ့ဆုံဆွေးနွေးမည် ဖြစ်ပါသည်။ နိုင်ငံရေးပါတီများနှင့် တွေ့ဆုံဆွေးနွေးလျက် ရှိပါသည်။ တရားဝင်ဖြစ်သည့်နိုင်ငံရေးပါတီများနှင့် အချိန်မရွေး တွေ့ဆုံနိုင်သော်လည်း **နိုင်ငံတော်ကိုဆန့်ကျင်၍ အကြမ်းဖက်တိုက်ခိုက်နေသူများနှင့် ဆွေးနွေးသွားမည်ဆိုသည့်အချက်မှာ လုံးဝမဖြစ်နိုင်ပါ၊ အကြမ်းဖက်တိုက်ခိုက်မှုများ လုံးဝမဖြစ်စေရန် ၎င်းတို့ဘက်က ပထမဆုံး တာဝန်ယူ ဆောင်ရွက်ပေးရမည် ဖြစ်**ပါသည်။ ၎င်းတို့အနေဖြင့် ယင်းကဲ့သို့ တာဝန်ယူဆောင်ရွက်ပေးလျှင် မိမိတို့ဘက်က တွေ့ဆုံဆွေးနွေးနိုင်မည့်လမ်းစကို ရှာဖွေပေးသွားမည်ဖြစ်ပါသည်။ သေဒဏ်ချမှတ်သည့်ကိစ္စနှင့်ပတ်သက်၍ ပြောကြားရမည်ဆိုလျှင် မိမိတို့တွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးတို့အတွက် အာဏာရှိသော်လည်း ဥပဒေ၏ ပြင်ပမှနေ၍ မည်သည့်ကိစ္စကိုမျှ ဆောင်ရွက်ခဲ့ခြင်းမရှိပါ။ ၎င်းတို့အနေဖြင့် လွန်စွာဆိုးရွားသည့် ပြစ်မှုများကို ကျူးလွန်ခဲ့သောကြောင့် ယင်းကဲ့သို့ အပြစ်ပေးအရေးယူခံရခြင်း ဖြစ်ပါသည်။ ၎င်းတို့အနက် အချို့မှာ လူ ၄ ၊ ၅ ၊ ၆ ဦးကို သတ်ဖြတ်ခဲ့သူများ ဖြစ်ပါသည်။ အဆွေတော်အနေဖြင့် အဆွေတော်၏မိတ်ဆွေသားချင်းများ အသတ်ခံရလျှင် မည်ကဲ့သို့ ခံစားရမည်ကို မေးမြန်းလိုပါသည်။ ထိုက်သင့်သောအရေးယူမှုများကို ပြုလုပ်ရမည်ဖြစ်ပြီး၊ နိုင်ငံ၏ တရားဥပဒေစိုးမိုးရေးအရ ယင်းကဲ့သို့ အပြစ်ပေးဆောင်ရွက်ခြင်း ဖြစ်ပါသည်။

**၁၁။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူး ကိုယ်စားလှယ်၏ ကလေးသူငယ်များ အရေးယူဆောင်ရွက်မှုနှင့် ပတ်သက်၍ ပြောကြားချက်**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Mr. Antonio Guterres အနေဖြင့် မြန်မာနိုင်ငံကို ကူညီပေးနိုင်မည့် နည်းလမ်းအားရှာဖွေ၍ မြန်မာနိုင်ငံကို နိုင်ငံတကာ အသိုက်အဝန်းသို့ ပြန်လည်ခေါ်ဆောင်ပေးနိုင်ရန် စိတ်အားထက်သန်လျက် ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် ဖမ်းဆီးထိန်းသိမ်းထားသည့် နိုင်ငံရေးအကျဉ်းသားများကို ပြန်လည်လွှတ်ပေးမည်ဆိုလျှင် နိုင်ငံတကာ၏ မြန်မာနိုင်ငံအပေါ် ယုံကြည်မှုများ ပိုမိုမြင့်တက်လာမည်ဖြစ်ပါသည်။ ယင်းကဲ့သို့ နိုင်ငံရေးအကျဉ်းသားများကို ပြန်လည်လွှတ်ပေးရန်မှာ ခက်ခဲသည့်ကိစ္စတစ်ခုဖြစ်သည်ကိုလည်း မိမိအနေဖြင့် သိရှိထားပါသည်။ ထို့အပြင် မြန်မာနိုင်ငံက ဖမ်းဆီးထိန်းသိမ်းထားသည့် ဩစတြေးလျစီးပွားရေးပညာရှင် Mr. Sean Turnell ကို ပြန်လွှတ်ပေးမည်ဆိုလျှင် မြန်မာနိုင်ငံနှင့် ဩစတြေးလျနိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံမှုကို ဖော်ညွှန်းပြသနိုင်သည့် အခြေအနေတစ်ခု ဖြစ်ပေါ်လာမည် ဖြစ်ပါ သည်။ အဆွေတော်အနေဖြင့် ကလေးငယ်များ၏ ပညာရေးနှင့်ပတ်သက်၍ ဦးစားပေးဆောင်ရွက်သည်ကိုလည်း မိမိအနေဖြင့် သိရှိထားပါသည်။ သို့ဖြစ်၍ အကျဉ်းထောင်အတွင်း၌ ဖမ်းဆီးထိန်းသိမ်းထားသည့်

ကလေးငယ်များရှိပါက ပြန်လည်လွှတ်ပေးရန် မိမိအနေဖြင့် မေတ္တာရပ်ခံလိုပါသည်။

**၁၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အရေးယူဆောင်ရွက် မှုများနှင့်ပတ်သက်၍ ဥပဒေများနှင့်အညီ ဆောင်ရွက်နေမှုအား တုံ့ပြန်ပြောကြားမှု**

ကလေးငယ်များနှင့်ပတ်သက်၍ ဆွေးနွေးရမည်ဆိုလျှင် မိမိတို့ အရေးယူဖမ်းဆီး ထိန်းသိမ်းထားသည့် ကလေးငယ်များ၌ အသက် ၁၆ နှစ်၊ ၁၇ နှစ်အရွယ် လူငယ်အနည်းစုပါဝင်ပါသည်။ ၎င်းတို့နှင့်ပတ်သက်၍လည်း မိမိတို့အနေဖြင့် အသက်ညှာဆုံး အရေးယူ ဆောင်ရွက်မှုများ ပြုလုပ်ခဲ့ပါသည်။ Mr. Sean Turnell ကိစ္စတွင်လည်း ဩစတြေးလျနိုင်ငံအစိုးရအနေဖြင့် အပြုသဘောဆောင်သည့် လုပ်ဆောင်ချက်များ ဆောင်ရွက်မည်ဆိုလျှင် မိမိတို့အနေဖြင့် အဆိုပါကိစ္စနှင့် ပတ်သက်၍ တင်းမာစွာ ဆောင်ရွက်ရမည့်အခြေအနေမျိုးမရှိပါ။ Mr. Sean Turnell ကိစ္စနှင့်ပတ်သက်၍ စစ်ဆေးတွေ့ရှိရသည့် အချက်အလက်များမှာ ၎င်းအား ကြီးလေးသော ပြစ်ဒဏ်ချမှတ်နိုင်သည့် သက်သေအထောက်အထားများဖြစ်ပါသည်။ မြန်မာနိုင်ငံ၌ အကြမ်းဖက်သမားများ၏ အကြမ်းဖက်သတ်ဖြတ်မှုများကြောင့် အပြစ်မဲ့ပြည်သူ ၃,၅၀၀ ဦးခန့် သေဆုံးခဲ့ရပါသည်။ အဆိုပါသေဆုံးသူများမှာ ပြစ်မှုတစ်စုံတစ်ရာကျူးလွန်ခြင်းမရှိဘဲ သတ်ဖြတ်ခံခဲ့ရသူများဖြစ်ပါသည်။ အပြစ်မဲ့ပြည်သူများသေဆုံးမှုတွင် ကျောင်းဆရာ၊ ဆရာမ ၄၈ ဦး၊ ကျန်းမာရေးဝန်ထမ်း ၁၂ ဦး၊ သံဃာတော် ၅၃ ပါး၊ သီလရှင် ၁ ပါးနှင့် ကလေးသူငယ် ၈၂ ဦးပါဝင်ပါသည်။ အဆိုပါသေဆုံးသူများ၏ မိဘများ၊ ဆွေမျိုးသားချင်းများကို မိမိတို့အနေဖြင့် မည်ကဲ့သို့ နှစ်သိမ့်ပေးရမည်ကို သိရှိလိုပါသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Mr. Antonio Guterres သည် ကမ္ဘာတစ်ဝန်းလုံးကို ကိုယ်စားပြုသူတစ်ဦးဖြစ်သကဲ့သို့ မိမိသည်လည်း မြန်မာနိုင်ငံကို ကိုယ်စားပြုသူတစ်ဦးဖြစ်ပါသည်။ သို့ဖြစ်၍ မိမိအနေဖြင့် မြန်မာနိုင်ငံ၌ တည်ငြိမ်အေးချမ်းမှုရရှိရေး၊ တရားဥပဒေ စိုးမိုးရေး၊ ဒီမိုကရေစီဖော်ဆောင်ရေးတို့နှင့်ပတ်သက်၍ တာဝန်ယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**၁၃။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်၏ ဘင်္ဂါလီကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးချက်**

ပဋ္ဋမမြောက်အချက်အဖြစ် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ဖြစ်ပွား လျက်ရှိသည့်ကိစ္စရပ်ကို ဆွေးနွေးလိုပါသည်။ မိမိအနေဖြင့် မြန်မာနိုင်ငံမှ ပြန်လည် ထွက်ခွာပြီးနောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆက်လက်သွားရောက်မည်ဖြစ်သည့်အတွက် မြန်မာနိုင်ငံဘက်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိနေသည့် ဒုက္ခသည် ၁ ဒသမ ၂ သန်းကျော်ကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးလိုပါသည်။ လက်ရှိအချိန်တွင် မြန်မာနိုင်ငံအစိုးရနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရတို့အကြား သဘောတူညီမှုများပြုလုပ်၍ ဒုက္ခသည်များ နေရပ်ပြန်လာနိုင်ရေးအတွက် ဆောင်ရွက်နေသည့် ကိစ္စများရှိသည်ဟု သိရှိထားပြီး Pilot Project အနေဖြင့် ဒုက္ခသည်ဦးရေ ၁,၀၀၀ ကျော်ကိုနေရပ်သို့ ပြန်လည်ပို့ဆောင်ပေးခဲ့ပြီးဖြစ်သည်ဟု သိရှိထားပါသည်။ ရခိုင်ပြည်နယ်သို့ ဒုက္ခသည်များ လုံခြုံဘေးကင်းစွာ ပြန်လာနိုင်ရေးနှင့် ၎င်းတို့၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မည်ကဲ့သို့စီစဉ်ဆောင်ရွက်သွားနိုင်မည်ဟူသည့် ကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားလိုပါသည်။ (မှတ်ချက် - ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စား လှယ်အနေဖြင့် ၎င်းကိစ္စအား ဆွေးနွေးရာတွင် ရိုဟင်ဂျာဟူ၍ ပြောဆိုသုံးနှုန်းခဲ့ခြင်းမရှိကြောင်း တွေ့ရှိရသည်။)

**၁၄။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဘင်္ဂါလီကိစ္စနှင့် ပတ်သက်၍ နှစ်နိုင်ငံသဘောတူညီချက်များ၊ ဥပဒေများနှင့်အညီ ဆောင်ရွက်နေမှုကိုရှင်းလင်းမှု**

ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေး တိမ်းရှောင်ခဲ့သည့် ဘင်္ဂါလီများကို ပြန်လည်လက်ခံရေးနှင့်ပတ်သက်၍ သဘောတူညီမှုရှိခဲ့ပါသည်။ မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံအကြား အဆိုပါကိစ္စနှင့်ပတ်သက်၍

၁၉၉၂ ခုနှစ်၌ သဘောတူညီခဲ့သည့်အချက် ၄ ချက်ရှိပါသည်။ ပထမအချက်မှာ မိမိသဘော ဆန္ဒအလျောက် ပြန်လည်ဝင်ရောက်လာသူများဖြစ်ရန်နှင့် အခြားအချက်များအနေဖြင့် မြန်မာနိုင်ငံတွင် မွေးဖွားခဲ့သူများ၊ မြန်မာနိုင်ငံတွင်နေထိုင်သည့် သက်သေအထောက်အထား ပြနိုင်သူများဖြစ်ရန်ဟူ၍ ဖြစ်ပါသည်။ ထို့အပြင် မိမိတို့အကြား အဆိုပါသဘောတူညီချက် ၄ ချက်အား ၂၀၁၇ ခုနှစ်တွင် အချက် ၁ ချက် ထပ်မံတိုး၍ သဘောတူညီမှုကို ပြုလုပ်ခဲ့ပါသည်။ ယင်းထပ်တိုးအချက်မှာ မွေးဖွားခဲ့သူများအနေဖြင့် တရားရုံးမှ ထောက်ခံချက်များပါရှိရန်ဟူ၍ ဖြစ်ပါသည်။ မိမိတို့အနေဖြင့် ၎င်းတို့ကို ပြန်လည်လက်ခံပေးမည်ဟု ပြောကြားခဲ့ပါသည်။ ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာခဲ့ခြင်းမရှိပါ။ ဒုက္ခသည်များစာရင်းနှင့်ပတ်သက်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တောင်းခံခဲ့ရာတွင် နှစ်နိုင်ငံအကြား သဘောတူညီထားသည့်ပုံစံအတိုင်း ပေးအပ်ခြင်းမရှိဘဲ ၎င်းတို့ပေးအပ်လိုသည့်ပုံစံဖြင့်သာ စာရင်းများပေးအပ်လာသည့်အတွက် မိမိတို့အနေဖြင့် ဆက်လက်စစ်ဆေးဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါ။ **မြန်မာနိုင်ငံ၌ လူဦးရေ ၅၅ သန်းခန့်ရှိပြီး ၅ ရာခိုင်နှုန်းမှာ**

**အစ္စလာမ်ဘာသာဝင်များ** ဖြစ်ကြပါသည်။ **မြန်မာနိုင်ငံတွင် အစ္စလာမ်ဘာသာနှင့်ပတ်သက်၍ မည်သည့်ပြဿနာ တစ်စုံတစ်ရာမျှ ဖြစ်ပွားခဲ့ခြင်းမရှိ**ပါ။ ယင်းကိစ္စနှင့် ပတ်သက်၍ အဆွေတော်အနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့သွားရောက်၍ ဆွေးနွေးမှုများ ပြုလုပ်နိုင်သည့်အပြင် မိမိတို့အနေဖြင့်လည်း ယင်းကိစ္စရပ်အားအချိန်မရွေး ပြန်လည်ဆွေးနွေးပေးရန် အသင့်ရှိပါသည်။ မိမိတို့ဘက်က အကြိမ်ကြိမ်ဖိတ်ခေါ်ခဲ့သော်လည်း ၎င်းတို့အနေဖြင့် အကြောင်းအမျိုးမျိုးပြ၍ ဆက်လက်ဆောင်ရွက်ခြင်း မရှိခဲ့ခြင်းဖြစ်ပြီး အဓိကပြဿနာရပ်မှာ ၎င်းတို့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားမဟုတ်သော ဘင်္ဂါလီလူမျိုးများသာ ဖြစ်သော်လည်း ၎င်းတို့ဘက်က ကိုယ့်ကိုယ်ကိုယ် ရိုဟင်ဂျာဟူ၍အမည်တပ်ကာ ဆောင်ရွက်နေခြင်းကို မိမိတို့အနေဖြင့် လုံးဝလက်ခံနိုင်မှုမရှိခြင်းပင် ဖြစ်ပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိနေသော ဒုက္ခသည်များကို မြန်မာနိုင်ငံ၏ဥပဒေအရ ပြန်လည်စိစစ်လက်ခံပေးသွားမည်ဖြစ်ပြီး ဥပဒေအရဆောင်ရွက်ခြင်းမရှိဘဲ နိုင်ငံတကာမှတစ်ဆင့် တောင်းဆို၍ လုပ်ဆောင်ခြင်းကို လက်ခံနိုင်ခြင်း မရှိပါ။ မိမိတို့အနေဖြင့် ဘင်္ဂါလီများကို လုံးဝလက်ခံနိုင်ခြင်းမရှိဟု ပြောကြားနေခြင်းမဟုတ်ဘဲ ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံတွင် တရားဝင်နေထိုင်ခဲ့သည့် အထောက်အထားပြသနိုင်မည်ဆိုလျှင် လက်ခံပေးသွားမည်ဖြစ်ပါသည်။ အဆိုပါကိစ္စနှင့်ပတ်သက်၍ အိမ်နီးချင်းနိုင်ငံများဖြစ်သော တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သို့လည်း ကူညီပေးနိုင်ရေး မေတ္တာရပ်ခံထားပါသည်။ မြန်မာနိုင်ငံတွင် အိမ်နီးချင်းနိုင်ငံ ၅ နိုင်ငံရှိပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံမှအပ အခြား ၄ နိုင်ငံနှင့် ဆက်ဆံရေးကောင်းမွန်ပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံဖြစ်ပြီး နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး မိမိတို့အနေဖြင့် အိမ်နီးချင်းနိုင်ငံနှင့်ပတ်သက်၍ ရွေးချယ်ပိုင်ခွင့်မရှိပါ။ မည်သို့ပင်ဆိုစေကာမူ အပြုသဘောဆောင်သည့် ဆက်ဆံရေးဖြင့် ဆက်ဆံဆောင်ရွက် သွားရမည် ဖြစ်ပါသည်။

**၁၅။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူး ကိုယ်စားလှယ်၏ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်းနှင့် ပတ်သက်၍ ဆွေးနွေးချက်**

နောက်ဆုံးအချက်အနေဖြင့် ဒေါ်အောင်ဆန်းစုကြည်ကို တရားဝင်ပြစ်ဒဏ်များ ချမှတ် ခြင်းမပြုလုပ်မီ ၎င်း၏နေအိမ်သို့ ပြန်လည်ပို့ဆောင်နိုင်ရေးကိစ္စ ဖြစ်ပါသည်။ မိမိအား ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဆွေးနွေးခွင့်ပြုရန် တောင်းဆိုလိုပါသည်။ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော ကိစ္စရပ်များနှင့်ပတ်သက်၍ သဘောထားကွဲလွဲနေသူများအကြား ညှိနှိုင်းဆောင်ရွက်ပေးနိုင်မည့် ပုဂ္ဂိုလ်တစ်ဦးအဖြစ် ရှုမြင်ထားပါသည်။

**၁၆။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်းနှင့်ပတ်သက်၍ အရေးယူဆောင်ရွက်နေမှုများအပေါ် ရှင်းလင်းဆွေးနွေးမှု**

ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ၎င်း၏မိခင်

နှင့်အတူ ၁၉၆၀ ပြည့်နှစ်တွင် နိုင်ငံခြားသို့ထွက်ခွာသွားပြီး မြန်မာနိုင်ငံသို့ ပြန်လည်နေထိုင်ခြင်းမရှိဘဲ မိခင်ဖြစ်သူ၏ ကျန်းမာရေးအခြေအနေကြောင့်သာ ၁၉၈၈ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာပြီး မြန်မာနိုင်ငံ၏ နိုင်ငံရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။ မိမိအနေဖြင့် ဒေါ်အောင်ဆန်းစုကြည်နှင့် ကြိမ်ဖန်များစွာ တွေ့ဆုံခဲ့ဖူးပါသည်။၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလတွင် နောက်ဆုံးအကြိမ်တွေ့ခဲ့ပါသည်။ ဒေါ်အောင်ဆန်းစုကြည်ကို ဥပဒေကြောင်းအရ မဲစာရင်းမှားယွင်းမှုများကို ဖြေရှင်းဆောင်ရွက်ပေးရန် တောင်းဆိုခဲ့ပါသည်။ မိမိတို့ဘက်က ယင်းကဲ့သို့တောင်းဆိုမှုများပြုလုပ်ခဲ့သော်လည်း ဥပဒေကြောင်းအရ ဖြေရှင်းဆောင်ရွက်ခြင်းမရှိသည့်အပြင် ဥပဒေနှင့်မလျော်ညီသည့်လုပ်ဆောင်ချက်များ ဆောင်ရွက်ခဲ့သည့် အတွက် ဒေါ်အောင်ဆန်းစုကြည်အပေါ် အရေးယူဆောင်ရွက်မှုများ လုပ်ဆောင်ခဲ့ရခြင်းဖြစ်ပါသည်။ ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ယင်းကိစ္စရပ်အား ဥပဒေကြောင်းအရ ဖြေရှင်း ဆောင်ရွက်ခဲ့မည်ဆိုလျှင် လက်ရှိဖြစ်ပေါ်နေသည့်ကိစ္စများ လုံးဝဖြစ်လာမည်မဟုတ်ပါ။ ၎င်းတို့အနေဖြင့် ယင်းကိစ္စရပ်အား ဥပဒေကြောင်းအရ ဖြေရှင်းဆောင်ရွက်မှုမပြုနိုင်သည့် အကြောင်းရင်း များစွာရှိပါသည်။ ယင်းကိစ္စရပ်အား မိမိတို့အနေဖြင့် ၎င်းအားဥပဒေနှင့်အညီသာ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၎င်းအပေါ် ဥပဒေအရ တရားစီရင်မှုကိစ္စများ ပြီးဆုံးပြီးနောက် မိမိတို့၏လုပ်ဆောင်ချက်အပေါ် တုံ့ပြန်လာမှုများကို မူတည်၍ ၎င်းအပေါ် စဉ်းစားဆောင်ရွက်သွားမည် ဖြစ်ပါသည်။ မိမိအနေဖြင့် ဒေါ်အောင်ဆန်းစုကြည်အပေါ် ယခုထက် ပိုမိုအရေးယူဆောင်ရွက်မှုများ ပြုလုပ်နိုင်သော်လည်း သက်ညှာသောအားဖြင့် မပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။ သို့ရာတွင် **ဒီမိုကရေစီနှင့် ဒီမိုကရေစီကိုဆန့်ကျင်သည့်အရာကို ဦးစားပေးနိုင်းယှဉ်လာလျှင် မိမိအနေဖြင့် ဒီမိုကရေစီကိုဦးစားပေး၍ ဆောင်ရွက်မည်ဖြစ်**သောကြောင့် လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များ လုပ်ဆောင်ပြီးလျှင် မိမိအနေဖြင့် ၎င်းအပေါ် စဉ်းစားဆုံးဖြတ်သွားမည် ဖြစ်ပါသည်။ တရားစွဲဆိုခြင်း ကိစ္စရပ်အား ဥပမာအနေဖြင့် ပြောကြားရမည်ဆိုလျှင်မလေးရှားနိုင်ငံဝန်ကြီးချုပ်ဟောင်း Mr. Najib Razak ကို တရားရုံးမှ ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။ တောင်ကိုရီးယားနိုင်ငံ သမ္မတဟောင်း Ms. Park Geun-hye ကိုလည်း ဥပဒေအရလုပ်ဆောင်ခဲ့ပါသည်။ ၎င်းတို့သည် နိုင်ငံရေးသမားများ ဖြစ်သည့်အပြင် ဥပဒေကို နားလည်သဘောပေါက်၍ လိုက်နာရသည့်သူများဖြစ်သောကြောင့် ဥပဒေအရရင်ဆိုင်၍ ပြန်လည်ဖြေရှင်းရန် တာဝန်ရှိပါသည်။ အလားတူ မိမိတို့အနေဖြင့်လည်း ဥပဒေအရ လုပ်ဆောင်ခဲ့ခြင်းပင်ဖြစ်ပါသည်။ သို့ဖြစ်၍ မိမိတို့အနေဖြင့် အဆိုပါကိစ္စများကို ဥပဒေအရ စဉ်းစားဆောင်ရွက်၍ လုပ်ဆောင်သွားမည်ဖြစ်ပါသည်။ ယခုအချိန်တွင် မည်ကဲ့သို့ဆက်လက်လုပ်ဆောင်သွားမည်ကိုပြောရန် အချိန်စောလွန်းသေးပါသည်။ မိမိတို့အနေဖြင့် **ဒေါ်အောင်ဆန်းစုကြည်အပေါ် အထူးအခွင့်အရေးပေး၍ နေအိမ်ကဲ့သို့ထားရှိကာ ဆောင်ရွက်ပေးထား**ပါသည်။ အဆွေတော်ပြသသည့် The Charter Of The United Nations စာအုပ်သည် မိမိထံတွင်လည်းရှိပြီး စိတ်ဝင်စားမှုရှိပါသည်။ သို့ရာတွင် **UN Charter ဆိုသည်မှာ စာရွက်ပေါ်တွင်သာ ရှိရမည်မဟုတ်ဘဲ အမှန်တကယ်လိုက်နာဆောင်ရွက်ရန် လိုအပ်**ပါသည်။

**၁၇။ သီးခြားဖော်ပြချက်**

ကုလသမဂ္ဂတာဝန်ရှိသူများအနေဖြင့် ၎င်းတို့မှ အများပြည်သူသို့ ထုတ်ပြန်ချက်များတွင် အစိုးရ၏တုံ့ပြန်ပြောကြားချက်များကို မျှတစွာ ထည့်သွင်းဖော်ပြရန် ကျင့်ဝတ်အရလိုအပ်သော်လည်း အထူးကိုယ်စားလှယ်၏ (၁၇-၈-၂၀၂၂) ရက် ထုတ်ပြန်ချက်သည် ယင်းကို လိုက်နာခြင်းမရှိကြောင်း တွေ့ရှိရသည်။ ယင်းထုတ်ပြန်ချက်ကြောင့် နိုင်ငံတကာအသိုက်အဝန်းက အထင်အမြင်လွဲမှားစေနိုင်ပြီး အများပြည်သူက နားလည်မှုလွဲမှားစေနိုင်သည်။

အထူးကိုယ်စားလှယ်၏ သတင်းထုတ်ပြန်ချက်သည် ပြည်ပနှင့် ပြည်တွင်းရှိ တရားမဝင် နှင့် အကြမ်းဖက်အဖွဲ့များမှပေးပို့သော သတင်းမှားများအပေါ်အခြေခံ၍ ဆွေးနွေးတောင်းဆိုမှုများဖြစ်သဖြင့် မြန်မာနိုင်ငံဘက်မှ ပကတိဖြစ်ရပ်မှန်များ၊ သတင်းအချက်အလက် အထောက်အထားများ ပြည့်စုံစွာဖြင့်

ပြန်လည်ရှင်းပြခဲ့ခြင်းများကို ထင်ဟပ်ဖော်ပြခြင်း မပြုဘဲ ယင်းတို့၏ တစ်ဖက်သတ်ပြောကြားမှုများသာ ဖြစ်ပြီး နှစ်ဦးနှစ်ဖက် အပြုသဘော ပူးပေါင်းဆွေးနွေးမှုများအပေါ် အနှောင့်အယှက် အဟန့်အတားဖြစ်စေနိုင်သဖြင့် ဆွေးနွေးချက်များကို ပြည့်စုံစွာ ဖော်ပြလိုက်ရခြင်း ဖြစ်ပါသည်။

■ ■ ■

# အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပသည့် (၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သော မြန်မာအားကစားအဖွဲ့များအား နိုင်ငံတော်က ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားတွင် ပြောကြားသည့်အမှာစကား

( ၂၀ - ၈ - ၂၀၂၂ )





အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပသည့် (၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သော မြန်မာအားကစားအဖွဲ့များအား နိုင်ငံတော်က ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို သြဂုတ်လ ၂၀ ရက်နေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ(B)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားပြီး ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့် သည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသူများ၊နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ၊ အုပ်ချုပ်သူများ၊ နည်းပြများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြားရာ၌ အားကစားဆိုသည့် ဝေါဟာရကို နိုင်ငံတကာအဘိဓာန်များက **“ယှဉ်ပြိုင်မှုရှိသော ရုပ်ပိုင်းဆိုင်ရာပြုမူဆောင်ရွက်မှုပုံစံအားလုံးကိုအားကစား”** ဟုသတ်မှတ်သကဲ့သို့

**"အင်အားနှင့်ဉာဏ်ရည်ကိုအသုံးချပြီး လှုပ်ရှားယှဉ်ပြိုင်မှုအားလုံးကိုလည်း အားကစား"** ဟု အဓိပ္ပာယ်ဖွင့်ဆိုကြပါကြောင်း။

**ထည်ဝါခန့်ညားစေ**

အားကစား၏ အဓိကရည်မှန်းချက်မှာ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးကို ရှေးရှုသည်ဆိုသော်လည်း ယခုအခါအားကစားတွင် တစ်ဦးချင်းယှဉ်ပြိုင်ရသောပြိုင်ပွဲမှ လူပေါင်းရာထောင်ချီပါဝင်သောပြိုင်ပွဲများ၊ ကျေးလက်အဆင့်ပြိုင်ပွဲများမှသည် ကမ္ဘာနှင့်ချီသော အိုလံပစ်ပြိုင်ပွဲများအထိ ကျင်းပလျက်ရှိနေပြီဖြစ်ပါကြောင်း၊ တစ်ချိန်တည်းတွင် အားကစားအောင်မြင်မှုသည် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို နိုင်ငံတကာအလယ်တွင် ထည်ဝါခန့်ညားစေပြီး အားကစားပြိုင်ပွဲများကိုလည်း လက်နက်မပါသော တိုက်ပွဲများဟုပင် တင်စားလာနေကြပြီဖြစ်ပါကြောင်း။

အားကစားသည် ပြောင်းလဲလာသော အခြေအနေအရပ်ရပ်နှင့်အညီ အချိန်အဝါနှင့် အနေအထားအရပါ မြင့်မားလာသည်ဖြစ်သဖြင့် ကျန်းမာရေးသက်သက်၊ အားကစားသက်သက် အဆင့်တွင်သာ ရပ်တန့်မနေဘဲ နိုင်ငံနှင့်လူမျိုးဂုဏ်ကို မြှင့်တင်ပေးသည့် အမျိုးသားရေးတာဝန်တစ်ရပ်လည်း ဖြစ်လာခဲ့ပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် အမျိုးသားရေးတာဝန်တစ်ရပ်၏ အဆင့်နှင့်အညီ အားကစားလှုပ်ရှားမှုများ၊ အားကစားပြိုင်ပွဲများကို အမျိုးသားအားကစားပြိုင်ပွဲအဖြစ် တစ်နိုင်ငံလုံးပါဝင်သည့် အားကစားပြိုင်ပွဲကြီးများမှ နိုင်ငံ့ကိုယ်စားပြုယှဉ်ပြိုင်မည့် လက်ရွေးစင်အားကစားသမားများကို စိစစ်ရွေးချယ်လာကြခြင်းမှာ မဖြစ်မနေဆောင်ရွက်ရမည့် အရေးပါသော အဓိကလုပ်ငန်းတစ်ရပ်လည်း ဖြစ်လာခဲ့ပြီဖြစ်ကြောင်း။

> **အားကစားအောင်မြင်မှုသည် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို နိုင်ငံတကာအလယ်တွင် ထည်ဝါခန့်ညားစေပြီး အားကစားပြိုင်ပွဲများကိုလည်း လက်နက်မပါသော တိုက်ပွဲများဟုပင် တင်စားလာနေကြပြီဖြစ်ပါကြောင်း။ အားကစားသည် ပြောင်းလဲလာသော အခြေအနေအရပ်ရပ်နှင့်အညီ အချိန်အဝါနှင့် အနေအထားအရပါ မြင့်မားလာသည်ဖြစ်သဖြင့် ကျန်းမာရေးသက်သက်၊ အားကစားသက်သက် အဆင့်တွင်သာ ရပ်တန့်မနေဘဲ နိုင်ငံနှင့်လူမျိုးဂုဏ်ကို မြှင့်တင်ပေးသည့် အမျိုးသားရေးတာဝန်တစ်ရပ်လည်း ဖြစ်လာခဲ့ပြီဖြစ်**

ယခင်က အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲ (SEAP Games)မှသည် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (SEA Games)၊ အာရှအားကစားပြိုင်ပွဲ (ASIAN Games)၊ အိုလံပစ်အားကစားပြိုင်ပွဲ (Olympic Games) များကိုသာ ကျင်းပခဲ့ကြပါကြောင်း။

**ပိုမိုအလေးထားရန်လိုအပ်လာ**

သို့သော် ယနေ့ကမ္ဘာကြီးတွင် သဘာဝဘေးအန္တရာယ်အမျိုးမျိုး ကြုံတွေ့နေရသည့်အတွက် ထိခိုက်ဒဏ်ရာရသူများ၊ လူ့အဖွဲ့အစည်းများအကြား ဖြစ်ပွားနေသည့် ပဋိပက္ခများ၊ တိုက်ခိုက်မှုများ၊ ဖောက်ခွဲဖျက်ဆီးမှုများကြောင့် သေဆုံးသူတစ်ဦးရှိတိုင်း ငါးဦးခန့် ထိခိုက်ဒဏ်ရာရရှိလျက်ရှိသည့်အပြင် မွေးဖွားလာကတည်းက ဆွံ့အ၊ နားမကြား၊ ခြေလက်အင်္ဂါ မပြည့်စုံခြင်းနှင့် ဉာဏ်ရည်မပြည့်မီသူများလည်း ရှိနေပါကြောင်း၊ ထို့ကြောင့် ယနေ့ကမ္ဘာပေါ်တွင် မသန်စွမ်းဖြစ်မှု ရာခိုင်နှုန်းသည်လည်း ကမ္ဘာ့လူဦးရေ၏ ၁၅ ရာခိုင်နှုန်းခန့်အထိ မြင့်တက်လာသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ကထုတ်ပြန်သည့် စာရင်းများအရသိရှိရပါကြောင်း၊ လူဦးရေသန်းပေါင်း ၁၀၀၀ ကျော်ခန့်ပမာဏရှိသော မသန်စွမ်းသူ အရေအတွက်သည်လည်း အထူးဂရုပြုရမည့် ပမာဏဖြစ်လာသည့်အတွက် မသန်စွမ်းသူများ၏အရေး၊ မသန်စွမ်းသူများ၏ အခွင့်အရေးများကိုပိုမိုအလေးထားရန်လိုအပ်လာပါကြောင်း။

မသန်စွမ်းသူများသည်လည်း လူသားများပင်ဖြစ်သည့်အတွက် မသန်စွမ်းသူများ၏ ကျန်းမာသန်စွမ်းရန်၊

စိတ်ခံစားမှုပြောင်းလဲမှုမှ ရှောင်ကွင်းနိုင်မည့်... 

စိတ်ဓာတ်ကြံ့ခိုင်ရန်လည်း လိုအပ်လာပါကြောင်း၊ ထို့ကြောင့် မသန်စွမ်းသူတစ်ဦးချင်းစီ၏ စိတ်ဓာတ်ခွန်အားမြင့်မား စေရန်နှင့် ဝါသနာပါရာလုပ်ငန်းဆောင်တာများကို လုပ်ကိုင် ဆောင်ရွက်စေနိုင်ရေးအတွက် မသန်စွမ်းသူများ၏ခန္ဓာကိုယ် ကျန်းမာသန်စွမ်းမှုကိုရော စိတ်ဓာတ်ကိုပါ မြင့်မားလာ စေရန် မိမိတို့ဝါသနာပါရာအားကစားနည်းများလုပ် ဆောင်နိုင်ရေး အားပေးမြှင့်တင်ပေးလျက်ရှိပါကြောင်း။

**စခန်းသွင်းလေ့ကျင့်ပေးလျက်ရှိ**

မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ ကွင်းဆင်းဆောင်ရွက်ခဲ့သော မသန်စွမ်းမှုလေးမျိုး အခြေခံစစ်တမ်းအရ နိုင်ငံလူဦးရေ၏ ၄ ဒသမ ၆ ရာခိုင်နှုန်း ဖြစ်သော ၂ ဒသမ ၃ သန်းခန့်သည် မသန်စွမ်း သူများဖြစ်သည်ကို တွေ့ရှိခဲ့ရကြောင်း၊ နိုင်ငံတော်အစိုးရ နှင့်အတူ နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ် သောအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်း အဖွဲ့အစည်း များ၊ စေတနာရှင်ပြည်သူများအနေဖြင့်လည်း မြန်မာနိုင်ငံမှ မသန်စွမ်းသူများ၏ဘဝ စိုပြည်လှပအောင် ပြန်လည် ထူထောင်ရေး၊ လူ့ဂုဏ်သိက္ခာမြင့်မားရေးနှင့် သန်စွမ်းသူ များနည်းတူ တန်းတူညီမျှအခွင့်အရေးများရရှိရေးကို ရှေးရှုသည့် အစီအစဉ်များဆောင်ရွက်ပေးလျက်ရှိပါ ကြောင်း၊ မသန်စွမ်းအားကစားသမားများ အားကစား လေ့ကျင့်နိုင်ရန် ရည်ရွယ်၍ မသန်စွမ်းသူများ အားကစား လေ့ကျင့်ရေးစခန်းကိုလည်း တည်ဆောက်ပံ့ပိုးပေးကာ စခန်းသွင်းလေ့ကျင့်ပေးလျက်ရှိပါကြောင်း။

ယနေ့ခေတ်တွင် မသန်စွမ်းသူများ၏အရေးသည် ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာမှအထူးအာရုံစိုက် အလေးထားရသည့်အရေးကိစ္စတစ်ရပ်ဖြစ်လာခဲ့ပါကြောင်း၊ ယခင်အချိန်အခါများက မသန်စွမ်းသူများအပေါ်ထားရှိ ခဲ့သည့် မသိနားမလည်ခြင်း၊ လျစ်လျူရှုခြင်း၊ အယူသီး ခြင်းနှင့် ကြောက်ရွံ့စိုးရိမ်ခြင်းများ စသည့်မသင့်လျော် သည့်ခံယူချက်၊ အယူအဆဟောင်းများကိုဖယ်ခွာပြီး မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုသည့် ဗြဟ္မစိုရ် တရားလေးပါးကို လက်ကိုင်ထားကြသည့် မြန်မာလူမျိုး များဖြစ်သည့်အလျောက် မိမိတို့လူ့အဖွဲ့အစည်း၏ တစ် စိတ်တစ်ပိုင်းအသိုက်အဝန်းတစ်ခုတည်းဖြစ်သည့် မသန် စွမ်းသူများနှင့်ပတ်သက်သော အရေးကိစ္စများကို မိမိတို့ တစ်ဦးချင်းစီနှင့်သက်ဆိုင်သည့်ကိစ္စရပ်၊ မြန်မာ့လူ့အဖွဲ့ အစည်း တစ်ရပ်လုံးနှင့်သက်ဆိုင်သည့်ကိစ္စတစ်ရပ်အဖြစ် လက်ခံဆောင်ရွက်ပေးကြရမည်လည်းဖြစ်ပါကြောင်း။

**ဆွတ်ခူးပေးနိုင်ခဲ့**

ထို့ကြောင့် အာဆီယံဒေသတွင်းရှိ မသန်စွမ်းသူများ အားကစားအဆင့်အတန်း မြင့်မားတိုးတက်စေရေးနှင့် ဒေသတွင်းချစ်ကြည်ရင်းနှီးမှု မြှင့်တင်နိုင်ရေးအတွက် အာဆီယံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ASEAN Para Sports Federation (APSF) ကို ၂၀၀၁ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့်လည်း အဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်၍ နှစ်နှစ်တစ်ကြိမ်ကျင်းပလျက်ရှိသည့် မသန်စွမ်းသူများ အားကစားပြိုင်ပွဲတိုင်းကို ပါဝင်ယှဉ်ပြိုင်ခဲ့သည်ကို တွေ့ ရပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပါဝင်ယှဉ်ပြိုင်သည့် အားကစားသမားဦးရေ အနည်းငယ်သာဖြစ်သော်လည်း ပြိုင်ပွဲဝင်အားကစားအမျိုးအစားတိုင်းတွင် ဆုတံဆိပ်များ များစွာ ဆွတ်ခူးပေးနိုင်ခဲ့ကြသည်ကို မှတ်တမ်းမှတ်ရာ များက သက်သေခံလျက်ရှိနေပါကြောင်း။

မသန်စွမ်းသူများ အားကစားပြိုင်ပွဲများသို့ဝင်ရောက် ယှဉ်ပြိုင်ခဲ့သည့် မှတ်တမ်းများကို ပြန်လည်ကြည့်ရှုသည့် အခါ ၂၀၀၁ ခုနှစ်တွင် မလေးရှားနိုင်ငံ၌ ကျင်းပခဲ့သည့် ပထမအကြိမ် အာဆီယံမသန်စွမ်းသူများ အားကစား ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူ အားကစားသမား ၃၁ ဦးရှိပြီး ရွှေ ၄၃ ခု အပါအဝင် ဆုတံဆိပ်ပေါင်း ၇၇ ခုနှင့် နိုင်ငံ အလိုက်ရပ်တည်မှု အဆင့် ၃၊ ၂၀၀၃ ခုနှစ် ဗီယက်နမ် နိုင်ငံ၌ ကျင်းပခဲ့သည့် ဒုတိယအကြိမ် အာဆီယံမသန်စွမ်း သူများ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူ အားကစား သမား ၂၆ ဦးရှိပြီး ရွှေတံဆိပ် ၂၄ ခု အပါအဝင် ဆုတံဆိပ် ပေါင်း ၄၇ ခုနှင့် နိုင်ငံအလိုက်ရပ်တည်မှု အဆင့် ၄ ၊ ၂၀၀၅ ခုနှစ် ဖိလစ်ပိုင်နိုင်ငံ၌ကျင်းပခဲ့သည့် တတိယ အကြိမ် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူ အားကစားသမား ၂၂ ဦးရှိပြီး ရွှေတံဆိပ် ၂၉ ခု အပါအဝင် ဆုတံဆိပ်ပေါင်း ၄၆ ခုနှင့် နိုင်ငံအလိုက် ရပ်တည်မှု အဆင့် ၅၊ ၂၀၀၈ ခုနှစ်၊ ထိုင်းနိုင်ငံ၌ကျင်းပသော စတုတ္ထအကြိမ် အာဆီယံမသန်စွမ်းသူများ အားကစား ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူ အားကစားသမား ၂၅ ဦးရှိပြီး ရွှေတံဆိပ် ၁၄ ခု အပါအဝင် ဆုတံဆိပ်ပေါင်း ၅၁ ခုနှင့် နိုင်ငံအလိုက်ရပ်တည်မှု အဆင့် ၆၊ ၂၀၀၉ ခုနှစ် မလေးရှား

နိုင်ငံ၌ ကျင်းပခဲ့သည့် ပဉ္စမအကြိမ် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင်ပါဝင် ယှဉ်ပြိုင်သူ အားကစားသမား ၂၅ ဦးရှိပြီး ရွှေတံဆိပ် ၁၄ ခု အပါအဝင် ဆုတံဆိပ်ပေါင်း ၄၀ ခုနှင့် နိုင်ငံ အလိုက်ရပ်တည်မှု အဆင့် ၆၊ ၂၀၁၁ ခုနှစ် အင်ဒိုနီးရှားနိုင်ငံ၌ကျင်းပပြုလုပ်သည့် ဆဋ္ဌမအကြိမ် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူ အားကစားသမား ၃၆ ဦးရှိပြီး ရွှေတံဆိပ် ၁၁ ခု အပါအဝင် ဆုတံဆိပ်ပေါင်း ၃၄ ခုနှင့် နိုင်ငံအလိုက်ရပ်တည်မှု အဆင့် ၆၊ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံတွင်၊ ကျင်းပပြုလုပ်ခဲ့သည့် သတ္တမအကြိမ် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူ ၂၁၅ ဦးရှိပြီး ရွှေတံဆိပ် ၃၄ ခု အပါအဝင် ဆုတံဆိပ် ၉၆ ခုနှင့် နိုင်ငံအလိုက်ရပ်တည်မှု အဆင့် ၅၊ ၂၀၁၅ ခုနှစ် စင်္ကာပူနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သည့် အဋ္ဌမအကြိမ် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူ ၁၀၂ ဦးရှိပြီး ရွှေတံဆိပ် ၁၆ ခု အပါအဝင် ဆုတံဆိပ် ၆၂ ခုနှင့် နိုင်ငံအလိုက် ရပ်တည်မှုအဆင့် ၆ ၊ ၂၀၁၇ ခုနှစ် မလေးရှားနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သည့် နဝမအကြိမ် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူ ၁၂၀ ဦးရှိပြီး ရွှေတံဆိပ် ၁၁ ခု အပါအဝင် ဆုတံဆိပ် ၄၃ ခုနှင့် နိုင်ငံအလိုက်ရပ်တည်မှုအဆင့် ၆ စသည်ဖြင့် အောင်မြင်မှုများရရှိခဲ့သည်ကို တွေ့ရှိရပြီး ၂၀၁၉ ခုနှစ် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပပြုလုပ်မည့် ၁၀ ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲအား ကျင်းပပြုလုပ်နိုင်ခဲ့ခြင်း မရှိခဲ့သည်ကိုတွေ့ရှိရပါကြောင်း။

**နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ခဲ့**

အဆိုပါမှတ်တမ်းများအရ မြန်မာနိုင်ငံမှ မသန်စွမ်းသူအားကစားသမားများသည် မသန်သော်လည်း စွမ်းဆောင်ရည်ရှိသူများဖြစ်ပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ခဲ့ ကြသူများဖြစ်ခဲ့ကြသည်ကိုလည်း တွေ့ရှိခဲ့ရပါကြောင်း။

ပြီးခဲ့သည့် (၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲကို မြန်မာနိုင်ငံအနေဖြင့် အားကစားနည်းခုနစ်နည်း၊ အားကစားသမား ၆၉ ဦး၊ ဖိတ်ကြားခံ၊ အုပ်ချုပ်သူ/ နည်းပြ ၄၀ ဦး၊ ဒိုင်လူကြီး ၄ ဦး အပါအဝင် စုစုပေါင်း ၁၁၃ ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ ရွှေတံဆိပ် ၁၄ ခု၊ ငွေတံဆိပ် ၁၂ ခု၊ ကြေးတံဆိပ် ၁၇ ခု၊ စုစုပေါင်း ဆုတံဆိပ် ၄၃ ခုရရှိပြီးပြိုင်ပွဲဝင် ၁၁ နိုင်ငံအနက် အဆင့် ၆ နေရာရရှိခဲ့ပါကြောင်း။

ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အားကစားနည်းခုနစ်နည်းအနက် ပြေးခုန်ပစ်၊ ရေကူးအားကစားနည်းမှ ရွှေတံဆိပ် ၁၄ ခု၊ ပြေးခုန်ပစ်၊ ရေကူး၊ အလေးမအားကစားနည်းမှ ငွေတံဆိပ် ၁၂ ခု၊ ပြေးခုန်ပစ်၊ ရေကူး၊ အလေးမ၊ မြားပစ်၊ ဘောလုံးအားကစား နည်းများမှာ ကြေးတံဆိပ် ၁၇ ခုရရှိခဲ့ပါကြောင်း။

ငွေတံဆိပ်ရရှိခဲ့သည့် အားကစားနည်းများသည်လည်း ပြိုင်ပွဲများတွင် ဗိုလ်လုပွဲသို့တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ပြီး ရွှေတံဆိပ်မရရှိခဲ့ကြသော်လည်း နိုင်ငံအတွက် အကောင်းဆုံးကြိုးစားယှဉ်ပြိုင်ခဲ့ကြသည်ကိုလည်း တွေ့ရှိခဲ့ရပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်အတွက် ဆုတံဆိပ်များရယူပေးနိုင်ခြင်းသည် နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် မြှင့်တင်ပေးရာရောက်သည့်အပြင် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အောင်နိုင်မှုဆုတံဆိပ်များဆွတ်ခူးရရှိပြီး နိုင်ငံတကာအလယ်တွင် အမိမြန်မာနိုင်ငံတော်အလံကို လွှင့်တင်ပြီး နိုင်ငံတော်သီချင်းသံလွှင့်ပျံ့အောင် စွမ်းဆောင်ကြိုးပမ်းခဲ့ကြသူများအား ယခုလိုထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ရခြင်းပင်ဖြစ်ပါကြောင်း၊ ယခုပြိုင်ပွဲတွင် နိုင်ငံအလိုက် အဆင့်တစ်ခုကို ရယူပေးနိုင်ခဲ့သည့် မြန်မာအားကစားသမားများ၏ ကြိုးပမ်းမှု၊ ဇွဲ၊ စိတ်ဓာတ်တို့ကို မှတ်တမ်းတင် ဂုဏ်ပြုကြရမည်ဖြစ်ပါကြောင်း။

ထို့ပြင် မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၏ ကြိုးကြပ်မှုနှင့် မသန်စွမ်းသူအားကစားသမားများအားလုံးကလည်း အားကစားစည်းမျဉ်း၊ စည်းကမ်းဥပဒေဘောင်များအတွင်းမှ အားကစားစိတ်ဓာတ်အပြည့်နှင့် တရားနည်းလမ်းကျစွာ ယှဉ်ပြိုင်အနိုင်ယူပြီး နိုင်ငံတော်အတွက် ရွှေ ငွေ ကြေး ဆုတံဆိပ်များဆွတ်ခူးပေးနိုင်ခဲ့သည့်အတွက် ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်ကြောင်းလည်းထပ်လောင်းပြောကြားလိုပါကြောင်း။

**အားကြိုးမာန်တက်ယှဉ်ပြိုင်**

နိုင်ငံတော်အနေဖြင့်လည်း နိုင်ငံ့ဂုဏ်ဆောင်နိုင်စေရန် ပြင်းပြင်းထန်ထန် ကြိုးစားလေ့ကျင့်နေမှုများကို အသိအမှတ်ပြုသောအားဖြင့် ပြိုင်ပွဲမသွားမီပြိုင်ပွဲဝင် အားကစားသမားတစ်ဦးကို ငွေကျပ် ၂ သိန်းစီနှင့် အမေရိကန်ဒေါ်လာ ၂၀၀ နှုန်း၊ အုပ်ချုပ်/နည်းပြတစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၁၀၀ နှုန်းစီချီးမြှင့်ထောက်ပံ့ပေးခဲ့သကဲ့သို့ ပြိုင်ပွဲ

အသီးသီးတွင် အားကြိုးမာန်တက်ယှဉ်ပြိုင်ပြီး တစ်ဦးချင်း ပြိုင်ပွဲများတွင် ရွှေတံဆိပ်ရရှိခဲ့သူများကို အမေရိကန်ဒေါ်လာ ၁၀၀၀၊ ငွေတံဆိပ်ရရှိခဲ့ကြသူများကို အမေရိကန်ဒေါ်လာ ၇၀၀၊ ကြေးတံဆိပ်ရရှိခဲ့ကြသူများကိုအမေရိကန်ဒေါ်လာ ၅၀၀၊ အသင်းလိုက် ငွေတံဆိပ်ရရှိခဲ့သူများကို တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၅၀၀ နှုန်းနှင့်အသင်းလိုက်ကြေးတံဆိပ်ရရှိခဲ့သူများကိုတစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၃၀၀ နှုန်း ချီးမြှင့်ပေးခဲ့ပါကြောင်း။

အလားတူ ယခုဂုဏ်ပြုပွဲတွင်လည်း ပြိုင်ပွဲမသွားမီကြိုတင်အသိပေးကြေညာထားသည့်အတိုင်း တစ်ဦးချင်းပြိုင်ပွဲများတွင် ရွှေတံဆိပ်ရရှိသူများကို ငွေကျပ်သိန်း ၃၀၀၊ ငွေတံဆိပ်ရရှိသူများကို ငွေကျပ်သိန်း ၂၀၀၊ ကြေးတံဆိပ်ရရှိသူများကို ငွေကျပ်သိန်း ၁၀၀ စီကိုလည်းကောင်း၊ အသင်းလိုက်ပြိုင်ပွဲများတွင် ရွှေတံဆိပ်ရရှိခဲ့သည့် အသင်းသားတစ်ဦးလျှင် ငွေကျပ်သိန်း ၁၀၀၊ ငွေတံဆိပ်ရရှိခဲ့သည့် အသင်းသား တစ်ဦးလျှင် ငွေကျပ်သိန်း ၇၀၊ ကြေးတံဆိပ်ရရှိခဲ့သည့် အသင်းသားတစ်ဦးလျှင် ငွေကျပ် ၃၅ သိန်းစီကိုလည်းကောင်း၊ အားကစားနည်းအလိုက် တာဝန်ယူဆောင်ရွက်ခဲ့သည့် နည်းပြများကိုမိမိတို့အားကစားနည်းမှ ရွှေတံဆိပ်ရရှိခဲ့အောင်စွမ်းဆောင်နိုင်ခဲ့သူ နည်းပြတစ်ဦးလျှင် ငွေကျပ်သိန်း ၁၀၀၊ ငွေတံဆိပ်ရရှိခဲ့ပါက ငွေကျပ်သိန်း ၅၀၊ ကြေးတံဆိပ်ရရှိခဲ့ပါက ငွေကျပ်သိန်း ၃၀ စီကိုလည်းကောင်း၊ အားကစားနည်းအလိုက် အုပ်ချုပ်မှုအဖွဲ့များကိုလည်း ရွှေတံဆိပ်ရရှိခဲ့ပါက အုပ်ချုပ်မှုအဖွဲ့များကို ငွေကျပ်သိန်း ၁၀၀၊ ငွေတံဆိပ် ရရှိခဲ့ပါကငွေကျပ်သိန်း ၅၀၊ ကြေးတံဆိပ်ရရှိခဲ့ပါက ငွေကျပ်သိန်း ၃၀ နှုန်းဖြင့်လည်းကောင်း၊ စုစုပေါင်းငွေကျပ် သိန်းပေါင်း ၁၀၀၆၀ ကို ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ပေးအပ်ချီးမြှင့်ခြင်းအတွက် သက်ဆိုင်ရာသူများအားလုံးအတွက် စိတ်ဓာတ်ခွန်အားဖြစ်စေလိမ့်မည်ဟု ယုံကြည်ပါကြောင်း။

**ဆက်လက်အားထုတ်ကြိုးပမ်း**

နိုင်ငံတော်နှင့် ပြည်သူလူထုအပါအဝင် ပံ့ပိုးကူညီပေးသော လုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံမသန်စွမ်းသူများအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၏ အားပေးချီးမြှောက်မှုအပေါ် တုန့်ပြန်သည့်အနေဖြင့် ဆုတံဆိပ်ရ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများကလည်း မိမိတို့၏ ဇွဲ၊ လုံ့လ၊ ဝီရိယ၊ ကြိုးပမ်းအားထုတ်လေ့ကျင့်မှု၊ စည်းကမ်းလိုက်နာမှု၊ အနိုင်မခံအရှုံးမပေးသည့် စိတ်ဓာတ်များနှင့် ပေါင်းစပ်ပြီး နောင်လာမည့် နိုင်ငံတကာပြိုင်ပွဲများတွင် ယခုထက် ပိုမိုအောင်နိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းသွားကြရန်၊ အထူးသဖြင့် လာမည့် ၂၀၂၃ ခုနှစ် ဇွန် ၃ရက်မှ ၉ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပမည့် ၁၂ ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲကြီးတွင် ဆုတံဆိပ်သာမက နိုင်ငံအလိုက်အဆင့်ပါ အောင်မြင်မှုရရှိရေးကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ မလျော့သော ဇွဲ၊ လုံ့လ၊ ဝီရိယ၊ အားမာန်၊ စိတ်ဓာတ်တို့ဖြင့် ရေကုန်ရေခမ်းဆက်လက်အားထုတ်ကြိုးပမ်းသွားကြပါဟု အလေးအနက်ထားတိုက်တွန်းမှာကြားပါကြောင်းဖြင့် ပြောကြားသည်။

■ ■ ■

# ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)ဥက္ကဋ္ဌ ခွန်သူရိန်၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)ဥက္ကဋ္ဌ ကျာဆော်လမွန်နှင့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)ဒုတိယဥက္ကဋ္ဌ စောမြရာဇာလင်းတို့ ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အားတွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးစဉ် ပြောကြားသည့်အမှာစကား

( ၂၂ - ၈ - ၂၀၂၂ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေး အဖွဲ့ချုပ်(PNLO)ဥက္ကဋ္ဌ ခွန်သူရိန်၊ လားဟူဒီမိုကရက်တစ် အစည်းအရုံး(LDU)ဥက္ကဋ္ဌ ကျာဆော်လမွန်နှင့် ရခိုင်ပြည် လွတ်မြောက်ရေးပါတီ(ALP) ဒုတိယဥက္ကဋ္ဌ စောမြရာဇာလင်း တို့ ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား ဩဂုတ်လ ၂၂ ရက်နေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေးသည်။

အဆိုပါ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲသို့နိုင်ငံ တော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီး ချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအဖွဲ့ ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယ ဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် တို့တက်ရောက်ကြပြီးပအိုဝ်းအမျိုးသားလွတ်မြောက်ရေး အဖွဲ့ချုပ် (PNLO)ဥက္ကဋ္ဌ ခွန်သူရိန်၊ လားဟူဒီမိုကရက် တစ်အစည်းအရုံး(LDU)ဥက္ကဋ္ဌ ကျာဆော်လမွန်၊ ရခိုင်ပြည် လွတ်မြောက်ရေးပါတီ(ALP) ဒုတိယဥက္ကဋ္ဌ စောမြရာဇာလင်း တို့နှင့် အတူ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ ချုပ်(PNLO)ဒုတိယဥက္ကဋ္ဌ ခွန်ထွန်းတင်၊ လားဟူဒီမို ကရက်တစ်အစည်းအရုံး(LDU)အထွေထွေအတွင်းရေးမှူး

ကျော်ယာကုတ်၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ခိုင်စိုးမြတို့တက်ရောက်ကြသည်။

**လက်တွဲ၍ ကြိုးပမ်းဆောင်ရွက်သွားရန်**

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်မှန်သည့်ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေး၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို နိုင်ငံရေးမျှော်မှန်းချက်အဖြစ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ **ဒေသနှင့်တိုင်းရင်းသားအကျိုးကို တရားဥပဒေနှင့်အညီ တောင်းဆိုဆွေးနွေးနိုင်ရေးအတွက် တိုင်းရင်းသားကိုယ်စားလှယ်များ အနေဖြင့် နိုင်ငံရေးစင်မြင့်တွင် ယခုထက် ပိုမိုပါဝင်လာရန်လိုအပ်**သည့် အခြေအနေများ၊ ထိုသို့အနာဂတ်တွင် တိုင်းရင်းသားများ နိုင်ငံရေးစင်မြင့်ပေါ်သို့ ရောက်ရှိလာစေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်သင့်သည်များနှင့် နိုင်ငံတော်အစိုးရအနေဖြင့် ကူညီဆောင်ရွက်ပေးနိုင်မည့် အခြေအနေများ၊ လွှတ်တော်အတွင်း တိုင်းရင်းသားများနှင့် လူထုလူတန်းစားအလွှာများကို ကိုယ်စားပြုသူများ ကျယ်ပြန့်စွာပါဝင်လာရေး ဆောင်ရွက်ရာတွင် နိုင်ငံရေးပါတီ အမျိုးအစားအလိုက် ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ **အမိနိုင်ငံတော်တည်းဟူသော အရိပ်အာဝါသ အောက်တွင် အတူတကွ ပေါင်းစည်းနေထိုင်ကြသူများဖြစ်သဖြင့် ပြည်ထောင်စုဖွား တိုင်းရင်းသားများအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆိုပါကတစ်သွေးတစ်သားတည်း၊ တစ်စိတ် တစ်ဝမ်းတည်းဖြင့် စိတ်တူကိုယ်တူ သဘောတူညီစွာ အတူတကွလက်တွဲ၍ ကြိုးပမ်းဆောင်ရွက်သွားရန်လိုအပ်**သည့် အခြေအနေများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀ဝ၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)တို့ကို အခြေခံ၍ ငြိမ်းချမ်းရေးလမ်းကြောင်းကို ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်သည့်အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO)ဥက္ကဋ္ဌ ခွန်သူရိန်၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)ဥက္ကဋ္ဌ ကျာဆော်လမွန်၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) ဒုတိယဥက္ကဋ္ဌ စောမြရာဇာလင်းနှင့် အဖွဲ့ဝင်များက **လက်နက်ကိုင် ပဋိပက္ခများ၊ သဘောထားကွဲလွဲမှုများဖြင့် ဒေသနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်၍ မရနိုင်သည်ကို နားလည်သဘောပေါက်ပြီး ငြိမ်းချမ်းမှုရရှိပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်သည့် အခြေအနေများ၊ တိုင်းပြည်ငြိမ်းချမ်းရေးနှင့် နယ်မြေဒေသအားလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်သည့် ငြိမ်းချမ်းရေးဆိုင်ရာ လက်တွေ့တိုးတက်မှုတစ်ခုကို ပုံဖော်နိုင်ရေး ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်**သည့် အခြေအနေများ၊ တိုင်းပြည်ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိအစိုးရနှင့် တပ်မတော်က ရဲရဲဝံ့ဝံ့တာဝန်ယူ၍ ဆောင်ရွက်သွားနိုင်မည့်အခြေအနေကောင်းဖြစ်ပေါ်နေမှု၊ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အကြီးအကဲ၏ တိုင်းပြည်။ ပြည်သူလူထုနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအပေါ် ထားရှိသည့် စစ်မှန်သည့်စေတနာကို ပိုမိုထင်ရှားစွာသိမြင်လာစေရေး ဆောင်ရွက်နေမှုများ၊ ယခုကဲ့သို့ ငြိမ်းချမ်းရေးဆွေးနွေး ဆောင်ရွက်နေချိန်တွင် ဆင်ဖြူရတနာပေါ်ထွန်း လာမှုသည်လည်း နိုင်ငံအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတိတ်၊ နိမိတ်ကောင်းဖြစ်သဖြင့် အောင်မြင်အောင်ဆောင်ရွက်သွားရန်လိုအပ်သည့်အခြေအနေများ၊ ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးဆောင်ရွက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးနှင့် ပတ်သက်၍ သဘောထားတူညီချက်အမြင်များကို ပြန်လည်ဆွေးနွေးပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို တင်ပြသည်။

**ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်း**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်က **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နေချိန် အတွင်း တိုင်းရင်းသားဒေသများဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့် တိုင်းရင်းသားဒေသများအနေဖြင့်လည်း ယင်းအခွင့်အရေးကို အမိအရရယူပြီး အပြည့်အဝအသုံးချ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး**

**ကိုကြိုးပမ်းဆောင်ရွက်စေလို**သည့် အခြေအနေများ၊ နယ်မြေဒေသတစ်ခုတည်းနှင့် တိုင်းရင်းသား မျိုးနွယ်စု တစ်ခုတည်း၌ပင် မတူညီသည့် သဘောထားအမြင်နှင့် ရပ်တည်ချက်များ ရှိနိုင်မည်ဖြစ်သည့်အတွက် တူညီသော သဘောထားအမြင်များ ရရှိစေရေး ဆွေးနွေးအဖြေရှာ၍ ဒေသမှတဆင့် တိုင်းပြည်ဖွံ့ဖြိုး တိုးတက်ရေးအထိ ညီညီညွတ်ညွတ်ဖြင့် ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်သည့် အခြေအနေများ၊ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဆောင်ရွက်သွားမည်ဆိုပါက ဖွံ့ဖြိုးတိုးတက်သည့် အနာဂတ် ပြည်ထောင်စု နိုင်ငံတော်ကြီးကို ဖော်ဆောင်သွားနိုင်မည်ဖြစ်သည့် အခြေအနေများ၊ ယခုဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးမှုပြီးလျှင်လည်း ရရှိလာသည့် သဘောထားဆန္ဒများအပေါ် မူတည်၍ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများ၊ ရှေ့ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည့် နိုင်ငံရေးလမ်းကြောင်းပုံစံအတွက် ကြိုတင်သဘောတူညီမှုများရယူခြင်း၊ ညှိနှိုင်းခြင်းများအား အချိန်ယူ၍ အသေးစိတ်ဆောင်ရွက်သွားမည့်အခြေအနေများ၊ တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးရေးအတွက် ငွေကျပ်ဘီလီယံ ၃၃၀ အား နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ခွင့်ပြုထားပြီး လက်တွေ့ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ပြန်လည်ဆွေးနွေးပြောကြားပြီး ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ နှစ်ဖက်အမြင်များကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

**အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က တက်ရောက်လာကြသည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်များအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ပြီး ငြိမ်းချမ်းရေးကိုယ်စားလှယ်များက လက်ဆောင်ပစ္စည်းများကို ပြန်လည်ပေးအပ် ကြသည်။

■ ■ ■

# ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၂) တွင် ပြောကြားသည့်အမှာစကား

( ၂၂ - ၈ - ၂၀၂၂ )





ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၂)ကို သြဂုတ်လ ၂၂ ရက်နေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စု အဆင့်ပုဂ္ဂိုလ်များ တက်ရောက်ကြပြီး နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**အစိုးရအဖွဲ့ ပြင်ဆင်ဖွဲ့စည်းမှုသည် ဦးတည်ချက်နှင့် ရှေ့ လုပ်ငန်းစဉ်များ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် နိုင်ရန်ဖြစ်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် အစိုးရအဖွဲ့ ပြင်ဆင်ဖွဲ့စည်းပြီး ပထမဆုံးအကြိမ် ကျင်းပ ပြုလုပ်သည့် အစည်းအဝေးဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ၂၀၂၁ ခုနှစ် နိုင်ငံတော်တာဝန်စတင်ထမ်းဆောင်ချိန် မှစ၍ အစိုးရအဖွဲ့ကိုစတင်ဖွဲ့စည်းခဲ့ရာတွင် နိုင်ငံရေးပါတီများမှ ပုဂ္ဂိုလ်များ၊ အငြိမ်းစားဝန်ထမ်းများနှင့် တာဝန်ထမ်းဆောင်နေဆဲ နိုင်ငံ့ဝန်ထမ်းအကြီးအကဲများ ပါဝင်ဖွဲ့စည်း၍ အစိုးရတစ်ရပ်၏ လုပ်ငန်းများပြန်လည် လည်ပတ်နိုင်ရေးအတွက် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံအတွက် လုပ်သင့်လုပ်ထိုက်သည့် ကိစ္စရပ်များဖြစ်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့်ပတ်သက်သည့် ဦးတည်ချက်များကိုချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါဦးတည်ချက်များကို အကောင်အထည် ဖော်ဆောင်ရွက်ချိန်တွင်လည်း အခက်အခဲများဖြစ်ပေါ် ခဲ့ကြောင်း။

မိမိတို့တာဝန်ယူချိန်တွင် ကိုဗစ် ၁၉ ဒုတိယလှိုင်း ဖြစ်ပွားမှုကို ကြုံတွေ့ခဲ့ရပြီး ဆေးဝါးနှင့်ဆရာဝန် အခက်အခဲများဖြစ်ပေါ်ခဲ့ကြောင်း၊ ဒုတိယလှိုင်းကာလအတွင်း ပိုးတွေ့လူနာ ၁၄၂၉၄၁ ဦးရှိခဲ့ကြောင်း၊ တတိယလှိုင်း

ဖြစ်ပွားခဲ့ချိန်တွင်လည်း ရောဂါဖြစ်ပွားမှု ပိုမိုပြင်းထန်ခဲ့ပြီး ပိုးတွေ့လူနာ ၃၉၁၃၅၃ ဦး၊ သေဆုံးသူ ၁၆၀၉၅ ဦးရှိခဲ့ပြီး အပြင်းထန်ဆုံးကာလဖြစ်ခဲ့ကာ အစိုးရအဖွဲ့အနေဖြင့် အခက်အခဲများကြားမှ ကျော်ဖြတ်ခဲ့ရကြောင်း။

အဆိုပါကာလတွင် CDM ပြုလုပ်သည့် ဝန်ထမ်းများကြောင့် အစိုးရ၏လုပ်ငန်းများ ထိခိုက်ခဲ့သကဲ့သို့ နိုင်ငံ့အခွန်ငွေများလည်း ပြည့်ဝစွာမရရှိခဲ့ဘဲ ပုံမှန်လုပ်ငန်းများဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုသာဆောင်ရွက်၍ ခက်ခဲစွာဖြတ်ကျော်ခဲ့ရကြောင်း၊ စတုတ္ထလှိုင်းဖြစ်ပွားသည့်ကာလအစမှ ယခုလ ၂၁ ရက်အထိ ပိုးတွေ့လူနာ ၇၉၉၈၃ ဦး တွေ့ရှိခဲ့ပြီး သေဆုံးလူနာ ၁၂၇ ဦးရှိခဲ့ကြောင်း၊ ယခင် ဒုတိယလှိုင်းနှင့် တတိယလှိုင်းကာလများထက်များစွာ ကျဆင်းသွားခဲ့ကြောင်း၊ ထိုသို့ကျဆင်းစေရန်အတွက် ပူးပေါင်းဆောင်ရွက်ပေးခဲ့သည့် ပြည်သူလူထုများနှင့် အခက်အခဲဖြစ်ပွားချိန်တွင် အကူအညီများပေးခဲ့သည့် အိမ်နီးချင်းတရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံနှင့် မိတ်ဆွေနိုင်ငံတို့ကြောင့်ဖြစ်ပြီး ယင်းအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ၎င်းတို့ကူညီပေးခဲ့မှုများကြောင့် မိမိတို့နိုင်ငံရှိပြည်သူများ ကိုဗစ်ဖြစ်ပွားမှုမှ များစွာလျော့ပါးစေခဲ့ကြောင်း၊ အခြားနိုင်ငံများအနေဖြင့်လည်း အထိုက်အလျောက်ကူညီမှုများရှိပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် အိမ်နီးချင်းနိုင်ငံများ၊ အခြားနိုင်ငံများနှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်ဖြင့် မိတ်ဝတ်မပျက်ဆက်ဆံရေးဖြင့် ဆက်ဆံဆောင်ရွက်လျက်ရှိကြောင်း။

မည်သို့ပင်ဖြစ်စေ မိမိတို့အစိုးရအနေဖြင့် အခက်အခဲများကို အောင်မြင်စွာကျော်လွှားဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အစိုးရအဖွဲ့အား ပြင်ဆင်ဖွဲ့စည်းရာတွင် လုပ်ငန်းများအဆင်ပြေစေရန်နှင့် လူမှန်နေရာမှန် ဖြစ်စေရန်အတွက် ပြင်ဆင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ယခင်ကာလများအတွင်း တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သည့်ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့် အကြီးအကဲများ အားလုံးကိုလည်း ကျေးဇူးတင်ရှိကြောင်း၊ ယခုအခါတွင်လည်း ပေးအပ်လာသည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ပြီး ရှေ့လုပ်ငန်းစဉ်အတိုင်း အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း၊ အစိုးရအဖွဲ့အနေဖြင့် ရည်မှန်းချက်များကို အမြဲအကောင်အထည်ဖော်ဆောင်ရွက်နေရမည်ဖြစ်ကြောင်း။

**ငြိမ်းချမ်းရေးဖော်ဆောင်မှု**

ဦးတည်ချက်များတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဟူ၍ ဦးတည်ချက်များ ချမှတ်ထားကြောင်း၊ နိုင်ငံရေးဦးတည်ချက်တွင် စစ်မှန်ပြီးစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကိုကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေးဆိုသည်ကို နိုင်ငံသားအားလုံး၊ တိုင်းရင်းသားအားလုံးကလိုလားကြကြောင်း၊ နိုင်ငံသားဆိုရာတွင် တိုင်းရင်းသားများမှ ပေါက်ဖွားလာသည့် နိုင်ငံသားများနှင့် အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံတွင် ရောက်ရှိနေထိုင်ပြီးနိုင်ငံသားအဖြစ် အသိအမှတ်ပြုခံရသူများလည်းရှိကြောင်း၊ အဆိုပါ ပြည်ထောင်စုတည်ဆောက်ရေးအတွက် ငြိမ်းချမ်းမှုရှိရန် မဖြစ်မနေလိုအပ်ကြောင်း၊ တစ်နိုင်ငံလုံးငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) အတိုင်းအလေးထားလုပ်ဆောင်သွားရေးအတွက်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိကြောင်း၊ NCA တွင် လက်မှတ်ရေးထိုးထားသည့်အဖွဲ့ ၁၀ ဖွဲ့ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းအောင်ဆောင်ရွက်ရန် အရေးကြီးကြောင်း၊ ယခုအခါ လက်နက်ကိုင်အဖွဲ့အစည်းများနှင့်တွေ့ဆုံဆွေးနွေး ခြင်းများဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)တို့ပေါ်တွင် အခြေခံ၍ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အဆိုပါအဖွဲ့များနှင့် သဘောတူညီချက်များရရှိပြီး လက်မှတ်ရေးထိုးနိုင်သည်အထိ အကြိမ်ကြိမ်ထပ်မံဆွေးနွေး ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ နောင်တစ်ချိန် လွှတ်တော်များပြန်လည်ကျင်းပချိန်တွင် ငြိမ်းချမ်းရေးညီလာခံကို ပြန်လည်ကျင်းပပြုလုပ်၍ လွှတ်တော်အမတ်များနှင့် သဘောတူညီချက်ရရှိပြီးဖြစ်သည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် ဆွေးနွေးဆောင်ရွက်၍ ထာဝရငြိမ်းချမ်းရေးရရှိရန် ရည်ရွယ်ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ဥပဒေများရေးဆွဲရန် ကျန်ရှိနေသေးကြောင်း၊ ထို့ကြောင့် NCA လက်မှတ်ရေးထိုးပြီးချိန်

တွင် ဆက်လက် ဆောင်ရွက်သွားနိုင်ရမည် ဖြစ်ကြောင်း၊ တိုင်းရင်းသားအခွင့်အရေး၊ ဒေသအခွင့်အရေးများ ရရှိရန်အတွက် နိုင်ငံရေးစင်မြင့်လွှတ်တော်တွင် ဆွေးနွေးဆောင် ရွက်နိုင်မည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လိုပါကလည်း ဥပဒေနှင့်ညီညွတ်သည့် လုပ်ငန်းများကိုဆောင်ရွက်နိုင်ရေး နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ လက်နက်ဆက်လက်ကိုင်ဆောင်လိုပါကလည်း တပ်မတော်တွင် ဝင်ရောက်တာဝန်ထမ်းဆောင်ခြင်း၊ နယ်ခြားစောင့်တပ်များတွင် ဝင်ရောက်တာဝန်ထမ်းဆောင်ခြင်းများ ဆောင်ရွက်ခွင့်ပေးမည်ဖြစ်ကြောင်း၊ သို့သော်ပြည်သူများ ထိခိုက်နစ်နာမှုများဖြစ်အောင် ဆောင်ရွက်ခဲ့သည်များရှိပါက နစ်နာသူများကတောင်းဆိုလျှင် ဥပဒေနှင့်အညီဖြေရှင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အဆိုပါအချက်များကို ပြည်ထောင်စုဝန်ကြီးများ အနေဖြင့် အလျဉ်းသင့်သည့်အချိန်များတွင် ဆွေးနွေးတိုက်တွန်းပြောကြားကြစေလိုကြောင်း။

**နိုင်ငံတကာဆက်ဆံရေး**

လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်ကို ကျင့်သုံးရေးနှင့် ပတ်သက်၍ မိမိတို့နိုင်ငံသည် ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံဖြစ်ပြီး၊ အာဆီယံအဖွဲ့ဝင်နှင့် BIMSTEC အဖွဲ့ဝင်နိုင်ငံလည်း ဖြစ်ကြောင်း၊ အိမ်နီးချင်းငါးနိုင်ငံရှိကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် အဆိုပါအဖွဲ့များ၏ ပဋိညာဉ်များအတိုင်း လိုက်နာဆောင်ရွက်လျက်ရှိပြီး မည်သည့် စစ်အုပ်စုအဖွဲ့မှ ဝင်ရောက်ထားခြင်းလည်းမရှိကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် ရင်းနှီးစွာဆက်ဆံလျက်ရှိသကဲ့သို့ ရုရှားနိုင်ငံနှင့်လည်း ရင်းနှီးသည့်ဆက်ဆံမှုရှိကြောင်း၊ ယခင်ကတည်းက အနောက်နိုင်ငံများနှင့် ရင်းနှီးသည့် ဆက်ဆံရေးများ ရှိခဲ့ကြောင်း၊ မိမိတို့နိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေးမူဝါဒသည် ခိုင်ခိုင်မာမာရှိကြောင်း၊ အာဆီယံအဖွဲ့၏ ပဋိညာဉ်အခြေခံမူတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံး၏ လွတ်လပ်မှု၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ တန်းတူရည်တူရှိမှု၊ နယ်မြေတည်တံ့ခိုင်မြဲမှုနှင့် အမျိုးသားရေးလက္ခဏာများကို လေးစားလိုက်နာခြင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်မှုမရှိခြင်း၊ တရားဥပဒေစိုးမိုးရေး၊ စီမံအုပ်ချုပ်မှုကောင်းမွန်ရေး၊ ဒီမိုကရေစီအခြေခံမူများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရဖွဲ့စည်းသည့် အစိုးရရှိမှုဟူသည့် အခြေခံသဘောတရားများကို လိုက်နာခြင်းဆိုသည့် အချက်များပါဝင်ကြောင်း၊ အဆိုပါအချက်များကို ပြန်ကြည့်ပါက လက်ရှိအခြေအနေကိုထင်ဟပ်နိုင်မည်ဖြစ်ကြောင်း၊ ပြည်ထောင်စုဝန်ကြီးများအနေဖြင့် နိုင်ငံတကာနှင့် ဆက်ဆံရာတွင် တုံ့ပြန်သင့်သည့်အချက်များကို ပြန်လည်တုံ့ပြန်ဆောင်ရွက်ရန်လိုအပ်ကြောင်း။

**စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေး**

စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ခိုင်မာမှုရှိစေရန်နှင့် တိုးတက်မှုရှိစေရေးဆောင်ရွက်ရန်လိုကြောင်း၊ လုပ်ငန်းတစ်ခုတိုးတက်မှုမရှိပါက ပြန်လည်သုံးသပ်ရန်လိုကြောင်း၊ ၂၀၁၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲတွင် ၃၂၅ မြို့နယ်၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ၃၂၃ မြို့နယ်၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ၃၁၅ မြို့နယ်ကျင်းပနိုင်ခဲ့ပြီး တစ်ကြိမ်နှင့်တစ်ကြိမ် မြို့နယ်အရေအတွက်များ နည်းပါးလာခဲ့ကြောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် ဒီမိုကရေစီနှင့် ပတ်သက်သည့် အခက်အခဲများကြောင့် နည်းပါးခဲ့ခြင်းဖြစ်သည်ကိုတွေ့ရှိရကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အချို့သောမြို့နယ်များ၌ ရွေးကောက်ပွဲကျင်းပရန် ပြောကြားခဲ့သော်လည်း အချို့တာဝန်ခံဆောင်ရွက်သည့် အဖွဲ့အစည်းများက အဆိုပါမြို့နယ်များ၌ ၎င်းတို့ပါတီအောင်နိုင်ရန် အခွင့်အရေးနည်းပါးပြီး အခြားယှဉ်ပြိုင်ဘက်ပါတီမှ အနိုင်ရရှိနိုင်သည့်အတွက် ယခင်ကန့်ကွက်မှုများကို အကြောင်းပြ၍ ငြင်းပယ်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ဖြစ်ပေါ်ခဲ့မှုများမှာ **ဒီမိုကရေစီထက်၊ တိုင်းရင်းသားများ၏အကျိုးထက် ပါတီ၏အကျိုးစီးပွား၊ ၎င်းတို့အဖွဲ့၏ ရေရှည်အာဏာရရှိရေး၊ ၎င်းတို့အဖွဲ့ကို ကျောထောက်နောက်ခံပြုထားသူများ၏ အကျိုးစီးပွားကို ဖော်ဆောင်ပေးရန်အတွက် ဦးစားပေးဆောင်ရွက်ခဲ့သည်ကို ပြီးခဲ့သည့်ရွေးကောက်ပွဲတွင်တွေ့ရှိခဲ့ရကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့ခြင်းများကြောင့် ဒီမိုကရေစီအမှန်တကယ်လိုလားသူများ၊ ပြည်ထောင်စုအကျိုးကို အမှန်တကယ်လိုလားသူများ၊ အမျိုးသားအကျိုးစီးပွားကိုအခြေခံ၍တိုင်းပြည် တည်ဆောက်ရေးဆောင်ရွက်နေသူများအတွက် စိတ်ခံစားမှုများ များစွာ**

**ဖြစ်ပေါ်ခဲ့**ကြောင်း၊ အင်မတန်ဆိုးရွားသည့် သမိုင်းမှတ်တမ်းတစ်ခုဖြစ်ပြီး မည်သို့မျှဖျောက်ဖျက်၍မရကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရအနေဖြင့် ဦးတည်ချက်များအတိုင်း ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပြီး အောင်မြင်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

**လူမှုစီးပွားမြှင့်တင်ရေးတွင် ပညာရေးကဏ္ဍသည် အရေးကြီး**

နိုင်ငံရေးဟုဆိုရာတွင် စီးပွားရေးသည်လည်း ဆက်စပ်လျက်ရှိကြောင်း၊ အလားတူလူမှုရေးကိစ္စများသည်လည်း နိုင်ငံရေးနှင့် ဆက်စပ်လျက်ရှိကြောင်း၊ **နိုင်ငံရေးကိစ္စတွင် အစိုးရ၊ ပါတီနှင့် ပြည်သူလူထုများတွင် တာဝန်ရှိ**ကြောင်း၊ သို့သော် နိုင်ငံ၏စီးပွားရေးကို အစိုးရမှ ဥပဒေပြဋ္ဌာန်း၍ အစိုးရမှဦးဆောင်ပြီး ဆောင်ရွက်ခြင်းနှင့် ပုဂ္ဂလိကကို ဆောင်ရွက်ခွင့်ပေးခြင်းများကို ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံ၏လူမှုစီးပွားဘဝတိုးတက်ရေးအတွက် အစိုးရတွင်လုပ်ဆောင်ရန် တာဝန်ရှိကြောင်း၊ လူမှုစီးပွားတွင် လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးရှိပြီး ပညာရေးတွင်အားနည်းမှုများရှိကြောင်း၊ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ အတန်းပညာအားနည်းမှုများရှိသဖြင့် မိမိတို့အနေဖြင့် ပညာရေးမြှင့်တင်မှုများကို မလွဲမသွေလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံ၏လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင်နေထိုင်ကြပြီး ၃၀ ရာခိုင်နှုန်းသည် မြို့ပြတွင်နေထိုင်ကြကြောင်း၊ ကျေးလက်နေပြည်သူများအနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိကလုပ်ဆောင်ကြကြောင်း၊ ကျေးလက်နေကလေးငယ်များ၏ ပညာရေးသည် အားနည်းလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် **ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားမြှင့်တင်ရေးအတွက် ပညာရေး၊ ကျန်းမာရေးကဏ္ဍများ မြှင့်တင်၍ ကြိုးပမ်းဆောင်ရွက်ပေးကြရမည်**ဖြစ်ကြောင်း။

ပညာသင်ကြားရေးတွင် မူလတန်းပညာရေးကို မသင်မနေရအဖြစ် အခြေခံဥပဒေ၌ပြဋ္ဌာန်းထားကြောင်း၊ **ပြောင်းလဲလာသော ခေတ်အခြေအနေနှင့် နည်းပညာလိုအပ်ချက်အရ KG + 9 အထိ မသင်မနေရအဖြစ် သတ်မှတ်၍ ပညာရေးကိုမြှင့်တင်ပေးရန်အတွက် မိမိတို့တာဝန်ယူချိန်ကာလအတွင်း ဆောင်ရွက်နေ**ကြောင်း၊ ပညာသင်ကြားရေးနှင့် ပတ်သက်၍ အခြေခံပညာကျောင်းများနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများရှိကြောင်း၊ ကျောင်းနေအရွယ် ကလေးများအားလုံး KG + 9 အထိသင်ကြားနိုင်ရေး နိုင်ငံတော်မှ မျှော်မှန်းဆောင်ရွက်နေကြောင်း၊ စာသင်ကျောင်းများအားလုံး ကျောင်းအင်္ဂါရပ်များနှင့်ကိုက်ညီအောင် ဆောင်ရွက်ပေးရန်လိုအပ်သကဲ့သို့ ကျောင်းသား၊ ကျောင်းသူများ၏ ကျောင်းဝတ်စုံများသည်လည်း တစ်ပြေးညီဖြစ်အောင်ဆောင်ရွက်ပေးရန်လိုကြောင်း၊ စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ပုံစံများကို ကလေးငယ်များသိရှိနားလည်အောင်သင်ကြားဆောင်ရွက်ပေးရန်လိုကြောင်း၊ ယခင်သမ္မတ ဦးသိန်းစိန်လက်ထက်က ဂျပန်နိုင်ငံနှင့်ပူးပေါင်း၍ ကျောင်းနေအရွယ်ကလေးငယ်များအတွက် ဒီမိုကရေစီသင်ခန်းစာများ သင်ကြားပေးနိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့ကြကြောင်း၊ အဆိုပါသင်ခန်းစာများကို မြန်မာထုံးတမ်းစဉ်လာများနှင့်ကိုက်ညီအောင်ဆောင်ရွက်၍ စာသင်ကျောင်းများတွင် ဒီမိုကရေစီနှင့်ပတ်သက်သည့် အသိများရှိအောင် ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ **ဒီမိုကရေစီဟုဆိုရာတွင် မိမိတို့နိုင်ငံ၏ အမျိုးသားရေးစရိုက် လက္ခဏာနှင့် ယဉ်ကျေးမှုကို ထိခိုက်မှုမရှိစေနိုင်သည့် ပညာရေးစနစ်မျိုးဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ဒီမိုကရေစီနိုင်ငံရေးကို သင်ကြားရန်မဟုတ်ဘဲ ဒီမိုကရေစီအလေ့အကျင့်ကောင်းများကို သင်ကြားပေးနိုင်မည်ဆိုပါက ကောင်းမွန်သည့် ပညာရေးစနစ်တစ်ခုဖြစ်လာမည်ဖြစ်ကြောင်း၊ အချို့ပုဂ္ဂလိကကျောင်းများတွင်လည်း နိုင်ငံရေးနှင့်သက်ဆိုင်သည်များကို မသိမသာသင်ကြားနေကြသည်ကို ကြားသိရ**သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ စာသင်ကျောင်းများအားလုံးမှ ကျောင်းသား၊ ကျောင်းသူများကို ပညာသင်ကြားရာတွင် အတန်းတိုင်း အဆင့်တိုင်းတွင် သက်ဆိုင်ရာပညာရပ်များကို တတ်ကျွမ်းမှုရှိအောင် သင်ကြားပေးနိုင်ရန်လိုကြောင်း။

ပညာရေးဝန်ထမ်းများနှင့်ပတ်သက်၍ လစာစရိတ်နှင့် ခံစားခွင့်များ ပိုမိုပေးအပ်ထားကြောင်း၊ ဒေသခံများအနေဖြင့်လည်း မိမိတို့ဒေသအကျိုးအတွက် ပညာရေးဝန်ထမ်းများအပေါ် ကူညီမှုများ ပေးရန်လိုကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ ရံပုံငွေများသုံးစွဲရာတွင်လည်း လက်တွေ့ကျသည့် ပညာရည်မြင့်မားရေးအတွက်

အထောက်အကူပြုသည့် ကိစ္စရပ်များတွင်သာ အသုံးပြုကြရန် လိုကြောင်း။

**စီးပွားရေးနှင့်ပတ်သက်၍**

ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားမှုကြောင့် စီးပွားရေးကျဆင်းမှုများ ဖြစ်ပေါ်ခဲ့သဖြင့် စီးပွားရေး ပြန်လည်အားကောင်းအောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ စီးပွားရေးတွင် ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဘဏ္ဍာရေးစနစ်နှင့် ဘဏ်စနစ်များ ကောင်းမွန်ရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုရှိမှသာ ကုန်သွယ်မှုများ ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုမှ လုပ်အားခများ ရရှိမည်ဖြစ်ပြီး ငွေကြေးလည်ပတ်မှုများရှိလာမည်ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ မှန်မှန်ကန်ကန် လည်ပတ်နိုင်စေရန်အတွက် ဘဏ္ဍာရေးစနစ်များ မှန်ကန်ရန်လိုကြောင်း၊ မိမိတို့စတင်တာဝန်ယူချိန်ကာလတွင် ဘဏ်စနစ်များ ပြိုလဲမှုမရှိစေရေး ထိန်းသိမ်းဆောင်ရွက်ခဲ့ရကြောင်း၊ ဘဏ်များအပေါ်တွင်ပြည်သူများ ယုံကြည်မှုရှိရန်လိုကြောင်း၊ စီးပွားရေးအား ကောင်းအောင်ဆောင်ရွက်ရာတွင် ငွေကြေးစနစ်များ ကောင်းမွန်ရန်လိုကြောင်း၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် ကယားပြည်နယ်တို့ရှိ အချို့ဒေသများမှလွဲ၍ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကုန်ထုတ်လုပ်မှုများ ပုံမှန်နီးပါးအခြေအနေ သို့ရောက်ရှိနေပြီဖြစ်ကြောင်း၊ စစ်ကိုင်းတိုင်း အစွန်အဖျားပိုင်းသည် သွားလာရေးကန့်သတ်ချက်ရှိသဖြင့် PDF များ EAO များ စိတ်ဝင်စားကြောင်း၊ လက်နက်၊ ခဲယမ်းများ ပိုမိုစုဆောင်းလာသည်ကို တွေ့ရကြောင်း၊ EAO များ အနေဖြင့် ၎င်းတို့နယ်မြေပြင်ပတွင် တိုက်ပွဲများဖြစ်ပွားရန် ပိုမိုလိုလားပုံဖော်နေသည်ကိုတွေ့ရ၍ လုံခြုံရေးအသိ၊ သတိနှင့် ဆောင်ရွက်ရန်လိုကြောင်း။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်က စီးပွားရေးကဏ္ဍ မြှင့်တင်ရေး ဆောင်ရွက်ပေးမှုနှင့်ပတ်သက်၍ ပြောကြားရာတွင် "ကိုဗစ်ရောဂါ ကာကွယ်ရေးနဲ့ ပတ်သက်ပြီးတော့ သုံးစွဲဖို့အတွက် စုထားတဲ့ငွေတွေ ရှိတယ်။ ဒါဟာ ၂၀၂၀ လောက်ကတည်းက စစုခဲ့တာပေါ့။ ဘီလီယံပေါင်း ၄၀၀ ကျော်လောက်ရှိတယ်။ အဲ့ဒီမှာလည်း သုံးခဲ့တာလည်း ရှိပါတယ်။ ကိုဗစ်ရောဂါ ကုသရေးတို့ ကာကွယ်ရေးတို့၊ ကိုဗစ်နဲ့ပတ်သက်ပြီးတော့ အသုံးစရိတ်တွေလည်း ကျွန်တော် အများကြီးပေးခဲ့ပါတယ်။ ပြင်ဆင်မှုကာလတွေ၊ ဆေးရုံတွေ၊ ဘာတွေကအစ အများကြီး ထောက်ပံ့ပေးတယ်။ ဒါပေမယ့် ငွေတွေက တော်တော်များများရှိနေတယ်။ ဒါသာမန်ကျန်းမာရေး အသုံးစရိတ်မဟုတ်ပါဘူး။ ဒါသီးခြားရှိတဲ့ငွေတွေပါ။ ငွေဆိုတာကတော့ အိပ်နေတာ မကောင်းဘူး။ လည်ပတ်နေတာ အကောင်းဆုံးပဲ။ အဲ့ဒီတော့ ငွေဆိုတာကတော့ လည်ပတ်သုံးစွဲတာကတော့ကောင်းတယ်။ ဒီလိုငွေတွေအိပ်နေမယ့်အစားကို အကျိုးရှိတာ ဘာလုပ်မလဲဆိုတဲ့အခါကျတော့ စဉ်းစားတဲ့အခါမှာခုနကပြောတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းမှာ အသုံးချနိုင်ရင် ကောင်းမယ်ဆိုတဲ့အတွေးလေးဝင်လာတယ်။ ဒါကြောင့် ကျွန်တော်တချို့ဝန်ကြီးတွေနဲ့ တိုင်ပင်ကြည့်တယ်။ ဒါလေးလုပ်ချင်တယ်။ ငွေတွေထုတ်သုံးလိုက်မယ်။ သူတို့ ဒါဆိုရင်တော့ ဘယ်လိုခေါင်းစဉ်နဲ့ သုံးရင်ဖြစ်နိုင်မယ်ဆိုပြီး သူတို့က ဒါလေးတွေ အကြံပြုကြတယ်။ အဲ့ဒါနဲ့ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဆိုပြီးတော့ ပေါ်လာတာဖြစ်ပါတယ်။ ပြည်နယ်နဲ့ တိုင်းတွေလည်း အကုန်ပေးပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ဒီငွေတွေက နိုင်ငံတော်ကပေးရတဲ့ငွေ ဖြစ်တဲ့အတွက်ကြောင့် ဒါတွေက မပျောက်ပျက်သွားဖို့တော့ လိုတာပေ့ါ။ မပျောက်ပျက်သွားဖို့ဆိုရင် ဒီပိုက်ဆံပြန်ဝင်လာဖို့ရာ အစိုးရကို တိုက်ရိုက်ဝင်တာရှိတယ်။ အစိုးရ တိုက်ရိုက်မဟုတ်ဘဲနဲ့ ဒီငွေကို အသုံးချပြီးတော့မှ ပြည်သူ့ရဲ့ ဘဝမြှင့်မားရေးအတွက်လည်း ဖြစ်လာခဲ့တဲ့ဟာမျိုးကိုလည်း ဖြစ်စေဖို့လိုတယ်။ ဒါကြောင့် ကျွန်တော်နည်းလမ်းနှစ်ခု စဉ်းစားပြီးတော့မှ တစ်အချက်ကတော့ စိုက်ပျိုးရေးနဲ့လုပ်တဲ့ နိုင်ငံတော်ကိုပြန်ပြီးတော့ အထောက်အကူရမယ့်လုပ်ငန်း ဘာနဲ့မီမလဲဆိုပြီးတော့၊ စပါးစိုက်ပျိုးရေးနဲ့ပဲ စိုက်ပျိုးရေးနှစ်ခုသွားတွေ့တယ်။ အဲ့ဒီတုန်းက ကျွန်တော် သုံးခုစဉ်းစားခဲ့တာပေ့ါ။ ဝါပါ ပါတယ်။ စပါးရယ်၊ ပဲရယ်။ ဝါရယ် စဉ်းစားခဲ့တာ။ဒါပေမယ့် ဝါက အချိန်မမီဘူး။ ဝါကအခု စိုက်နေကြပြီ။ မိုးကြို ဝါတွေစိုက်နေကြပြီဆိုတော့ မမီနိုင်ဘူး။ မမီနိုင်တော့ မီတဲ့လုပ်ငန်း ဘာရှိမလဲဆိုတော့ ပဲနဲ့စပါးရှိတဲ့အတွက်ကြောင့် နွေစပါးနဲ့ပဲတီစိမ်း ပဲနှစ်မျိုးကို ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ အဲဒါလည်း ပြည်နယ်နဲ့တိုင်းတွေမှာလည်း အကုန်လုံး အထောက်အကူရပါတယ်။ အဲ့ဒါအတွက် အခု ကျွန်တော် ကိန်းဂဏန်းတွေ တောင်းကြည့်တယ်။

ဘယ်လောက်ထိဖြစ်နိုင်မလဲဆိုပြီးတော့၊ ပြည်နယ်နဲ့ တိုင်းတွေ တင်ပြချက်မှာတော့ ပြည်နယ်နဲ့ တိုင်းအားလုံး နီးပါးလောက်၊ တိုင်းအားလုံးပေါ့၊ တိုင်းကြီးတွေ အားလုံး လောက် ဒါအကုန်လုံး အထောက်အကူရတာကိုသွားတွေ့ တယ်။ အနည်းနဲ့အများတော့ ကွာပါလိမ့်မယ်၊ သို့သော် တိုင်းကြီးတွေအားလုံးက အထောက်အကူရတယ်။ ဒါတွေလည်း ဝန်ကြီးချုပ်များ အစီအစဉ်နဲ့လုပ်ပါဆိုပြီး တော့ပေးလိုက်ပါတယ်။ နောက်ကိုယ်ပိုင်အုပ်ချုပ်ခွင့် ဒေသတွေကိုလည်း ကျွန်တော်တို့ပေးလိုက်တယ်။ ဒါတွေလည်း သူတို့ကလည်း ဘာလုပ်မလဲဆိုတော့ မြစိမ်းရောင်လုပ်ငန်းနဲ့ လုပ်ဖို့ဖြစ်ပါတယ်။ မြစိမ်းရောင် ကတော့တကယ်ဗျာ။ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနနဲ့ သမဝါယမဝန်ကြီးဌာနက အကောင်အထည်ဖော်တာ တော်တော်ကိုအောင်မြင်မှုရှိတဲ့ လုပ်ငန်းဖြစ်ပါတယ်။ အားရစရာတော်တော်ကောင်းပါတယ်။ ဒါတွေက တောင်သူ တွေရဲ့ တကယ့်ဘဝမြှင့်တင်ရေးကို အများကြီးအထောက် အကူပေးတယ်။ ကျွန်တော်ကတော့ အောင်မြင်အောင် လုပ်ပေးလိုက်တာ။ အမှန်ကတော့ ဒါ Force တစ်ခုထည့် ပေးလိုက်တာ။ အားဆေးပေါ့ဗျာ။ ဆေးစကားပြောရင် တော့ Booster ထိုးပေးလိုက်တာ။ ဒီလိုပဲ ခုနကပြောတဲ့ ပဲတီစိမ်းနဲ့ နှမ်းစပါးစိုက်တဲ့ဟာကျတော့လည်း ကျွန်တော် တို့က ဒီအပေါ်မှာ ကျွန်တော်တို့က နိုင်ငံတော်က ငွေစိုက် ထုတ်ပေးလိုက်တာ၊ ဒီငွေစိုက်ပေးပြီး ဒီငွေကိုပဲ အကျိုး အမြတ်ရှိအောင်လုပ်ပြီးရင် ဒါကိုပြန်ဆပ်။ ပြီးရင်ရတဲ့အမြတ် ပေါ်ကနေပြီးတော့ စိုက်ပျိုးရေး၊ ချေးထားတဲ့ စိုက်ပျိုးရေး ထောက်ပံ့ငွေ၊ ချေးငွေယူတဲ့ သူကတော့ အဲ့ထဲကနေ ၂၅ ရာခိုင်နှုန်း ပြန်ဆပ်။ ၇၅ ရာခိုင်နှုန်း ယူထား၊ သူကတော့ အကျိုးအမြတ်စားပေါ့လေ။ ပြီးရင် နောက်တစ်သီးကျလို့ ရှိရင် သူက ၂၅ ရာခိုင်နှုန်းပြန်ဆပ်၊ ၇၅ ရာခိုင်နှုန်း သူစား၊ အဲ့ဒီတော့ ၄ သီးစားပြီးလို့ရှိရင် သူ့ရဲ့ အကြွေးတွေ အကုန် ကြေသွားမယ်။ ဒီလို ကျွန်တော် မျှော်မှန်းပြီးလုပ်ပေး တာပါ။ ဒါကြောင့် ဒါကိုလည်း ပြည်ထောင်စုဝန်ကြီးဌာန များရော၊ ပြည်နယ်နဲ့တိုင်းဝန်ကြီးချုပ်များရော ပြည်နယ် ဦးစီးအဖွဲ့များရောဒါတွေကို မှန်မှန်ကန်ကန်နဲ့အောင်မြင် မှုရှိအောင် လုပ်ပေးကြဖို့ ကျွန်တော်ပြောလိုပါတယ်”

ကုန်ပစ္စည်းများထုတ်လုပ်နိုင်ရန်အတွက် အသေး စားအလတ်စား စီးပွားရေးလုပ်ငန်း(SME)များကို အား ပေးသွားမည်ဖြစ်သကဲ့သို့ ဆန်စက်၊ ဆီစက်နှင့်ပဲခွဲစက် လုပ်ငန်းများကိုလည်း အားပေး ဆောင်ရွက် သွားမည် ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ၎င်းလုပ်ငန်းများနှင့် ဆက်စပ်လျက် ရှိသည့် တောင်သူများနှင့် အလုပ်အကိုင်ဆောင်ရွက်ကြ သူများအနေဖြင့်လည်း လူမှုစီးပွားဘဝတိုးတက်လာမည် ဖြစ်ကြောင်း၊ အလားတူ မြို့ပေါ်နေပြည်သူများ အလုပ် အကိုင်ရရှိရေးအတွက်လည်း ပြည်တွင်း ပြည်ပရင်းနှီး မြှုပ်နှံမှုများ ဖိတ်ခေါ်ဆောင်ရွက်ရန် အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနက ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံအတွက် အမှန်တကယ် အကျိုးရှိမည့် ရင်းနှီးမြှုပ်နှံမှုများကို အားပေးဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေး လုပ်ငန်းများဆောင်ရွက်နေမှု**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆက်လက် ပြောကြားရာတွင် ကိုဗစ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းဆောင်ရွက် မှုနှင့်ပတ်သက်၍ ဩဂုတ် ၂၁ ရက်အထိ တစ်နိုင်ငံလုံးတွင် ရောဂါစစ်ဆေးမှုအနေဖြင့် ၈၆၀၀၀၀၀ ကျော်ရှိခဲ့ပြီး ရောဂါပိုးတွေ့ရှိမှုအနေဖြင့် ၆၁၀၀၀၀ ကျော်ရှိခဲ့ကာ သေဆုံးမှု ၁၉၀၀၀ ကျော်ရှိခဲ့ကြောင်း၊ ကာကွယ်ဆေး ထိုးနှံမှုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန၊ တပ်မတော် နှင့် ပုဂ္ဂလိက အဖွဲ့အစည်းများ စုပေါင်း၍ ၃၂၉၀၀၀၀၀ ကျော်ကို ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပေးပြီးဖြစ် ကာ တစ်ကြိမ်ထိုးနှံပြီးစီးသူ ၃၆၀၀၀၀၀ ကျော်ရှိကြောင်း၊ Booster ဆေးထိုးနှံပြီးစီးသူ ငါးသန်းခန့်ရှိကြောင်း၊ ကာကွယ်ဆေးထိုးနှံရန် အကြောင်းအမျိုးမျိုးကြောင့် ကျန်ရှိနေသူများလည်း ရှိကြောင်း၊ လုံခြုံရေးအရထိုးနှံ ရန် အခက်အခဲရှိသူများကို လုံခြုံရေးဆောင်ရွက်ပေး၍ ထိုးနှံပေးနိုင်သည်ဖြစ်သော်လည်း အချို့မှာမူ ကာကွယ် ဆေးထိုးနှံရန် ကြောက်ရွံ့နေမှုများလည်းရှိကြောင်း၊ ကာကွယ်ဆေးရရှိအောင်ဆောင်ရွက်ပေးရန်မှာ အစိုးရ၏ တာဝန်ဖြစ်ပြီး လူ့အသက်ထက်အရေးကြီးသည်မှာ မရှိ သည့်အတွက် ကာကွယ်ဆေးထိုးနှံကြစေရေးဆောင်ရွက် ကြရမည်ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်ဆေးတပ်ဖွဲ့မှ ပညာရှင်များ၏တွက်ချက်မှု အရ ဩဂုတ်လအတွင်း ဖြစ်ပွားမှုနှုန်းပြန်လည်မြင့်မား

လာနိုင်ချေရှိသည့်အတွက် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့် လိုက်နာရမည့်စည်းမျဉ်းစည်းကမ်းများ လိုက်နာစေရေးအတွက်လည်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ကာကွယ်ဆေးထုတ်လုပ်မှုနှင့်ပတ်သက်၍ Myancopharm ကိုလည်း တိုင်းပြည်၏လိုအပ်ချက်များအလိုက် ဆက်လက်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ၊ အမျိုးသားရေးမျှော်မှန်းချက်နှင့် နိုင်ငံရေးမျှော်မှန်းချက်များချမှတ်၍ ပန်းတိုင်အဖြစ်ဆောင်ရွက်လျက်ရှိကာ ပန်းတိုင်မပျောက်စေရေးအတွက် အစိုးရအဖွဲ့တွင် အဓိကတာဝန်ရှိပြီး နိုင်ငံရေးပါတီများ၊ နိုင်ငံသူ၊ နိုင်ငံသားများကလည်း ပါဝင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ Moving Forward ဟူသည့်အတိုင်း ရှေ့သို့ဆက်လက်လှမ်းမှီသွားရမည်ဖြစ်ကာ တာဝန်ရှိသူများအားလုံးက မိမိထမ်းဆောင်ရသည့် နေရာဌာနအလိုက်လုပ်ငန်းအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တိုင်းပြည်အတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပြီး လုပ်ငန်းအောင်မြင်မှုရှိစေအောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ လုပ်ငန်းဆောင်ရွက်မှု၊ စီမံခန့်ခွဲမှုများအားလုံး စနစ်ကျရန်လည်းလိုအပ်မည်ဖြစ်ကြောင်း၊ အစိုးရ၏အလုပ်သည် တိုင်းပြည်တွင်းရှိသည့်ပြည်သူပြည်သားများအားလုံး သက်တောင့်သက်သာဖြင့် သွားလာနေထိုင်လုပ်ကိုင် စားသောက်နိုင်အောင် ဆောင်ရွက်ပေးခြင်းပင်ဖြစ်ကြောင်း၊ တိုင်းပြည်တိုးတက်မှုရှိရမည်ဖြစ်ပြီး မိမိတို့၏ရည်မှန်းချက်အတိုင်း အောင်မြင်အောင်လျှောက်လှမ်းနိုင်ရေးအတွက် တာဝန်ရှိသူများအားလုံးအနေဖြင့် ကြပ်ကြပ်မတ်မတ်ဖြင့် ညှိနှိုင်းတိုင်ပင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ခရိုင်အသစ်များတိုးချဲ့ဖွင့်လှစ်ရာတွင်အဓိကကျ၍ မဖြစ်မနေဖွင့်လှစ်သင့်သည့် ခရိုင်ရုံးများကိုဖွင့်လှစ်သွားရန်ဖြစ်ပြီး အဓိကအားဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့်တိုင်းတို့တွင် လူမှုစီးပွားမြှင့်တင်ရေးအတွက် မဖြစ်မနေလိုအပ်သည့်ရုံးများဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း၊

အလားတူ တရားရုံးချုပ်မှတင်ပြလာသည့် ခရိုင်တရားရုံး၊ မြို့နယ်တရားရုံးများ အသစ်တည်ဆောက်ရေးနှင့်ပတ်သက်၍ အဆောက်အဦအသစ်ဆောက်လုပ်ခြင်းနှင့် ရှိပြီးသည့် အဆောက်အဦကိုပြန်လည်အသုံးပြုခြင်းဟူ၍ နှစ်ပိုင်းရှိကြောင်း၊ အသစ်တည်ဆောက်ရေးနှင့်ပတ်သက်၍ မြေနေရာရှိပြီးဖြစ်ပါက ဘတ်ဂျက်တွင် ထိုက်သင့်သည့် ပမာဏကို အချိုးကျထည့်သွင်း ပေးသွားမည်ဖြစ်ကြောင်း၊ အခြားနည်းလမ်းမှာရှိပြီးသည့်အဆောက်အဦကို ပြင်ဆင်ဖွင့်လှစ်သွားရန်ဖြစ်ကြောင်း။

စိုက်ပျိုးရေးနှင့်ပတ်သက်၍ ထုတ်ကုန်မြှင့်တင်ရေးလိုအပ်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံ၏ ထုတ်ကုန်တင်ပို့မှုတွင် ပဲတင်ပို့မှုသည် အာဆီယံတွင်အများဆုံးဖြစ်ကြောင်း၊ သို့သော် ပဲအထွက်နှုန်းနည်းပါးနေကြောင်း၊ ထို့အတူ စပါးအထွက်နှုန်းလည်း နည်းနေသေးကြောင်း၊ အာဆီယံတွင် မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်တို့သည် အဓိကစပါးတင်ပို့သည့်နိုင်ငံများဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် FAO အစီရင်ခံစာအရ စပါးစိုက်ဧကတွင် ဟက်တာ ၆ ဒသမ ၆၅ သန်းရှိကြောင်း၊ ထိုင်းနိုင်ငံသည် ၁၀ ဒသမ ၄ သန်း စိုက်ပျိုးကြောင်း၊ ဗီယက်နမ်နိုင်ငံသည် ၇ ဒသမ ၂ သန်း စိုက်ပျိုးကြောင်း၊ အထွက်နှုန်းကိုကြည့်ပါက မြန်မာနိုင်ငံသည် ၂၅ သန်း၊ ထိုင်းနိုင်ငံသည် သန်း ၃၀ နှင့် ဗီယက်နမ်နိုင်ငံသည် ၄၂ ဒသမ ၇၅ သန်းထွက်ရှိကြောင်း၊ ဗီယက်နိုင်ငံသည် တစ်နှစ်လျှင် စပါးကို သုံးသီးစိုက်ပျိုးသည့် နိုင်ငံဖြစ်သည်ဟု သိရကြောင်း၊ မိမိတို့နိုင်ငံတွင် နွေစပါးကို တစ်ဧက တင်း ၁၀၀ နှုန်းနှင့် မိုးစပါးကို တစ်ဧက တင်း ၈၀ နှုန်းထွက်ရှိအောင် ပန်းတိုင်ရည်မှန်းချက်ပေးထားပြီး သက်ဆိုင်ရာဝန်ကြီးဌာနနှင့် တောင်သူလယ်သမားများအနေဖြင့် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း၊ စပါးအထွက်နှုန်းတိုးပြီး နိုင်ငံတကာသို့ပိုမိုတင်ပို့ရောင်းချနိုင်ပါက တိုင်းပြည်၏ဝင်ငွေပိုမိုရှိနိုင်ပြီး တောင်သူလယ်သမားများလည်းများစွာအကျိုးရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တစ်ဧကအထွက်နှုန်းတိုးတက်ရေးသည်အဓိကကျပြီး အရေးကြီးကြောင်း။

ထို့ပြင် ရသင့်ရထိုက်သည့် အခွန်အခများရရှိရန်နှင့် အခွန်ကောက်ခံသည့် နယ်ပယ်ကိုချဲ့ထွင်ရန်လိုကြောင်း၊ တရားမဝင်ကုန်သွယ်မှုများ မရှိအောင်ထိန်းချုပ်ပြီး ထိ

ရောက်စွာ အရေးယူဆောင်ရွက်ရန်လိုအပ်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် သေချာစွာစိစစ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အခွန်တိမ်းရှောင်မှုများမှ အခွန်ငွေများရရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ကုန်ဈေးနှုန်းကျဆင်းရေးနှင့် ငွေကြေးတန်ဖိုးမြင့်တက်ရေးကို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တစ်ဖက်မှ ရသင့်ရထိုက်သည့် အခွန်အခများ ရရှိအောင်လုပ်ဆောင်ပြီး တစ်ဖက်မှလည်း တိုင်းပြည်ဝင်ငွေ တိုးပွားအောင်လုပ်ဆောင်၍ တိုင်းပြည်စီးပွားရေးတည်ငြိမ်အောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ယင်းအခြေအနေကို အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက မိမိတို့၏ လုပ်ဆောင်မှုသည် မှတ်ကျောက်တင်ခံရနိုင်မည်ဖြစ်ကြောင်း၊ ပြည်ထောင်စုအဆင့်နှင့်ဝန်ကြီးဌာနအလိုက် တာဝန်ရှိသူများအနေဖြင့် စိတ်သစ်လူသစ်ဖြင့် အားကြိုးမာန်တက်ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်းဖြင့်မှာကြားခဲ့သည်။

■ ■ ■

# စာပေဗိမာန် ၇၅ နှစ်ပြည့် စိန်ရတုအထိမ်းအမှတ်အခမ်းအနားတွင် ပြောကြားသည့်အမှာစကား

## ( ၂၆ - ၈ - ၂၀၂၂ )



ယနေ့ကျင်းပတဲ့ (၇၅) နှစ်ပြည့် စာပေဗိမာန်စိန်ရတု အခမ်းအနားသို့ တက်ရောက်လာကြတဲ့ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ စာပေပညာရှင်များ၊ ဌာနဆိုင်ရာပုဂ္ဂိုလ်များ၊ စာပေတိုက်အသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များနဲ့ ဧည့်သည်တော်များအားလုံး စိတ္တသုခ၊ ကာယသုခ ချမ်းသာခြင်းနှစ်ဖြာနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။

ဒီနေ့ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့ဟာ မြန်မာ့စာပေလောကမှာ အစဉ်အလာကြီးမားစွာ ရပ်တည်ခဲ့တဲ့ စာပေဗိမာန်ရဲ့ (၇၅) နှစ်ပြည့် စိန်ရတုတိုင်တဲ့ ရက်ကောင်းရက်မြတ်အချိန်အခါလည်း ဖြစ်ပါတယ်။ လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက် ယခင်က အကြောင်းအရင်းများစွာ ရှိနိုင်ခဲ့ပေမယ့် ဒီနေ့ခေတ်မှာတော့ "ပညာသည်သာ၊ အခရာ"ဖြစ်ကြောင်း ကမ္ဘာ့နိုင်ငံအားလုံးက လက်ခံထားကြပါတယ်။ ဒီပညာဆိုတာကို ငယ်စဉ်ဘဝက သင်ယူခြင်း၊ လေ့လာခြင်း စတဲ့နည်းလမ်းတွေကို အများဆုံးအသုံးပြု သင်ယူကြရတာဖြစ်ပါတယ်။ လက်တွေ့လုပ်ငန်းခွင်ဝင်ရောက်စဉ်၊ အဆင့်မြင့်ပညာတွေကို ဆက်လက်သင်ယူနေစဉ်နဲ့ စဉ်ဆက်မပြတ်လေ့လာသင်ယူမှု (Continuous Learning) ပြုလုပ်စဉ်မှာတော့ စာအုပ်စာတမ်းတွေ၊ ဆွေးနွေးပြောကြားမှုတွေကို အဓိကအခြေပြုပြီးတော့ လေ့လာ၊ နားထောင်၊ ကြံစည်၊ တီထွင်မှုတွေ ပြုလုပ်ကြရတာဖြစ်ပါတယ်။

ခေတ်အစဉ်အဆက်မှာ ဒီလိုစဉ်ဆက်မပြတ် ပညာကိုဆည်းပူးနိုင်ဖို့၊ ပညာကိုမျှဝေပေးနိုင်ဖို့ နိုင်ငံသူ/နိုင်ငံသား၊ ကမ္ဘာသူ/ကမ္ဘာသားတွေလက်ထဲ ကျယ်ကျယ်

ပြန့်ပြန့်ရောက်ရှိနိုင်ဖို့အတွက် စာအုပ်၊ စာပေတွေကို ကျွန်တော်တို့လူသားတွေ စတင်အသုံးပြုခဲ့တာဖြစ်ပါတယ်။ ခေတ်မီတိုးတက်လာတဲ့ နည်းပညာရပ်များရဲ့ အကူအညီနဲ့ ကျောက်စာ၊ ပေစာ၊ စာအုပ်၊ အီလက်ထရွန်နစ်စာရွက်စာတမ်း စသဖြင့်အသွင်သဏ္ဍာန်အမျိုးမျိုးပြောင်းနိုင်ကြပေမယ့် စာအုပ်၊ စာပေဆိုတဲ့ အနှစ်သာရကတော့ မပြောင်းလဲပါဘူး။ ကျွန်တော်တို့မြန်မာတွေဟာ စာအုပ်၊ စာပေတွေနဲ့ပညာကို ဘယ်လောက်အထိ တန်ဖိုးထားခဲ့ကြတယ်၊ ဘယ်လောက်ထိ လေ့လာခဲ့ကြတယ်ဆိုတာကို **"စာတစ်လုံး ဘုရားတစ်ဆူ"**ဆိုတဲ့ ရှေးခေတ်ဆိုရိုးစကား၊ **"အလိမ္မာ စာမှာရှိ"** ဆိုတဲ့စကား၊ **"စာအုပ်စာပေ လူ့မိတ်ဆွေ"** ဆိုတဲ့ စကားတွေကိုထောက်ရှုခြင်းအားဖြင့် သိရှိနိုင်ပါတယ်။

ဒီလိုတန်ဖိုးထားခဲ့ကြလို့လည်း ကျွန်တော်တို့စာပေ၊ ကျွန်တော်တို့စကား၊ ကျွန်တော်တို့ယဉ်ကျေးမှုဟာ ဒီနေ့အထိ နှစ်ပေါင်းထောင်ချီ တည်တံ့ခိုင်မြဲနေတာကို ဂုဏ်ယူဖွယ်တွေ့မြင်ကြရတာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ နှစ်ပေါင်းတစ်ရာကျော် ကိုလိုနီနိုင်ငံဖြစ်ခဲ့ရပါတယ်။ ကျွန်တော်တို့လိုပဲ ကိုလိုနီဖြစ်ခဲ့ဖူးတဲ့ နိုင်ငံအချို့မှာ သူတို့ရဲ့မူရင်းစာပေ အက္ခရာ ပြည့်ပြည့်စုံစုံမရှိတော့တာတွေ၊ အခြေခိုင်မာပြီးကောင်းမွန်တဲ့ ယဉ်ကျေးမှုပုံစံအချို့ မှေးမှိန်ပျောက်ကွယ်သွားရတာတွေ ရှိခဲ့ပါတယ်။ သို့သော် ကျွန်တော်တို့နိုင်ငံမှာတော့ ဒါတွေဟာ ပြည့်ပြည့်စုံစုံနီးပါး ယနေ့ထက်တိုင်ရှိနေပါတယ်။ ဒါဟာကျွန်တော်တို့ ပညာသင်ကြားစ အရွယ်ကပင် ကြားသိဖူးတဲ့ ရှင်မဟာရဋ္ဌသာရရဲ့ ဆုံးမစာတစ်ပုဒ်ဖြစ်တဲ့ " သု၊ စိ၊ ပု၊ ဘာ၊ ဝိ၊ လိ၊ သိ၊ ဓာ အက္ခရာစွဲသုံး၊ ဤရှစ်လုံးကို၊ သီကုံးပန်းသွင်၊ နေ့တိုင်းဆင်လေ့" ဆိုတဲ့ တန်ဖိုးရှိတဲ့ စာပေကြောင့်ပါပဲ။ ဒီလိုခေတ်အဆက်ဆက် လက်ဆင့်ကမ်းခဲ့ကြရာမှာ စာပေဗိမာန်ဟာလည်း မြန်မာ့လွတ်လပ်ရေးအကြိုကာလနဲ့ လွတ်လပ်ရေးရပြီး ကာလတွေမှာ မြန်မာ့စာပေတာဝန်နဲ့ ပြည်သူလူထုကို အသိပညာ ဖြန့်ဖြူးရေးတာဝန်တွေကို အထူးကျေပွန်ခဲ့ပြီး ယနေ့ထက်တိုင် ရပ်တည်နေတဲ့ ဂုဏ်ယူဖွယ်ရာ အဖွဲ့အစည်းကြီးဖြစ်ပါတယ်။

စာပေဗိမာန်ရဲ့ လွန်ခဲ့တဲ့ နှစ်ပေါင်း (၇၅) နှစ် သမိုင်းကြောင်းကို ခြေရာကောက်ရရင် ၁၉၄၇ ခုနှစ်၊ ဇွန်လ ၇ ရက်က ဆိုရန်တိုဗီလာအဆောက်အအုံမှာ ကျင်းပတဲ့ (ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ စီးပွားတိုးတက်ရေးနှစ်နှစ်စီမံကိန်း) ရေးဆွဲရေး ကွန်ဖရင့်မှာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက ခေတ်မီဗဟုသုတတွေ ကြွယ်ဝပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို စွမ်းစွမ်းတမံဆောင်ရွက်နိုင်ရေးဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဘာသာပြန်ဌာနကြီးတစ်ခုဖွင့်လှစ်ဖို့ ထည့်သွင်းပြောကြားခဲ့ပါတယ်။ ဗိုလ်ချုပ်ရဲ့ လမ်းညွှန်ချက်အတိုင်း နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုခေါင်းဆောင်တဲ့ ပုဂ္ဂိုလ်များနဲ့ စာပေပညာရှင်တို့ဟာ (Burma Translation Society–BTS) လို့ခေါ်တဲ့ (မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း) ကို ၁၉၄၇ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်မှာ စတင်ဖွဲ့စည်းနိုင်ခဲ့ပါတယ်။ အဲ့ဒီနေ့ဟာ စာပေဗိမာန်ရဲ့ အစပဲဖြစ်ပါတယ်။ စတင်ဖွဲ့စည်းစဉ် ဝန်ကြီးချုပ်ဦးနုက ဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး အုပ်ချုပ်မှုကောင်စီဝင် ၁၁ ဦး၊ စုစုပေါင်း ၁၂ ဦးနဲ့ ဖွဲ့စည်းခဲ့ကာ နောက်ပိုင်းမှာတော့ အုပ်ချုပ်မှုကောင်စီဝင် ၁၅ ဦးအထိ ဖြစ်လာခဲ့ပါတယ်။

၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်မှာ မြန်မာနိုင်ငံဘာသာပြန်စာပေအသင်းရဲ့ ယာယီအသင်းတိုက်ကို ဂျပ်ဆင်ကောလိပ်ဝင်းအတွင်းမှာရှိတဲ့ ပါမောက္ခဒေါက်တာလှဘူးရဲ့နေအိမ်မှာ ခေတ္တငှားရမ်းဖွင့်လှစ်ခဲ့ပါတယ်။ အဲ့ဒီနောက် မေလဆန်းပိုင်းမှာ ဝန်ထမ်းအင်အား များပြားလာတာကြောင့် ယာယီအသင်းတိုက်နေရာကနေ အမှတ် ၃၆၁၊ ပြည်လမ်းမှာရှိတဲ့ ဆိုရန်တိုဗီလာအဆောက်အအုံကို ငှားရမ်းပြောင်းရွှေ့ကာ အသင်းတိုက်ရဲ့အမည်ကိုလည်း စာပေဗိမာန်လို့ပြောင်းလဲအမည်ပေးခဲ့ပါတယ်။ စာပေဗိမာန်ရဲ့ဆောင်ပုဒ်ကို **"အမှောင်ခွင်း၍ အလင်းဆောင်အံ့"** လို့ဆိုပြီး စာဆိုတော်ဆရာကြီးဦးဝန်(မင်းသုဝဏ်)က ရွေးချယ်ပေးခဲ့ပြီးတော့မှ ရန်ကုန်တက္ကသိုလ် ပထမဆုံးစာကြည့်တိုက်မှူး၊ စစ်ပြီးခေတ်မှာ မြန်မာ့အသံကို စတင်တည်ထောင်ခဲ့သူဖြစ်တဲ့ ဆရာ K (ဦးခင်ဇော်)က ယင်းဆောင်ပုဒ်ကို "Light, where Darkness was" လို့ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပေးခဲ့ပါတယ်။

နောက်ပိုင်းမှာ ပုံနှိပ်ရေးလုပ်ငန်းတွေ များပြားလာတဲ့အတွက် မြို့တွင်းရုံးခွဲအဖြစ်ထားရှိဖို့ ကုန်သည်လမ်းနဲ့ ၃၇ လမ်းထောင့် မြေနေရာကိုဝယ်ယူပြီး စာပေဗိမာန်အဆောက်အအုံသစ်ကို အုတ်မြစ်ချခဲ့ပါတယ်။ ၁၉၅၅ ခုနှစ်၊ မေလ ၅ ရက် ကြာသပတေးနေ့မှာ စာပေဗိမာန်အဆောက်အအုံသစ်ကို နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုကိုယ်တိုင် ဖွင့်လှစ်

ပေးနိုင်ခဲ့ပါတယ်။ (၆၇) နှစ်ကျော်ခဲ့ပါပြီ။

ဒီစာပေဗိမာန်ကြီးဟာ ပြည်သူလူထုကို ပညာမျက်စိအလင်းပေးဖို့ ရည်ရွယ်ချက်နဲ့ လူထုအလင်း၊ လူထုအိတ်ဆောင်၊ လူထုတက္ကသိုလ် စာစဉ်လုပ်ငန်းတွေကို ပထမဦးစွာဆောင်ရွက်ခဲ့ပါတယ်။ ၁၉၅၄ ခုနှစ်မှာ မြန်မာ့စွယ်စုံကျမ်း အတွဲ-၁ (က-ကုံ) ကို စတင်ပုံနှိပ်ထုတ်ဝေနိုင်ခဲ့ပြီး ၁၉၇၇ ခုနှစ်မှာ မြန်မာ့စွယ်စုံကျမ်းနောက်ဆုံးတွဲဖြစ်တဲ့ အတွဲ-၁၅ ကို ထုတ်ဝေနိုင်ခဲ့ပါတယ်။ စာပေမှတ်ကျောက်တင်ရမယ့် ဂုဏ်ယူဖွယ်ရာလည်း ဖြစ်ပါတယ်။ ကျောင်းသုံးစာအုပ် ထုတ်ဝေရေးလုပ်ငန်း၊ ဝေါဟာရဘဏ်လုပ်ငန်း၊ နှစ်ငါးဆယ်စာစဉ်များ၊ စာပေဗိမာန်မဂ္ဂဇင်း၊ ပြည်သူ့လက်စွဲစာစဉ်၊ သုတပဒေသာစာစောင်၊ ရွှေသွေးဂျာနယ်တို့ကို ထုတ်ဝေခဲ့တဲ့ ဌာနကြီးလည်းဖြစ်ပါတယ်။ ၁၉၅၆ ခုနှစ်၊ မတ်လမှာ စာပေဗိမာန်စာကြည့်တိုက်၊ ၁၉၆၀ ပြည့်နှစ်၊ ဇူလိုင်လမှာ စာပေဗိမာန်အသင်းကို တည်ထောင်ခဲ့ကြတဲ့အပြင် စာပေနှီးနှောဆိုင်ရာစာပေဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆု စသဖြင့် အဆင့်ဆင့်တိုးတက်ချီးမြှင့်နိုင်ခဲ့ပြီး ၂၀၀၁ ခုနှစ်ကစပြီး အမျိုးသားစာပေတစ်သက်တာဆုကို နိုင်ငံတော်၏အမြင့်ဆုံးဆုအဖြစ် တီထွင်ချီးမြှင့်ပေးနိုင်ခဲ့ပါတယ်။ ယခုချိန်အထိ အမျိုးသားစာပေ တစ်သက်တာဆုရှင် ၃၄ ဦးထိ ရှိနေပြီဖြစ်ပါတယ်။ စာကောင်းပေမွန်တွေ၊ တိုင်းကျိုး၊ ပြည်ပြုစာတွေ အမြောက်အမြားပြုစု ထုတ်ဝေနိုင်ခဲ့သလို စာရေးဆရာများ၊ စာပေဝါသနာရှင်များကိုလည်း ပြုစုပျိုးထောင်ရာ အဓိကဌာနကြီးလည်း ဖြစ်ခဲ့ပါတယ်။ နိုင်ငံသူ၊ နိုင်ငံသားတွေကို စာပေဗဟုသုတတွေ ပြည့်စုံလာစေဖို့၊ အသိဉာဏ်ပညာများမြင့်မားလာစေဖို့အတွက် စာပေနဲ့ တိုင်းကျိုးပြည်ပြုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြတဲ့ ခေတ်အဆက်ဆက်က စာပေပညာရှင်များကိုလည်း အသိအမှတ်ပြု လေးစားပါကြောင်း ကျွန်တော် ပြောကြားလိုပါတယ်။ ယနေ့အမျိုးသားစာပေဆုရှင် အများစုဟာလည်း ဒီစာပေဗိမာန်ကပဲ မွေးထုတ်ပေးခဲ့တာဖြစ်ပါတယ်။ ယခုထွန်းဖောင်ဒေးရှင်းနဲ့ ပူးပေါင်းပြီး မြန်မာ့စွယ်စုံကျမ်း တွဲများပြန်လည်တည်းဖြတ် ဖြည့်စွက်ထုတ်ဝေခြင်း ဆောင်ရွက်ခဲ့ရာမှာ ယခုဆိုရင် အတွဲ-၁(က-ကုတ်)ကို ခေတ်စနစ်နဲ့အညီ ပြန်လည်ပြင်ဆင် ထုတ်ဝေနိုင်ခဲ့ပါတယ်။

ကျွန်တော့်အနေနဲ့လည်း ငယ်စဉ်ကတည်းက စာအုပ်စာပေတွေကို ဖတ်ရှုလေ့လာ မှတ်သားတဲ့နေရာမှာ အဓိက အထောက်အကူပြုခဲ့တာက ဒီစာပေဗိမာန်ကထုတ်ဝေတဲ့ စာအုပ်၊ စာစောင်များပဲဖြစ်ပါတယ်။ ငယ်စဉ်ကတည်းက စာပေဗိမာန်၊ စာကြည့်တိုက်အသင်းဝင်အဖြစ် ဝင်ရောက်ခဲ့ပြီး အဲဒီခေတ်ကထုတ်ဝေခဲ့တဲ့ စာအုပ်၊ စာစောင်တွေကိုလည်း ဖတ်ရှုခဲ့ရပါတယ်။ အဲဒီကနေရရှိခဲ့တဲ့ အသိပညာဗဟုသုတတွေဟာ ယနေ့ထက်တိုင် တန်ဖိုးမဖြတ်နိုင်တဲ့ စဉ်ဆက်မပြတ်လေ့လာ သင်ယူမှုကို ဖြစ်စေခဲ့ပါတယ်။ ကျွန်တော်နဲ့ သက်တူ၊ ရွယ်တူတွေ၊ ကျွန်တော့်ထက် အသက်အရွယ်ကြီးမားသူတွေနဲ့ ငယ်ရွယ်သူတွေကလည်း စာပေဗိမာန်ရဲ့ ကျေးဇူးကြောင့် ခေတ်အမြင်၊ ခေတ်အသိ၊ တိုင်းကျိုးပြည်ပြု စာပေတွေကို ဖတ်ရှုလေ့လာခွင့်ရရှိခဲ့ကြမှာ ဖြစ်ပါတယ်။ ဒီအတွေ့အကြုံ၊ ဗဟုသုတတွေကို တိုင်းပြည်တည်ဆောက်ရေး၊ နိုင်ငံတည်ဆောက်ရေးနဲ့ အနိမ့်ဆုံးအဆင့် မိမိနဲ့ဆက်စပ်

> **ပြည်သူလူထုရဲ့ ဆန္ဒဖြစ်တဲ့ "စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်" ကို လျှောက်လှမ်းနေတာဖြစ်ပါတယ်။ ဒီမိုကရေစီလို့ဆိုရာမှာ ကျွန်တော်တို့နိုင်ငံရဲ့ အမျိုးသားရေးစရိုက်လက္ခဏာနဲ့ ယဉ်ကျေးမှုကို ထိခိုက်မှုမရှိစေတဲ့ ပညာရေးစနစ်မျိုး၊ လေ့လာသင်ယူနိုင်တဲ့ အခြေအနေမျိုးတွေကို ဖန်တီးဆောင်ရွက်နိုင်ဖို့လိုပါမယ်။ ဒီမိုကရေစီနိုင်ငံရေးကို သင်ကြားဖို့မဟုတ်ဘဲ ဒီမိုကရေစီအလေ့အကျင့်ကောင်းတွေကို သင်ကြားပေးနိုင်မယ့် ကောင်းမွန်တဲ့ပညာရေးစနစ်၊ စဉ်ဆက်မပြတ် လေ့လာနိုင်တဲ့စနစ်ကို လုပ်ဆောင်ပေးရမှာဖြစ်ပါတယ်။**

နေတဲ့ လူမှုပတ်ဝန်းကျင်ကို ကောင်းကျိုးပြု တိုးတက်စေတဲ့လုပ်ငန်းတွေအတွက် အသုံးပြုခဲ့ကြမှာ အမှန်ပဲ ဖြစ်ပါတယ်။

လက်ရှိအချိန်ကာလမှာ ကျွန်တော်တို့နိုင်ငံဟာ ပြည်သူလူထုရဲ့ ဆန္ဒဖြစ်တဲ့ "စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်" ကို လျှောက်လှမ်းနေတာဖြစ်ပါတယ်။ ဒီမိုကရေစီလို့ဆိုရာမှာ ကျွန်တော်တို့နိုင်ငံရဲ့ အမျိုးသားရေးစရိုက်လက္ခဏာနဲ့ ယဉ်ကျေးမှုကို ထိခိုက်မှုမရှိစေတဲ့ ပညာရေးစနစ်မျိုး၊ လေ့လာသင်ယူနိုင်တဲ့ အခြေအနေမျိုးတွေကို ဖန်တီးဆောင်ရွက်နိုင်ဖို့လိုပါမယ်။ ဒီမိုကရေစီနိုင်ငံရေးကို သင်ကြားဖို့မဟုတ်ဘဲ ဒီမိုကရေစီ အလေ့အကျင့်ကောင်းတွေကို သင်ကြားပေးနိုင်မယ့် ကောင်းမွန်တဲ့ပညာရေးစနစ်၊ စဉ်ဆက်မပြတ် လေ့လာနိုင်တဲ့စနစ်ကို လုပ်ဆောင်ပေးရမှာဖြစ်ပါတယ်။

ဒီလိုလုပ်ဆောင်နိုင်ဖို့အတွက် နိုင်ငံသားတိုင်း ပညာရည်ပြည့်ဝဖို့ လိုပါမယ်။ မြန်မာနိုင်ငံသား ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်ပြောခဲ့တဲ့ ဒီမိုကရေစီနဲ့ပညာရေး အဆက်အစပ်ဟာ သတိပြုဖွယ် ဖြစ်ပါတယ်။ "တိုင်းပြည်အုပ်ချုပ်ရေးစနစ်များအနက် ဒီမိုကရေစီစနစ်ဟာ အခက်ခဲဆုံးဖြစ်တယ်။ ဒီမိုကရေစီ အောင်မြင်ဖို့ ပြည်သူပြည်သားတွေက အသိဉာဏ်ပညာနဲ့ ဆင်ခြင်တုံတရား လုံလောက်စွာရှိရမယ်၊ ပညာရေးသည် နိုင်ငံတော်၏အခြေခံအစစ် ဖြစ်တယ်။ အသိဉာဏ်ကင်းမဲ့တဲ့နိုင်ငံမှာ ဒီမိုကရေစီစနစ်ဟာ ဗရုတ်သုတ်ခကိုသာ ဖြစ်စေလိမ့်မယ်"လို့ပြောခဲ့ဖူးတာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံရေး ရည်မှန်းချက်နှစ်ရပ်ဖြစ်တဲ့ "ပါတီစုံဒီမိုကရေစီစနစ်" ခိုင်မာရေးနဲ့ "ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စု" ကို တည်ဆောက်နိုင်ဖို့ နိုင်ငံသားတိုင်း ပညာရည်ပြည့်ဝဖို့ ဦးစားပေး ဆောင်ရွက်ရပါမယ်။ စစ်ဘေး၊ စစ်ဒဏ်ကြောင့် ပညာရေးအားနည်းခဲ့ရတဲ့ ကျွန်တော်တို့နိုင်ငံသူ၊ နိုင်ငံသားများအတွက် "အ"သုံးလုံးလှုပ်ရှားမှု ဆိုတဲ့ စာတတ်မြောက်ရေးလှုပ်ရှားမှုကို အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့ကြပါတယ်။ သို့သော် နိုင်ငံတော်ရဲ့ အနာဂတ်ဟာ စာတတ်ရုံနဲ့မပြည့်စုံသေးပါဘူး။ စာဖတ်ဖို့နဲ့ စဉ်ဆက်မပြတ် လေ့လာဖို့လည်း လိုအပ်ပါတယ်။ ဒါတွေ လုပ်နိုင်ဖို့ အခြေခံအဆောက်အဦ (Infrastructure)တွေ လိုပါတယ်။ စာသင်ကျောင်းတွေ၊ စာသင်ဌာနတွေက စပြီး စာအုပ်၊ စာပေထုတ်ဝေသူ အဖွဲ့အစည်းတွေ၊ ပြုစုသူ စာရေးဆရာတွေ၊ သုတေသီတွေ၊ စာကြည့်တိုက်တွေ၊ လှုံ့ဆော်သူတွေ စသဖြင့်လိုအပ်ပါတယ်။ ဒီအခြေခံ အဆောက်အဦတွေဟာလည်း မိမိတို့တိုင်းပြည်၊ မိမိတို့လူမျိုး၊ မိမိစာပေနဲ့ ယဉ်ကျေးမှုတွေအပေါ်မှာ သန့်စင်မြင့်မြတ်တဲ့ စိတ်ထား ရှိဖို့လိုပါတယ်။ အယူဝါဒမှိုင်း ကင်းစင်တဲ့ အသိပညာဗဟုသုတတွေကို ဖြန့်ဖြူးပေးရပါလိမ့်မယ်။ အဆိပ်အတောက်ကင်းစင်တဲ့ စာပေတွေဖြစ်ဖို့လိုပါတယ်။ ၂၀၁၁ ခုနှစ် နောက်ပိုင်း၊ အထူးသဖြင့် ၂၀၁၅ ခုနှစ် နောက်ပိုင်းမှာ ထုတ်ဝေခဲ့တဲ့ အချို့သောစာအုပ်စာပေတွေ၊ စာပေဟောပြောပွဲအမည်ခံ ပြောဆိုမှုတွေဟာ ဒီမိုကရေစီစနစ်ထူထောင်စ ကျွန်တော်နိုင်ငံအတွက် ဒီမိုကရေစီစနစ်နဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့၊ စိတ်ဝမ်းကွဲပြားမှုများပြားတဲ့ လူမှုအဖွဲ့အစည်း (Highly Divided Society) တွေကို ဦးတည်သွားစေခဲ့တာကိုလည်း မြင်တွေ့နိုင်ပါလိမ့်မယ်။ ဒါတွေ ထပ်မဖြစ်ဖို့ ကျွန်တော်တို့ ဆင်ခြင်ရပါလိမ့်မယ်။

၂၀၁၉ ခုနှစ်မှာ ထုတ်ပြန်ခဲ့တဲ့ ရှေ့ပြေးသန်းခေါင်စာရင်းအရ ကျွန်တော်တို့နိုင်ငံ လူဦးရေရဲ့ သုံးပုံတစ်ပုံခန့်ဟာ ပညာရေးအားနည်းနေတာ တွေ့ရပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့အစိုးရအနေနဲ့ နိုင်ငံသူ၊ နိုင်ငံသားတွေရဲ့ ပညာရည်မြှင့်တင်ရေးကို ဦးစားပေးဆောင်ရွက်နေပါတယ်။ အခြေခံဥပဒေမှာ နိုင်ငံသားတိုင်း အခြေခံပညာ မူလတန်းအဆင့် ပညာသင်ကြားနိုင်ရေးကို ဆောင်ရွက်ရမည်လို့ ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့အစိုးရအနေနဲ့ ရည်မှန်းချက်ထက်ကျော်လွန်ပြီး နိုင်ငံသားတိုင်း KG+9 အဆင့် (အခြေခံပညာအလယ်တန်းအဆင့်) ရောက်ရှိစေရေး ဆောင်ရွက်လျက်ရှိပါတယ်။ ဒါဟာ ကျွန်တော်တို့က နိုင်ငံ့အနာဂတ်၊ ဒီမိုကရေစီစနစ်ရဲ့ အနာဂတ်ကို အခြေခံကျကျ တည်ဆောက်နေတာဖြစ်ပါတယ်။ နိုင်ငံသားတိုင်း ပညာရည်မြင့်မားခြင်းနဲ့ အနာဂတ်တိုင်းပြည်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်တွေကို တိုင်းရင်းသား ပြည်သူအားလုံး ခံစားရမှာဖြစ်ပါတယ်။ စာတတ်သူတိုင်း စာဖတ်လာအောင်၊ စာဖတ်သူတိုင်း ကောင်းမွန်မှန်ကန်တဲ့ အသိပညာ ဗဟုသုတတွေရလာအောင်၊ တိုင်းကျိုး၊ ပြည်ပြုစိတ်တွေ ကိန်းအောင်းလာအောင် ကျွန်တော်တို့ ဆောင်ရွက်ကြရပါမယ်။

ဒီလို "ပညာပြည့်ဝ နှလုံးလှတဲ့" လူ့အဖွဲ့အစည်းနဲ့ နိုင်ငံတော်ကို တည်ဆောက်ရာမှာ စာပေဗိမာန်အနေနဲ့ အတိတ်ကာလမှာ ထိထိရောက်ရောက် ဆောင်ရွက်ခဲ့သလို ယခုပစ္စုပ္ပန်ကာလနဲ့ အနာဂတ်ကာလတွေမှာလည်း ပါဝင်နိုင်အောင်ဆောင်ရွက်ကြရပါမယ်။ စာပေဗိမာန်ကြီးက ယခုလိုဆောင်ရွက်နေခြင်းဟာ အမျိုးသားရေးတာဝန် တစ်ရပ်ကို စာပေစွမ်းအားဖြင့် မြှင့်တင်နေခြင်းပဲဖြစ်ပါတယ်။ စာပေဗိမာန်ကထုတ်ဝေတဲ့ စာကောင်းပေမွန်များ၊ သုတ၊ ရသစာပေများကို ဖတ်ရှုခြင်းဖြင့် အသိပညာ၊ အတတ်ပညာနဲ့ ဗဟုသုတများပြည့်စုံတဲ့ အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ၊ အမျိုးသားရေးစိတ်ဓာတ်များ ရှင်သန်လာပြီး မိမိယဉ်ကျေးမှု ဘာသာဓလေ့ထုံးစံတွေကို တန်ဖိုးထားမြတ်နိုးတတ်တဲ့၊ အလေ့အထကောင်းများရှိလာမယ့် စာတတ်ပေတတ် အနာဂတ်မျိုးဆက်သစ်လူငယ်များ တိုးပွားလာစေမှာဖြစ်ပါတယ်။ ဒီလို စာတတ်ပေတတ် ပညာရည်မြင့်မားတဲ့ မျိုးဆက်များပေါ်ထွန်းလာမှသာ နိုင်ငံတော်ရဲ့အနာဂတ်ပုံရိပ် ပိုမိုလှပလာမှာဖြစ်ပါတယ်။

"အမှောင်ခွင်း၍ အလင်းဆောင်အံ့"ဆိုတဲ့ စာပေဗိမာန်ရဲ့ ဆောင်ပုဒ်နဲ့အညီ စာပေဗိမာန်က ထုတ်ဝေတဲ့ စာပေ၊စာကောင်းများဟာ အမျိုးသားရေးကို ထိခိုက်စေနိုင်တဲ့ "ဝါဒမှိုင်း၊ စာပေမှိုင်း" များမပါဘဲ ၃၈ ဖြာ မင်္ဂလာတရားတော်နဲ့အညီ ကျင့်ကြံနေထိုင်တတ်တဲ့ ခေတ်အမြင်၊ ခေတ်အတွေးနဲ့ ပညာဗဟုသုတပြည့်စုံတဲ့ နိုင်ငံ့သားကောင်း၊ သမီးရတနာများ တိုးပွားလာရေးကို ရည်ရွယ်ပြီး ထုတ်ဝေခဲ့ခြင်းဖြစ်ပါတယ်။ ပညာတတ်လူရည်ချွန်၊ လူရည်မွန်များ တိုးပွားလာမှသာ ဒီမိုကရေစီစံနှုန်းများနဲ့ အနှစ်သာရကို ကောင်းစွာသဘောပေါက်နားလည်ပြီး မြန်မာ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်ရှေးရှုတဲ့ လူ့ဘောင်သစ် အဖွဲ့အစည်း ပေါ်ပေါက်လာမှာလည်း ဖြစ်ပါတယ်။ စာပေဗိမာန်ကြီးက ဒီလိုတိုင်းကျိုး၊ ပြည်ပြုလုပ်ငန်းတွေကို ဆောင်ရွက်တဲ့နေရာမှာ ၇၅ နှစ်တာကာလအတွင်း စာပေဗိမာန်မှာ ဦးဆွေးဆံမြည့် တာဝန်ထမ်းဆောင်ခဲ့ကြတဲ့ အရာထမ်း၊ အမှုထမ်းတွေအားလုံးကိုလည်း ဂုဏ်ပြု အသိအမှတ်ပြုပါကြောင်းကိုလည်း အလေးထားပြောကြားလိုပါတယ်။

**နိဂုံးချုပ်အနေနဲ့**

ကျွန်တော်တို့အစိုးရအနေနဲ့ "ရှေ့သို့ချီမည် ပန်းတိုင်ဆီ (Keep Moving Forward to Achieve Our Goal) ဆိုတဲ့ ဆောင်ပုဒ်အတိုင်း နိုင်ငံအကျိုး၊ တိုင်းရင်းသား ပြည်သူအကျိုးကိုရှေးရှုပြီး ပိုမိုကောင်းမွန်တဲ့ နိုင်ငံတော်နဲ့ လူမှုစီးပွားဘဝတွေကိုတည်ဆောက်ရာမှာ စာပေဗိမာန်သည်လည်း စာပေအားဖြင့် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နေတယ်ဆိုတာ ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်။

ဒီစာပေဗိမာန်ကြီးဟာ အမျိုးသားရေးကြိုးပမ်းမှုကာလတစ်လျှောက်လုံးမှာ စဉ်ဆက်မပြတ်စာပေလုပ်ငန်းများနဲ့ တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့တာဟာ ဆိုရင် ယခုဆို စိန်ရတုကာလတိုင်ခဲ့ပြီဖြစ်ပါတယ်။ ရှေ့ဆက်ပြီးတော့လည်း နိုင်ငံတော်တည်ဆောက်ရေး၊ တိုင်းပြည်တိုးတက်ရေး၊ စာကောင်းပေမွန်များ တိုးပွားထုတ်လုပ်နိုင်ရေးလုပ်ငန်းတွေကို ယခုထက်မက ဆောင်ရွက်နိုင်ပြီး ယခုကျရောက်တဲ့ စာပေဗိမာန်ရဲ့ (၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်တည်တံ့ပါစေကြောင်း၊ နိုင်ငံတည်ဆောက်ရေး၊ တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်းတွေမှာ ကျရာကဏ္ဍကစွမ်းစွမ်းတမံပါဝင်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

■ ■ ■

# ပူးပေါင်းပါဝင် ဆည်မြောင်းစနစ်ဖြင့် လယ်ယာကဏ္ဍနှင့် တောင်သူတို့၏ လူမှုစီးပွားဘဝမြှင့်တင်ရေးဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားတွင် ပြောကြားသည့်အမှာစကား

( ၂၆ – ၈ – ၂၀၂၂ )



ပူးပေါင်းပါဝင် ဆည်မြောင်းစနစ်ဖြင့် လယ်ယာကဏ္ဍနှင့် တောင်သူတို့၏ လူမှုစီးပွားဘဝ မြှင့်တင်ရေးဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို သြဂုတ်လ ၂၆ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ၊ ဇေယျာသီရိမြို့နယ်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ရေအသုံးချသူများအဖွဲ့ခေါင်းဆောင် တောင်သူများနှင့်အဖွဲ့ဝင်တောင်သူများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောပြီး စားရေရိက္ခာပေါများသည့်နိုင်ငံ ဖြစ်ပေါ်လာစေရေးအတွက် အဓိကကျသည့်

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ချက်နှင့် မူဝါဒများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိကြောင်း။

**ရေအရင်းအမြစ်ပေါ်များကြွယ်ဝ**

မိမိတို့ မြန်မာနိုင်ငံသည် ရေအရင်းအမြစ်ပေါ်များ ကြွယ်ဝသည့် နိုင်ငံတစ်ခုဖြစ်ကြောင်း၊ နိုင်ငံ၏အလယ် အတိုင်း မြောက်မှတောင်သို့ စီးဆင်းနေသည့် ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်နှင့် စစ်တောင်းမြစ်ကြီး ၄ စင်းတွင် မြစ်လက်တက်များစွာရှိပြီး နှစ်စဉ်ရေက ပေသန်းပေါင်း ၈၇၆ ခန့် ပင်လယ်ထဲသို့ စီးဆင်းဝင်ရောက်လျက်ရှိသည် ကို လေ့လာတွေ့ရှိရကြောင်း၊ အဆိုပါမြစ်ကြီးများနှင့် မြစ်လက်တက်များပေါ်တွင် ဆည်တမံ ၂၄၅ ခုနှင့် ရေတင် လုပ်ငန်း ၂၁၀ ခုတို့ တည်ဆောက်ထားပြီး နှစ်စဉ်ပင်လယ် ထဲသို့ စီးဆင်းလျက်ရှိသည့် ရေထုထည်ပမာဏ၏ ၂ ဒသမ ၃ ရာခိုင်နှုန်းခန့်ကို အသုံးပြုလျက်ရှိကြောင်း။

**သီးနှံမျိုးစုံစိုက်ဧက ၃၃ ဒသမ ၂ သန်းရှိ**

တစ်နိုင်ငံလုံးတွင် သီးနှံမျိုးစုံ စိုက်ဧက ၃၃ ဒသမ ၂ သန်းခန့်ရှိပြီး မိုးကောင်းရေသောက်၊ ဆည်ရေသောက်၊ မြစ်ရေတင်စိုက်ပျိုးမြေသည် ၂၅ ဒသမ ၅၁၇ သန်းခန့်ရှိ ပြီး မိုးစပါးစိုက်ဧက ၁၅ သန်းခန့်နှင့် နွေစပါးစိုက်ဧက ၃ သန်းခန့်ရှိကြောင်း၊ အဆိုပါ စိုက်ပျိုးမြေများထဲမှ ရေ သွင်းစိုက်ဧရိယာဧက ၆ ဒသမ ၇၁ သန်းရှိသည့်အတွက် သီးနှံမျိုးစုံ စိုက်ပျိုးနေသည့် အသားတင်စိုက်ဧရိယာဧက ၃၃ ဒသမ ၂ သန်း၏ ၂၀ ရာခိုင်နှုန်းကျော်ကို ဆည်ရေပေး ဝေလျက်ရှိသည်ကို တွေ့ရကြောင်း၊ ရေအသုံးချမှု စနစ်တကျပြုလုပ်ပြီး ရေသွင်းစိုက်ဧက ၆ သန်းကျော် ကို စပါး၊ ပဲ၊ စပါး ၊ စပါး၊ နေကြာ၊ စပါး၊ စပါး၊ နှမ်း၊ စပါး အခြားစပါးနှင့်တွဲပြီး သီးထပ်နှစ်မျိုးစသည်ဖြင့် မိမိ ကြိုက်နှစ်သက်ရာသီးနှံများကို သုံးသီးစိုက်ပျိုးသွားနိုင် မည်ဆိုပါက တောင်သူများ၏ လူမှုစီးပွားဘဝသည် များစွာ ပြောင်းလဲသွားမည်ကို တွေ့မြင်နိုင်ကြောင်း။

စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းရန်၊ ကျေး လက်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရာတွင် ဆည်ရေပေးဝေမှုလုပ်ငန်းသည် လွန်စွာအရေးပါသည့် အတွက် နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဆည်မြောင်း စီမံကိန်းများကို အလေးထားရင်းနှီးမြှုပ်နှံပေးလျက်ရှိ ကြောင်း။

**ရေမရပါက သီးနှံမဖြစ်ထွန်းနိုင်**

စိုက်ပျိုးရေးဆိုသည်မှာ ရေနှင့်မကင်းကြောင်း၊ စိုက်ပျိုးရေ၊ အောင်ရေမရဘဲ ရာသီသီးနှံများ မဖြစ်ထွန်း နိုင်သကဲ့သို့ ရေမရပါကလည်း မည်သည့်သီးနှံမှ မဖြစ် ထွန်းနိုင်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည် မြောင်းဝန်ကြီးဌာနသည် ဆည်မြောင်းစီမံကိန်းလုပ်ငန်း များဖြစ်သည့် ရေလှောင်တမံများ၊ ရေလွှဲဆည်များ၊ ရေတံခါးများ၊ ရေပေးမြောင်းများနှင့် ရေထိန်းအဆောက် အအုံများ၊ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများ၊ မြေအောက် ရေထုတ်ယူသုံးစွဲသည့်လုပ်ငန်းများ၊ ရေအားလျှပ်စစ် ထုတ်လုပ်ခြင်းနှင့် နေရောင်ခြည်စွမ်းအင်သုံး ရေပေးဝေမှု လုပ်ငန်းများ၊ မြေအောက်ရေထိန်း ရေလှောင်တမံလုပ်ငန်း များကို နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင် ရွက်ပေးလျက်ရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးခဲ့သည့် ဆည်ရေအရင်းအမြစ်များကို ထိ ထိရောက်ရောက် အကျိုးရှိအောင် အသုံးချပြီး မိမိတို့၏ စိုက်ပျိုးမွေးမြူရေးကဏ္ဍ တိုးတက်ပြောင်းလဲလာအောင် ရှေးရှုဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**ရေသယံဇာတမဆုံးရှုံးစေရန်**

တစ်ဖက်တွင်လည်း ရာသီဥတုပြောင်းလဲဖောက်ပြန် မှုကြောင့် ကမ္ဘာနှင့်အဝန်း ရေသယံဇာတများ ဆုတ်ယုတ် ခြင်း၊ ရှားပါးခြင်းများ ဖြစ်ပေါ်ခံစားနေကြရကြောင်း၊ ထို့ကြောင့် လူနှင့်သစ်ပင်၊ တိရစ္ဆာန်များအတွက် မရှိမဖြစ် ဖြစ်သည့် ရေသယံဇာတများကို အကျိုးမဲ့အလဟဿ မ ဆုံးရှုံးစေရန်နှင့် အနာဂတ်တွင် ရေရှည်သုံးစွဲနိုင်ရန် အတွက် ခြိုးခြံချွေတာခြင်း၊ ထိရောက်အကျိုးရှိစွာ သုံးစွဲ ခြင်းများကို မဖြစ်မနေဆောင်ရွက်ကြရန် လိုအပ်လာပြီ ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တစ်ဦးတစ် ယောက်၏ အင်အားနှင့် ဆောင်ရွက်၍မရဘဲ အားလုံး တစ်စိတ်တစ်ဝမ်းတည်း ပူးပေါင်းပါဝင်ကြမှသာ အောင်မြင် နိုင်မည်ဖြစ်ကြောင်း။

**မျိုး၊ မြေ၊ ရေ၊ နည်း**

ယနေ့ အခမ်းအနားကို တက်ရောက်လာကြသူများ သည် ဆည်ရေကို အသုံးပြုကြသူများဖြစ်ကြောင်း၊ ရေ၏တန်ဖိုးကို ရေအသုံးချသူတိုင်းသိကြောင်း၊ စိုက်ပျိုးရေး လုပ်ငန်းပင်ဖြစ်စေ၊ မွေးမြူရေးလုပ်ငန်းပင် ဖြစ်စေ မိမိလေ့လာသုံးသပ်တွေ့ရှိချက်မှာ မျိုး၊ မြေ၊ ရေ၊

နည်းသည် လုပ်ငန်းအောင်မြင်မှုအတွက် အခရာဖြစ်ကြောင်း၊ မျိုးကောင်းမျိုးသန့်၊ စိုက်ပျိုးရေးတွင် မြေသြဇာ(မွေးမြူရေးမှာအစာ)၊ စိုက်ပျိုးရေးနှင့် အောင်ရေ၊ စိုက်နည်းစနစ်တို့ပင်ဖြစ်ကြောင်း၊ ထိုအထဲတွင် အရေးအကြီးဆုံး၊ အဓိက အကျဆုံးမှာ "ရေ" ပင်ဖြစ်ကြောင်း၊ ရေမရှိဘဲ၊ ရေမပြည့်စုံဘဲ အောင်မြင်ဖြစ်ထွန်းသည့် စိုက်ပျိုးရေးကို မရနိုင်ကြောင်း၊ ရေကိုအကျိုးရှိစွာ အသုံးချနိုင်ခြင်းတွင် ကမ္ဘာမှာအစ္စရေးနိုင်ငံသည် အကောင်းဆုံးဟု လေ့လာသိရှိရသည့်အတွက် မိမိတို့လည်း ၎င်းနိုင်ငံမှာ သွားရောက်လေ့လာ သင်ကြားခဲ့သည့် လူသားအရင်းအမြစ်များကို ထိရောက်စွာ အသုံးချဆောင်ရွက်သွားရန်လိုကြောင်း၊ ရေအသုံးချနိုင်မည့် စိုက်ပျိုးရေး အင်ဂျင်နီယာပညာရပ်ကို ကျောင်းအသီးသီးတွင် အဆင့်လိုက် ကျယ်ပြန့်စွာသင်ကြားပေးရန်နှင့် ထိရောက်စွာအသုံးပြုရန်လိုကြောင်း၊ ထို့ကြောင့် နိုင်ငံတစ်ဝန်းမှာ တည်ဆောက်ထားသည့် ဆည်မြောင်းတာတမံများက ထုတ်လွှတ်ပေးသည့် စိုက်ပျိုးရေများကို စနစ်တကျ စီမံခန့်ခွဲအသုံးပြုနိုင်ရန်အတွက် စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားကြီးများကိုယ်တိုင် ထိရောက်စွာပါဝင်ကြရန် လိုအပ်ကြောင်း။

အဓိကသီးနှံဖြစ်သည့် စပါးတစ်ဧက အောင်မြင်စွာဖြစ်ထွန်း အောင်မြင်ရန်အတွက် မြေအမျိုးအစားပေါ်မူတည်ပြီး ပျမ်းမျှရေ လိုအပ်ချက်မှာ ၅ ဧကပေခန့်ဖြစ်သည့်အတွက် ရေဂါလန်အားဖြင့် ၁၃ ဒသမ ၅ သိန်းဂါလန် လိုအပ်သည်ဟု ပညာရှင်များကပြောကြောင်း၊ အထူးသဖြင့် နွေရာသီရေခမ်းခြောက်ချိန်၊ ရှားပါးချိန်တွင် ရေကုန်သက်သာစေရန်နှင့် ရေအလေအလွင့် မရှိစေရန်အတွက် နည်းပညာအခြေခံသည့် ရေပေးဝေမှုစနစ်များကို ကြံဆသုံးစွဲကြရမည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် ရေအလေအလွင့်နည်းပါးစေသည့် ရေပက်ဖျန်းသည့်စနစ် (Sprinkler)၊ အစက်ချရေပေးသည့်စနစ် (Drip Irrigation) အမျိုးမျိုးကို သီးနှံနှင့် ရေမြေအခြေအနေပေါ်မူတည်အသုံးပြုပြီး စိုက်ပျိုးရေကို ထိထိရောက်ရောက် အကျိုးအရှိဆုံး အသုံးပြုကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ရေချိုးရာတွင် ရေပုန်းဖြင့်ချိုးခြင်း၊ ရေခွက်ဖြင့်လောင်းချိုးခြင်းထက် ရေပန်းနှင့်ချိုးခြင်းက ရေကုန်ကျမှုကို သက်သာစေနိုင်သည်ကို မြင်တွေ့နိုင်ကြောင်း။

**လေလွင့်ဆုံးရှုံးမှုများစွာဖြစ်ပေါ်မည်**

ယခု တောင်သူအများစု ဆောင်ရွက်နေကြသည့် ဆည်ရေသောက်လုပ်ငန်းတွင် "ခွက်ဆင့်သောက်" လမ်းကြောင်းအလိုက် ရေပေးသွင်းခြင်း (Furrow Irrigation) ကိုသာ ကျင့်သုံးနေမည်ဆိုပါက လေလွင့်ဆုံးရှုံးမှုများစွာဖြစ်ပေါ်မည်ဖြစ်ကြောင်း၊ အထူးသဖြင့် မိမိလယ်အတွင်း လယ်ကြားမြောင်းစနစ်များကို သေချာစွာပြုပြင်မွမ်းမံမှုမရှိခြင်းနှင့် ပင်မမြောင်းကြီးမှသွားသည့် မြောင်းလက်တံအဆင့်ဆင့်ကို ပြုပြင်ထိန်းသိမ်းမှု အားနည်းခြင်းကြောင့် တန်ဖိုးရှိသည့်ရေများ လေလွင့်မှုမဖြစ်စေရန် အားလုံးပါဝင်ပူးပေါင်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

အလားတူ ရေပေးမြောင်းများတစ်လျှောက် ရေစိမ့်ဝင်ဆုံးရှုံးမှု အနည်းဆုံးဖြစ်စေရန် လိုင်နင်စီခြင်းကိုလည်း ဓနအင်အားပေါ်မူတည်ပြီး ရင်းနှီးမြှုပ်နှံဆောင်ရွက်ခြင်းဖြင့်လည်း ရေလေလွင့်မှုနည်းပါးအောင် ပြုလုပ်ရမည်ဖြစ်ကြောင်း၊ တူးမြောင်းများတွင် လိုင်နင်စီခြင်းအားဖြင့် ရိုးရိုးသားမြောင်းများထက် ရေလေလွင့်မှု ၂၀ ရာခိုင်နှုန်းခန့် လျော့နည်းသက်သာသွားစေမည်ဖြစ်ကြောင်း။

**ရွေးချယ်အသုံးပြု**

ယခုနောက်ပိုင်း ကုန်ကျစရိတ်သက်သာသည့် Poly Ethylene လို ပလတ်စတစ်အစများကို အသုံးပြုလာနိုင်ပြီဖြစ်သည့်အတွက် ရေပေးမြောင်းများကို လိုင်စင်ပြုလုပ်ပါက ဆောင်ရွက်ရန်လွယ်ကူပြီး အချိန်တိုအတွင်း ပြီးစီးနိုင်သည့်အပြင် ရေသွယ်ယူရာတွင် လေလွင့်ဆုံးရှုံးမှုမရှိသလောက် နည်းပါးသွားစေမည်ဖြစ်ကြောင်း၊ မိမိတို့ စိုက်ပျိုး ထုတ်လုပ်သည့် သီးနှံပုံစံ အမျိုးအစား၊ စိုက်ပျိုးသည့် မြေအခြေအနေတို့အပေါ် မူတည်ပြီး ရေအလေအလွင့် နည်းပါးနိုင်မည့် နည်းလမ်းများကို ရွေးချယ်အသုံးပြု ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ထို့ကြောင့် ရေပေးဝေသည့်မြောင်းများ၊ အဆောက်အအုံများ ရေရှည်တည်တံ့ပြီး ရေပေးဝေမှုစနစ်များတိုးတက်လာစေရေးအတွက် သက်ဆိုင်ရာတောင်သူများ စုဖွဲ့ကာ ဆည်ရေစီမံခန့်ခွဲမှု လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင် ဆောင်ရွက်လာစေရန် သက်ဆိုင်ရာ ရေသောက်မြောင်းများအလိုက် ရေအသုံးချသူများအဖွဲ့ (Water User Group-WUG) များကို ဖွဲ့စည်းခြင်း၊ အဆိုပါအဖွဲ့များအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်စေရန်နှင့် ပိုမို

ကျယ်ပြန့် အားကောင်းလာစေရန် ရေအသုံးချသူများ အသင်း (Water User Association–WUA) အဖြစ်သို့ လည်း အဆင့်မြှင့်တိုးချဲ့ ဖွဲ့စည်းခြင်းများ ဆောင်ရွက် လျက်ရှိကြောင်း။

**ပူးပေါင်းပါဝင်**

ထိုသို့ ဖွဲ့စည်းဆောင်ရွက်ခြင်းသည် ဆည်ရေပေး ဝေမှုကဏ္ဍ၌ သက်ဆိုင်ရာဌာနများနှင့် ရေအသုံးချသူ တောင်သူများ ကိုယ်တိုင်ပူးပေါင်း ပါဝင်ဆောင်ရွက်သည့် အလေ့အထကောင်းများ ဖြစ်ပေါ်လာစေရေးအတွက် "ပူးပေါင်းပါဝင် ဆည်မြောင်းစနစ် (Participatory Irrigation Management– PIM)" တည်ထောင်ခြင်းဖြစ်ကြောင်း။

ယခုစနစ်တွင် တောင်သူများကိုယ်တိုင် ပါဝင်စီမံ ဆောင်ရွက်ရသည့်အတွက် တောင်သူအချင်းချင်းကြား ရေကြောင့်ဖြစ်ပွားရသည့် ပဋိပက္ခများကင်းဝေးခြင်း၊ ဆည်ရေကို အကျိုးရှိစွာအသုံးပြုနိုင်မည်ဖြစ်သည့် အတွက် ရေအလေအလွင့်နည်းပါးပြီး ဆည်ရေစိုက် ဧရိယာ ပိုမိုတိုးချဲ့ပေးဝေလာနိုင်ခြင်း စသည့်အကျိုး ကျေးဇူးများကို ရရှိလာစေမည်ဖြစ်ကြောင်း။

**ပိုမိုအကျိုးဖြစ်ထွန်းစေမည်**

ဆည်ရေပေးဝေမှုစနစ်များတွင် တောင်သူများ အနေဖြင့် အသင်းအဖွဲ့များ ဖွဲ့စည်းပြီး ညီညီညွတ်ညွတ် ဖြင့် စုပေါင်းဆောင်ရွက်သည့် အလေ့အထများ ဖြစ်ပေါ် လာမည်ဆိုပါက စိုက်ပျိုးရေးကဏ္ဍများတွင်သာမက မိမိ တို့၏လူမှုစီးပွားဘဝတိုးတက်ရေးလုပ်ငန်းများကိုပါ စုပေါင်းဆောင်ရွက်လာနိုင်ကြမည်ဖြစ်ကြောင်း၊ လယ် ယာကဏ္ဍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အကျိုးတူ လယ်ယာစနစ်ဖြင့် အကောင်အထည်ဖော်ရာ၌ ယခုကဲ့သို့ အသင်းအဖွဲ့များဖြင့်ဆောင်ရွက်ခြင်းသည် ပိုမိုအကျိုးဖြစ် ထွန်းစေမည်ဖြစ်ကြောင်း၊ လက်ရှိ နိုင်ငံတော်အနေဖြင့် လာမယ့်ရာသီမှစပြီး နွေစပါးကော ၈ ဒသမ ၅ သိန်းနှင့် ပဲတီစိမ်းကော ၅ သိန်းကို အကျိုးတူ လယ်ယာစနစ်ဖြင့် ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံ စီးပွားမြှင့်တင်ရေးရန်ပုံငွေ ကျပ်ဘီလီယံ ၄၀၀ အနက်မှ ကျပ်ဘီလီယံ ၂၃၀ မတည်ငွေထုတ်ပေးထားပြီး ဖြစ်သည်ကိုလည်း အသိပေးပြောကြားလိုကြောင်း။

**စီးပွားရေးအသိုက်အဝန်းဖြစ်ပေါ်လာစေမည်**

တောင်သူများအနေဖြင့် ရေအသုံးချသူများအဖွဲ့ အသင်းတို့တွင်ပါဝင်ပြီး အဆိုပါ အသင်းအဖွဲ့များမှ တစ်ဆင့် နိုင်ငံတော်၏စီးပွားရေး တိုးတက်ဖွံ့ဖြိုးရေး အတွက် တစ်ဖက်တစ်လမ်းက ဆောင်ရွက်လျက်ရှိကြ သည့် အစိုးရမဟုတ်သော စီးပွားရေးနှင့် လူမှုရေးအဖွဲ့ အစည်းများ၊ အခြားမိတ်ဖက်အဖွဲ့အစည်းများနှင့် ပိုမို ချိတ်ဆက်ဆောင်ရွက်လာနိုင်ခြင်းအားဖြင့် ရေရှည် တည်တံ့ပြီး အားလုံးပါဝင်သည့် စီးပွားရေး အသိုက်အဝန်း ဖြစ်ပေါ်လာစေမည်ဖြစ်ကြောင်း။

**ကျင်းပရခြင်းဖြစ်**

ထို့ကြောင့် ရေအသုံးချသူတောင်သူများအား မိမိတို့ ကြုံတွေ့နေကြရသည့် အခက်အခဲများ၊ ပြဿနာများကို ပူးပေါင်းညှိနှိုင်း ဖြေရှင်းဆောင်ရွက်တတ်စေရန်၊ ဆည်ရေ စီမံခန့်ခွဲမှု နည်းပညာဆိုင်ရာ အသိပညာများ တိုးပွား လာစေရန်နှင့် ပူးပေါင်းပါဝင် ဆည်မြောင်းစနစ် ထွန်းကား လာစေရန်တို့အတွက် ရေအသုံးချသူများအဖွဲ့၊ အဖွဲ့ဝင် တောင်သူများကို သင်တန်းပေးခြင်း၊ ဆွေးနွေးပွဲများ ကျင်းပခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီး နှင့် ပြည်နယ်အသီးသီးရှိ ရေသောက်စနစ်များမှ ရေ အသုံးချသူများအဖွဲ့ ခေါင်းဆောင်များကို ဖိတ်ခေါ်ပြီး နေပြည်တော်တွင် ဆွေးနွေးပွဲ အခမ်းအနားကို ယခုကဲ့သို့ ကျင်းပရခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရက လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက် မှုအတွက် စိုက်ပျိုးရေပေးဝေမှု လုပ်ငန်းများကို စဉ်ဆက် မပြတ် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာတွင် တောင်သူ လယ်သမားများ အနေဖြင့်လည်း "ပူးပေါင်းပါဝင်ဆည်မြောင်း စနစ်" ဆိုသည့် စကားရပ်နှင့်အညီ လယ်ယာကဏ္ဍနှင့် တောင်သူတို့၏ လူမှုစီးပွားဘဝမြှင့်တင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

ထို့ကြောင့် ဆည်ရေပေးဝေမှုလုပ်ငန်းများမှာ တောင် သူကြီးများ ကိုယ်တိုင်ပါဝင်စီမံပြီး မိမိတို့၏ စုပေါင်း အင်အားများနှင့် တစ်နိုင်ငံလုံး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားကြရန်နှင့် မိမိအကျိုး၊ နိုင်ငံတော်အကျိုး မျှော်ကိုးပြီး သာယာဝပြော၍ စားရေရိက္ခာပြည့်စုံကြွယ်ဝ သည့် နိုင်ငံတော်အဖြစ် ရပ်တည်နိုင်အောင် ပါဝင် ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြော ကြားသည်။

■ ■ ■

# သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ယွက်ဆစ်ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များဆွေးနွေးစဉ် ပြောကြားသည့်အမှာစကား

( ၂၉ – ၈ – ၂၀၂၂ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ယွက်ဆစ်ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား ဩဂုတ်လ ၂၉ ရက်နေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိဘုရင့်နောင်ရိပ်သာ ညှော်ခန်းမဆောင်၌တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးသည်။

အဆိုပါ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့ တက်ရောက်ကြပြီး သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) အဖွဲ့ဥက္ကဋ္ဌနှင့်အတူ အတွင်းရေးမှူး (၁) စဝ်စိုင်းငင်းနှင့် ဗဟိုအလုပ်အမှုဆောင် စဝ်ဆောင်းဟန်တို့တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နေစဉ်အတွင်း ငြိမ်းချမ်းရေးခြေလှမ်းသစ်ကို စတင်ဖော်ဆောင်ရာတွင် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) အဖွဲ့သည် ပထမဆုံး

လာရောက်ဆွေးနွေးခဲ့သည့်အဖွဲ့ဖြစ်ပြီး ပထမအကြိမ်ဆွေးနွေးမှု၌ အပြုသဘောဆောင်သည့် ဆွေးနွေးမှုရလဒ်ကောင်းများကို ဖော်ဆောင်နိုင်ခဲ့သည့် အခြေအနေများ၊ စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို နိုင်ငံရေးမျှော်မှန်းချက်အဖြစ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) တို့ကိုအခြေခံ၍ငြိမ်းချမ်းရေးလမ်းကြောင်းကို ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်သည့် အခြေအနေများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရှင်းလင်းဆွေးနွေးပြောကြားသည်။

**တင်ပြဆွေးနွေး**

ထို့နောက် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုတည်ဆောက်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဖက်ဒရယ်စနစ်ကျင့်သုံး ဆောင်ရွက်ရေး၊ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရေး၊ ပြည်သူလူထုတို့၏ လူနေမှုဘဝမြှင့်တင်ရေး၊ လက်နက်ကိုင်ပဋိပက္ခနှင့် အကြမ်းဖက်မှုများပပျောက်ရေးဆိုင်ရာများ၊ ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ သဘောထားအမြင်များကို တင်ပြဆွေးနွေးသည်။

ဆွေးနွေးတင်ပြမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်၏ပထဝီဝင်အနေအထားအရ အရေးပါမှုနှင့် မိမိတို့နိုင်ငံနှင့်ကိုက်ညီသည့် နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးဆောင်ရွက်နေသည့် အခြေအနေများ၊ ကမ္ဘာပေါ်တွင် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးဆောင်ရွက်သည့်နိုင်ငံအများအပြားရှိကြပြီး မိမိတို့နိုင်ငံ၏ ပထဝီဝင်အနေအထား၊ အမျိုးသားရေး စရိုက်လက္ခဏာ၊ ယဉ်ကျေးမှုတို့နှင့်ကိုက်ညီသည့် ဖက်ဒရယ်စနစ်ကိုသာ ဖော်ဆောင်ကျင့်သုံးဆောင်ရွက်ရန်လိုအပ်သည့် အခြေအနေများ၊ စစ်မှန်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို ကျင့်သုံးရာတွင် အသိပညာ၊ အတတ်ပညာနှင့်ပြည့်စုံသည့် လူသားအရင်းအမြစ်များပြည့်စုံရန် မဖြစ်မနေလိုအပ်မည်ဖြစ်ပြီး ပညာတတ်များ ပေါကြွယ်ဝမှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် ပညာရေးကိုမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများ၊ တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ ပြန်လည်ဆွေးနွေးပြောကြားပြီး ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ နှစ်ဖက်အမြင်များကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပေးပို့ခဲ့သည့် သဝဏ်လွှာများ

# (၅၅) နှစ်မြောက် အာဆီယံနှစ်ပတ်လည်နေ့တွင် ပေးပို့သည့် သဝဏ်လွှာများ

## ( ၈ - ၈ - ၂၀၂၂ )

ဩဂုတ်လ ၈ ရက်နေ့နေ့သည် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)ကို တည်ထောင်ခဲ့သည့် (၅၅) နှစ်မြောက် နှစ်ပတ်လည်အခါသမယဖြစ်ပါသည်။ ယခုကဲ့သို့ မင်္ဂလာရှိသည့် အခါသမယတွင် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူအပေါင်းနှင့် အာဆီယံ ဒေသအတွင်းရှိ ပြည်သူလူထုတစ်ရပ်လုံး ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

အာဆီယံနှစ်ပတ်လည်နေ့ အထိမ်းအမှတ်သည် နှစ်ပေါင်း (၅၅) နှစ်အတွင်း အာဆီယံအနေဖြင့် နိုင်ငံရေးနှင့် စီးပွားရေးအရ ပေါင်းစည်းညီညွတ်ပြီး လူထုအခြေပြုသည့် အသိုက်အဝန်းတစ်ခုအဖြစ် တည်ဆောက်ရာတွင် ရရှိခဲ့သောအောင်မြင်မှုများကို ထင်ဟပ်စေသည့် အချိန်အခါကောင်း ဖြစ်ပါသည်။

အာဆီယံကို မူလအဖွဲ့ဝင်နိုင်ငံ (၅) နိုင်ငံဖြင့် စတင်ဖွဲ့စည်းခဲ့သည့် ၁၉၆၇ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့ အချိန်ကာလသည် ကမ္ဘာ့တစ်လွှား စစ်အေးတိုက်ပွဲအင်အားပြိုင်ဆိုင်မှုများကြောင့် ဒေသတွင်း၌လည်း ပဋိပက္ခများ၊ တင်းမာမှုများ ရောပြွမ်းနေချိန်ဖြစ်ပါသည်။ အာဆီယံအသင်းကြီး၏ ဆက်လက်တည်တံ့မှုနှင့် ရည်မှန်းချက်များ၊ ကတိကဝတ်များကို ပြည့်ဝစွာဖော်ဆောင်နိုင်မှုအပေါ် မေးခွန်းထုတ်နေချိန်လည်းဖြစ်ပါသည်။ သို့ရာတွင် အာဆီယံအနေဖြင့် ဆယ်စုနှစ် (၅)ခု ကျော်အတွင်း ဒေသတွင်းပဋိပက္ခများကို သံတမန်ရေးအရ ငြိမ်းချမ်းသောနည်းလမ်းများဖြင့် ကာကွယ်တားဆီးနိုင်ခဲ့ပါသည်။

၁၉၉၉ ခုနှစ်တွင် အာဆီယံအသင်းကြီးကို အရှေ့တောင်အာရှဒေသရှိ နိုင်ငံ(၁၀)နိုင်ငံအထိ တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ပြီး ပြင်ပဆက်ဆံရေးကိုလည်း တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ရာ ယနေ့တွင် အာဆီယံနှင့်ဆွေးနွေးဖက်နိုင်ငံ (၁၁) နိုင်ငံ၊ ကဏ္ဍအလိုက် ဆွေးနွေးဖက်နိုင်ငံ (၄) နိုင်ငံ၊ ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံ (၄) နိုင်ငံအထိ ရှိလာပြီဖြစ်ပါသည်။ အာဆီယံအနေဖြင့် ၂၀၂၂ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဩစတြေးလျ ဓနသဟာယနိုင်ငံတို့နှင့် အဓိပ္ပာယ်ပြည့်ဝ၍ နှစ်ဖက်အကျိုးရှိသည့် ဘက်စုံမဟာဗျူဟာမြောက် ဆွေးနွေးဖက်ဆက်ဆံရေးကို ထူထောင်ပြီးဖြစ်ပါသည်။

အာဆီယံ၏ အကျိုးစီးပွားနှင့် အမှတ်လက္ခဏာကို မြှင့်တင်နိုင်ရန်နှင့် အာဆီယံ၏ ပြင်ပဆက်ဆံရေးကို ပိုမိုအားကောင်းစေရန်အတွက် တတိယနိုင်ငံများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ၌ အာဆီယံ ကော်မတီစုစုပေါင်း (၅၅) ခုကို ကမ္ဘာ့တစ်ဝန်းရှိ မြို့တော်များနှင့် မြို့ကြီးများတွင် တည်ထောင်ထားပြီးဖြစ်ကြောင်း အားရဖွယ်တွေ့ရှိ ရပါသည်။

အာဆီယံအဖွဲ့နှင့် ထိတွေ့ဆက်ဆံလိုသော နိုင်ငံများ၊ အဖွဲ့အစည်းများနှင့် အရှေ့တောင်အာရှ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်သို့ ပါဝင်လက်မှတ်ရေးထိုးလိုသည့် နိုင်ငံများ ပိုမိုများပြားလာခြင်းသည် အာဆီယံ၏စံတန်ဖိုးများကို နိုင်ငံတကာမှပိုမိုလက်ခံ အသိအမှတ်ပြုလာခြင်း ဖြစ်ကြောင်း ပေါ်လွင်ထင်ရှားလျက်ရှိပါသည်။ ယနေ့အချိန်တွင် အာဆီယံသည် အောင်မြင်သော ဒေသတွင်းပေါင်းစည်းမှု ပုံစံတစ်ခုဖြစ်လာပြီး ကမ္ဘာ့ရေးရာကိစ္စရပ်များ၌ အရေးပါသည့်ဒေသဆိုင်ရာ အဖွဲ့အစည်းတစ်ခုအဖြစ်သို့ ရောက်ရှိနေပြီဖြစ်ပါသည်။

လွန်ခဲ့သောနှစ်များအတွင်း အာဆီယံနိုင်ငံများသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မား စေသည့် အသိုက်အဝန်းတစ်ခုကို အတူတကွတည်ဆောက်ခဲ့ကြပါသည်။ ယနေ့တွင် အာဆီယံသည် စီးပွားရေးအရ အာရှတိုက်တွင် တတိယနှင့် ကမ္ဘာ့တွင် ဆဋ္ဌမမြောက်အဆင့်အထိ ရောက်ရှိအောင်မြင်ခဲ့ပြီ ဖြစ်ပါသည်။

ယင်းကဲ့ အောင်မြင်မှုများစွာ ရရှိနေသော်လည်း

အာဆီယံအနေဖြင့် သမားရိုးကျနှင့် သမားရိုးကျမဟုတ်သည့် စိန်ခေါ်မှုများဖြစ်သော နယ်စပ်ဖြတ်ကျော်မှုခင်းများ၊ မူးယစ်ဆေးဝါးမှောင်ခိုမှု၊ လူမှောင်ခို ကုန်ကူးမှု၊ အကြမ်းဖက်မှု၊ ဆိုက်ဘာလုံခြုံရေး၊ ရာသီဥတုပြောင်းလဲမှု၊ ကူးစက်ရောဂါများ၊ အစားအစာနှင့် စွမ်းအင်လုံခြုံရေး စသည်တို့ကိုလည်း ရင်ဆိုင်ရလျက်ရှိပါသည်။

သို့ဖြစ်ရာ ၂၀၂၂ ခုနှစ်၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌ ကမ္ဘောဒီးယားနိုင်ငံမှ "စိန်ခေါ်မှုများကို စုစည်းညီညွတ်စွာ ဖြေရှင်းကြစို့" ဟူသော ဆောင်ပုဒ်ကို ယခုနှစ်အတွက် ရွေးချယ်ခဲ့ခြင်းမှာ သင့်လျော်ကောင်းမွန်ပါသည်။ အာဆီယံ၏ "စုစည်းညီညွတ်မှု" စိတ်ဓာတ်ဖြင့် လိုက်လျောညီထွေရှိပြီး ငြိမ်းချမ်းသာယာဝပြောသည့် အသိုက်အဝန်းတစ်ခုအဖြစ် ဆက်လက်ထူထောင်ကြရမည် ဖြစ်ပါသည်။

စိန်ခေါ်မှုများစွာအနက် ၂၀၂၀ ပြည့်နှစ် အစောပိုင်းကာလမှစ၍ ဖြစ်ပွားလျက်ရှိသည့် ကိုဗစ်-၁၉ ကပ်ရောဂါမှာ ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ဘဝအပေါ် ထိခိုက်စေခဲ့ပြီး အာဆီယံ အသင်းကြီး၏ ကြံ့ခိုင်ပြင်ဆင်မှု၊ တုံ့ပြန်နိုင်စွမ်းရှိမှုနှင့် ကြံ့ကြံ့ခံနိုင်စွမ်းတို့ကို စမ်းသပ်လျက်ရှိပါသည်။

သို့ရာတွင် အာဆီယံ၏ စုပေါင်းအင်အားနှင့် ကြံ့ကြံ့ခံနိုင်မှုတို့ကြောင့် အာဆီယံအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါနှင့် နောက်ဆက်တွဲ လူမှုစီးပွားထိခိုက်မှုများကို အာဆီယံဘက်စုံ ပြန်လည်ထူထောင်ရေး မူဘောင်၊ အာဆီယံခရီးသွားစင်္ကြံ သဘောတူညီချက်မူဘောင်နှင့် ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေများနှင့် ကူးစက်ရောဂါများအတွက် အာဆီယံဗဟိုဌာနတို့မှတစ်ဆင့် ဒေသတွင်းပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကို ထိရောက်လျင်မြန်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ခဲ့ပါသည်။

အာဆီယံသည် အင်အားကြီးနိုင်ငံများအကြား ပထဝီဝင်နိုင်ငံရေးနှင့် စီးပွားရေးအားပြိုင်မှုတို့မှတစ်ဆင့် ပေါ်ပေါက်လာသည့် ဖိအားများနှင့် လွှမ်းမိုးမှုများကို စုစည်းညီညွတ်စွာ ကြံ့ကြံ့ခံနိုင်စွမ်းရှိရမည်ဖြစ်ပြီး အာဆီယံ၏ဦးဆောင်မှုအောက်ရှိ ယန္တရားများမှတစ်ဆင့် ပွင့်လင်းမြင်သာ၍ အားလုံးပါဝင်သော စည်းမျဉ်းအခြေပြုသည့် ဒေသဆိုင်ရာဗိသုကာပုံစံတစ်ရပ်ကို မြှင့်တင်ဖော်ဆောင်ကြရမည် ဖြစ်ပါသည်။

ယခုကဲ့သို့ စိန်ခေါ်မှုများနှင့် ပြည့်နှက်နေသည့်ကာလအတွင်း အာဆီယံပဋိညာဉ်စာတမ်းပါ အခြေခံမူများနှင့် စံတန်ဖိုးများ၊ အရှေ့တောင်အာရှ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်၊ အင်ဒို-ပစိဖိတ်ဆိုင်ရာ အာဆီယံ၏ သဘောထားအမြင်တို့အပေါ် အခြေခံပြီး အာဆီယံ၏ ဗဟိုအချက်အချာကျမှုနှင့် စည်းလုံးညီညွတ်မှုကို ခိုင်မာစွာကိုင်စွဲထားရန် အလွန်ပင်အရေးကြီးပါသည်။ အာဆီယံ၏အခြေခံမူများကို မြှင့်တင်ခြင်းဖြင့် အာဆီယံဦးဆောင်မှုအောက်ရှိ ယန္တရားများနှင့်အာဆီယံကိုဗဟိုပြုသည့် ဒေသဆိုင်ရာဗိသုကာပုံစံကို ပိုမိုခိုင်မာအားကောင်းစေမည်ဖြစ်သည့်အပြင် အရှေ့တောင်အာရှဒေသ၊ အာရှ-ပစိဖိတ်ဒေသနှင့် အင်ဒို-ပစိဖိတ်ဒေသရှိ ပြည်သူများအတွက်လည်း တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးနှင့် ချမ်းသာကြွယ်ဝမှုတို့ကို မြှင့်တင်ပေးနိုင်မည်ဖြစ်ပါသည်။

အာဆီယံတူညီဆန္ဒကို အခြေပြုသည့်လမ်းစဉ်နှင့် အတူ လွတ်လပ်မှု၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့မှု၊ သာတူညီမျှမှုနှင့် ဝင်ရောက်မစွက်ဖက်ရေးမူတို့အား အာဆီယံအဖွဲ့ဝင် နိုင်ငံအားလုံးက လေးစားလိုက်နာခြင်းဖြင့် "မတူကွဲပြားမှုများအကြား စည်းလုံးညီညွတ်မှု" ရှိသည့် အာဆီယံမိသားစုကြီးအဖြစ် တစ်စုတစ်စည်းတည်းဖြစ်စေရုံသာမက ဒေသတွင်းရှိ ပြည်သူများအတွက်လည်း အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းစေမည်ဖြစ်ပါသည်။

အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ၂၀၂၅ နှင့် ဒေသဆိုင်ရာ ပေါင်းစည်းရေးရည်မှန်းချက် များအား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးမှုတွင် အားလုံးပါဝင်မှုရှိရေး၊ အမျိုးသမီးနှင့် လူငယ်များ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှု မြှင့်တင်ရေးတို့ကို ဆောင်ရွက်ခြင်းတို့အပြင် အာဆီယံ၏ သွင်ပြင်လက္ခဏာနှင့် အာဆီယံပုံရိပ်မြှင့်တင်ခြင်းမှာလည်း အရေးကြီး ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ၁၉၉၇ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့တွင် အာဆီယံအသင်းကြီး၏ အဖွဲ့ဝင်နိုင်ငံဖြစ်လာချိန်မှစ၍ တာဝန်ယူမှု၊ တက်ကြွမှုနှင့် အပြုသဘောဆောင်ရွက်မှုရှိသည့် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် အာဆီယံအသိုက်အဝန်း ထူထောင်ရေးကြိုးပမ်းမှုများတွင်

အားတက်သရော ထောက်ခံပံ့ပိုးခဲ့သည်မှာ အထင်အရှား ဖြစ်ပါသည်။

အာဆီယံပေါင်းစည်းရေး ဦးဆောင်ဦးရွက်ပြုမှု လုပ်ငန်းအစီ အစဉ်-၄ (၂၀၂၁-၂၀၂၅)၊ အာဆီယံပေါင်းစပ် ဆက်သွယ်မှုမဟာ စီမံကိန်း ၂၀၂၅ အပါအဝင် အာဆီယံ အသိုက်အဝန်းထူထောင်မှု လုပ်ငန်းစဉ်များနှင့် အာဆီ ယံအသိုက်အဝန်းလမ်းပြမြေပုံ ၂၀၂၅ ၏ အဓိကလုပ်ငန်း စဉ်များတွင် တိုးတက်မှုရှိစေရေးအတွက် မြန်မာနိုင်ငံမှ အလေးထားဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၂ ခုနှစ်၊ အာဆီယံ အလှည့်ကျဥက္ကဋ္ဌ ကမ္ဘောဒီးယားနိုင်ငံအပြင် အာဆီယံ အဖွဲ့ဝင်နိုင်ငံအားလုံးနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက် လျက် ရှိသကဲ့သို့ အာဆီယံပဋိညာဉ်စာတမ်း၊ အရှေ့တောင်အာရှချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက် ရေးစာချုပ်၊ အင်ဒို-ပစိဖိတ်ဆိုင်ရာ အာဆီယံ၏ သဘော ထားအမြင်တို့တွင် ပါရှိသည့်အခြေခံမူများနှင့် စံတန်ဖိုး များအပေါ် ခိုင်မာစွာ ဆက်လက်ရပ်တည်သွားမည်ဖြစ်ပါ သည်။ ဒေသတွင်းရှိ ပြည်သူများအားလုံးအတွက် အကျိုး ကျေးဇူးဖြစ်ထွန်းစေရေး ဘုံရည်မှန်းချက်ကို အကောင် အထည်ဖော်နိုင်ရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ အာဆီယံ ဆွေးနွေးဖက် နိုင်ငံများ၊ အာဆီယံ၏ ပြင်ပမိတ်ဖက်နိုင်ငံ များနှင့် အပြုသဘောပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်သွားမည်ဖြစ်ပါသည်။

အာဆီယံအသင်းကြီး၏ (၅၅)နှစ်မြောက် နှစ်ပတ်လည် အခါသမယတွင် မြန်မာပြည်သူပြည်သားများအားလုံးကို ဒေသတွင်းနှင့်ဒေသပြင်ပ တည်ငြိမ်အေးချမ်းရေး၊ ကြွယ်ဝ ချမ်းသာရေးတို့အတွက် အာဆီယံအသင်းကြီး၏ မျှော်မှန်း ချက်များနှင့် အာဆီယံအသိုက်အဝန်းထူထောင်ရေး လုပ်ငန်းများတွင် တက်ကြွစွာပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။

■ ■ ■